# မောင်ညိုမှိုင်း (သန်လျင်)

စီစဉ်သော

# သစ္စာရှာမှ ပြန်သွားကြသူများ

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ

မောင်ညိုမှိုင်း(သန်လျင်)၊
ထောင်မှူးကြီးသိန်းဝင်း
မင်းအောင်ကျော်၊ ထေးချမ်းသွင်၊
နတ်လှဦး၊ မြသင်းသန့်



### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

IDEA

စိတ်ကူးသစ်စာပေ





# သစ္စာရှာမှ ပြန်သွားကြသူများ

(၁)

❑

ကျွန်ုပ်၏ဖနီးသည် နှင်းဝေါကွယ်လွန်သွားပြီးနောက်ပိုင်း ကျွန်ုပ်သည် အထီးကျန်ဆန်လှစွာ တစ်ယောက်တည်းနေခဲ့ရ၏။

နေ့စဉ် သတိရတိုင်း နှင်းဝေါရဲ့ဓာတ်ပုံကိုကြည့်ပြီး မျက်ရည်စို့ချင်၏။ အိပ်ရာဝင်တိုင်း နှင်းဝေါရဲ့ရှင်မတောင်သနပ်ခါးရနံ့ကို အနီးကပ်ရှူနေရသလို ခံစားရသည်။ သူမ မိမိအနီး အိပ်ရာပေါ်မှာ မရှိမှန်းသိပါသော်လည်း အတူရှိနေသလို ခံစားနေရသည်။

နှင်းဝေါရှိစဉ်က အတူသွားရောက်ခဲ့သည့် ဘုရားစေတီပုထိုးများကိုလည်း မျက်စိထဲမှာ ပြန်လည်မြင်ယောင်မိနေ၏။ ချစ်ရသူ





အလွမ်းသည် ရာသီနှင့်လွင့်မျောပျောက်လွင့်မသွားဘဲ ရာသီရင့်လေအလွမ်းရင့်လေ ဖြစ်နေ၏။

ခုဆို နှင်းဝေါကွယ်လွန်ခဲ့သည်မှာ နှစ်နှစ်ရှိခဲ့ပြီ။

အစကနဦးတုန်းကတော့ နှင်းဝေါကို ကျွန်ုပ် မချစ်နိုင်ခဲ့။

အကြောင်းမှ . . .

နှင်းဝေါသည် ကျွန်ုပ်၏ ငယ်ကျွမ်းချစ်သူမဟုတ်။ သူမကို အစကနဦးတုန်းက ကျွန်ုပ်မမြင်ဖူး။ အမေမုဆိုးမကြီးက ဈေးမှာအထည်ဆိုင်ဖွင့်သည်။ ဒီမှာ အထည်ပုံမှန်လာဝယ်သည့် နှင်းဝေါနှင့်အမေ ရင်းနှီးသွားခဲ့သည်။

အမေ့အဆိုစကားအရ နှင်းဝေါက ယဉ်ကျေးသိမ်မွေ့သည်။ စကားပြောချိုသာသည်။ ပြီး . . . အပျိုကြီးလည်းဖြစ်သည်။ ကျွန်ုပ်အမေကို 'အမေ'ဟုရင်းနှီးပြီးနောက်ပိုင်း ခေါ်ခဲ့သည်တဲ့။

အချိန်ရလျှင် အမေ့အထည်ဆိုင်မှာ ဝင်ရောက်ကူညီလုပ်ကိုင်ပေးသည်။ ကြာတော့ အမေက သူမကို သမီးအရင်းလို ချစ်သွားခဲ့သည်။

သို့နှင့် လူပျိုကြီးဖြစ်သောကျွန်ုပ်နှင့် အမေက ပေးစားရန်ကျွန်ုပ်ကို ပြောပြတိုင်ပင်သည်။ ကျွန်ုပ်ကား အသက်သုံးဆယ်ထဲရောက်သည့်တိုင် ရည်းစားမထားဘူး။

အမေ့ကို ကျွန်ုပ်ချစ်သည်။ အဖေမရှိသည့်ဘဝမှာ အမေနှင့်ကျွန်ုပ်သည် သံယောဇဉ်နှောင်တည်းထားသော အချစ်အိမ်ဖြစ်၏။

မကြာခဏ ပြောပါများတော့ အမေ့ကိုအားနာလာခဲ့ရသည်။ နှင်းဝေါလည်း မကြာခဏ အမေနှင့် အိမ်ကိုပါပါလာသည်။

နှင်းဝေါသည် အသားဖြူဖြူ အရပ်ပုပုနှင့် လုံးလုံးကျစ်ကျစ်

ယဉ်ယဉ်လေးဖြစ်၏။ ပြုံးလိုက်လျှင် ပါးချိုင့်လေးခွက်၍ ဝင်သွားသည်ကိုက အလှတစ်မျိုးဖြစ်၏။ သူမရဲ့အလှကို စွဲမက်လွန်းလှ၍မဟုတ်။

အမေ့စကားကို မြေဝယ်မကျနားထောင်သော သားလိမ်မာတစ်ယောက်ဖြစ်စေချင်သည်။ အမေစိတ်ချမ်းသာစေချင်သည်။ သို့နှင့်ခေါင်းညိတ်ခဲ့လိုက်သည်။ ကျွန်ုပ်နှင့်နုရွှေဝါရဲ့မင်္ဂလာပွဲကို အမေကျကျနနလုပ်ပေးခဲ့သည်။ ဆွေမျိုးသားချင်းများက နေနှင့်လ ရွှေနှင့်မြဟု ချီးမွမ်းကြ၏။

ကျွန်ုပ်တို့နှစ်ဦးစလုံးကား လူပျိုကြီး၊ အပျိုကြီး မင်္ဂလာမောင်နှံအဖြစ် အရွက်ကြီးရက်၍ လူပုံအလယ်မှာ အလွဲလွဲအမှားမှားများ ဖြစ်ရ၏။ သည်လိုနှင့် မင်္ဂလာဦးညကိုရောက်ခဲ့ကြ၏။ မင်္ဂလာဦးညရဲ့ ရင်ခုန်သံသည် ကျွန်ုပ်တို့နှစ်ဦးရင်မှာ တဒုတ်ဒုတ်တဒိုင်းဒိုင်း ဖြစ်ခဲ့ရ၏။

တစ်ဦးကိုတစ်ဦး ပွေ့ခြင်း၊ ဖက်ခြင်း၊ နမ်းခြင်းမရှိ။ အစ်ကိုလို့လည်း မခေါ်။ မောင်လို့လည်း မခေါ်။ အချစ်ရေ ညီမရေ နုရေလို့လည်း မခေါ်ခဲ့ကြ။ ခုတင်အသစ်၊ မွေ့ရာအထူကြီးပေါ်မှာ ကျွန်ုပ်ကသည်ဘက်လှည့်အိပ်ပြီး သူမက ဟိုဘက်လှည့်အိပ်ရင်း မင်္ဂလာဦးညကိုသက်ပြင်းချသံ၊ ချွေးစီးကြောင်းများနှင့် ကျော်လွန်ခဲ့ကြလေသည်။

အဲဒီလိုနှင့် သူမအသားနှင့် ကျွန်ုပ်၏အသားတို့ တစ်စက္ကန့်မျှတို့ထိဖူးခြင်းမရှိဘဲ တစ်ပတ်တိတိ အကြင်လင်မယားအဖြစ် နေခဲ့ကြ၏။ သူမက ကျွန်ုပ်ကို အမေ့ရှေ့မှာ ကိုချစ်ညိုဟုခေါ်၏။ ကျွန်ုပ်ကလည်း သူမကို မနုရွှေဝါဟုခေါ်၏။

အမေကား ကျွန်ုပ်တို့အကြင်လင်မယားရဲ့ အခေါ်အဝေါ်များကို တအံ့တသြ ငေးကြည့်နားထောင်ပြီး တစ်မျိုးကြီးဖြစ်နေ၏။ တရားဝင်လင်မယားဘဝသို့ မရောက်သည့်တိုင် နုရွှေဝါသည် ကျွန်ုပ်၏အဝတ်





အစားများကို ဖွတ်လျှော်၍ မီးပူတိုက်ပေး၏။ ထမင်းခူးခပ်ကျွေး၏။ အိပ်ရာ၊ စောင်များကို ခေါက်ပေး၏။ အိပ်ရာဝင်တိုင်း ကန်တော့၍ အိပ်လေ၏။ ကျွန်ုပ်တို့နှစ်ဦးစလုံး အချစ်ရဲ့ဘဝအရသာကို မသိကြသေး။ အချစ်ဆိုတာ ဒါပဲလား။ အိမ်ထောင်ရေးဆိုတာ ဒီလိုပဲလား။

ကျွန်ုပ်က အလုပ်ကို နံနက်သွား၏။ နေဝင်မှ ပြန်လာ၏။ နုရွှေဝါက အိမ်မှာချက်ပြုတ်၏။ ပြီး . . . အမေ့ကို ထမင်းချိုင့်သွားပို့ပြီး ဈေးကူရောင်းပေး၏။ ညနေရောက်လျှင် သုံးဦးသား ထမင်းအတူစား၏။

ထမင်းဝိုင်းတွင် အမေ့ရှေ့မှာ နုရွှေဝါက ကျွန်ုပ်ထမင်းပန်းကန်ထဲသို့ ဟင်းများခပ်ထည့်ပေး၏။ အဲဒါဆို အမေက ပြုံးပြုံးပြုံးပြုံး။ ပြီးကျွန်ုပ်က စာဖတ်သည်။ နုရွှေဝါက ပန်းထိုးသည်။ ကျွန်ုပ် ပခုံးကိုမှီ၍ ရယ်ပွဲဖွဲ့သောစကားသံကို အမေမကြားရ။

တစ်နေ့ ကျွန်ုပ် ဖျားနာရောဂါ ဖြစ်ခဲ့ရတော့သည်။ အလုပ်ကို မသွားနိုင်။ ဆရာဝန်ပင့်၍ အိမ်ခေါ်ဆေးကုရ၏။ သည်မှာ ကယောင်ကတမ်းဖြစ်နေသည့် ကျွန်ုပ်ကို နုရွှေဝါက ကိုယ်ဖိရင်ဖိပြုစုရှာ၏။

ကျွန်ုပ်သည် ရေခဲပတ်တင်နေသည့်ကြားမှ အမေ့ကိုတကြော်ကြော်ခေါ်နေ၏။ နုရွှေဝါအမည်ကို အားကိုးတကြီး ခေါ်နေမိသည်တဲ့။ နောင် ကျွန်ုပ်သိရသည်မှာ အမေ့လက်တစ်ဖက်နှင့် နုရွှေဝါလက်တစ်ဖက်ကို အားကိုးတကြီးကိုင်ရင်း ကျွန်ုပ် ကယောင်ကတမ်းစကားများပြောနေသည်တဲ့။

အဲဒီမှာ ကျွန်ုပ် နုရွှေဝါကိုချစ်သည့်အကြောင်းလည်း ပါသည်တဲ့။ ကျွန်ုပ်ရဲ့စိမ်းကားပြုမူမှုများကို ခွင့်လွှတ်ပါရန် တောင်းပန်သည့်စကားလုံးများလည်း အဆက်မပြတ်ဟု သိရ၏။

ဆိုရလျှင် ထိုညကစ၍ ချမ်းတုန်နေသော ကျွန်ုပ်ရဲ့ကိုယ်ကို နွေးထွေးဝါတစ်ညလုံးမွေ့ပိုက်ရင်း မိုးလင်းခါနီးမှာ ကျွန်ုပ်နှင့်နွေးထွေးဝါတို့ အချစ်နှစ်ခု ရွက်စုံဖွင့်ပြီး သမုဒ္ဒယပင်လယ်ကို ဖြတ်လိုက်ကြသည်မှာ လှိုင်းလည်းကြီးခဲ့၏။ လေ့လည်းလူးခဲ့၏။ တက်လည်းလွင့်ခဲ့၏။ ခုမှ ကြင်နာ မြတ်နိုးမှုနှင့် ထုံမွှမ်းနေသော အချစ်သည် ဖူးရာမှပွင့်၊ ပွင့်ရာမှမွှေး။

ခုတော့ လေပြည်မှာ တနွေးနွေး တသင်းသင်းနှင့်။

❧ ❧ ❧

၂

❑

ထိုနေ့ ထိုအချစ်မှစ၍ အစ်ကိုရေခေါ်သံသည် ကမ္ဘာအပြင်ကို လျှံခဲ့သည်။ အချစ်ရေ၊ နုရေ ခေါ်သံသည် နံရံမှာ ဖျက်မရအောင် ကပ်နေသည်။ ကြင်နာခြင်း။ မြတ်နိုးခြင်း။ ယုယခြင်းများဖြင့် အချစ် ဥယျာဉ်သည် ရွက်ပျိုရွက်နုများ နုသစ်စိမ်းစိုကာ အချစ်ခေါင်းလောင်းသံ သာယာနေတော့လေသည်။

စန္ဒကိန္နရီမောင်နှံလို တစ်ညဝေးမှာကို စိုးရိမ်နေကြသော ကျွန်ုပ် တို့အချစ်သည် ခုတော့ ကိန္နရီချောင်းခြားဖြစ်ခဲ့ရပါပြီ။

မောင်နှံစုံမူ။ တို့နှစ်ဦးတဲ့
မြူးတူးပျော်ပါး၊ ဤတောပြားတွင်
တောသားအလို၊ တောချင်းဆိုလျက်

---

စိတ်ကူးသစ်စာပေ

မှိုင်းမှိုညဉ့်နက်၊ နေရဏ်တက်က
ပန်းယက်သောက်ယူ၊ ပန်းဝတ်ချူလျက်
ကြင်သူငယ်ချစ်၊ ပန်းယက်ယစ်၍
ကလျစ်ကလျူ၊ ရှိလတ်မူကား
သက်တူမြဲဝါ၊ နွဲ့ကာရင်ခွင်
တင်ကာယုယ၊ မ,စ ဖျော်ဖြေ
မှန်းတွဲနေသော်၊ သပြေရိပ်စက်
ချမ်းအေးမြတ်ဝယ်၊ ပုခက်ဒေးယင်
နွယ်ဒန်းဆင်လျက်၊ ငယ်လင်တစ်လှည့်
ကြည့်ကြမရဲ၊ လွှဲကြလက်ငင်
ဒေးယင်ယင်သည်၊ ရွှင်ကြတောလိုက်အုံပါတည်း . . . ။

ဘလ္လာဟိယပျို့လာ စန္ဒကိန္နရီမောင်နှံလို မခွဲနိုင်မခွာရက် ကျွန်ုပ်တို့အချစ်သည်းနေစဉ် နုရွေဝါ ရန်ကုန်မြစ်သုံးဆိုင်မှာ သဘော်နစ်ရင်း ရေအောက်သို့ပါသွားခဲ့ရသည်။

မိုးရည်စွတ်စို၊ လေချိုကသွေး
ချမ်းအားပေးသော်၊ တောင်ပြေးမြောက်ဝန်း
ညှိုးမြန်းပူဆာ၊ ဟာတာနုနယ်
မယ်ကိန္နရီ၊ ဆုံးခဲ့ပြီဟု
နဒီမြစ်ညို၊ ဟိုမှာဘက်က
အသက်ဝိညာဉ်၊ စဉ်ဘိမတတ်
တပတ်လည်လည်၊ တ,မြည်တမ်းတမ်း
စို့ရှမ်းမြိုက်တက်၊ ခေါ်စိုက်စက်နှင့်
ပြာညက်ညိုစင်၊ သက်ထက်ကြင်သည်





ရွှေစင်တရှည့်၊ မြင်ပါလှည့်ဟု
ချည့်နည့်ပျောင်းခွေ၊ လွမ်းတောင်ငေ့၍
ခုန်ဆွေ့သက်လုံး ဟာလတ်တည်း . . . ။

ကိန္နရီအဖို့လွမ်းသလို ကျွန်ုပ်ရင်ကွဲရချေပြီ။ ရင်နှလုံးအိမ်မှ စီးဖြာကျသော မျက်ရည်မြစ်သည် အရှိန်ပြင်းစွာစီးခဲ့၏။ တစ်ညဝေးတာကိုပင် နှစ်ပေါင်းခုနစ်ရာငိုကျွေး၍ လွမ်းမဝ အားမရဖြစ်ခဲ့ရသော စန္ဒကိန္နရီလက်သစ် ကျွန်ုပ်တို့အချစ်သည် ရေခွဲ၍ အသည်းကြွေခဲ့ရလေပြီ။ ကျွန်ုပ်သည် အချစ်ကြောင့်ကြေကွဲပြီး အရက်သမားဘဝ လုံးလုံးရောက်လုဖြစ်ခဲ့ရ၏။ အချိန်တို့သည် သူ့ဝတ်စုံ၊ သူ့ကကြိုးနှင့် သူ့ဇာတ်ကိုသူ တာဝန်ကျေစွာ က,သွားခဲ့၏။

ရာသီက အလွမ်းကိုဝါးမျိုခဲ့၏။

သည်မှာ ငလေးစားချစ်ခင်အပ်ပါသော မိခင်ကြီးလည်း လူကြီးရောဂါနှင့် ဆုံးပါးသွားခဲ့လေ၏။ ရွှေမြင်းမိုရ်တောင်ထိပ်နှင့် မေတ္တာမြင်းမိုရ်ကောင်းကင် ပြိုခဲ့ပြီးနောက် ကိုယ့်စိတ်ကိုယ်ထိန်းရင်း အမေ့လက်ငုတ်အထည်ဆိုင်ကို ကျွန်ုပ်ဦးစီးပြီး လုပ်ကိုင်နေချိန် . . . ။

## (၃)

❑

တစ်နှစ်နီးပါးခန့် အလွမ်းကိုအဖော်ပြုရင်း ဘဝကို နှစ်သိမ့်ဖြေသိမ့်နေချိန် . . .။ ကျွန်ုပ်အိမ်ထဲသို့ ကြက်တူရွေးလေးတစ်ကောင် ရောက်လာခဲ့၏။ အလွန်ကို ထူးဆန်း၏။ ကျွန်ုပ် ပြတင်းပေါက်တံခါး ဖွင့်၍ငေးမောနေစဉ် ထိုကြက်တူရွေးလေး ကျွန်ုပ်လက်ပေါ်ကို လာနား၏။ ပြန်လည်း မပြန်။ ကျွန်ုပ်၏လက်ကို သူ့ရဲ့နှုတ်သီးကောက်ကောက် နီနီရဲရဲနှင့်ဆိတ်ပြီး ကစားသလိုလုပ်နေ၏။

ကျွန်ုပ်က သူ့ကျောကုန်းနီနီရဲရဲအမွေးကို လက်နှင့်ပွတ်သပ် ပေးလိုက်သောအခါ . . .

"ကိ . . . ဂစ် . . . ကျစ် . . . ကျစ် . . . ကိ"

"ငှက်ကလေး . . . မင်းဘယ်ကလာတာလဲဟင်"





"ကိ . . . ကိ . . . ကျစ် . . . ကျစ် . . . ကိ"

"မင်း ငါနဲ့နေချင်လို့လား"

"ကျီ . . . ဂစ် . . . ကျစ်"

"နေပါငှက်ကလေးရယ်။ ငါကလည်း အဖော်မဲ့အထီးကျန် တစ်ကောင်ကြွက်ပါ။ မင်းရောက်လာတော့လည်း ငါ အဖော်ရတာပေါ့"

ထိုနေ့ကစ၍ ကြက်တူရွေးအမကလေး သူ့ရှာသူ့အိမ်ရှိရာသို့ မပြန်တော့။ ကျွန်တော့်အိမ်မှာ နေတော့သည်။ ထူးခြားသည်ကား သူ့ကိုလှောင်ချိုင့်နှင့်ထားတာ မကြိုက်။

သို့ဖြစ်၍ အိမ်ထဲမှာ လွတ်လပ်စွာ နေခွင့်ပေးထားရ၏။ မြေပဲဆံ၊ ပြောင်းဖူးဆံနှင့် ငရုတ်သီးစိမ်းလေးများကို ကြိုက်နှစ်သက်၏။ ညဘက်ရောက်လျှင် ကျွန်ုပ်အိပ်ရာနံဘေးမှာ ဝပ်၍အိပ်၏။ မိုးလင်းလျှင် ကျွန်ုပ်ပါးကို နှုတ်သီးနှင့်ဆိတ်ထိုးပြီးနှိုး၏။ တစ်ခါတော့ ကျွန်တော်စိတ်ကူးယဉ်ယဉ်နှင့် မေးလိုက်၏။

"မင်းက ဘယ်သူလဲဟင်"

"ကိ . . . ကိ"

"မင်းက ငါ့ရဲ့အမေလား"

သူက အသံမပြု။ ကျွန်ုပ်ကို မော့ကြည့်နေသည်။

"ငါ့အမေမဟုတ်ရင် မင်းက ငါ့မိန်းမ နုရွှေဝါလား"

"ကိ . . . ကိ . . . ဂစ်"

သို့ကလိုမေးလိုက်လျှင် အသံစာစာနှင့်အော်လိုက်ပြီး ကျွန်ုပ်ရဲ့ညာပခုံးပေါ်တက်နား၍ ကျွန်ုပ်ပါးပြင်ကို သူ့နှုတ်သီးနီနီရဲရဲနှင့်တို့ကစားရကား ကျွန်ုပ်မှာ နုရွှေဝါအမှတ်ဖြင့် သူ့ကိုနမ်းရှုံ့မိလေ၏။

ဒီလိုနှင့် ကျွန်ုပ်အထည်ဆိုင်ထွက်လျှင် သူမ(ကြက်တူရွေးလေး)

လိုက်ပါလာ၏။ ကျွန်ုပ်က ချစ်ဖနီးကိုသတိရသည့်အနေနှင့် ကြက်တူရွေး မလေးရဲ့အမည်ကို 'ရွှေဝါ' ဟု အမည်ပေးထားလိုက်၏။

အထည်ဈေးတန်းတစ်ခုလုံးကလည်း 'ရွှေဝါ' ကိုချစ်ကြ၏။ ရွှေဝါသည် ကလေးများ၊ အပျိုမိန်းကလေးများနှင့်ရင်းနှီးပြီး လူစကား များပင် စ၍ပြောတတ်လာသည်ကား အံ့ဖွယ်ဖြစ်လေ၏။ ဈေးသည်၊ ဈေးဝယ်များက ကျွန်ုပ်အမည် 'ကိုချစ်ညို' ကို နေ့စဉ်အခေါ်များသည် ကို ကြားရဖန်များသောအခါ . . .

"ချစ်ညို"

'ချစ်ညို' ဟု ခေါ်တတ်လာ၏။ အနီးဝန်းကျင်အထည်ဆိုင်မှ မိန်းမများဖြစ်သော မခင်စိန်၊ မကြိုင်၊ သင်းသင်း စသည့်အမည်များကို နားရည်ဝ၍ လိုက်ခေါ်နိုင်ရကား ဈေးသည်၊ ဈေးဝယ်များက အလွန့်ကို အံ့သြကြ၏။ လိမ်မာလိုက်တာ၊ လူ့ဘဝနဲ့ နီးလိုက်တာဟု ဆိုကြ၏။ ကလေးများကလည်း သူ့ကို စကားလုံးများ သင်ပေး၏။

လူ့ဘဝပါရမီရေစက်နှင့် နီးလို့လားမသိ။ မကြာခင် 'ဈေး ဝယ်'၊ 'ညှော်သည်'၊ 'ပိုက်ဆံ'၊ 'ခွေး'၊ 'မိန်းမ'၊ 'ယောက်ျား'၊ 'ဟင့်အင်း'၊ 'ကြိုက်တယ်'၊ 'နိုး'၊ 'ရက်(စ်)' စသည့်စကားလုံးများကို လူကလေး တစ်ယောက် စကားပြောနေသလို ပြောနိုင်သောအခါ လူတိုင်းက ရွှေဝါကိုကြည့်၍ အံ့သြကြ၏။ ချစ်ကြ၏။ စကြ၏။ နောက်ပြောင် သင်ပေးကြ၏။ အဆဲတော့ သင်မပေးကြပါနှင့်ဟု ပြောထားရ၏။

"ရွှေဝါရေ . . . နင် ကိုချစ်ညိုကို ချစ်လား"

"ရက်(စ်)"

"ဟား . . . ဟား . . . ဟား . . . ဟား"

"ချစ်တယ်တဲ့ဟေ့"





"ရွှေဝါရေ . . . ကိုချစ်ညိုကို ငါတို့ခေါ်သွားမယ်နော်"

"နိုး"

"ဟား . . . ဟား . . . ဟား . . . ဟား . . . အာဂရွှေဝါမပါ လား ကိုချစ်ညိုရေ"

မိန်းမရွှေယ်များက ကျွန်ုပ်နှင့်လာစကားပြောနေလျှင် ရွှေဝါက မကြည်သလိုမျက်နှာထားနှင့် မှုန်တေတေလုပ်ရင်း ကျွန်ုပ်ကိုဆွဲဆွဲ ဆိတ်နေရကား . . .

"အေးပါ ရွှေဝါရာ။ နောက်ကို စကားမပြောတော့ပါဘူးဟာ ဖယ်ပါဟ" ဟု ပြောရ၏။

သြော် . . . ဘယ်ဘဝရေစက်နှင့် သံယောဇဉ်ဖြစ်လာရပါ လိမ့်။ အမေတော့မဖြစ်နိုင်။ နှရွှေဝါများ ငှက်ကလေးဘဝဝင်စား၍ ရောက်လာလေရော့သလား။ အို . . . ဟုတ်မယ်မထင်ပါဘူး။ ကြက်တူ ရွေးတို့၊ သာလိကာတို့ဆိုတာ လူနဲ့အနေနီးရင် လူစကားပြောတတ် ကြစမြဲဥစ္စာ"

## (၄)

တစ်နေ့သောအခါ ကျွန်ုပ်ဘဝကို အကြီးအကျယ် ပြုပြင်ပြောင်းလဲမှုတွေဖြစ်စေမည့် အချစ်တစ်ခု မြှားတစ်စင်းအဖြစ် ရင်မှာလာစိုက်လေ၏။ သူမကိုမြင်မြင်ချင်း ကျွန်ုပ်လွန်စွာ အံ့သြငေးမောရသည်။

သူမအမည်က ထားအိချိုတဲ့။

ကျွန်ုပ်က သူမကို ထားအိချိုလို့မမြင်။

နရွှေဝါလို့ပဲ မြင်လိုက်သည်။ အကြောင်းမူ ထားအိချိုသည် ကွယ်လွန်သူချစ်ဇနီး နရွှေဝါနှင့် တစ်ပုံစံတည်းတူလွန်းသောကြောင့်တည်း။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်၊ ဆံပင်ပုံစံ၊ လက်ကျပုံ၊ ကိုယ်လုံးကျပုံ၊ အရပ်အမောင်းကအစ ချွတ်စွပ်တူနေ၏။





နရွှေဝါက အသားဖြူပြီး ထားအိချိုက အသားညိုစိမ့်စိမ့်လေးဖြစ်၏။ သူမ ကျွန်ုပ်အထည်ဆိုင်မှာ အထည်များလာဝယ်ရင်း ရင်းနှီးသွားခဲ့ကြခြင်းရယ်။ မြင်ရဖန်များသောအခါ ကျွန်ုပ် သူမကို နရွှေဝါပြန်လည်မွေးဖွားခြင်းအမြင်ဖြင့် သံယောဇဉ်ဖြစ်သွားခဲ့ရသည်။

သံယောဇဉ်နှင့်အချစ် ပေါင်းစပ်သွားသောအခါ ကျွန်ုပ်နှင့်ထားအိချိုတို့ ချစ်သူများဘဝ ရောက်သွားကြလေ၏။

ထားအိချိုက မုဆိုးမလေးဖြစ်သည်။ မျက်လုံးကစားတာလှသည်။ အတွေ့အထိများက ယစ်မူးဖို့ကောင်းသည်။ အတွေ့အကြုံနည်းသော ကျွန်ုပ်လိုယောကျ်ားတစ်ယောက်ရဲ့ကိလေသာကို ယစ်မူးအောင်ဖမ်းစားရာမှာ ဆယ့်နှစ်ကြိုးကဝေမလို ပညာစုံသည်။

ဆိုင်ပိတ်သည့်နေ့များ ကျွန်ုပ်နှင့်ထားအိချို အိမ်မှာစကားပြောကြလျှင် ရွှေဝါက ဆူညံစွာအော်ဟစ်ပြီး မကျေနပ်သလိုလုပ်ပြ၏။ ကျွန်ုပ်နှင့်ထားအိချို ပူးပူးကပ်ကပ်နေသည်ကိုမြင်လျှင် ရွှေဝါက ကျွန်ုပ်တင်ပါးကို နှုတ်သီးနှင့်ဆွဲဆွဲဆိတ်၍ ဖယ်ထုတ်ရ၏။ ကျွန်ုပ်ကို အလိုမကျသလို သတိပေး၍မရသောအခါ ထားအိချိုရဲ့ကျောကုန်းကို နှုတ်သီးနှင့်ဆိတ်ရကား ထားအိချိုလန့်၍အော်ရ၏။ သို့နှင့် . . .

ရွှေဝါကို လှောင်ချိုင့်ထဲမှာ ခဏထည့်ထားရတော့သည်။ ထိုအခါ ရွှေဝါက ကျွန်ုပ်ကို အော်ဟစ်ပြောဆိုတော့၏။

"ချစ်ညို လူဆိုး"

"ချစ်ညို လူဆိုး"

"သွားတော့ . . . သွားတော့"

"သွားတော့ . . . တော့"

ကျွန်ုပ်ကို ချစ်ညိုလူဆိုးဟု လှောင်ချိုင့်ထဲမှ ခေါ်ပြော၏။

သည့်နောက် ထားအိချိုကိုကြည့်ပြီး သွားတော့သွားတော့ဟု နှင်လွှတ်လေ၏။

ဒီလိုနှင့် ကျွန်ုပ်နှင့်ထားအိချိုတို့ အကြင်လင်မယားဘ၀ကို ရောက်ပြီး အတူနေလိုက်ကြတော့သည်။ ထားအိချိုသည် အလှအပကို အလွန်ကြိုက်နှစ်သက်၏။ ကျွန်ုပ်အထည်ဆိုင်မှ အသစ်အဆန်းမှန်သမျှ အကုန်ချုပ်ဝတ်၏။ စတိတ်ရှိုးလည်း ကြိုက်၏။ စတိတ်ရှိုးမကြိုက်သော ကျွန်ုပ်သည် ထားအိချိုအကြိုက် ခေတ်ပေါ်အဆိုတော်များ၏ စတိတ်ရှိုးပွဲများကို ဈေးကြီးပေး၍ လိုက်ပို့ပေးရသည်။ အစားအသောက်ဆိုလျှင်လည်း ထိပ်တန်းစားသောက်ဆိုင်ကြီးများမှာမှ အကောင်းဆုံး အစားအစာများကို စားလေ့ရှိသည်။

ကျွန်ုပ်မကြိုက်နှစ်သက်သည်ကား သူမမှာ ယောကျ်ားလေး အသိမိတ်ဆွေတွေ ပေါများခြင်းပဲဖြစ်၏။ သူမထက်ငယ်ရွယ်သူများလည်း အိမ်ကိုလာလည်၏။ သူမထက်ကြီးသူများလည်း လာလည်လေ့ရှိ၏။

ကျွန်ုပ်မျက်စိထဲမှာ ခေတ်ပေါ်ကိုးရိုးကားရား အဝတ်အစားများနှင့် ဣန္ဒြေမရသော ငရင်းလူငယ်အချို့နှင့် မျက်နှာအပိုးမကျိုးသော လူကြီးအချို့ကို ကြည့်မရ။

"ထား"

"ဘာလဲအစ်ကို"

"မင်းညှိသည်တွေက လူကြီးလူကောင်းတွေမှ ဟုတ်ရဲ့လားကွာ"

"ပိုက်ဆံရှိသားသမီးတွေ အစ်ကို"

"ပိုက်ဆံရှိတာကို အစ်ကိုပြောနေ၊ အထင်ကြီးနေတာ မဟုတ်





ဘူး။ ဣန္ဒြေသိက္ခာမရှိ ပုံစံတွေကို ပြောနေတာ"

"မော်ဒန်ခေတ်ရဲ့ အလှဘာဉစ္စာ အစ်ကိုကလည်း"

ဒီလိုကနွဲ့ကလျှပြောပြီး ကျွန်ုပ်ပါးပြင်ကို နမ်းလိုက်ကာ ကျွန်ုပ်ကို အိပ်ခန်းထဲသို့ ဆွဲခေါ်သွားခြင်းဖြင့် ကျွန်ုပ်၏စိတ်ခံစားချက်များကို သူမရဲ့ရင်ငွေ့နှင့် မီးငြိမ်းအောင်လုပ်ခဲ့သည့်အကြိမ် မနည်းခဲ့။ တစ်နေ့သောအခါ ထားအိချိုက ကျွန်ုပ်ကို ကိစ္စတစ်ခုပြော၏။

"အစ်ကို"

"ဘာလဲထား"

"ထား . . . ဟိုဓာတ်ပုံတွေကို ဖြုတ်ပြီးသိမ်းထားချင်တယ်"

"ဘယ်ဓာတ်ပုံတွေလဲ"

"အစ်ကို့ အရင်မိန်းမရဲ့ဓာတ်ပုံတွေ"

"အို . . . ဘာလို့ဖြုတ်သိမ်းရမှာလဲထား။ အစ်ကို့မှာ လက်ဦးအိမ်ထောင်ရှိတာ ထားသိပြီးသားဉစ္စာ။ ပြီး . . . နုရွှေဝါက မင်းနဲ့လည်း ရုပ်ချင်းတစ်ထေရာတည်းတူတာ ဉစ္စာ"

"ဟင့်အင်း . . . ဖြုတ်ပစ်ချင်တယ်"

"ဘာဖြစ်လို့ ဖြုတ်ပစ်ချင်နေရတာလဲ ထားရယ်"

"ထား . . . ကြောက်လို့"

"ဟေ . . ကြောက်လို့။ ဓာတ်ပုံက ကြောက်စရာလားကွာဟင်"

"ထားကြောက်တယ်အစ်ကို။ တစ်ခါတစ်ခါကျရင် ဓာတ်ပုံထဲက အစ်ကို့မိန်းမက ထားကို မကျေနပ်သလို စိုက်စိုက်ကြည့်နေသလို ခံစားရတယ် "

"ကစ် . . . ကိ"

"ဟဲ့ . . . ဟိုငှက်နာက ဘာအော်တာလဲ"

ထားအိချိုက ဒီလိုလည်းပြောလိုက်ရော ထုတ်တန်းပေါ်မှာ နားနေတဲ့ ရွှေဝါက အသံကွဲကွဲနှင့်အော်လိုက်ရာ ထားအိချိုက ရွှေဝါကို မကျေနပ်သလိုကြည့်ပြီး ဆဲရေးတိုင်းထွာလိုက်လေ၏။

"မဖြစ်နိုင်တာ ထားရယ်။ ဓာတ်ပုံက သက်မဲ့ဥစ္စာ။ မင်းပြောသလိုမျိုး ဖြစ်နိုင်ပါ့မလား"

"ထား အဲဒီလိုမျိုးကြုံရတာ အကြိမ်မနည်းဘူးအစ်ကို။ ပြီးထားနဲ့အစ်ကို့ရဲ့အခန်းထဲမှာ သနပ်ခါးနံ့လည်း ရရနေတယ်"

"မင်းလိမ်းထားလို့နေမှာပေါ့ကွ"

"ကျွန်မက သနပ်ခါးကို လုံးဝလိမ်းတာမဟုတ်ဘူး။ တစ်သက်လုံး မိတ်ကပ်ပဲလိမ်းလာတာ"

"မင်းဆိုလိုချင်တာ ဘာလဲ ထား"

"အစ်ကို့မိန်းမ မဏ္ဍုတ်မလွတ်ဘဝနဲ့များ ကျွန်မရောက်နေတာကို မကျေနပ်လို့ လာလာခြောက်နေသလား မသိဘူး"

"မဖြစ်နိုင်ပါဘူးကွာ"

"ဓာတ်ပုံတွေတော့ ဖြုတ်ပစ်ရမှာပဲ အစ်ကို"

"မလုပ်နဲ့ကွာ"

"အစ်ကိုက သေသူကို ကျွန်မထက်ပိုချစ်နေလို့လား"

"တော်ပါကွာ ထားရာ"

ကျွန်ုပ်သည် သွားလေသူကို မဟုတ်တမ်းတရား စွပ်စွဲနေ၍ ဒေါသဖြစ်ပြီး ဈေးဆိုင်ရှိရာသို့ ထွက်လာခဲ့လိုက်သည်။

ညနေ အိမ်ပြန်ရောက်သောအခါ ချစ်ဇနီးရဲ့မှန်ဘောင်သွင်းချိတ်ထားသော ဓာတ်ပုံကြီးငါးပုံ ကျကွဲနေသည်ကို မြင်လိုက်ရပြီး ကျွန်ုပ်လွန်စွာဒေါသဖြစ် ပေါက်ကွဲခဲ့ရလေသည်။





"ထား . . . ဒါ ဘယ်လိုဖြစ်ပြီး ကွဲရတာလဲဟင်"

"ဟိုသတ္တဝါလုပ်လို့"

ထားအိချိုက အင်္ကျီကိုဆွဲဆန့်ရင်းမှ ကြက်တူရွေးမလေးရွှေဝါကို လက်ညှိုးထိုးပြလိုက်သည်။ ကြက်တူရွေးမလေးရွှေဝါက သူမကို စိုက်ကြည့်နေ၏။

"ဘယ်လို . . . ဘယ်လို . . ."

"အစ်ကိုမွေးထားတဲ့ တိရိစ္ဆာန်အရိုင်းကောင်မလေ။ အိမ်ထဲမှာ အငြိမ်မနေဘဲ ဟိုပျံဒီနားလုပ်ရာက အဲဒီဓာတ်ပုံတွေတိုက်မိပြီး ကျကွဲကုန်တာ"

ကျွန်ုပ် မိန်းမလုပ်သူရဲ့မျက်နှာကိုတစ်လှည့်၊ ရွှေဝါရဲ့မျက်နှာကိုတစ်လှည့် စိုက်ကြည့်လိုက်သည်။ ထားအိချိုက မျက်နှာထားတင်းတင်းနှင့် အရေးမစိုက်သလိုလုပ်နေ၏။

"ရွှေဝါ"

"ကိ . . . ကစ်"

"ဒါတွေ မင်းလုပ်လို့ ကွဲတာလား"

"ဟင့်အင်း"

ရွှေဝါသည် လူနှင့်အနေကြာ၍ လူစကားတော်တော်များများကို ပြောဆိုနားလည်နေသည်။ ရွှေဝါရဲ့ရိုးသားမှု၊ လိမ်မာမှုကို ကျွန်ုပ်သိသည်။ ခုလည်း "ဟင့်အင်း"ဟု ခေါင်းလေးခါ၍ပြောရင်း ထားအိချိုမျက်နှာကိုပဲ အမုန်းမျက်လုံးအစုံနှင့် စိုက်ကြည့်နေသည်။

ဓာတ်ပုံမှန်ဘောင်နှင့် မှန်များကား ကိုင်ပေါက်ထုခြေခံရသလိုဖြစ်ပြီး ဓာတ်ပုံစက္ကူများပါ ပြန်ပြင်မရအောင် စုတ်ပြဲနေသည်။

ဒါ . . . တိရစ္ဆာန်တစ်ကောင်ရဲ့ လက်ချက်မဟုတ်မှန်း ရိပ်မိပါ

သည်။ ဆက်ပြောပြိုင်ပြော စစ်မေးနေလျှင် ရန်ဖြစ်ရရုံမှတစ်ပါး ပြန်ကောင်းလာနိုင်စရာလည်း မရှိ။ ကျွန်ုပ် နှမြောတသ စိတ်မကောင်းစွာဖြင့် ဓာတ်ပုံများကို ရနိုင်သမျှစုဆက်ပြီး အံဆွဲထဲသို့ ထည့်သိမ်းထားလိုက်သည်။

"အစ်ကို"

"ဘာလဲ"

"အစ်ကို့ ကြက်တူရွေးကို အိမ်မှာမထားပါနဲ့ အစ်ကို"

"လာပြန်ပြီလား နောက်တစ်မျိုး။ နေပါဦး ထား။ ဒီဓာတ်ပုံတွေက မင်းကိုဘာလုပ်လို့လဲ။ ရွှေဝါကရော မင်းကိုဘယ်လိုအနှောင့်အယှက်ပေးနေလို့လဲ။ ပြောပါဦး။ ရွှေဝါလို လူစကားနားလည်တဲ့ငှက်တိရစ္ဆာန်မျိုး ရဖို့လွယ်သလား ထား။ ပြောစမ်းပါကွ"

"အစ်ကိုက ကျွန်မပြောရင် မယုံဘူး။ အစ်ကို့မိန်းမရဲ့ ဓာတ်ပုံတွေက တစ္ဆေလိုပဲ ကျွန်မကို နေ့စဉ်ခြောက်လှန့်နေတာ။ ညဘက်ရောက်ရင် အိပ်မက်ထဲမှာ ဓာတ်ပုံထဲက အစ်ကို့မိန်းမက ကျွန်မကို နှင်ထုတ်နေတယ်။ ကျွန်မ အိပ်လို့မရဘူး"

"အဓိပ္ပာယ်မရှိဘူးကွ"

"အဲဒီကြက်တူရွေးက ကျွန်မညှော်သည်တွေလာရင် အတင်းဝင်ထိုးဆိတ် ကုတ်ခြစ်တယ်။ အစ်ကို သူ့ကို အခြားနေရာပို့ရင်ပို့၊ မပို့ရင် ကျွန်မသည်းမခံနိုင်ဘူး။ ဒါပဲ"

သူမသည် သူမဆန္ဒများကို အားရအောင်ပြောပြီးနောက် ပိုက်ဆံအိတ်ကို ချိုင်းကြားညှပ်ပြီး အပြင်သို့ထွက်သွားလေတော့သည်။

(၅)

❑

တစ်နေ့ ခြိမ်းနားချင်း အသိတစ်ဦးဖြစ်သူရဲ့ မျက်မြင်ပြောစကားကို ကျွန်ုပ်ကြားလိုက်ရလေသည်။

ကျွန်ုပ် ဈေးဆိုင်ရောက်နေလျှင် အိမ်သို့ ယောကျ်ားလေးညှော်သည်များ လာလေ့ရှိသည်ဟု သိရ၏။

ထိုအခါ ရွှေဝါက "သွား . . . သွား"ဟု နှင်လေ့ရှိပြီး ၎င်းလူများကို ထိုးဆိတ်သည်ဟု ကြားရ၏။ နောက်ဆုံး ယောကျ်ားညှော်သည်များနှင့် ထားအိချိုတို့က ကြက်တူရွေးရွှေဝါကို ခဲလုံးများ၊ တုတ်များနှင့် ပစ်ပေါက်၍ ရွှေဝါ ဟိုသရက်ပင်အဖျားမှာ ပုန်းနားနေပြီး ကျွန်ုပ်အမည် 'ချစ်ညိုရေ . . . ချစ်ညိုရေ'ဟု အော်အော်နေကြောင်း ကြားရ၏။

နောက်တစ်ကြိမ်မှာမူ ထားအိချို၏ဧည့်သည်အမျိုးသားက လေသေနတ်ယူလာပြီး ရွှေဝါကိုလိုက်ပစ်ရကား ရွှေဝါအိမ်အပြင်သို့ ပြန်ထွက်ပြေးသွားကြောင်း အံ့ဖွယ်ကြားရလေ၏။

ထားအိချို ဘာကြောင့် ရွှေဝါကို မုန်းတီးနေသလဲ။

နှရွှေဝါရဲ့ဓာတ်ပုံများကို ဘာကြောင့်ကြောက်ရွံ့ရှာနေရတာလဲ။

ရွှေဝါကတော့ ကျွန်ုပ်ပြန်ရောက်သည်နှင့် ပြေးကြိုကာ ပခုံးမှာနားရင်း 'ဧည့်သည် . . . ဧည့်သည်'ဟု တစာစာပြော၏။ ကျွန်ုပ်က ထားအိချိုကို ဘယ်ကဧည့်သည်လာလို့လဲဟု မေးသောအခါ အစ်ကိုဝမ်းကွဲတွေပါပြောရင်း ရွှေဝါကို စိမ်းစိမ်းကားကားမျက်လုံးနှင့် စိုက်ကြည့်နေလေ၏။

တစ်ခုတော့ ရွှေဝါကံကောင်းနေပါသည်။ ရွှေဝါသည် ကျွန်ုပ်ကျွေးသည့် အစားအစာမှလွဲ၍ မည်သူကျွေးသည်ကိုမှ မစား။ ကျွန်ုပ်က သူ့ကိုအိမ်မှာထားခဲ့ရသည်ကို စိတ်မချ၍ ဆိုင်သို့ခေါ်လျှင် မလိုက်ဘဲငြင်းဆန်ပြီး အိမ်ရှေ့သရက်ပင်မှာ နားနေ၏။

သူ့အစာ သူရှာစား၏။ သူ ကျွန်ုပ်နောက်သို့မလိုက်ဘဲ ဤအိမ်ခြံဝန်းထဲမှာနေခဲ့၍လည်း အိမ်ကိုဧည့်သည်လာသည့်အကြောင်း ကျွန်ုပ်သိရခြင်းဖြစ်၏။ ဆိုရလျှင် . . .

ရွှေဝါသည် အိမ်အဖော်ကောင်းတစ်ဦးလည်း ဖြစ်၏။

ခြံစောင့်တစ်ဦးလည်း ဖြစ်၏။

ကျွန်ုပ်အပေါ် ထာဝစဉ်သစ္စာစောင့်သိသော လူစကား၊ လူ့သဘာဝနားလည်သည့် ပါရမီထူးတိရစ္ဆာန်တစ်ကောင် ဖြစ်လေ၏။ တစ်ခါတစ်ခါ ကျွန်ုပ်စဉ်းစားကြည့်သည်။

ကျွန်တော့်မိခင်ကြီးများ ဝင်စားနေရောသလား။





ဒါမှမဟုတ် ကျွန်ုပ်ဇနီးနှ ရွှေဝါများ ဝင်စားနေရောသလား။

ဒီလိုမှမဟုတ်လျှင် ဟိုဘဝဟောင်းက ကျွန်ုပ်နှင့် အဆွေအမျိုးတော်စပ်ဖူးသူများ ကံအကြောင်းမလှစွာ(လှစွာ)ဖြင့် ကျွန်ုပ်ထံ ဝင်ရောက်ခိုနားပြီး ကျွန်ုပ်ကို တတ်စွမ်းသမျှ နှစ်သိမ့်စောင့်ရှောက်နေလေရောသလား။

မကြာခင် ကျွန်ုပ်နားသို့ သတင်းစကားများ ရောက်ရှိလာခဲ့၏။ ထားအိချိုကို ရုပ်ရှင်ရုံမှာ လူတစ်ယောက်နှင့် ရုပ်ရှင်အတူတွဲကြည့်နေသည့်သတင်း။

စားသောက်ဆိုင်ကြီးတစ်ဆိုင်မှာ ပြုံးပြုံးရယ်ရယ်နှင့် စားသောက်ခွံ့ကျွေး ယုယနေကြသည့်သတင်း။

ထိုအမျိုးသားသည် ကျွန်ုပ်မရှိချိန်မှာ ကျွန်ုပ်အိမ်သို့ မကြာခဏလာလေ့ရှိပြီး အချိန်အတန်ကြာမှ ပြန်လေ့ရှိသည့်သတင်း။

ဤသတင်းစကားများသည် ကျွန်ုပ်ကိုလိုလား၍ ပြောသည်လည်း ဖြစ်နိုင်၏။ ဒါမှမဟုတ် ထားအိချိုကြီးပွားတင့်တယ်နေသည်ကို မနာလို မရှုဆိတ်၍ လာရောက်ချွန်တွန်းကြသည်လည်း ဖြစ်နိုင်၏။

သို့သော် . . .

ဤစကားများသည် တစ်ကြိမ်လည်းမဟုတ်။ နှစ်ကြိမ်လည်းမဟုတ်။ သုံးလေးကြိမ်လည်းမက။ အကြိမ်ပေါင်းများစွာ ရှိလာသောအခါ ကျွန်ုပ်ရင်ခုန်စပြုလာ၏။ နှလုံးအိမ်သည် နာကျင်စူးရှလာ၏။

သို့နှင့် . . .

ထားအိချို၏အကဲကို ခတ်နေလိုက်၏။ သားအိချိုကား လုံးဝဣန္ဒြေမပျက်။ ကျွန်ုပ်ကိုသာလျှင် ရမ္မက်အတွေ့အထိနှင့် ကျေနပ်နှစ်သိမ့် အိပ်ပျော်အောင်ပြုစားခဲ့လေ၏။

တစ်နေ့ . . .

ကျွန်ုပ် အထည်အလိပ်အသစ်များရောက်လာ၍ ငွေချေရန် ငွေလိုအပ်နေ၏။ သို့နှင့် အိမ်သို့ နေ့ခင်းဘက်ပြန်လာခဲ့လိုက်သည်။ ခြံတံခါးကို အတွင်းမှချက်ထိုးထား၏။

လှမ်းခေါ်အသံပြုရန်ပြင်လိုက်စဉ် သရက်ပင်ပေါ်မှ ရွှေဝါ ဖြုန်းခနဲပျံဆင်းလာပြီး ကျွန်တော့်ပခုံးပေါ်မှာနားကာ . . .

"ညည်းသည် . . . ညည်းသည်"

"ညည်းသည် . . . ညည်းသည်"

'ညည်းသည် ညည်းသည်' ဟု အကြိမ်ကြိမ်ပြောနေ၏။

အထဲမှာ ညည်းသည်ရောက်နေလား ရွှေဝါ။

"အင်း . . . အင်း"

ပြီး . . . သရက်ပင်ပေါ်မှာပျံနား၍ အိမ်ရှိရာသို့ စူးစိုက်ကြည့်နေ၏။ ကျွန်ုပ် မသင်္ကာသလိုဖြစ်သွားခဲ့ရပြီ။ အိမ်ရှေ့တံခါးလည်း စေ့ထားသည်။ သည့်နောက် အသံမပေးတော့ပဲ ခြံတံခါးကိုကျော်၍ အထဲသို့ ဝင်လိုက်၏။

အိမ်မကြီးတံခါးကို အသာတွန်းကြည့်၏။ အတွင်းမှချက်ထိုးထား၏။ ကျွန်ုပ်သည် ကျွန်ုပ်တစ်ဦးတည်းသာသိသည့် အိမ်နံဘေးပေါက်ချပ်တံခါးကို အသာဖွင့်လိုက်ပြီး ခြေသံမကြားအောင် အထဲသို့ဝင်လာလိုက်၏။

ဒီမှာ အိမ်ထဲမှ လှုပ်ရှားသံများ ကြားရသည်။ ကိုယ့်နားကို ကိုယ်မယုံနိုင်။ ယောက်ျားတစ်ယောက်နှင့်မိန်းမတစ်ယောက် ရာဂရမ္မက် ပြင်းထန်နေသံများ။

မိန်းမရဲ့အသံက ကျွန်ုပ်ဇနီးထားအိချိုရဲ့အသံ။

ကျွန်ုပ်ရင်သည် တဒိုင်းဒိုင်းခုန်နေ၏။ ရင်နှင့်နားထဲမှာ ရမ္မက်





အဆိပ်တက်သံများက ဗလောင်ဆူ လှိုင်းထနေ၏။ ကျွန်ုပ် ဘာလုပ်ရမည်နည်း။ ဝင်ဖမ်းပြီး သက်ဆိုင်ရာသို့ အပ်လိုက်ရမည်လား။ ဒါဆို ကျော်မကောင်းကြားမကောင်းနှင့် နာမည်ပျက်ရဦးမည်။

မှတ်လောက်သားလောက်အောင် ဝင်ရိုက်ရမည်လား။ ဒါမှမဟုတ် ပြင်းထန်စွာအသိပေးပြီး နှင်လွှတ်ရမည်လား။

ရှက်စရာကောင်းလှသည်။

ကျွန်ုပ် ပို၍သေချာစေရန် တံခါးကို အသာလေးဟ၍ ကြည့်လိုက်သည်။ ရှက်စရာကောင်းလွန်း၍ မျက်စိကိုစုံမှိတ်ပြီး အံကိုကြိတ်ထားလိုက်သည်။ မျက်စိဖွင့်လိုက်တော့ မျက်ရည်ဥများ ပါးပြင်ပေါ်သို့ စီးလိမ့်ကျလာပြီး လက်ရောခြေပါတုန်နေသည်။

ကျွန်ုပ် လူသိရှင်ကြား မဖြစ်ချင်ပါ။

သို့နှင့် မလွယ်ပေါက်မှအသာလျှို၍ ပြန်ထွက်ခဲ့လိုက်ပြီး တံခါးပျဉ်ကို ပြန်ပိတ်လိုက်သည်။ ပြီး . . . အိမ်ရှေ့တံခါးမှ ကျော်၍ ဈေးရှိရာသို့ ပြန်သွားခဲ့လိုက်သည်။

ဒီမှာ ကျွန်ုပ်ရဲ့လက်ကိုင်ပဝါ ကျကျန်ရစ်ခဲ့သည်ကို မျက်နှာသွေးသုတ်ရန်ပြင်လိုက်မှ သိလိုက်ရသည်။ ဘယ်နားမှာများ ကျကျန်ရစ်ခဲ့ပါလိမ့်။

ခြံဝင်းထဲမှာလား . . .

အိမ်အထဲမှာလား . . .

လမ်းမှာလား . . .

စဉ်းစားလို့မရ။

(၆)

❑

ထိုနေ့ညမှစ၍ အရက်ကိုလုံးဝမသောက်သော ကျွန်ုပ် ရင်နာလွန်း၍ အရက်ကိုအမူးသောက်လာခဲ့လိုက်သည်။ ထားအိချို အံ့သြနေ၏။

"အစ်ကို ဘာဖြစ်လို့အရက်သောက်တာလဲဟင်"

ကျွန်ုပ် ဘာမှပြန်မဖြေ။

မူးယစ်နေသည်။ သူမရဲ့မျက်နှာနှင့် ကိုယ်လုံးသည် ကျွန်ုပ်မျက်စိရှေ့မှာ ဒသာဂီရိခေါင်းဆယ်လုံးလို ကိုယ်ပွားများနှင့် ပျံ့ကြဲနေသည်။

မာယာပရိယာယ်ကြွယ်ဝလှသော သူမရဲ့နှုတ်ခမ်း၊ မျက်လုံး၊ မျက်နှာကိုကြည့်ပြီး ရွံရှာစက်ဆုပ်လာသည်။ ကျွန်ုပ် ခါးကြားမှမောင်းပြန်ဓားကို ထုတ်လိုက်ပြီး ခလုတ်ကိုနှိပ်လိုက်သည်။

ဖြောင်းခနဲအသံနှင့် ခြောက်လက်မခန့် ဓားသွားဆန့်ထွက်





လာ၏။ ထားအိချိုကြောက်လန့်ပြီး နောက်ကိုဆုတ်လိုက်သည်။

"ကိုင်းဟာ"

"ဒုတ်"

ဓားသွားက စားပွဲပေါ်မှာစိုက်သွားသည်။ ကျွန်ုပ်လည်း မူးယစ်ဝေရီပြီး ထိုးအန်လဲကျသွားခဲ့သည်။

ကျွန်ုပ် အိပ်ရာမှနိုးလာသောအခါ အနီးမှာ ထားအိချိုမရှိ။ ရှိနေတာ တစ်ခုပဲဖြစ်သည်။ ကျွန်ုပ်ကိုင်နေကျလက်ကိုင်ပဝါအဖြူကလေး။ ကျွန်ုပ်ခေါင်းအုံးပေါ်မှာ။ ဘယ့်နဲ့လုပ်ပြီး ဒီလက်ကိုင်ပဝါဒီနေရာရောက်နေပါလိမ့်။

ထိုနေ့ကစ၍ ကျွန်ုပ် အထည်ဆိုင်ကိုပိတ်ထားလိုက်ပြီး အရက်ကို နေ့စဉ်ညစဉ်သောက်သည်။ ပြီး. . . ထားအိချိုရဲ့မျက်နှာကိုကြည့်၍ တဟားဟား ရယ်ပစ်လိုက်သည်။ ထားအိချို ကျွန်ုပ်ကိုကြည့်ပြီးလန့်နေ၏။

"အစ်ကို ဘာဖြစ်လို့လဲဟင်"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား"

"အစ်ကို နေမကောင်းလို့လား"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟီး . . . ဟီး. . ဟီး . . . ဟီး"

"အစ်ကို . . . အစ်ကို့ကို ကျွန်မကြောက်လာပြီ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟီး . . . ဟီး . . ဟီး . . . ဟီး . . . ဟီး . . . ဟား . . . ဟား . . . ဟား . . . ဟား"

ကျွန်ုပ် သူမကို လုံးဝစကားမပြောပါ။ တဟားဟားအော်ဟစ်ရယ်မောလိုက်ပြီး မောင်းချဓားနှင့် စားပွဲခုံကိုပဲ အကြိမ်များစွာ ထိုးနေမိသည်။ ကျွန်ုပ်၏အပြုအမူကိုကြည့်ပြီး ထားအိချိုလွန်စွာတုန်လှုပ်နေ

ငါ။ ကျွန့်ပ်အနီးသို့ သူမကပ်မလာရဲ။ ကျွန့်ပ်က ကျွန်းစားပွဲပေါ်မှာ မှူးမှူးနှင့် မြေဖြူကိုင်ပြီး စာကြောင်းများရေးချလိုက်သည်။

"ရင်နာတယ်"

"ရင်နာတယ်"

"ရင်နာတယ်"

ဒါနှင့် အားမရ။ ဒယီးဒယိုင်နှင့်ထပြီး အိမ်နံရံများ၊ ဗီရိုများ၊ သမံတလင်းများပေါ်မှာ မြေဖြူနှင့် စာများကို ရှုးသွပ်စွာ လိုက်ရေးပစ်လိုက်သည်။

"ရင်နာတယ်"

"ကိုယ့်ကိုယ်ကိုယ် နွားမှန်းမသိတာ ငါ"

"မုန်းတယ်"

"မုန်းတယ်"

"ငါဘာလုပ်ရမလဲ"

"ဘာလုပ်ရမလဲ"

ထားအိချိုသည် သမံတလင်းနှင့် အိမ်နံရံ၊ ဗီရို၊ စားပွဲပေါ်မှ စာလုံးများကိုဖတ်ပြီး မျက်လုံးအစုံ ပြူးကျယ်ထိတ်လန့်နေသည်။ သည့်နောက် အပြင်သို့ ကမူးရှူးထိုးနှင့် ထွက်သွားခဲ့လေသည်။ သူမ ပြန်ရောက်သည့်အချိန်က နေဝင်စပြုပြီး မီးအလင်းရောင်များ လင်းနေသည့်အချိန်။ ထိုအချိန်မှာ ကျွန့်ပ်မူးယစ်နေပါပြီ။

ကျွန့်ပ်သည် မူးမူးနှင့် မိန်းမလှကော်ပတ်ရုပ်ရဲ့ရင်ဝကို မောင်းပြန်ဓားနှင့်ထိုးစိုက်ပြီး အိပ်ပျော်သွားခဲ့ပါသည်။

❀ ❀ ❀

(၇)

❑

သူ့အကြောင်းသူသိလို့လားမသိ။ ထားအိချို ဘာတစ်ခွန်းမှမမေးရဲ။ ကျွန့်ပ်ကလည်း တစ်လုံးမှမမေးဘဲ ကျွန့်ပ်ရင်မှ ဒေါသများကိုသာ အရက်နှင့်စိမ်ပြီး ပေါက်ကွဲပြနေလိုက်သည်။ အိမ်နံရံနှင့် သမံတလင်းပေါ်မှာ စာများရေး၍ပေါက်ကွဲနေမိသည်။

ကျွန့်ပ် ဘာဆက်လုပ်ရမလဲ။

သူမကို ဟိုတစ်နေ့က မြင်ကွင်းဖြစ်စဉ်အကြောင်း ပြောပြပြီး ကွာရှင်းလိုက်ရမည်လား။

ဒါမှမဟုတ် သူမရဲ့ရင်ဝကို မောင်းပြန်ဓားတစ်ဆုံး ထိုးသွင်းပြီး ဒီအိမ်ခြံဝိုင်းထဲမှာပဲ မြေမြှုပ်သင်္ဂြိုဟ် ဖျောက်ဖျက်လိုက်ရမည်လား။

နေ့စဉ် အရက်သောက်ပြီး စဉ်းစားနေမိသည်။

ကျွန်ုပ်ရဲ့ရုပ်ကို ကျွန်ုပ် မှန်ထဲမှာ ပြန်ကြည့်မိ၏။ အစားအစာကို ဥပေက္ခာပြုပြီး နေ့စဉ်အရက်သောက်နေလို့လားမသိ။ မျက်တွင်းများချောင်လှပြီး ပါးနှစ်ဖက်ချိုင့်ဝင်နေ၏။ ဆံပင်များက ဖွာလံကျဲနေ၏။ မျက်လုံးနှစ်လုံး နီရဲနေ၏။

ရွှေဝါသည် ကျွန်ုပ်အရက်သောက်နေသည့်အနီးရှိ ဗီရိုပေါ်မှာ နားရင်း ကျွန်ုပ်ကို 'ချစ်ညို . . . ချစ်ညို'ဟု တစာစာခေါ်နေ၏။

"ချစ်ညို . . . ချစ်ညို"

"ရွှေဝါ နင်ရော သောက်မှာလား"

"ချစ်ညို . . . ချစ်ညို"

"အရက်က တို့အပေါ်မှာ သစ္စာရှိတယ်ရွှေဝါ။ အရက်ဟာ တစ်ပက်သောက်ရင် တစ်ပက်မူးပြီး တစ်ဝက်သောက်ရင် တစ်ဝက်မူးမူးတယ် ရွှေဝါရဲ့။ အရက်မှာ ဟန်ဆောင်ခြင်းတရားမရှိဘူး။ အရက်က ရိုးသားတယ်။ သောက်သလောက်မူးတယ်။ မသောက်ရင် မမူးဘူး။ ဟား ဟား . . . ဟား . . . ဟား . . . ဟား"

လေးငါးရက်ခန့်ကြာတော့ ထားအိချိုစတိုင်တစ်မျိုးပြောင်းလာသည်။ အရက်ကို ကိုယ်တိုင်ငှဲ့ပေးသည်။ အမြည်းကို လုပ်ပေးသည်။ ဒါနှင့်အတူ ဆရာဝန်တစ်ဦးကိုခေါ်လာပြီး ကျွန်ုပ်ရဲ့အခြေအနေကို ပြသသည်။

"အရက်တွေကို စိတ်မထိန်းနိုင်အောင် သောက်နေတယ် ဆရာ"

"ညဘက်လည်း မအိပ်ဘူး"

"ပေါက်ကရစကားတွေ တစ်ညလုံးပြောပြောနေတယ်"





"စိတ်ဖောက်သွားတာလားဟင်"

ဆရာဝန်က ကျွန်ုပ်ကို ချော့မော့၍ မေးမြန်း၏။

"ကိုချစ်ညို ဘာဖြစ်လို့ အရက်ကို အလွန့်အကျွံသောက်ရတာလဲဟင်"

"ရင်နာလို့"

"ဗျာ . . . ဘာကြောင့် ရင်နာရတာလဲဗျာ"

"ရင်နာလွန်းလို့ပါ"

"အရက်ကို မသောက်ပါနဲ့တော့ ကိုချစ်ညို။ ခင်ဗျားရဲ့ပုံပန်းသဏ္ဌာန်က စိတ်မထိန်းနိုင်သလို ဖြစ်နေပြီ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား ဟီး . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး"

ကျွန်ုပ်က ဆရာဝန်ရဲ့ အစမ်းသပ်ကို မခံခဲ့ပါ။ ဆရာဝန်မေးသမျှကိုလည်း ပြန်မဖြေခဲ့ပါ။ ကိုယ့်ရောဂါကို ကိုယ်သိပါသည်။ ချစ်ခြင်းနှင့် စွန့်လွှတ်ခြင်း။ ဒီနှစ်ခု ဘယ်အရာကို ရွေးရမှန်းမသိသည့် ရောဂါ။

"ဒေါ်ထားအိချို"

"ပြောပါ ဒေါက်တာ"

"သူ့ရောဂါလက္ခဏာက စိတ်ဝေဒနာခံစားနေရသလို ဖြစ်နေတယ်"

"ဒီတော့ ဘာလုပ်ရမလဲ ဆရာ"

"သူ့ကို စိတ်ချမ်းသာအောင်လုပ်ပေးပါ။ ဒီလိုမှ မရရင် စိတ်ကျန်းမာရေးဆေးရုံကိုပြသပြီး လိုအပ်သလို ကုသပေးပါ"

"ကျုပ်မရူးဘူး . . . မရူးဘူး . . . လုံးဝမရူးဘူးဗျ။ ဟား

ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . . နှင်းဝါရေ ငါမှားသွားပြီဟေ့။ ငါ မင်းအပေါ်သစ္စာဖောက်ခဲ့တာ ခွင့်လွှတ်ပါ နှင်းဝါ။ ငါတို့မကြာခင် မင်းနောက်ကို လိုက်ခဲ့မှာပါ နှင်းဝါ။ မင်း ငါ့ကိုမြန်မြန် လာခေါ်လှည့်ပါ နှင်းဝါရေ။ ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား''

ကျွန်ုပ်သည် အရက်မှလွဲ၍ ဘယ်အရာကိုမှ မစုံမက်တော့။ ထားအိချိုကို ကွယ်လွန်သူနှင်းဝါနှင့်တူလွန်း၍ ချစ်ခဲ့မိ၏။ ခုတော့. . .

နှင်းဝါက နှင်းဝါ။

ထားအိချိုက ထားအိချိုပဲလေ။

ချစ်ခြင်းလည်းမတူ။ ကြင်နာခြင်းလည်း တခြားစီ။ သစ္စာရှိမှုလည်း တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက် အားလုံး ဆန့်ကျင်ဘက်။

ကျွန်ုပ် မူးမူးနှင့် အိပ်ပျော်သွားခဲ့သည်။

အိပ်မက်ထဲမှာ အမေ့ကိုတွေ့သည်။

အမေ့ပါးပြင်ပေါ်မှာ မျက်ရည်များအိုင်ဖွဲ့နေ၏။ အမေက မျက်ရည်ဖွဲ့ပါးနှင့် ကျွန်တော့်ကိုဖက်ထားပြီး ငိုနေသည်။

ပြီး . . .

နှင်းဝါ။

အို . . . လှလှချည်လား နှင်းဝါ။ မင်းဘယ်ကိုရောက်နေလဲ ဟင်။

နှင်းဝါက ကျွန်တော်ကိုပွေ့ဖက်ပြီး မျက်ရည်များနှင့် အားရပါးရ နမ်းရှိုက်နေသည်။ အနမ်းတွေ အေးမြလိုက်တာရယ်။ မိုးခေါင်ရေရှားရပ်ဝန်းမှာ ရွာလိုက်သည့်မိုးလို . . . ။ နမ်းစမ်းပါနှင်းဝါ။





အစ်ကိုလိုချင်တဲ့အချစ်က အဲဒီလိုအချစ်မျိုး ရွှေဝါရဲ့။ နှင်းဝါရေ . . . ညတိုင်းညတိုင်း အစ်ကို့ပါးပြင်ပေါ်မှာ မင်းရဲ့သစ္စာအနမ်းမိုးများကို ဖြိုင်ဖြိုင်ရွာပေးပါချစ်သော နှင်းဝါ။

ဒါမှမဟုတ်ရင် မင်းနေတဲ့ရွာကို အပြီးတိုင်ခေါ်သွားစမ်းပါ အချစ်ရယ်။ ရိုက္ခာမလိုဘူး၊ ရွှေမလိုဘူး၊ ငွေမလိုဘူး၊ အဝတ်အစားမလိုဘူး။ မင်းရဲ့အချစ်နဲ့အကြင်နာကို ရနေရင် ငါမင်းတို့ရွာမှာ အသက်ရှည်နေမှာပါ။

ငါ့ကိုမြန်မြန်ခေါ်ပါနော် နှင်းဝါ။

အစ်ကို့ကို ခုချက်ချင်းခေါ်သွားပါလား နှင်းဝါ။

ခေါ်မှာလားဟင် . . . ခေါ်မှာလား။

လိုက်မှာ . . . လိုက်မှာ . . . အစ်ကိုချက်ချင်းလိုက်မှာ။ အို. . ဘယ်သူ့ကိုမှ နှုတ်မဆက်ဘူး။ လိုက်မယ် . . . လိုက်ခဲ့မယ်။

နှင်းဝါ . . .

နှင်းဝါ . . .

နှင်းဝါ . . . နှင်းဝါ . . .

နှင်းဝါက နောက်ဆုံး ကျွန်ုပ်ရဲ့ တောင်းပန်တောင်းဆိုချက်ကို မလွန်ဆန်နိုင်သည့်အဆုံး ကျွန်ုပ်လက်ကိုဆွဲ၍ ခေါ်သွားခဲ့သည်။

မြစ်များကို ဖြတ်ကျော်သွားကြသည်။

တောအုပ်များကို တိုးဝင်သွားကြသည်။

စေတီပုထိုးများစုဝေးရာကို ရောက်ခဲ့ရသည်။

သည့်နောက် တောင်တန်းများပေါ်သို့ တက်ခဲ့ကြသည်။ ဒီမှာ ကျွန်ုပ် ခြေချော်၍ တောင်ကမ်းပါးပေါ်မှ ပြုတ်ကျသွားခဲ့သည်။ နှင်းဝါရဲ့အမည်ကို စိုးရိမ်ထိတ်လန့်စွာ အော်ခေါ်လိုက်သည်။

"ချစ်ညို . . . ချစ်ညို"

"ချစ်ညို . . . ချစ်ညို"

ကျွန်ုပ်လန့်နိုးချိန်မှာ ကြက်တူရွေးမလေးရွှေဝါက တန်းပေါ်မှ နေပြီး တကြော်ကြော် အော်ခေါ်နေသည်။

ကျွန်ုပ် လူးလွန့်၍ထလိုက်ပြီး စားပွဲပေါ်မှာ ထားအိချို အသင့်ငှဲ့ပေးထားခဲ့သော အရက်ခွက်ရှိရာသို့ လက်ကိုလှမ်းလိုက်သည်။

"ချစ်ညို . . . ချစ်ညို"

"ချစ်ညို . . . ချစ်ညို"

ရွှေဝါက စူးစူးဝါးဝါးအသံနှင့် အော်ဟစ်နေသည်။ ကျွန်ုပ် ရွှေဝါကို ဂရုမစိုက်နိုင်။ လှိုက်မောနေသောရင်ကို ငြိမ်းသွားစေရန်အတွက် အရက်ခွက်လှမ်းကိုင်မလို့လုပ်လိုက်ချိန် . . .

"ဖလူး"

"ဖြန်း"

"ခွမ်း"

"ဝွမ်း"

"ဟင် . . ."

ကြည့်စမ်း . . . ရွှေဝါရယ်။ ကိုင်ခါနီးအရက်ဖန်ခွက်ကို သူ့ ခြေနှင့်ကန်ချလိုက်ရာ အရက်ရော၊ ဖန်ခွက်ရော ကွဲကြေပြန့်ကျဲ ဖိတ်စင်သွားတော့သည်။ ကျွန်ုပ် အလွန် ဒေါသများပေါက်ကွဲသွားခဲ့ သည်။ ရွှေဝါသည် ပါးစပ်မှ တဂစ်ဂစ်တဂူးဂူးအော်ရင်း ကျွန်ုပ်လက်ကို နှုတ်သီးနှင့်ဆိတ်လိုက်သည်။

အရက်ငတ်မွတ်နေသည့် ကျွန်ုပ် ဒေါသကို မထိန်းနိုင်ဘဲ ရွှေဝါ ကို လက်ပြန်ရိုက်ပစ်လိုက်သည်။ ရွှေဝါ ကျီခနဲအော်ပြီး လွင့်စဉ်သွား





သည်။

"ချစ်ညို . . . ချစ်ညို"

"သေဟ . . . ငှက်စုတ် ငှက်နာ"

"ချစ်ညို . . . ချစ်ညို . . . ကီ . . . ကစ်"

ရွှေဝါက ကျွန်ုပ်ရဲ့အမည်ကိုအော်ရင်း ပျံလိုက်သည်။ ကျွန်ုပ် စိတ်ကိုမထိန်းနိုင်။ ပုလင်းတစ်လုံးနှင့် ကောက်ပစ်လိုက်သည်။ ရွှေဝါ ကရှောင်ရင်း အော်လိုက်ပြန်သည်။ ပုလင်းကွဲသံကို ကြားမြင်လိုက်ရ သည်။

"နင့်ကြောင့် ငါအရက်မသောက်ရတော့ဘူး။ သေဟ"

"ဝွမ်း"

"ချွမ်း . . . ဝွမ်း"

"ချစ်ညို . . . ချစ်ညို"

ကျွန်ုပ် တွေ့ကရာပစ္စည်းများနှင့် ကောက်ပစ်သည်။ အခန်း တစ်ခုလုံး ပုလင်းကွဲ၊ ဖန်ခွက်ကွဲ၊ စာအုပ်များ၊ ရေတာကောင်းကွဲများ နှင့် မွစာကြဲနေသည်။

ကျွန်ုပ်လည်း ဒေါသနှင့် မောနေပြီ။

ထားအိချိုလည်း ဘယ်သွားမှန်းမသိ၊

အရက်လည်း ကုန်နေပြီ။

နောက်ဆုံး ကျွန်ုပ်သည် ထိတ်လန့်တကြား အော်ဟစ်ပျံသန်း နေသည့် ရွှေဝါ့ကို မောင်းပြန်တားနှင့်ပေါက်သတ်ပစ်ရန် လက်ကိုမြှောက် ၍ ပစ်လိုက်သည်။

"ချစ် . . . ညို"

"ကီ . . . ကစ်"

"ဝိုး"

"ဒုတ်"

ဓားမြှောင်က ရွှေဝါကိုမထိဘဲ သစ်သားတိုင်မှာ သွားစိုက်နေသည်။ ကြက်တူရွေးမလေး ရွှေဝါသည် ရက်စက်ကြမ်းကြုတ် ခက်ထန်နေသော ကျွန်ုပ်ကိုကြည့်ရင်း အံ့ဩနေသည်။

ရင်းနောက် သူသည် ဒေါသမျက်လုံးများနှင့် အခဲမကြေဖြစ်နေသည့် ကျွန်ုပ်ကို တစ်ချက်စိုက်ကြည့်ပြီး ပြန့်ကျဲနေသော အရက်များရှိရာသို့ လွှားခနဲခုန်ဆင်းလိုက်ကာ အရက်ရည်များကို သူ့နှုတ်သီးလျှာနှင့်လျှက်၍ မျိုချလိုက်သည်။

ကြည့်နေဆဲမှာပင် ကြက်တူရွေးမလေးရွှေဝါ အတောင်တဖျပ်ဖျပ်ခတ်ကာ အရက်အိုင်ထဲမှာ အကြောများဆွဲရင်း မျက်လုံးပြူးလည်လိမ်၍ အသက်ပျောက်သွားခဲ့သောအခါ . . .

"ရွှေဝါ . . . ရွှေဝါ . . . ရွှေဝါ . . . ရွှေဝါရေ"

ကျွန်ုပ် စိုးရိမ်အံ့ဩကြီးစွာဖြင့် ရွှေဝါကို ကောက်ယူပွေ့လိုက်သည်။ ရွှေဝါ လုံးဝမလှုပ်တော့ပါ။

"ရွှေဝါ . . . ရွှေဝါ"

ကျွန်ုပ် မည်သို့ပင် တကြော်ကြော် အော်ခေါ်ပါသော်လည်း ကျွန်ုပ်နှင့် ကာလအတန်ကြာ ချစ်ခင်ရင်းနှီးစွာအတူနေခဲ့သော လူ့စကားနားလည်၊ လူ့အရိပ်သုံးပါးနားလည်လှသော ကြက်တူရွေးငှက်အလိမ္မာလေးသည် ဖက်ကျိုး၍ ပျော့ခွေသွားပါပြီ။

သူ ဘာကြောင့် ဒီအရက်အရည်ကို လျှာနှင့်ထိရုံမျှနှင့် ချက်ချင်းသေဆုံးသွားရတာလဲ။

ကျွန်ုပ် ဝမ်းနည်းကြီးစွာ စဉ်းစားရပြီ။





ဒီမှာ သမ်တလင်းပေါ်မှ အရက်များကို မသောက်သလို ဖြစ်သွားခဲ့ရသည်။ သို့နှင့် အရက်အချို့ကို စတီး(လ်)ဖွန်းနှင့်ခပ်၍ ပုလင်းလေးတစ်လုံးမှာ ထည့်လိုက်ပြီး . . .

သူငယ်ချင်းဆေးမှူး အလုပ်လုပ်ရာဆေးရုံသို့ အမြန်ပြေးလာခဲ့လိုက်သည်။

ရောက်သည်နှင့် ဖြစ်စဉ်ကိုပြောပြပြီး သင်္ကာမကင်းဖြစ်နေသော အရက်ကို ဓာတ်ခွဲစစ်ဆေးစေလိုက်သည်။

အချိန်အတန်ကြာသွား၏။

အရက်ရော၊ ရွှေဝါရောကို သူငယ်ချင်းဆေးမှူးက ဓာတ်ခွဲဌာနသို့ ယူသွားပြီး စနစ်တကျ စမ်းသပ်စစ်ဆေးပြီးနောက် ကျွန်ုပ်ရှိရာသို့ ပြန်လာခဲ့လိုက်သည်။

"ချစ်ညို"

"ဘာ . . . ဘာထူးခြားလဲသူငယ်ချင်း . . . ဟင်"

"အရက်ထဲမှာ . . ."

"အရက်ထဲမှာ ဘာ . . . ဘာပါသလဲ"

"အဆိပ်"

"ဘာ . . ."

"အလွန်ပြင်းတဲ့ ဆိုင်ရာနိုက်အဆိပ်"

"ဘုရားရေ"

ကျွန်ုပ်ဦးခေါင်းတစ်ခုလုံး တုန်ခါပြီး ပုတ်လောက်ကြီးသွားသလို ခံစားရကာ ဆံပင်မွေးများထောင်၍ ထသွားသည်။

"ဒါ . . . ဒါ . . . ဘယ်သူ့လက်ချက်လဲ ချစ်ညို"

"မ . . . မသိဘူး"

"မင်းဘာ့သာမင်း ထည့်သလား"

"ဟင့်အင်း . . . ငါ . . . ငါမထည့်ဘူး"

"ဒါဆို ရဲစခန်းကိုအကြောင်းကြားလိုက် သူငယ်ချင်း။ ဒါ မင်းကို အသေလုပ်ကြတာ"

ကျွန်ုပ် သဘောပေါက်လိုက်ပါပြီ။ ဒါ . . . ဘယ်သူ့လက်ချက်ဖြစ်မလဲ။ ရှင်းနေပါပြီ။ ဒီအိမ်မှာ ကျွန်ုပ်ရယ်၊ ထားအိချိုရယ်၊ ရွှေဝါရယ် သုံးဦးပဲရှိသည်။

တိရစ္ဆာန်ရွှေဝါက အရက်ခွက်ထဲ အဆိပ်ကိုထည့်မတဲ့လား။

ကျွန်ုပ်ကရော ဒီအဆိပ်ကို ဘယ်ကရခဲ့လို့လဲ။

ဒါဆို ဒီအဆိပ်ကိုသုံးပြီး ကျွန်ုပ်ကို သေကြောင်းကြံစည်သူသည် သူ။

အင်း . . . အတော့်ကို ပညာပါလှသည်။

ကျွန်ုပ်ကို ရှူးနေသည်ဟု ဆရာဝန်ကို ခေါ်ပြသည်။ ဆေးရုံကို ကျွန်ုပ်က မလိုက်။

ဒီမှာ ကိုယ့်ဘာ့သာကိုယ် စိတ်ညစ်ပြီး အရက်ထဲ အဆိပ်ခတ်သောက်၍ သေကြောင်းကြံသလိုမျိုး အချက်ပိုင်ပိုင် စီစဉ်ခဲ့လိုက်သည်ကိုး။ ကံဆိုးချင်တော့ ကိုယ့်သောက်နီးဒထ်ကို ရွှေဝါက မေ့စာဝင်စံသွားခဲ့သည်။ ရွှေဝါ ဒါကို ဘယ်လိုသိခဲ့သလဲ။ သူမြင်မျှးမြင်ခဲ့ရောသလား။ ဒါမှမဟုတ် ဂျွန်ရင့်ကြက်တစ်ကောင်ရဲ့ အာရုံဆန်းကြယ် အသိကြောင့်လား။

ကျွန်ုပ် ချက်ချင်း အိမ်သို့ပြန်လာခဲ့လိုက်သည်။

အိမ်သို့ရောက်သောအခါ ဗီရိုသော့များ ပွင့်နေ၏။ ငွေနှင့်ရွှေထည်အချို့ မရှိတော့။





ထားအိချိုရဲ့ အဝတ်အစားနှင့် သားရေသေတ္တာလည်း မရှိတော့။ ကျွန်ုပ် ထားအိချိုသွားနိုင်သည့်နေရာများကို ကားငှား၍ လိုက်ရှာမေးမြန်းစုံစမ်းခဲ့သည်။

တစ်ရက် . . .။

နှစ်ရက် . . .။

သုံးရက် . . .။

တစ်ပတ် . . .။

တစ်လ . . .။

အချိန်တွေသာ ကုန်ဆုံးသွားသည်။ ထားအိချို အိမ်ကို ပြန်မလာတော့။ ဘယ်အရပ်ကို ရောက်နေသည်လည်း စုံစမ်း၍မရ။

ခုတော့ သူတို့ သစ္စာရှာမှ ထွက်သွားကြပြီ။

ကျွန်ုပ်ချစ်ခဲ့ရသော ကြက်တူရွေးမလေးရွှေဝါက သစ္စာရှိစွာဖြင့် သူ့အသက်နှင့်ရင်း၍ ကျွန်ုပ်အသက်ကိုကယ်ရင်း အချစ်ရှာ၊ သစ္စာရှာမှ စိတ်အနေမြင့်မြတ်စွာ ထွက်ခွာသွားခဲ့သည်။

ထားအိချိုကတော့ . . .

သူ့အကြောင်းသူသိပြီး သစ္စာမဲ့သူတို့ သွားရာလမ်းကြောင်းအတိုင်း ဘယ်ငရဲတော၊ တဏှာရာဂတောကို ပြေးပြီလဲမသိ။

အပြီးတိုင် ပြန်မလာကြတော့။

ကျွန်ုပ်ကမူ ငယ်ချစ်နှရွှေဝါအထင်နှင့် အမိုက်မကိုချစ်ခဲ့မိသော သစ္စာပျက်နှလုံးသားနှင့် အလွမ်းများ၊ နောင်တများကို ပွေ့ပိုက်ရင်း အထီးကျန်ဘဝနှင့် နေဝင်ချိန်ကိုစောင့်နေလျက်။

ရွှေဝါရေ . . .။

မင်းကို ငါကျေးဇူးတင်ပါတယ် ကလေးရယ်။

မင်းဟာ ငါ့အချစ်ဆုံးဖနီး နှစ်ရွှေဝါလား။

ဒါမှမဟုတ် ငါ့ရဲ့ကျေးဇူးရှင် အမေလား။ ငါ့ကိုခွင့်လွှတ်ပါ။ ငါ့ မျက်ရည်နှင့် အားလုံးကို တောင်းပန်လိုက်ပါရဲ့ရွှေဝါရေ။

မောင်ညီမြိုင်း(သန်လျင်)



# မဟာအနန္တမေတ္တာရှင်

မိဘမေတ္တာနှင့်ပတ်သက်ပြီး ရုပ်ရှင်လည်း ကြည့်ဖူးသည်။ ဇာတ်လည်း ကြည့်ဖူးသည်။ စာအုပ်စာစောင်များမှာလည်း ဖတ်ဖူးခဲ့၏။ လူတကာပြောပြတာလည်း နားထောင်ခဲ့ဖူး၏။ ကိုယ်တိုင်လည်း မျက်ရည်ကျလုမတတ် ခံစားခဲ့ဖူး၏။

သို့သော် ကိုယ်တွေ့ကြုံလာသည့်အခါ ဖတ်ဖူး၊ မှတ်ဖူး၊ ကြည့်ခဲ့ဖူးသည့် ဇာတ်လမ်းများ၏ အနှစ်သာရ၊ ဦးတည်ချက်၊ ရည်ရွယ်ချက်များကို မေ့လျော့ခဲ့မိ၏။ ကိုယ့်ကိုယ်ကိုယ်လည်း အံ့အားသင့်၍ မဆုံး။ အတွေ့အကြုံ၊ အသိတရားများနှင့် ဘာကြောင့်မဆင်ခြင်နိုင်ခဲ့ပါလိမ့်လို့ စဉ်းစားလို့ကိုမရတော့။





လက်တွေ့ဘဝဖြတ်သန်းမှုက ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလိုတော့ အကြောင်းအရာများမတူညီပေမယ့် အနှစ်သာရတူညီမှုန်းကို နောက်မှရိပ်မိလာ၏။ ထိုသို့ ရိပ်မိလာသောအခါ ကိုယ်အများကြီးနောက်ကျသွားခဲ့ပြီလို့ပဲ ပြောရတော့မည်။

❑

ကိုယ့်ဇာတိရပ်ရွာကို ပြန်မရောက်ခဲ့သည်မှာ အနှစ်နှစ်ဆယ် ကျော်ခဲ့ပြီ ဖြစ်သည်။ ယခုလို ရွာကိုပြန်ရောက်တော့ အတိတ်ဘဝ၊ အတိတ်အခြေအနေတို့ကို ပြန်လည်မြင်ယောင်မိ၏။ ဘာတစ်ခုမျှ ပြောင်းလဲမှုမရှိသော ရွာကလေး။

ရွာအဝင်အဝက ကုက္ကိုပင်အိုကြီးက ယခုအထိ ကိုင်းကိုင်းညွတ်ညွတ်ရှိနေဆဲ။ စိမ်းစိုသောသစ်ရွက်သစ်ခက်တို့ဖြင့် အလှဆင်နေဆဲ။ ရွာထဲကြည့်လိုက်တော့လည်း တမာပင်၊ ထနောင်းပင်များကိုမြင်ရဆဲ။ တမာနံ့က လေပြည်အဝှေ့မှာ ညင်းသဲ့သဲ့လွင့်မျောနေဆဲ။ ရင်ထဲအေးချမ်းသွားသလို ခံစားခဲ့ရ၏။

အဖေ့အိမ်ဝိုင်းရှေ့ရောက်တော့ ရင်ခုန်သလိုလို၊ ရင်ဖိုသလိုလို

ခံစားနေရသည်။ ဖခင်ကြီးနှင့်ကွဲနေခဲ့ရသည့်မှာလည်း အနှစ်နှစ်ဆယ်ခန့် ပင်ရှိခဲ့ပြီဖြစ်၏။ ရွာကထွက်လာစဉ်က သူ့အရွယ်မှာ ဆယ့်ခုနစ်နှစ်သား ပင်ရှိသေး၏။ ထိုစဉ်က ရွာမှထွက်ခဲ့ရသည့်အကြောင်းအရာမှာ ဖခင်ကြီး နောက်အိမ်ထောင်ပြုလိုက်သည့် အကြောင်းအရာပင်ဖြစ်၏။ မိထွေး ဖြစ်သူ မမြနုကိုလည်း မကျေနပ်။ အဖေ သူ့ကိုမချစ်လို့ နောက်အိမ် ထောင်ပြုသည်ပဲ ထင်မှတ်ခဲ့၏။

ထိုကြောင့်လည်း ရွာကိုလာလည်သည့် ကြီးဒေါ်ဖွားအိမ် နောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့ခြင်းဖြစ်၏။ ကြီးဒေါ် ဖွားအိမ်သည် အမေ့အစ်မဖြစ်ပြီး ရွာနှင့်မိုင်လေးငါးရာဝေးသည့် မြို့ကြီး တစ်မြို့တွင် ပွဲရုံထူထောင်ထား၏။ ကြီးဒေါ်ဖွားအိမ်မှာ သားသမီးမရှိ။ ထို့ကြောင့်လည်း သူ့ကို လိုလိုချင်ချင် ခေါ်ဆောင်သွားခြင်းဖြစ်လေ၏။

ကြီးဒေါ်နေထိုင်ရာ အိမ်ကြီးမှာလည်း သူ့အတွက် ရွှေဘုံရွှေနန်း တမျှ ခမ်းနားလှ၏။ စားတော့လည်း ကောင်းမေ့ညွှန့်ပေ့ စားရ၏။ အတန်းကျောင်းကောင်းကောင်းလည်း တက်ရ၏။ အားလုံး လိုလေ သေးမရှိ။ အဆင့်အတန်းမြင့်မြင့်နှင့် နေရ၏။

ထိုအချိန်မှစပြီး အဖေ့ကို မေ့ပျောက်ပစ်ခဲ့၏။ ကြီးဒေါ်ဖွားအိမ် က အဖေနှင့်စကားမပြော။ အမေ့ကို အဖေက လှည့်ပတ်မိုးပြေးသွား သည်ဟု အမြဲတမ်းအပြစ်တင်ခဲ့၏။ ကြီးဖွားအိမ်နှင့် နီးနီးကပ်ကပ် နေရတော့ ကြီးဒေါ်က အဖေ့မကောင်းကြောင်းတွေပဲ ပြောခဲ့သဖြင့် အဖေ့အပေါ် နာကြည်းခဲ့ရ၏။ ကြီးဒေါ်က သူ့ကို အကောင်းဆုံးကျောင်း မှာ ထားပေးခဲ့သလို ကောင်းမေ့ညွှန့်ပေ့ အစားအစာများကို ကျွေးမွေး ခဲ့သဖြင့် တစ်သွေးတစ်မွေး ဖြစ်လာခဲ့၏။

အတန်းပညာကို ဆက်တိုက်အောင်မြင်ခဲ့ပြီး အခြေခံပညာ





အထက်တန်းကို ဂုဏ်ထူးများနှင့်အောင်မြင်ခဲ့၏။ စက်မှုတက္ကသိုလ်ကို အောင်မှတ်မီသဖြင့် စက်မှုတက္ကသိုလ်ကျောင်းသားကြီး ဖြစ်ခဲ့၏။ ကြီးဒေါ် က ဂုဏ်ယူလို့မဆုံး။ ကျောင်းကို ကိုယ်ပိုင်ကားဖြင့် တက်ရ၏။ တက္ကသိုလ် ကဆင်းတော့ ကုမ္ပဏီကြီးတစ်ခုတွင် အင်ဂျင်နီယာကြီး ဖြစ်ခဲ့၏။

ထို့ကြောင့် ကြီးဒေါ်က စိန်ရွှေရတနာဆိုင်ပိုင်ရှင်၏သမီးဖြစ်သူ ရှုယ်လီစိန်နှင့် လက်ဆက်ပေးခဲ့၏။ ရှုယ်လီစိန်တို့ဘက်ကလည်း ကျိုကျို တက်ချမ်းသာလှ၏။ ဘဝက မိုးမမြင်လေမမြင် လွှင့်ချင်တိုင်းလွှင့်၊ မြင့်ချင် တိုင်းမြင့်နေသောကာလများဟု ဆိုရချေမည်။

အိမ်ထောင်ထူပြီးသည့်နောက် တစ်အိုးတစ်အိမ်ခွဲနေရန် ကြံစည်ကြသော်လည်း ကြီးဒေါ်က သူ့အိမ်ကြီးမှာပဲ နေစေ၏။ သူပိုင် ဆိုင်သမျှကိုလည်း သူ့ကိုပဲ လွှဲပြောင်းပေးခဲ့၏။

ရှုယ်လီစိန်ကတော့ မြို့ဈေးကြီးထဲတွင် ရတနာဆိုင်ခွဲတစ်ခု ဖွင့်၍ အလုပ်လုပ်ခဲ့၏။ လင်မယားနှစ်ယောက်၏ဝင်ငွေက ပိုလျှံနေ ၏။ ရှုယ်လီစိန်က အသန့်ကြိုက်သည်။ အနုအရွ အအေးအချိုကိုမှ တား၏။ သူ့အကြိုက်ချက်ရန် အိမ်ဖော်နှစ်ယောက်ခန့်ထား၏။ ကုမ္ပဏီနှင့် ဆိုင်သို့ ကြိုပို့လုပ်ရန်လည်း ဒရိုင်ဘာတစ်ဦးငှားထား၏။

ကြီးဒေါ်၏တိုက်ကြီးကိုလည်း ခေတ်မီနည်းစနစ်များနှင့် ပြုပြင် တည်ဆောက်လိုက်၏။ ရှုယ်လီစိန်က အလှကြိုက်၏။ အိပ်ခါနီးတောင် အလှပြင်ပြီးမှ အိပ်ချင်သူဖြစ်၏။ သူ့အခန်းတစ်ခုလုံးကို အမွှေးနံ့သာ များနှင့် ထုံမွှမ်းထား၏။

အိပ်တော့လည်း လင်မယားနှစ်ယောက် တစ်ယောက်တစ် ခန်းစီ ခွဲအိပ်ကြ၏။ အိမ်ကြီးမှာ ဆယ့်နှစ်ရာသီ အဲယားကွန်းလွှတ်ထား သဖြင့် အေးစိမ့်နေ၏။ ရေခဲသေတ္တာသုံးလေးလုံးကို အပေါ်ထပ်၊ အောက်

ထပ်မှာ ထားရှိ၏။ တီဗီဂရမ်ကြီးတွေကလည်း နှစ်ထပ်စလုံးမှာရှိ၏။

ညှော်ခန်းကြီးကလည်း ပါကေးများခင်းကာ အပေါ်မှ ကတ္တီပါ ကော်ဇောကြီးများ ဖုံးထား၏။ နန်းတော်ကြီးတမျှ ခမ်းနားထည်ဝါလှသော အိမ်ကြီး။ တစ်ခြံလုံးလည်း မီးရောင်တွေ လင်းလက်ဝင်းတောက်နေ၏။ အိမ်ရှေ့ဘက်တွင် ရေကူးကန်တည်ဆောက်ခဲ့ပြီး လင်မယားနှစ်ယောက် ကန်စပ်သစ်ပင်ရိပ်အောက်တွင် အပန်းဖြေလေ့ရှိ၏။ ရေလည်း မနက်တိုင်းဆင်းကူး၏။

ဘဝက ပြီးပြည့်စုံလှသည့် လောကီဘုံသို့ ရောက်နေသည့် အလား ထင်မှတ်ရ၏။ သို့သော် အိမ်ထောင်သက်သုံးနှစ်ပြည့်လာသည် အထိ ကလေးတစ်ယောက်မျှမရ။ စိတ်ထဲ ပျင်းခြောက်ခြောက်ကြီးလို ခံစားရ၏။ ညဆိုလျှင် ရှယ်လီစိန်က အပေါ်ထပ်မှာ၊ သူက အောက်ထပ်မှာ စည်းစိမ်တစ်မျိုးစီနှင့် နေခဲ့ကြ၏။ ပျင်းလာလျှင် ဘီယာဖြစ်ဖြစ်၊ ဝိုင်ဖြစ်ဖြစ်သောက်ကာ ကြိုပ်တုမှလာသည့်ဘောလုံးပွဲနှင့် အချိန်ကုန်ခဲ့၏။

ထိုသို့နေထိုင်လာခဲ့ရာမှ တစ်ရက်တွင် အဖေ့ကိုအိပ်မက်မက်ခဲ့၏။ အိပ်မက်ထဲမှာ အဖေ့မျက်နှာမကောင်း။ ညှိုးတိုးတိုးမျက်နှာနှင့် အိမ်ပေါ်တက်လာပြီး အဖေ့ကိုကယ်ပါဦးဟု ပြောလာ၏။

အိပ်မက်က လန့်နိုးလာတော့ အနှစ်နှစ်ဆယ်လောက် မေ့ ဖျောက်ထားသည့်အဖေ့ကို သတိတရဖြစ်လာ၏။ ရှယ်လီစိန်ကို ပြောပြ တော့ . . .

"ယူ့အဖေကို သတိရတယ်ဆိုလည်း ရွာကသွားခေါ်ခဲ့လေ ဒီမှာ ကောင်းကောင်းမွန်မွန်ထားလို့ ရတာပဲတာ"

"အဘကြောင့် ရှယ်လီအနှောင့်အယှက်ဖြစ်မှာ စိုးရိမ်တယ်"





"မဟုတ်တာပဲ။ အိမ်ကြီးက အကျယ်ကြီး။ ခေါ်လို့ရရင် ခေါ် သာ လာခဲ့"

"အဘက ရှိမှရှိသေးရဲ့လားမသိ။ ကိုယ်မရောက်တာလည်း အနှစ်နှစ်ဆယ်ကျော်နေပြီ"

"သွားခေါ်ကြည့်ပါဦး။ ယူအိပ်မက်မက်တယ်ဆိုတော့ ယူ့ အဘ နေများမကောင်းဘူးလား"

"ဟုတ်ရင်ဟုတ်မယ်။ ကိုယ်ရွာပြန်ကြည့်ဦးမယ် ရှယ်လီရာ"

ရှယ်လီ့ဆီက ခွင့်ပြုချက်ရလို့ ယခုလို ရွာကိုပြန်ခဲ့တာဖြစ် သည်။ အဖေ့အိမ်ဝိုင်းရှေ့မှာ ခြေအစုံကြီးရပ်ပြီး တွေးနေတုန်း ဝိုင်းထဲ က ချိုင်းထောက်နဲ့အဘိုးအိုကြီးတစ်ဦး ထွက်လာသည်။ ခေါင်းတစ်ခု လုံး ငွေရောင်ဆံပင်တွေဖွေးလို့။

လူက ပိန်ခြောက်ခြောက်၊ ခါးကိုင်းကိုင်း။ ပါးရိုးနားရိုးတွေ ကျနေတော့ အဖေ့အသွင်ကို သေချာတောင်မမှတ်မိဘူး။ မနည်းကြည့် ယူရသည်။ အဖေကတော့ သူ့ကို မျက်လုံးကြီးပြူးထွက်မတတ်ကြည့် ရင်း စိတ်ထဲ ဇဝေဇဝါဖြစ်နေပုံပဲ။

"ဘယ်သူတုံး။ ဘာကိစ္စလဲ"

"အဘ . . . အဘ"

"ဟေ . . . မင်း လူကလေးဖိုးထင်"

"ဟုတ်ပါတယ် အဘ။ ကျုပ် ထင်ကျော်ပါ။ အဘဆီ ကျုပ် လာလည်တာလေ"

"အောင်မယ်လေး . . . လူကလေးရယ်။ အဘဝမ်းသာလိုက် တာကွယ်။ ဘယ်လိုဝမ်းသာမှန်းမသိဘူး။ လူကလေးကို အဘသတိရ နေတာကွဲ့။ လာ . . . လာ။ အိမ်ထဲလာ . . ."

"အဘက ချိုင်းထောက်ကြီးနဲ့ပါလား။ ဟာ . . . ညာဘက်ခြေချောင်းတွေ မရှိတော့ပါလား။ ဘာ . . . ဘာဖြစ်တာလဲ"

"တစ်လောက ဝါးသွားခုတ်ရင်း ငုတ်စူးပြီး ပိုးလိုက်လို့ ဖြတ်လိုက်တယ်။ ဒါကြောင့် ချိုင်းထောက်နဲ့ဖြစ်နေတာပေါ့ကွယ်။ လာ . . . လာ"

အဘခြေထောက်တုံးတိတိကိုကြည့်ရင်း စိတ်မကောင်းဖြစ်ရ၏။ အဘကတော့ သူရောက်လာသည်ကို အတော်ဝမ်းမြောက်ဝမ်းသာဖြစ်နေပုံပေါ်၏။

"မိကျေးရေ . . . ဒီမှာ ငါ့သားဖိုးထင် လာတယ်ဟ။ အထုပ်တွေအပိုးတွေ လာယူကွဲ့"

"ဒေါ်လေးမိကျေးက အဘအိမ်မှာ နေသလား"

"အေးလကွာ . . . မြနုဆုံးတာ သုံးနှစ်လောက်ရှိပြီကွ။ ဒီတော့ မင်းအဒေါ်မိကျေးတို့သားအမိကို အိမ်ခေါ်ထားရတယ်။ သူကလည်း ယောကျ်ားဆုံးတာ မကြာသေးဘူး။ အခုတော့ ယာတွေလည်း မိကျေးတို့သားအမိပဲ စိမံကြတာ။ ထမင်းဟင်းချက်တာလည်း မိကျေးတို့သားအမိပဲ။ အဘကတော့ ခြေထောက်မကောင်းကတည်းက ဘာမှ မလုပ်နိုင်တော့ပါဘူးကွာ"

"ဪ . . . မမြနု ဆုံးသွားပြီကိုး"

"ဟုတ်ပါ့ကွာ။ သူ့ကြောင့် မင်းရွာကထွက်သွားရတယ်ဆိုပြီး စိတ်မကောင်းဖြစ်ခဲ့တာကွ။ ထားပါတော့ကွာ။ လူကလေးဒီကိုလာတာ အလည်သက်သက်လား။ လူကလေးပုံစံက တကယ့်မြို့သားကြီးကိုက်ဆိုက်ကွာ။ လုပ်ငန်းကိုင်ငန်းတွေရော အဆင်ပြေရဲ့လား"

"ပြေပါတယ် အဘရာ။ ကျုပ်ကို ကြီးဖွားအိမ်က မြုစုပျိုး





ထောင်ပေးခဲ့တာ။ သူကတော့ မရှိတော့ပါဘူး။ သူ့အမွေမှန်သမျှ ကျုပ်ကိုလွှဲခဲ့တာ။ ကျုပ်ကိုလည်း အင်ဂျင်နီယာကြီးဖြစ်အောင် စာသင်ပေးခဲ့တာဗျ။ နောက်ဆုံး ကျုပ်ကို ရတနာဆိုင်ပိုင်ရှင်သမီးနဲ့ပါ အိမ်ထောင်ချပေးခဲ့တာဗျ"

"ဟုတ်လား . . . ဝမ်းသာစရာတွေပါလားကွာ။ လူကလေးခုလို ကြီးပွားချမ်းသာနေတယ်ကြားရတော့ အဘစိတ်ထဲ ကြည်နူးချမ်းမြေ့လိုက်တာကွာ။ ကဲ . . . အေးအေးလူလူနေကွာ။ ဒီမှာ ဘယ်နှရက်နေမှာတုံး"

"ကျုပ်ဒီကိုလာတာ အဘကိုလာခေါ်တာဗျ"

"ဟေ"

"ဟုတ်တယ်အဘ။ ကျုပ်ရဲ့အိမ်ကို လိုက်ခဲ့ပါဗျာ။ အဘကောင်းကောင်းအိပ်၊ ကောင်းကောင်းစားလို့ရတယ်။ ကျုပ်လည်း ကောင်းကောင်းပြုစုလို့ ရသပေါ့ဗျာ"

သူ့စကားကြားလိုက်တော့ ဖခင်လုပ်သူသည် ကြောင်စီစီဖြစ်သွား၏။ သူ့ကိုယ်သူ အထီးကျန်လွန်းလှသည်ဟု ခံစားမိသည်မှာ ကြာမြင့်လှပြီဖြစ်၏။

မိကျေးက သူ့နှမအငယ်ဆုံး။ မုဆိုးမမို့ အိမ်ကိုခေါ်ထားသော်လည်း ယာထဲဆင်းတာများ၏။ အိမ်ဝိုင်းထဲ သူကလွဲလို့ ဘယ်သူမှမရှိ။ အိမ်ရှေ့တန်းလျားမှာထိုင်ပြီး လက်ဖက်ရည်သောက်လိုက်၊ ဖက်ဆေးလိပ်ဖွာလိုက်၊ တရားစာဖတ်လိုက်နှင့်သာ အချိန်ကုန်ခဲ့၏။ တစ်ခါတစ်ခါ ရွာဦးကျောင်းသွားပြီး ဥပုသ်သီလဆောက်တည်လေ့ရှိ၏။ ဘဝကြီးက အိုမင်းချည့်နဲ့လာလေလေ၊ ခြောက်ကပ်ကပ်နိုင်လေလေဟု ထင်မိ၏။

ယခုတော့ သားဖြစ်သူက မြို့ခေါ်နေပြီမို့ ဝမ်းသာလိုက်သည့်

ဖြစ်ခြင်း။ သို့သော် ယာတွေ၊ မြေတွေကို သူမခွဲနိုင်။ သဘာဝစလေ့ စရိုက်များကို သူခင်တွယ်၏။

ဘာမဆို ပွင့်ပွင့်လင်းလင်းရှိသော၊ ဟောဟောဒိုင်းဒိုင်း နေတတ်သော သူ့ရွာကလေးကို သူချစ်၏။ သူ့မိဘဘိုးစဉ်ဘောင်ဆက် ခေါင်းချလာခဲ့သော ရွာကလေး။ စွန့်လွှတ်ကျောခိုင်းရမည်ကို တွေဝေနေမိ၏။

"ဘယ်လိုလဲအဘ။ စဉ်းစားမနေပါနဲ့ဗျာ။ မြို့မှာ အဘလိုချင်တာ၊ စားချင်တာ အကုန်ရှိတယ်။ အဘ ဘာမျှ ပူစရာမလိုဘူး"

ထင်ကျော်က တက်တက်ကြွကြွပြောသော်လည်း သူတွေဝေနေ၏။ ကိစ္စက ဘဝနှင့်ရင်းပြီး ဆုံးဖြတ်ရမည့်ကိစ္စ ။ စိတ်ထဲ စနောင့်စနင်း။

"ဒါတော့ဒါပေါ့ လူကလေးရာ။ အဘ စဉ်းစားပါရစေဦး။ ဒီမှာကလည်း ယာတွေရှိသေးတယ်လေ။ အဘမရှိရင် ဘယ်သူက စိမ်မလဲ"

"ယာတွေကို ဒေါ်လေးမိကျေးတို့ကို ပေးပစ်လိုက်ပါဗျာ။ တချို့ကိုလည်း ရောင်းပြီး လှူပစ်လိုက်။ ကျုပ်နောက်ကို စိတ်ချလက်ချသာ လိုက်ခဲ့ပေတော့"

"မင်းကလည်း ဖွတ်ကြီးပါလား။ ငါစဉ်းစားပါရစေဦးကွာ"

ဖခင်ကြီးရဲ့ လေးလံတွေဝေသွားမှုကို ထင်ကျော်အားမလိုအားမရ ဖြစ်ခဲ့ရ၏။ ယခုအချိန် ဖခင်ကြီး၏အခြေအနေမှာ မသန်မစွမ်းသွားလာနေရသည့်အခြေအနေ။ ရွာမှာ အာဟာရဖြစ်ဖွယ် အစားအသောက်ကောင်းကောင်း။ ဆေးဝါးကောင်းကောင်းမရှိဟု ထင်၏။ ဖခင်ကြီးကိုရွာမှာမထားလိုတော့။ သူပြန်လျှင် မြို့ကို တစ်ပါတည်းခေါ်သွားလိုလှ၏။





သူတို့သားအဖကြား ဒေါ်လေးမိကျေးက တစ်ခွန်းတစ်ပါဒမျှ ဝင်မပြော။ စကားကိုလည်း လည်လည်ပတ်ပတ် ပြောတတ်သူမဟုတ်။ အရိုးခံသက်သက်နေတတ်သူ ဖြစ်၏။

နောက်ဆုံး သုံးရက်မြောက်သည့်နေ့တွင် သူ့စကားကို အလေးနားဝင်သွားခဲ့၏။ ယာမြေတချို့ကို ဒေါ်လေးမိကျေးတို့သားအမိအား ပေးပစ်လိုက်၏။ ကျန်သည့်ယာမြေနှင့် ထန်းတောကို ရောင်းကာ ရွာဦးဆရာတော်၏ကျောင်းမှာ လှူလိုက်သလို သူ့အတွက် ဇရပ်တစ်ဆောင်ဆောက်ပေးပါရန် လှူဒါန်းလျှောက်ထားခဲ့လေသည်။

ဆရာတော်နှင့်ရွာသားများက ဖခင်ကြီးမြို့လိုက်သွားတော့မယ်ဆိုတော့ အတော့်ကိုစိတ်မကောင်းဖြစ်ကုန်ကြ၏။ ရွာကထွက်တော့ ဖခင်ကြီး မျက်နှာညှိုးနေ၏။ ဖခင်ကြီးစိတ်ချမ်းသာအောင် မနည်းချော့ခေါ်ခဲ့ရ၏။

မြို့ရောက်တော့ ဖခင်ကြီးမှာ ရှုပ်ထွေးလှသော လူတွေ၊ ကားတွေကြား သွားလာရသည်ကို အသည်းတယားယား ခံစားနေရ၏။ ထင်ကျော်က အဝေးပြေးဂိတ်ရောက်သည်နှင့် အိမ်ကိုဖုန်းဆက်၍ ကားခေါ်လိုက်၏။ ကားရောက်လာတော့ သားအဖနှစ်ယောက် ကားပေါ်တက်ပြီး လိုက်ခဲ့ကြသည်။ အချိန်အခါမှာ နေ့လယ်ခင်းအချိန်အခါဖြစ်၏။ ညနေပိုင်းတွင် မြို့သို့ရောက်ရှိလာခဲ့၏။ ခြံရှေ့ရောက်တော့ မီးရောင်များနှင့်လင်းထိန်နေသော ခြံကြီးကိုကြည့်ပြီး ဖခင်ဖြစ်သူ ဦးစိန်မောင်အံ့အားသင့်နေ၏။ အိမ်ကြီးထဲဝင်လိုက်တော့လည်း တခမ်းတနားပြင်ဆင်ထားမှုတွေကိုကြည့်ပြီး နန်းတော်ကြီးအလား ခံစားနေရ၏။

ထိုအချိန် ဇနီးသည်ရှယ်လီစိန်က ဦးစိန်မောင်၏အသွင်အပြင်ကိုကြည့်ပြီး နှာခေါင်းရှုံ့၏။ လူပုံက အိုကိုင်းကိုင်း။ အဝတ်အစားက

ဗိုသီဖတ်သီ၊ သျှောင်တခြမ်းထုံးပြီး ပေညစ်ညစ်အသွင်ကို ရှယ်လီစိန် သဘောမတွေ့နိုင် ဖြစ်နေသည်။

ဦးစိန်မောင်ကို အိမ်အောက်ထပ်အခန်းမှာ ထားခဲ့၏။ အအေး ခေတ်လွှတ်ထားသဖြင့် တစ်တိုက်လုံးအေးစိမ့်နေလေရာ ဦးစိန်မောင် လည်း မရိုးမရွှဖြစ်နေ၏။ အိပ်ခန်းထဲဝင်တော့ အိပ်ရသည့်မွေ့ရာကြီး က အထူကြီး။ စောင်တွေ၊ ခြင်ထောင်တွေကလည်း ထူထူထဲထဲ။

သူ့စိတ်ထဲတွင်တော့ မွန်းကျပ်လှသည်ဟု ထင်မိ၏။ အိပ်ရာ သစ်ပြောင်းတော့ တော်တော်နှင့် အိပ်မပျော်နိုင်။ မနက်မိုးမလင်းခင် လေးနာရီ အိပ်ရာကထပြီး ရေချိုးခန်းထဲဝင်၍ မျက်နှာသစ်လိုက်၏။ ထို့နောက် အိမ်အောက်ထပ်မှာ ဘုရားစင်ရှာတော့ ဘုရားစင်မတွေ့။ နောက်ဆုံး ခုတင်ပေါ်ဆောင့်ကြောင့်ထိုင်ပြီး ကျယ်လောင်စွာ ဘုရားရှိခိုး လိုက်လေတော့၏။

သူ့ဘုရားရှိခိုးသံကြောင့် အိမ်ကြီးအပေါ်ထပ်တွင် အိပ်ပျော် နေသည့် ရှယ်လီစိန် လန့်နိုးသွား၏။ နားထဲတွင် ဖွာလောင်လောင်စူးရဲရဲ ခံစားလိုက်ရသဖြင့် စိတ်ထဲ အတော့်ကို မကျေမချမ်း ဖြစ်သွားရ၏။

မိုးလင်းတော့ ခင်ပွန်းသည်ကို မကျေမနပ်နှင့် ပြောပြလိုက် ၏။ ထင်ကျော်ဘာမျှမပြောသာ။

"ကိုယ်ကြည့်ပြောပါဦးမယ်ကွာ။ အဘက ရွာမှာလိုပဲ မှတ် နေတာ"

"မပြောလို့ မဖြစ်ဘူးနော်။ အိုင်က အိပ်ရေးပျက်ရင် အလုပ်ပါ ထိခိုက်နိုင်တာ။ အဲဒီလို အော်ကြီးဟစ်ကျယ်ရှိခိုးမှ ဘုရားက ကြားမှာ လား။ ယူ့အဘိုးကြီးက မမိုက်သေးပါဘူး"

"စိတ်ချပါ ရှယ်လီရယ်။ ကိုယ်ပြောပါ့မယ်"





လင်မယားနှစ်ယောက် ဘုရားရှိခိုးသည့်ကိစ္စနှင့် အချီအချ ပြောဆိုနေစဉ် ဦးစိန်မောင်ခမျာ သူ့ရှေ့ရောက်လာသည့် ပေါင်မုန့်တွေ၊ နွားနို့တွေကိုကြည့်ပြီး စိတ်ပျက်လက်ပျက်ဖြစ်နေ၏။ ထို့ကြောင့် အစား အစာလာပို့သည့် အိမ်ဖော်မလေးကို ခေါ်လိုက်ကာ သူစားချင်သည့် အရာများကို ပြောပြလိုက်၏။

"အဘိုးကို ထမင်းကြမ်းခဲ ပဲပြုတ်နယ်ပြီး လာပို့စမ်းပါကွယ်။ ပြီးတော့ လက်ဖက်ရည်ကြမ်းပါယူခဲ့"

အိမ်ဖော်မလေးကိုယ်တိုင် အံ့အားသင့်နေ၏။ နောက်ဆုံး သူ စားချင်တာကို လုပ်ပေးလိုက်ရ၏။ ထိုသို့ စားသောက်နေသည်ကို ထင်ကျော်မြင်တော့ မကျေမနပ်ဖြစ်သွား၏။

"အဘ ဘာတွေစားနေတာလဲဗျ။ နွားနို့တွေ၊ ပေါင်မုန့်တွေ ဘာဖြစ်လို့မစားတာလဲ။ အဘကတော့ ခက်ပါ့ဗျာ။ ပဲပြုတ်နဲ့ထမင်းကြမ်း မစားပါနဲ့ဗျာ"

"လူကလေးရာ . . . အဘက ဒါပဲ ခံတွင်းတွေ့တာကွ။ ခံတွင်း တွေ့တာပဲ စားချင်သကွာ။ ပြီးတော့ လူကလေးကို ပြောရဦးမှာ"

"ဘာလဲအဘ"

"ဟိုကွာ . . . မင်းတို့ယိုအိမ်ကို ငါမသွားတတ်ဘူးကွ။ ငါ့ကို မင်းတို့တိုက်ဘေးက တန်းလျားယိုအိမ်မှာ သွားပါရစေကွာ။ မင်းတို့ ယိုအိမ်တက်ရတာ ငါဘယ်လိုမှမထိုင်တတ်ဘူး"

"အဘကလည်းဗျာ။ ဒါ . . . အဆင့်မြင့်ဆောက်ထားတာ ဗျ"

"မသွားတတ်လို့ပါကွာ။ တန်းလျားယိုအိမ်ပဲ သွားပါရစေ"

"ဟာ . . . အဲဒါ ဒရိုင်ဘာတွေတက်တာ"

"ရပါတယ်ကွာ"

ထင်ကျော် ဖခင်ကြီးကို ဘယ်လိုမှမပြောသာ။ တန်းလျားယို အိမ် တက်ခွင့်ပြုလိုက်ရသည်။ ထမင်းစားတော့လည်း အဆီအဆိမ့်များစွာနှင့် ချက်ပြုတ်ထားသည့် ထမင်းဟင်းတွေကို ခံတွင်းမတွေ့။ ဖွန်း၊ ခက်ရင်းနှင့် စားရမှာလည်း စိတ်တိုင်းမကျ။

ထမင်းပန်းကန်ထဲ ငါးပိရည်ရွှဲရွှဲဆမ်း၊ ရေပ်သီးမှုန့်ဖြူး၊ ပဲဟင်းချိုသောက်ပြီး လက်နှင့်ပယ်ပယ်နယ်နယ် နယ်စားခဲ့၏။ ထင်ကျော်တို့ လင်မယားက ငါးပိရည်မစား။ အိမ်ဖော်တွေစားဖို့ ချက်ထားသည့်အထဲက ထည့်ပေးရ၏။

ဦးစိန်မောင်စားသောက်နေပုံကို ရှယ်လီစိန်က ကြည့်ပြီး အော်ဂလီဆန်နေ၏။ ထို့ကြောင့်လည်း ဦးစိန်မောင်နှင့် ခွဲစားခဲ့၏။ ရှယ်လီစိန်က အသန့်အပြန့်ကြိုက်လှသူဖြစ်ပြီး ဦးစိန်မောင်ကို တောစော်နံလှသည်ဟု ထင်နေ၏။ ထို့ကြောင့်လည်း ဦးစိန်မောင်စားသောက်သည့် ပန်းကန်ခွက်ယောက်ကအစ ခွဲခြားပေးထားရ၏။

အချိန်ကြာလာသည်နှင့်အမျှ ရှယ်လီစိန်၏ ဖခင်ကြီးအပေါ် ခွဲခြားဆက်ဆံမှုကို ထင်ကျော်သိလာ၏။ သို့သော် ရှယ်လီစိန်အပေါ် အလိုလိုက်ခဲ့သည်မို့ ဘာတစ်ခွန်းမျှမပြောရဲ။ ဦးစိန်မောင်ခမျာလည်း တိုက်ကြီးထဲနေရသည်ကို မွန်းကျပ်လှသည်ဟုထင်၏။ လေကောင်းလေသန့်ပင် မရှူရ၊ နေရောင်ခြည်ကို ပြည့်ပြည့်ဝဝ မခံစားရသည်မို့ တိုက်ထဲမှထွက်ကာ တိုက်ဘေးတန်းလျားများဆီသို့ အလည်အပတ်သွားခဲ့၏။

တန်းလျားသုံးလုံးတွင် ဒရိုင်ဘာနှင့်အိမ်ဖော်များနေ၏။ အနေအထိုင်ကအစ ဟန်ဆောင်မှုမရှိသည့်အတွက် ဦးစိန်မောင်ကျေနပ်





နေ၏။ ဒရိုင်ဘာ ချစ်မောင်တို့အိမ်တွင် အနေများ၏။ ချစ်မောင်တို့က တောသူတောင်သားများဖြစ်ကြရာ ချက်ပြုတ်စားသောက်သည်ကအစ တောခလေ့စရိုက်မကင်း။ ထိုအခြင်းအရာကို ဦးစိန်မောင်သဘောတွေ့နေ၏။

ဦးစိန်မောင်၏အပြုအမူကို ရှယ်လီစိန်မြင်တော့ မကျေမချမ်းဖြစ်နေ၏။ ထင်ကျော်ကိုပြန်ပြောတော့ ထင်ကျော်လည်း မနေသာ။ ဖခင်ကြီးကို တိုးတိုးတိတ်တိတ်ပြောဆိုတားမြစ်ရ၏။

"ချစ်မောင်တို့ဆီသွားတာ ဘာဖြစ်သလဲ လူလေးရာ။ သူတို့က တောခလေ့တောအငွေ့မကုန်သေးတော့ ချက်တာပြုတ်တာကအစ အဘခံတွင်းတွေ့တာကွ။ စကားပြောတော့လည်း ပွင့်ပွင့်လင်းလင်း ပြောကြဆိုကြတာကွ။ အဲဒါကို အဘသဘောတွေ့တာ"

"အဘကလည်း သူတို့နဲ့ မပေါင်းစမ်းပါနဲ့။ ကျွန်တော်ရော၊ ရှယ်လီရော မကြိုက်ဘူးဗျ"

"ဘာဖြစ်လို့တုံးဟ"

"အောက်တယ်ဗျ။ သိက္ခာကျတယ်"

"ဟေ . . . အံ့ရောပဲကွာ"

သားလုပ်သူ ဟိုပိတ်ပင်ဒီပိတ်ပင်လုပ်လာတော့ ဦးစိန်မောင် မကျေမချမ်းဖြစ်လာသည်။ တောခလေ့တောသဘာဝကို သူစုံမက်၏။ ဖျောက်လည်း မဖျောက်နိုင်။ ပွင့်လင်းရိုးသားမှုရှိသည်ဟု သူယုံကြည်၏။ ထင်ကျော်ပြောလည်း မရ။

ဦးစိန်မောင်က သွားမြဲအတိုင်း သွားနေ၏။ ရှယ်လီစိန်က သူ့ကို လှည့်တောင်စကားမပြောတော့။ ယောက္ခမရယ်လို့လည်း စိတ်ထဲမရှိတော့။ သူတို့နှစ်ယောက်ကြား ထင်ကျော်ညပ်နေ၏။ ဖနီးသည်

၏ စကားကိုလည်း မလွန်ဆန်သာ။

ဦးစိန်မောင်နေထိုင်မှုက သူတို့လင်မယားနှင့် တစ်သီးတစ်ခြား ဖြစ်လာ၏။ လင်မယားနှစ်ယောက်က ပတ်ဝန်းကျင်ကို ဂရုမစိုက်။ ရောရောနှောနှောမနေ။ ဆက်ဆံရသည်ကို သိက္ခာထိပါးလှသည်ဟု ထင်ကြ၏။ ဦးစိန်မောင်ကတော့ သူတို့နှင့်ဆန့်ကျင်ဘက်။

ဦးစိန်မောင်သည် မနက်မိုးလင်းသည်နှင့် ထမင်းကြမ်းပဲပြုတ်နယ်စားကာ ချိုင်းထောက်ကြီးတဒေါက်ဒေါက်ထောက်၍ မြို့အရှေ့ဘက်စေတီကို လမ်းလျှောက်သွားတတ်၏။ စေတီကုန်းမြေပေါ်ရောက်လျှင် စိတ်တိုင်းကျဘုရားရှိခိုးကာ ပုတီးစိပ်၊ တရားမှတ်တွေ စီးဖြန်း၍နေတတ်၏။

ခြံထဲပြန်ရောက်လာလျှင် ချစ်မောင်တို့တန်းလျားမှာ အနေများ၏။ ထင်ကျော်နှင့်လည်း တွေ့ရခဲလှ၏။ ထင်ကျော့်အလုပ်က မနားရ။ ညဉ့်မိုးချုပ်မှ ပြန်လာလေ့ရှိ၏။ ပြန်လာလျှင် ထင်ကျော်က သောက်စားပြီးမှ ပြန်လာလေ့ရှိ၏။

ဦးစိန်မောင်ကတော့ ထင်ကျော်ကိုကြည့်ပြီး ဓာက်ရုပ်ကြီးတစ်ရုပ်အလား ထင်မှတ်နေ၏။ ဘာသာတရားကိုလည်း ဟုတ်တိပတ်တိမလုပ်။ လူမှုဆက်ဆံရေးကလည်း ခေါင်းပါးလှသော သားတို့လင်မယားအတွက် ဦးစိန်မောင် စိတ်မကောင်းဖြစ်ရ၏။

ထို့ပြင် သူဘုရားရှိခိုးတာတောင် တိုးတိုးကျိတ်ကျိတ်တားမြစ်လာသော သားထင်ကျော်ကို အံ့သြ၍မဆုံးတော့။ ထို့ကြောင့်လည်း မနက်တိုင်း မြို့အရှေ့ဘက်စေတီသွား၍ ဘုရားရှိခိုးခဲ့ရလေ၏။

တစ်ရက်တွင် ဦးစိန်မောင် ရေချိုးခန်းထဲ ရေဝင်ချိုးရာမှ ခြေချော်လဲကာ ဘယ်ဘက်ခြေထောက်အရိုးအက်သွားခဲ့၏။ ခြေထောက်





နှစ်ဖက်စလုံး ထိခိုက်သွားသဖြင့် ဦးစိန်မောင် အိပ်ရာထဲ လဲခဲ့ရ၏။ အိမ်ပြင်လည်း ထွက်၍မရတော့။

ထိုအချိန်မှစပြီး ဦးစိန်မောင်အတွက် ဘဝငရဲခံစားနေရသလိုပင်။ စားရသောက်ရတာကအစ အခက်တွေ့နေရ၏။ သူ့ဘေးနားပေးမကူညီမည့်သူလည်း မရှိ။ ခြေထောက်နှစ်ဖက်စလုံး မထောက်နိုင်သဖြင့် အပေါ့အပါးသွားသည်ကအစ အိုးနှင့်သွားနေရသဖြင့် အတော့်ကို ကသိကအောင့်နိုင်လှ၏။

အိမ်ဖော်များကလည်း ဝတ္တရားအရသာ လုပ်ပေးကြသော်လည်း အိပ်ရာထသည်နှင့် သူ့ခမျာ ချွေးပြန်နေရ၏။ သူ့အနားကို ထင်ကျော်တို့လင်မယား လာသည်မရှိ။ ဆရာဝန်ကလည်း နှစ်ပတ်မှ တစ်ခါလာ၏။ ထိုအကြပ်အတည်းကြားတွင် တရားမှတ်များ ပက်လက်လှန်၍ ကျင့်ခဲ့၏ ။ ဆရာတော်သင်ကြားပေးခဲ့သည့်နည်းအတိုင်း ကျင့်ခဲ့၏။ စိတ်ကို သတိနှင့်မှတ်ခဲ့၏။ ဖြစ်လာသမျှအားလုံး အနိစ္စဆိုသည်ကို နှလုံးသွင်းခဲ့၏။ မြင်မြင်သမျှ အနိစ္စဟု ထင်မှတ်ခဲ့၏။ ဝေဒနာလည်း အနိစ္စ၊ ခံစားမှုလည်း အနိစ္စ၊ ပလ္လားမှုလည်း အနိစ္စ၊ မောက်မာမှုလည်း အနိစ္စ။ ဖြစ်ပြီး ပျက်သွားသည့် လောကကြီးအားလုံး အနိစ္စသဘောနှလုံးသွင်းခဲ့သဖြင့် စိတ်သက်သာရခဲ့သည်ဟုဆိုရမည်ပင်။ ထင်ကျော်တစ်ညဉ့်ရောက်လာတော့ ကောင်းပေ့ညွှန့်ပေ့ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများပါ ပါလာခဲ့၏။

"နေကောင်းရဲ့လား အဘ။ ဆရာဝန်လာတယ် မဟုတ်လား။ ကျွန်တော်လည်း အလုပ်က မှောင်မှပြန်ရတာ အဘရဲ့။ အဘကိုလာမကြည့်နိုင်ဘူးဖြစ်နေတာ"

"ရပါတယ်ကွာ။ ခြေထောက်က တော်တော်တော့သက်သာ

လာပါပြီ''

''နေကောင်းလာရင် ဟိုဟိုဒီဒီ လျှောက်မသွားပါနဲ့ အဘရယ်။ အဘကို ကျွန်တော်တို့က အဆင့်မြင့်မြင့် ကျွေးမွေးထားချင်တာ''

''ကျေးဇူးတင်ပါတယ်ကွာ။ ဒါပေမဲ့ မှန်တာပြောရရင် အဘ မင်းတို့လင်မယားနေသလို လိုက်မနေနိုင်ဘူးကွာ။ စိတ်ထဲ မွန်းကျပ်လှ တယ်လို့ပဲ ထင်တယ်''

''အဘကလည်းဗျာ''

''မှန်တာပြောတာ လူကလေး။ ဟောဒီ ခြေထောက်က ကျောက်ပတ်တီးဖြေလို့ လမ်းကောင်းကောင်းလျှောက်နိုင်ရင် အဘ ရွာပြန်တော့မယ်ကွာ''

''ဗျာ . . . ဘယ်လိုပြောလိုက်တာလဲ အဘရယ်''

''အဘဟန်မလုပ်ချင်ဘူးကွာ။ ဒီလိုသာနေရမယ်ဆို အဘ မွန်းကျပ်ပြီး သေလိမ့်မယ်။ အဘ ထမင်းခဲကို အရသာတွေ့တယ်။ လွတ်လပ်မှုကိုကြိုက်တယ်။ နေရောင်ခြည်ဝင်းပပကို ကြိုက်တယ်။ လေပြည်ရှင်းသန့်သန့်ကို နှစ်သက်တယ်ကွ။ မင်းတို့မြို့မှာက လူနံ့၊ ကားနံ့၊ အသံဗလံတွေ လှောင်ပိတ်နေတာကွ။ ဘယ်လိုမှ ကျန်းမာရေး နဲ့မဆီလျော်ဘူး။ အဘအသက်ခုနစ်ဆယ်ကျော်ပြီ လူကလေး။ ရွာမှာနေ လို့ ခုလိုအသက်ရှင်တာ။ ဒီမှာနေရင် လေးငါးဆယ်လောက်နဲ့ ဒုက္ခ ရောက်မှာကွ။ မကိုက်ပါဘူးကွာ။ ငါပြန်ပါရစေတော့။ ရွာမှာပဲ အေးအေး လူလူ လွတ်လွတ်လပ်လပ် နေချင်တယ်ကွာ''

''အဘကလည်းဗျာ''

သူ့ဆန္ဒကို ပွင့်ပွင့်လင်းလင်း ပြောလိုက်ရသဖြင့် ရင်ထဲပေါ့ပါး သွားသလို ခံစားရ၏။ သူ့စကားကြားရတော့ သားဖြစ်သူထင်ကျော်





ဆို့ဆို့နင့်နင့်ကြီး ဖြစ်နေ၏။ မပြန်ပါနဲ့လို့လည်း မတားလို၊ ပြန်ပါလည်း မပြောဝံ့။ ဇနီးသည်က ကွယ်ရာတွင် ဖခင်ကြီးနှင့်ပတ်သက်၍ အပြစ် တွေချည်းပဲမြင်နေ၍ ထင်ကျော်စိတ်မကောင်းဖြစ်ရ၏။ အမှန်တော့ ဖခင်ကြီး အမှားပြုသည်မဟုတ်။ သူ့ဓလေ့အတိုင်း နေထိုင်ခြင်းသာ ဖြစ်၏။ ယခုတော့ ဖခင်ကြီးက ပြန်တော့မည်ပြောဆိုနေသဖြင့် ထင်ကျော် အင်းမလှုပ်အဲမလှုပ် နေခဲ့ရ၏။

ဦးစိန်မောင်ကတော့ ပြောပြီးသည့်နေ့မှစ၍ ချိုင်းထောက် အကူအညီယူကာ အိပ်ရာထဲမှ ထခဲ့၏။ အိမ်ပြင် ခြံထဲ ရအောင်ဆင်း ခဲ့၏။ ဒရိုင်ဘာချစ်မောင်တို့တန်းလျားကို သွားခဲ့၏။ ဦးစိန်မောင်၏ ဇွဲကို ချစ်မောင်ပင် အံ့သြနေ၏။

''ဟ . . . ဦးလေးစိန်မောင်ကတော့ ဒီလောက်ခြေထောက် တွေဖြစ်နေတာ ရအောင်လျှောက်တယ်ဗျာ''

''ဒီလိုလျှောက်မှ ကောင်းမှာကွ။ ကောင်းမှ ငါ့ရွာငါပြန်မယ်''

''ဗျာ . . . ရွာပြန်တော့မလို့လား။ ဒီမှာ မပျော်ဘူးလား''

''မပျော်ပါဘူးကွာ။ မင်းတို့မြို့ကြီးကိုတော့ ငါဆလန်တိုက် သကွာ။ သဘာဝအံ့ရိပ်အငွေ့ပျောက်ပြီး လေကောင်းလေသန့်ပျောက် နေတဲ့မြို့ကြီး။ လူတွေကြည့်လည်း ပူတာတ်လှသကွာ။ ငါကတော့ ငါ့တော ပဲ ငါပျော်တယ်''

''ဒါတော့ ဟုတ်သဗျာ။ ကျုပ်လည်း မြို့တက်ပြီးစီးပွားရှာရ ပေမယ့် တောပဲပြန်ချင်ပါသဗျာ''

ချစ်မောင်ကလည်း တောသားပီပီ တောဓလေ့စရိုက်သာ ခုံမင်သူဖြစ်၏။ ဦးစိန်မောင်ကတော့ ခြေထောက်ကောင်းလျှင် ရွာပြန် ရမည်မို့ ကြိုးစားပမ်းစား လမ်းလျှောက်ခဲ့၏။ ချွေးတလုံးလုံးနှင့် စေတီ

ဘက်ကိုရအောင် လျှောက်ခဲ့၏။ ခြေထောက်တွေ နာလှသော်လည်း အံကြိတ်လျှောက်ခဲ့၏။

ဖခင်ကြီးကိုကြည့်ပြီး ထင်ကျော်ကြေကွဲနေရ၏။ ဇနီးသည် ရှယ်လီစိန်ကလည်း ဘာကြောင့်များ ဖခင်ကြီးအပြုအမူကို ခွင့်မလွှတ်နိုင်ပါလိမ့်။ ဖခင်ကြီးရွာပြန်မည်ဆိုသောစကားကို ပြောတော့ ရှယ်လီက ဘာမှပြန်မပြော။ ရွာပြန်ချင်လည်း ရွာမှာနေဖို့ အိမ်ကလေးဝယ်ပေးလိုက်ပါဟုသာ ပြော၏။

နှစ်လတင်းတင်းပြည့်သည့်နေ့ ကျောက်ပတ်တီးခွာလိုက်သည့်အခါ ဦးစိန်မောင် သူ့ဘယ်ဘက်ခြေထောက်ကို လှုပ်ကြည့်၏။ လျှောက်ကြည့်၏။ အကောင်းပကတိအတိုင်းခံစားရသဖြင့် ဝမ်းသာအားရဖြစ်နေ၏။ ရွာပြန်ရတော့မည့်အရေးကို တွေးပြီး သွက်လက်နေ၏။

''ဘယ်လိုလဲအဘ။ လျှောက်လို့ကောင်းရဲ့လား''

''ကောင်းပါ့ကွာ။ အကောင်းအတိုင်းပဲကွ။ တော်ပါသေးရဲ့ကွာ။ ဒီခြေထောက်အားကိုးနေရတာ။ ကိုင်း . . . လူကလေးရေ။ အဘ ရွာပြန်တော့မယ်''

''အဘရယ် . . . ဘာလုပ်ဖို့ပြန်မှာတုံး။ အရေးအကြောင်းဆို ကျုပ်အနားမှာရှိတာ မကောင်းဘူးလား''

''ဟုတ်တော့ဟုတ်ပါတယ်ကွာ။ ရွာသားတွေလည်း ငါ့ဆွေမျိုးတွေပါပဲ။ အဘက နားအေးပါးအေး မျက်စိအေး နေချင်တာကွ''

''ခက်ပါ့အဘရာ''

''မတားနဲ့တော့ လူကလေး။ အဘ မနက်ဖြန် ရွာကိုပြန်မယ်။ မိကျေးတို့နဲ့ သွားနေမယ်ကွာ။ အဘပြောတာနားထောင်''

''စဉ်းစားပါဦး အဘရယ်''





ထင်ကျော် ဘယ်လိုမှပြောမရ။ ဖခင်ကြီးကို ရွာသို့ ပြန်မပို့ချင်တော့။ အင်းမလှုပ်အဲမလှုပ်သာ နေခဲ့၏။ ဦးစိန်မောင်ကလည်း မရ။ နောက်တစ်နေ့ မနက်မိုးလင်းတော့ အထုပ်အပိုးတွေပြင်ပြီးသား။ ထင်ကျော်လစ်ထွက်သွားပေမယ့် ဦးစိန်မောင် သူ့ဘာသာ အငှားကား ငှားပြီး အဝေးပြေးဂိတ်ကို သွားခဲ့၏။ ရှယ်လီစိန် တိုက်ကြီးအပေါ်ထပ်မှ မြင်နေရသော်လည်း တစ်ချက်ကလေးထွက်မတား။

အဝေးပြေးဂိတ်ရောက်သည်နှင့် လက်မှတ်ဆုတ်ကာ ကားပေါ်တက်ထိုင်နေလိုက်၏။ တစ်နာရီနီးပါးအကြာတွင် သူလိုက်ပါခဲ့သော ကားကြီး အဝေးပြေးဂိတ်မှ ထွက်ခွာလာခဲ့ရာ ဦးစိန်မောင်ရင်ထဲ အပျော်ကြီး ပျော်နေမိတော့၏။

ထင်ကျော်ခမျာ ဖခင်ကြီးမသိအောင် ကုမ္ပဏီသို့ထွက်ခဲ့ရသော်လည်း စိတ်မချနိုင်။ ကုမ္ပဏီတွင် အစည်းအဝေးတစ်ခုထိုင်ပြီး အိမ်ကိုဖုန်းဆက်လိုက်ရာ ဖခင်ကြီးရွာပြန်သွားပြီဖြစ်ကြောင်း သိလိုက်ရ၍ အကြီးအကျယ်ကြေကွဲခဲ့ရလေ၏။

သူ့ရင်ထဲ ဖခင်ကြီး ယခုလိုခွတ်ထွက်သွားရသည်မှာ ရှယ်လီကြောင့်ဟုထင်၏။ ဖခင်ကြီးက ရှယ်လီမကောင်းကြောင်း တစ်ခွန်းတစ်ပါဒမှ မပြော။ သို့သော် ရှယ်လီ၏အပြုအမူကြောင့် ဖခင်ကြီးခံစားနေရလိမ့်မည်ဟု မှတ်ယူခဲ့၏။

ဖခင်ကြီးကို တောနံ့နံ့သည်ပြောဆိုခဲ့သော ရှယ်လီ၊ စားတာသောက်တာ၊ နေတာထိုင်တာကအစ ပျစ်ပျစ်နှစ်နှစ်ဝေဖန်ခဲ့သော ရှယ်လီ။ ရင်ထဲ မကျေနပ်မှုက အတိုင်းအဆမရှိတော့။

ထို့ကြောင့်လည်း ဖခင်ကြီးထွက်သွားသည့်နေ့တွင် အရက်တွေမူးအောင် သောက်ပစ်လိုက်၏။ အိမ်ရောက်တော့ ရှယ်လီကို ပြဿနာ

ရှာခဲ့၏။ ရှယ်လီကလည်း မခံ။ မာနတစ်ခွဲသားနှင့် တုံ့ပြန်ခဲ့၏။ ထင်ကျော် ဖခင်ကြီးအပေါ် ပြုမူခဲ့သော ရှယ်လီစိန်ကို မကျေနပ်သဖြင့် စိတ်ထင်သလို အရွဲ့တိုက်တော့၏။

ပြန်ချိန် မပြန်တော့။ ဘီယာဆိုင်ဝင်၏။ အမူးသောက်၏။ မိန်းကလေးတချို့နှင့် ပျော်ပါးပစ်လိုက်၏။ ရသမျှငွေတွေလည်း ပြန်မအပ်။ ထင်သလို မူးရူးပျော်ပါးပစ်လိုက်၏။ ရှယ်လီစိန်နှင့်လည်း မျက်နှာချင်းမဆိုင်တော့။ အိမ်ပြန်အိပ်ချင်မှ အိပ်တော့၏။

တစ်လနီးပါးခန့် ထင်သလိုနေထိုင်ခဲ့ပြီး ကျန်းမာရေးထိလာသဖြင့် အိမ်ပြန်ကပ်ခဲ့၏။ ရှယ်လီစိန်ကတော့ သူ့ကို တစ်ချက်ကလေးတောင် လှည့်မကြည့်။ ဂရုမစိုက်။ သူလည်း အိပ်ခန်းထဲက မထွက်။ ညဆို ဖျားချင်လာ၏။

ခါးနှင့်ပါးစပ်တစ်ဝိုက်မှာ ရေယုန်ကြီးတွေပေါက်လာ၏။ စားချင်သောက်ချင်စိတ်လည်းမရှိ။ နောက်ဆုံး ဆရာဝန်အိမ်ပင့်ပြီး ပြသကြည့်ရာ သွေးစစ်၊ ဆီးစစ်၊ သလိပ်စစ်ရမည်ဖြစ်ကြောင်း ပြောလာ၏။ ထို့ကြောင့် အထူးကုဆေးရုံကြီးတွင် ကျန်းမာရေးအစစ်ခံခဲ့၏။

ဆေးအဖြေရသည့်နေ့တွင် သူရော၊ ရှယ်လီစိန်ရော ဆောက်တည်ရာမရ ဖြစ်သွားခဲ့၏။ ဆေးအဖြေတွင် အိတ်ချ်အိုင်ဗီပိုးရှိနေပြီဆိုသည့် အဖြေပင်။ ကိုယ့်ကိုယ်ကိုယ် အကြီးအကျယ် တုန်လှုပ်သွားခဲ့၏။ တစ်ကိုယ်လုံးလည်း ရေယုန်အနာကြီးတွေပေါက်နေတော့ ဘယ်သူမှ အနားမလာဝံ့။ ရှယ်လီစိန်ဆို အရိပ်အယောင်တောင် မမြင်ရ။

ရှယ်လီစိန့်အကြောင်းကို သူအသိဆုံး။ ရွှတတ်ရှာတတ်သော ရှယ်လီ။ ဖခင်ကြီးကိုပင် အော်ဂလီဆန်သော ရှယ်လီ။ သူ့လိုရောဂါသည်ကြီးကိုတော့ ဝေးဝေးကရှောင်မှာ သေချာ၏။ ပို၍ခံစားရသည်မှာ





အပေါ်ထပ်အိပ်ခန်းမှာ အိပ်နေရာမှ အောက်ထပ်သို့ ပြောင်းရွှေ့ခံရခြင်းဖြစ်၏။

ဒရိုင်ဘာချစ်မောင်ကို မေးကြည့်တော့ . . .

"သူဌေးကတော်က အောက်ကိုပြောင်းခိုင်းလိုက်လို့ပါ"

"ဘာကွ . . . ဘာဖြစ်လို့လဲ။ မင်းတို့သူဌေးကတော်က ငါ့ကို နှံ့သွားပြီလား။ ပြောကြစမ်း"

"အဲ . . . အဲဒီလိုတော့ မဟုတ်ရပါဘူး"

"တော်စမ်းပါကွာ။ ငါ့မိန်းမအကြောင်း ငါအသိဆုံး။ ငါ့ကို သူရွံလာပြီ။ ရောဂါကူးမှာ ကြောက်လာပြီ။ ထွီ . . . ဒါလားမိန်းမ။ နိုက်ရှိုင်းလိုက်တာကွာ"

ထင်ကျော် အကြီးအကျယ်ပေါက်ကွဲခဲ့ရသည်။ သူ့ဘေးစားပွဲခုံမှ ဆေးပုလင်းများ၊ ဖန်ခွက်များယူ၍ ပေါက်ခွဲပစ်လိုက်မိ၏။ ပွက်လောညံနေသည့် သူ့အသံဗလံများကို ရှယ်လီစိန်ကြားနေရသော်လည်း ဂရုမစိုက်။ လှလှပပ၊ ကြော့ကြော့မော့မော့ဆင်ပြီး အပြင်ထွက်သွားခဲ့၏။

ထိုအချိန်မှစပြီး ရှယ်လီစိန်နှင့်သူ တစ်ကမ္ဘာစီ ခြားသွားခဲ့ရ၏။ သူဘာတွေဖြစ်နေသည်ကို ရှယ်လီဆင်းတောင်မကြည့်။ သူလည်း ရှယ်လီစိန်ကို မျက်နှာတောင် မကြည့်ချင်တော့။ သူစားသောက်သည့် ပန်းကန်ခွက်ယောက်ကအစ အကုန်ခွဲခြားပစ်၏။ သူ့အနားမှာ ဘယ်သူမှမရှိ။ တစ်ခါတစ်ခါ အညစ်အကြေးတွေနှင့် လုံးထွေးနေတတ်၏။ အနံ့အသက်လည်း မကောင်းတော့။ ဘဝက အထီးကျန်ဆန်လွန်းလှ၏။ ဖေးမမည့်သူ၊ အားပေးမည့်သူပင် မရှိတော့။

ရှယ်လီကပါ စွန့်ပစ်ခံရတော့ ပို၍ပို၍ခံစားလာရ၏။ ဝေဒနာ

ကလည်း တစ်နေ့တခြား ပိုဆိုးလာသည်ဟု ထင်မိ၏။

လေကောင်းလေသန့်၊ နေရောင်ခြည်နွေးနွေး၊ အားပေးလာမည့် အသံဗလံများကို သူဆာလောင်လာ၏။ ဖခင်ကြီးခံစားခဲ့သလို ခံစားလာရ၏။ ဖောက်ထွင်းရုန်းထွက်လိုသည့် စိတ်ဆန္ဒများ လှုးလှုးလွန့်လွန့်ဖြစ်လာ၏။

ညရောက်လျှင် အိပ်၍ မပျော်တစ်ချက် ပျော်တစ်ချက်။ အိပ်ပျော်သွားပြန်တော့လည်း ဖခင်ကြီးကို လေးငါးကြိမ်ခန့် အိပ်မက်မက်ခဲ့၏။ အိပ်မက်ထဲ ဖခင်ကြီးက ဝတ်ဖြူစင်ကြယ်ဝတ်ပြီး သူ့ဆီရောက်လာ၏။ သူနှင့်တစ်ပါတည်းလိုက်ခဲ့ရန် အကြိမ်ကြိမ်ခေါ်နေ၏။

အိပ်မက်ထဲတောင် မငုံ့မရဲဖြစ်ခဲ့ရ၏။ သူ့ဆီမှာ ပြတ်သားသော အဖြေမရှိ။ ဖခင်ကြီးက တစ်ခါတွင် အလွန်တောက်ပသော အဝတ်အစားများဝတ်၍ ကောင်းကင်ပေါ်မှဆင်းလာသည်ဟုထင်၏။ သူ့ကို တစ်ပါတည်းလိုက်ခဲ့ရန် ခေါ်နေ၏။

အိပ်မက်ကလန့်နိုးတိုင်း ဖခင်ကြီးကို တ,မိ၏။ ဘဝမှာ ဘယ်သူမှမရှိသလို ခံစားနေရ၏။ ကိုယ်ပူသလား၊ ဆေးသောက်ရဲ့လား၊ အားပေးစကားပြောမည့်သူပင် မရှိတော့။ ဘဝက သေချိန်စောင့်နေရသလိုပင်။ ရက်ပိုင်းအတွင်း ကြွေသွားနိုင်သည်ဟုထင်မိ၏။ ယခုလို ခွေးသေနွားသေတော့ မသေချင်။ သူ့မှာ ဖခင်မည်သော အရိပ်ကြီးရှိပါသေးလား သတိရလာ၏။ ထို့ကြောင့် ဖခင်ကြီးရှိရာရွာသို့ မရောက်ရောက်အောင်သွားမည်ဟု ဆုံးဖြတ်ခဲ့၏။

မစားချင်သော်လည်း ဖိစားခဲ့၏။

မအိပ်ချင်သော်လည်း ရအောင်အိပ်ခဲ့၏။ အားရှိအောင်နေခဲ့၏။ စိတ်ထဲ လန်းလန်းဆန်းဆန်းရှိလာတော့ ဒရိုင်ဘာချစ်မောင်ကို





ခေါ်ပြီး ရွာလိုက်ပို့ရန် ပြောခဲ့၏။ ချစ်မောင်က တွန့်တွန့်ဆုတ်ဆုတ်ဟားဖြစ်သော်လည်း သူယခုအိမ်ကြီးမှာ စက္ကန့်ပိုင်းပင် မနေလိုတော့။ ရက်စက်လှသော မိန်းမရိုင်းကြီးရှယ်လီကို မျက်နှာတောင်မကြည့်ချင်။ အသံလည်း မကြားချင်။ ထို့ကြောင့် ကိုချစ်မောင်ကို အကူအညီတောင်းပြီး အထုပ်အပိုးနှင့်ဆေးဝါးများပြင်ဆင်ကာ ရှယ်လီကိုတောင် မနှုတ်ဆက်တော့ဘဲ ဖခင်ကြီးရှိရာရွာကလေးသို့ ပြန်ခဲ့လေ၏။

ရွာရောက်တော့ ပျော်လိုက်သည့်ဖြစ်ခြင်း။ ဖခင်ကြီးနှင့် ဆွေမျိုးတစ်သိုက်က ဝိုင်းဝန်းကြိုဆိုခဲ့၏။ ဖခင်ကြီးမှာ အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

"မင်း အဘဆီ အပြီးပြန်လာတာလား လူကလေး။ ပိန်လိုက်တာကွာ။ ဘယ်လိုဖြစ်သတုံး"

"ဟုတ်တယ်အဘ။ ကျွန်ုပ်သိပ်နေမကောင်းဘူးဗျာ။ ကျုပ်မှာ ကိုယ်ခံအားနည်းတဲ့ရောဂါ ဖြစ်နေတယ်။ မြို့မှာနေလို့ မရဘူးဗျာ။ ငရဲခံနေရသလိုပဲ။ ဒီရောဂါက အနေးနဲ့အမြန်ပဲအဘ"

"လူကလေးရာ . . . အရေးကြီးတာ စိတ်ပါပဲကွာ။ မင်းစိတ်ကို မာကျောကျစ်လျစ်အောင်ထားရမယ်။ စိတ်ကျန်းမာရင် လူကျန်းမာလာမှာပဲ"

"မလွယ်ပါဘူးဗျာ။ ရောဂါက ကူးစက်နိုင်တဲ့ ရောဂါကြီးဗျ။ ကျုပ်မိန်းမက ကျုပ်ကိုရွံသွားပြီ။ တစ်ယောက်တည်း ပစ်ထားတာအဘ"

"ပြောမနေပါနဲ့ကွာ။ လူကလေးကောင်းအောင်သာနေ။ ရွာမှာ သဘာဝလေရှိတယ်။ သဘာဝနေရောင်ခြည်ရှိတယ်။ သဘာဝအစားအစာတွေရှိတယ်။ မင်းဘာမှမပူနဲ့။ အဘ မင်းကို ပြုစုမယ်"

"ရပါတယ် အဘရယ်။ ကျုပ်ရောဂါ အဘဆီ ကုစားကုန်ပါ့မယ်"

"ဘယ့်နှဲ့ပြောလိုက်တာလဲ လူကလေးရယ်။ မင်းက ငါမွေးထုတ်လိုက်တဲ့ သားလေ။ မင်းဘာဖြစ်ဖြစ် ငါဂရုမစိုက်ဘူး။ ကုချင်တဲ့ရောဂါ ကုပါစေကွာ"

ဦးစိန်မောင်ရင်ထဲ နင့်နင့်သီးသီး ခံစားလိုက်ရ၏။ ရင်သွေးဘာဖြစ်ဖြစ် မေတ္တာနှင့်သာ ဖုံးပစ်လိုက်ချင်သည်။ ထင်ကျော်ပြောလာသည့် ကုစက်ရောဂါကြီးကိုလည်း သူမမှု။

သား၏အခြေအနေကြည့်တော့လည်း အရိုးပေါ်အရေ အခြေအနေ။ သား၏ ဖြူစင်သန့်ရှင်းသော၊ ခန့်ညားလှသော ရုပ်လက္ခဏာတွေ ဘယ်ရောက်သွားသည် မသိတော့။ သား၏အဖြစ်အပျက်ကို ကြည့်ပြီး အနိစ္စတရားကို နှလုံးသွင်းလိုက်မိ၏။

ထိုအချိန်မှစပြီး ဦးစိန်မောင်တစ်ယောက် ထင်ကျော့်အနားက မခွာတော့။ စားလည်း အတူစား၏။ အိပ်လည်း တူတူအိပ်၏။ သားကိုယ်ပေါ်က အနာကြီးတွေကိုလည်း နေ့တိုင်းဖန်ရည်ဆေးပေး၏။ ထင်ကျော်ကတော့ ဖခင်ကြီးထံသူ့ရောဂါတွေ ကူးစက်ကုန်မှာစိုးသဖြင့် တားမြစ်သော်လည်း မရ။

ဖခင်ကြီးက ခြေထောက်မသန်မစွမ်းဖြစ်နေသည့်ကြား သူ့ကို ရေချိုးပေး၏။ ကိုယ်ပေါ်က ချေးညှော်တွေ တိုက်ပေး၏။ ဒေါ်လေးမိကျေးတို့ကလည်း တောသဘာဝ လတ်လတ်ဆတ်ဆတ် သားငါးဟင်းသီးဟင်းရွက်စိမ်းစိမ်းစိုစိုနှင့် ချက်ပြုတ်ကျွေးမွေးခဲ့သဖြင့် ခွန်အားတွေပြည့်လာသလို ခံစားရ၏။

ဖခင်ကြီးက မနက်မနက်ဆိုလျှင် သူ့ကိုစောစောနိုး၍ ရွာဦး





စေတီကို သွားလေ့ရှိ၏။ စေတီကုန်းမြင့်ပေါ်ရောက်လျှင် ဖခင်ကြီးက ဆုံးမစကားတွေဆို၏။

"ဘာမှအားမငယ်နဲ့သား။ မင်းမှာဘာရောဂါကြီးဖြစ်နေဖြစ်နေ အရေးကြီးတာ မင်းရောဂါပျောက်ချင်ရင် ဘုရားကို ကိုးကွယ်ကွာ။ ရတနာသုံးပါးအပေါ် မင်းယုံကြည်ဖို့လိုတယ်။ လေးလေးနက်နက်ပူဇော်အားထုတ်ဖို့လိုတယ်။ တရားမွေ့တွေ ထိုင်ကြည့်ရမယ်ကွ။ ငါ့ကိုတော့ ဆရာတော်ကြီးက နည်းပေးလမ်းပြလုပ်ခဲ့တာကွ။ ခုဆို ငါ့မှာဘာရောဂါမှ မရှိဘူး။ ဒါ . . . ဘုရားလမ်းစဉ်ကို လျှောက်ခဲ့လို့ပဲ လူကလေး"

ဖခင်ကြီး၏စကားကို သူနှလုံးသွင်းခဲ့၏။ စေတီတော်ကို ဦးတိုက်ပူဇော်ရင်း ဖခင်ကြီးသင်ပြသလို ဝင်လေ၊ ထွက်လေကို သတိနှင့်မှတ်ခဲ့၏။ လေကောင်းလေသန့်ကို ပြည့်ပြည့်ဝဝ ရှူရှိုက်လိုက်ရသဖြင့် ခွန်အားတွေ ပြည့်ဝသွားသလိုပင်။

ထိုအရသာလေးကို ကျေနပ်သွားသဖြင့် မနက်တိုင်း ဖခင်ကြီးနှင့်အတူ အိပ်ရာမှထကာ ရွာဦးစေတီတွင် တရားထိုင်ခဲ့၏။ တရားမှတ်ခဲ့၏။ သဘာဝအစားအသောက်များကိုလည်း ပြန်၍စားနိုင်လာ၏။ ဖခင်ကြီးပြောသလို စိတ်ပိုင်းဆိုင်ရာ ကျန်းမာလာသည်ဟုပင် ဆိုရချေမည်။ သူက အတွေးထဲတွင် ရတနာသုံးပါးတန်ခိုး၊ ဖခင်ကြီး၏တန်ခိုးကြောင့် သူ့ကိုယ်သူ ရက်ပိုင်းအတွင်း ကြွေတော့မည်ဟု ထင်ခဲ့ရာမှ ယနေ့ဆိုလျှင် တစ်လတင်းတင်းပြည့်ခဲ့ပြီဖြစ်၏။

ကိုယ်ပေါ်က အနာကြီးတွေလည်း ဆရာတော်ကြီး သဘာဝဆေးမြစ်ဆေးဥများ သွေးလိမ်းသောက်စားခဲ့သဖြင့် တဖြည်းဖြည်းသေးကျုံ့သွားကြ၏။ ညတိုင်း ဖျားချင်ချင်ဖြစ်သည့် ဝေဒနာလည်း

ပျောက်သွား၏။ ကိုယ်လက်မသယ်ချင်သည့်စိတ်များလည်း ပျောက်သွား၏။ ကိုယ့်ကိုယ်ကိုယ် လူကောင်းပကတိဘဝ ပြန်ရောက်သွားသလိုပင်။

ခွန်အားတွေပြည့်လာတော့ လမ်းပြန်လျှောက်လာနိုင်၏။ ဦးဆုံး သူလုပ်ခဲ့သည့်အလုပ်မှာ ဖခင်ကြီး၏ အဝတ်အစားများကို လျှော်ခဲ့၏။ ဖခင်ကြီးချိုးမည့်ရေကို ခပ်ပေး၏။ ဖခင်ကြီးအတွက် ထမင်းဟင်း ခူးခပ်ကျွေးမွေးခဲ့၏။

ဦးစိန်မောင်လည်း သားကလေးထင်ကျော် ကျန်းကျန်းမာမာ ဖြစ်လာသည်ကိုမြင်တော့ ဝမ်းသာ၍မဆုံး။ သားအဖနှစ်ယောက် မနက်မိုးလင်းလျှင် ရွှေဦးစေတီ ရောက်နေကြပြီဖြစ်၏။ တရားတွေထိုင်၊ တရားတွေမှတ်နှင့် အပျော်ကြီးပျော်ခဲ့၏။

ထင်ကျော်သည် သူ့ကိုယ်သူ အိတ်ချ်အိုင်ဗီရောဂါသည်လို့တောင် မထင်တော့။ တရားမွေ့အရှိန်အောက်တွင် အညစ်အကြေးတွေ ဆေးကြောသန့်စင်ပစ်လိုက်သလိုပင်။ ခေါင်းထဲမှာ ရုယ်လီနှင့် စည်းစိမ်ဥစ္စာ၊ ဂုဏ်သိက္ခာများ မရှိတော့။

ဘဝတစ်ခုလုံး အညစ်အကြေးများ လွင့်စဥ်ပပျောက်သွားသလို ခံစားရ၏။ ယခုလို သူ့ဘဝ အသစ်တစ်ဖန် ပြန်လည်မွေးဖွားခဲ့ရသည်မှာ အနန္တောအနန္တငါးပါး၏ မဟာတန်ခိုးတော်ကြီးကြောင့်ဟု ယုံမှတ်ကာ ဘဝကို တရားမွေ့ကြား နှစ်မြှုပ်ပစ်လိုက်လေတော့၏။

❀ ❀ ❀

မြလင်းယုန်



# အသူရကာယ်ရဲ့ဘုံတံခါးမှာ စာရေးလို့ထားချင်တယ်

(၁)

❑

ထောင်အတွင်းမှာ သူ့ကို 'ရပ်စပြူတင်'ဟု ခေါ်ကြလေ၏။ ဘယ်သူကစ၍ အမည်သညာပေးပြီး ဘယ်သို့သောအကြောင်းရင်းခံကို အကြောင်းပြုလျက် သည်အမည်တွင်ခဲ့လေသည်လဲ ခြေရာကောက်၍မရ။ မန္တလေးထောင်၏ ပါးစပ်ရာဇဝင်တွင်လည်း ကမ္ပည်းတင်ထားခဲ့ခြင်းမရှိ။

သို့နှင့်တိုင် . . .

သူ့ကို'ရပ်စပြူတင်'ဟု ပြုံးပြုံးပြုံးပြုံး၊ တွင်တွင်ကျယ်ကျယ်





နှုတ်ကျိုးခေါ်ဝေါ်နေကြသည်ကား ကေန်။ သူကိုယ်တိုင်ကလည်း သည်နာမည်ကို အတော်ကလေးခံတွင်းတွေ့နေဟန်တူသည်။ အစ်ပွ သ် သက်ရောက်မှုကောင်း မည်သို့မျှမရှိနိုင်လေသည့် သည်'ရပ်စပြူတင်'ဟူသည့် နာမည်ကြီးကိုများ တားဆီးငြင်းဆန်မှုမပြု၊ ဝံ့ဝံ့စားစား စုံရေမက်ရေ ခံယူဝံ့သေးသည်။ သူ့ကို သည်နာမည်ကြီးနှင့်တပ်၍ ခေါ်လေတိုင်း ပါးစပ်ကြီးပြဲ၍ တဟဲဟဲ သဘောခွေ့တော် မူနေတတ်ချေသေးသည်။

ကာလကြာတော့ 'ရပ်စပြူတင်'ဟူသောအမည်က သူ့မွေးမိဘများ မြတ်နိုးတနာ အဓိပ္ပာယ်ရှိရှိ မှည့်ခေါ်ခဲ့သော အမည်ရင်းကိုပင် မေးမှိန်သေးသိမ်စေ၍ ပျောက်ကွယ်စေခဲ့ပြီ။

'ရပ်စပြူတင်'ဟုဆိုလျှင် သူပဲ။ အားလုံးသိနေကြတော့သည်လေ။

သို့ဖြင့် သည်မျှ သည်ထောင်အတွင်းမှာ နာမည်ကျော် နာမည်ကြီးလှသော 'ရပ်စပြူတင်'ဆိုသည်မှာ မည်သူလဲ။ အဘယ်ကဲ့သို့သော သူကောင့်သား အကောင်းစားမျိုးလေလဲ။ ဘယ်ကလဲ။ ဘာတွေနာမည်ကြီးတာလဲ။ ဘာကြောင့် သူ့ကို သည်'ရပ်စပြူတင်' ဘွဲ့ကြီး ချည်ခဲ့ကြလေတာလဲ။ . . . . . . လဲ။ . . . . . . လဲ။

ကျွန်တော်တို့ ထောင်မှူးပေါက်စ အရာရှိငယ်တစ်သိုက်က ကျိတ်၍စိတ်ဝင်စားမိကြ၏။ ရှာရှာဖွေဖွေ၊ လေ့လေ့လာလာ စေ့စေ့စပ်စပ် ကြည့်ကြသည်။ သူကလည်း ကျွန်တော်တို့၏ ဆရာတစ်ဆူ 'ကရာဝေးမောင်မောင်တင်'ကဲ့သို့ ထောင်မှူးရာထူး၌ပင် တစ်ဘဝလုံးကျောက်ချထားခဲ့သော လုပ်သက်သုံးဆယ်နီးပါးရှိသည့် 'Very Old Senior' ထောင်မှူးတစ်ဦးပင် မဟုတ်လေလား။

ပေါ်မ်းဆုံးလျှင် ရှာတွေ့၊ ရှာဖွေလေ တွေ့ရှိလေတဲ့ခင်ဗျ။ ပျံလေသည့်ငှက်မို ... အတောင်ညှောင်း၍နားကာမှ သင်းအကြောင်း ကောင်းကောင်းသိရလေသည်ပေါ့။ 'ရပ်စပြူတင်' ဆိုသည့် ရာဇဝင်အူပေါက်က သည့်လိုတဲ့ခင်ဗျာ ... သည်လိုပါတဲ့။

❦ ❦ ❦

## (၂)

□

'ရပ်စပြူတင်'ဆိုသည်က ရုရှပြည်၌ ၁၉၁၇ ခုနှစ် မဟာအောက်တိုဘာတော်လှန်ရေးကြီးဖြစ်ပွားခါနီး ဇာဘုရင်လက်ထက်တော်အခါက တွင်ကျယ်ခဲ့သည့် မှော်ဆရာယောင်ယောင်၊ ပျောက်စေဆရာယောင်ယောင်၊ လူလည်လူရှုပ်ကြီးတစ်ဦး။ အဲ ... အဲ ... ထိုခေတ်က ဇာဘုရင်၏ ကရင်မလင်နန်းတော်ထဲ၌မူကား ဘုန်းမီးနေလ တဟုန်းဟုန်းတောက်စားခဲ့သည့် ဘိုးတော်ယောင်တစ်ဦး ဆိုပေသည်ကိုး။

ဆိုက်ဘေးရီးယားမြောက်ပိုင်းရှိ ဆင်းရဲသည့်လယ်သမားမိသားစုမှ ၁၈၆၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူက စာမတတ်





ပေမတတ် အရက်သမား။ အမေကမူ ဖွဲ့ကြီးကြီးနှင့် အလုပ်ကြိုးစားသူတဲ့။ ရပ်စပြူတင်မမွေးခင် အရင်မွေးခဲ့သည့် ကလေးငါးယောက်စလုံး အဖတ်မတင်။ အရွယ်မတိုင်မီ သေဆုံးခဲ့ကြ၏။ ရပ်စပြူတင်စာသင်ခဲ့ဖူးသလား၊ မသင်ခဲ့ဖူးလား ခြေရာကောက်၍မရ။ သူသည်စာမတတ်သည့် ဖိုးသုညတစ်ယောက်ဖြစ်ဖို့ များသည်တဲ့ခင်ဗျ။

ရပ်စပြူတင်သည် လူဆိုးလူတေဘဝနှင့် ကြီးပြင်းလာခဲ့ရ၏။ သူ့ကိုယ်ကို သူ့ဘာသာဖျက်ဆီးသည်။ အောင်မြင်မှုဖြစ်နိုင်ခြေများကိုဗီဆန်ခဲ့သည်။ သို့သော်လည်း ... တဲ့။ သူလိုချင်တာကိုကား ရအောင်ယူနိုင်ခဲ့သည်။ သူလုပ်ချင်တာတွေကိုလည်း ဖြစ်အောင်လုပ်နိုင်ခဲ့သည်။ တန်ခိုးအာဏာတွေလည်း ဖုံးပေါလအော ရှိခဲ့ဖူးသည်။ ကြီးကျယ်မြင့်မြတ်ခြင်းများဖြင့်လည်း တခမ်းတနားနေခဲ့ဖူးသည်။ အတိုင်းအဆမရှိသော ကြမ်းကြုတ်ယုတ်မာမှုများကိုလည်း တွင်တွင်ကြီးသူပြုခဲ့သည်။

ဘဝပုံသဏ္ဌာန်အမျိုးမျိုးဖြင့်လည်း ပြောင်းလဲရှင်သန်ခဲ့ချေသည်။

ကလေးကချေ၊ ကလေးကလား။ ကြမ်းတမ်းဖုထစ်သည့်ပုံစံမှသည် ရုရှဇာဘုရင်၏ အနီးနေ အခါတော်ပေး ပုရောဟိတ်ကြီးအနေထိထစ်ဖုံတည်ဟန်အသွယ်သွယ်ဖြင့် သူ့ကိုတွေ့ရသည်။ သူ့ဝိညာဉ်ကလည်းအနိမ့်အမြင့်၊ အတက်အကျ လှုပ်ရှားလျက်။ မည်သူ့အကြောင်းကိုမျှ နှိုင်းယှဉ်သည့် စကားလုံးဖြင့် မပြောဖူးခဲ့။ ကြမ်းတမ်းသော နှုတ်ထွက်စကားမရှိခဲ့။ သို့ပင်ဖြစ်လည်း သူစိတ်ဆိုးပြီ၊ ဒေါသပုန်ထပြီဆိုလျှင်ကားကြမ်းကြုတ်ရက်စက်စွာ ရန်လိုတတ်သည်။ ရန်ဖြစ်ရ၊ သွေးထွက်သံယိုထိုးကြိတ်ရသည်ကို ကြိုက်သည်။ ယုတ်စွအဆုံး သူ့ဖခင်အရင်းကိုပင်လျှင် လက်တုံ့ပြန်၍ ပြန်လှန်ထိုးကြိတ် ရိုက်နှက်ခဲ့ဖူးပါသတဲ့။ ကမ်း

ကုန်ရော မဟုတ်လား။

သူသည် တန်ခိုးရှင်ပုဂ္ဂိုလ်တစ်ဦးနှယ် ဘုန်းကြီးကျောင်းတစ်ခုမှသည် တစ်ခု လှည့်လည်သွားလာလျက်နေခဲ့သည်။ ဖိနပ်မပါ ခြေဗလာဖြင့် ခြေကျင်လျှောက်နေခဲ့တာဖြစ်သည်။ ထိုသို့ဖြင့် ဂိုဏ်းဆရာယောင်ယောင်၊ ဘိုးတော်ယောင်ယောင် ဖြစ်လာလျက် နောက်ဆုံး၌ ဇာဘုရင်ကေရာဇ်၏ နန်းတော်တံခါးဝသို့ မခေါ်ပင့်ချေ ရောက်၍လာခဲ့ရတော့သည်။



ရုရှားပြည်က ပျောက်ခေဆရာကြီး
ရပ်စပြူတင် (၁၈၆၉ – ၁၉၁၆)

ဇာဘုရင်နှင့်မိဖုရား၌ သားတော်ကလေး 'အလက်ဇီ'သည် မျိုးရိုးလိုက်ရောဂါဖြင့် အပြင်းဖျား၍ မအိပ်နိုင်ဘဲဖြစ်နေလေရာ နန်းတွင်းသမားတော်တွေ ကု၍မရ။ အခက်တွေ့ လက်လျှော့ရချိန်။ ရပ်စပြူတင်သည် သားတော်ကလေး၏ဝေဒနာကို ပျောက်ကင်းအောင်ကုသပေးပြီး





ရုရှားနန်းတွင်း၌ ဆရာကြီးတစ်ဆူ ဖြစ်၍လာခဲ့၏။ လိင်မှုတွေမွေ၊ မူး၊ ရမ်း၊ ရန်ဖြစ်။ သို့သော်လည်း မင်းဆရာကြီး ရပ်စပြူတင်ကို မည်သူမျှ မတို့ရဲ မထိရဲ။

"ငါ့အသတ်ခံရတဲ့အတွက် လူတွေအများကြီး ဒုက္ခရောက်ကြမယ်။ ဇာဘုရင်ဆိုတာလည်း ရှိတော့မှာမဟုတ်ဘူး"တဲ့။ ရုရှားနန်းတွင်းမှတ်တမ်းများ၌ ရပ်စပြူတင်၏ ဂန္ထဝင်တွင်သည့်စကားကို မော်ကွန်းများတောင် တင်ထားခဲ့သေး၏။

တစ်ခါတစ်ရံ သူ့ဟောကိန်းတွေကလည်း သွေးထွက်အောင်မှန်နေပြန်၍ သူ့ကိုငြင်းဆန်လိုသူတို့ အကွက်မရနိုင်ပြန်။ သူက ရုရှား–ဂျပန်စစ်ပွဲ (၁၉၀၄–၁၉၀၅)၌ ရုရှားရေတပ်ကြီးစစ်ရှုံးမည်ကို ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။ တစ်ခါသား၌ ကားလ်မာ့ခ်စ်၏ရုပ်ပုံကိုကြည့်၍ 'လူတွေဟာ မုတ်ဆိတ်နဲ့ဒီလူရဲ့နောက်ကို လိုက်ကြလိမ့်မည်' ဟု ဟောကိန်းချခဲ့ရာ သွေးထွက်အောင် မှန်ခဲ့ပြန်သည်။ သို့ဖြင့် သူသည် ဇာဘုရင်ကို စိုးမိုးထားပြီး မိဖုရားနှင့်လည်း မလွတ်မကင်း ငြိစွန်းနေခဲ့ပြန်သေးရာ 'ရပ်စပြူတင် ဘယ်လောက်ဆိုးဆိုး သူ့အကြောင်း မကောင်းမပြောရ' ဟုပင် အမိန့်ထုတ်ထားသောဟူ၏။

သူကိုင်စွဲတွင်ကျယ်ခဲ့သော အဘိဓမ္မာကလည်း ကြောက်ဖွယ်၊ ရွံဖွယ်၊ အော်ဂလီဆန်ဖွယ်လိလိ။

"လင်ယောကျ်ားကို မချစ်မနှစ်သက်ဘဲ အတူအိပ်ခြင်းသည် မကောင်းမှုဒုစရိုက်ဟု သူက သတ်မှတ်သည်။ ထိုသို့ဒုစရိုက်မျိုး ပြုမိသူမိန်းမသည် ရပ်စပြူတင်နှင့်အတူအိပ်ခြင်းဖြင့် မကောင်းမှုများကနေ သန့်စင်သွားလိမ့်မည်"တဲ့ခင်ဗျာ။ ကျွန်တော်တို့ဆီတွင် ပုဂံခေတ်ဦးက 'ပန်းဦးလွှတ်'သော အရည်းကြီးတွေထက်ပင် ပိုပိုသာသာကလေး

ကဲလိုက်ချင်သေးပေ၏။ မည်မျှရိုက်သတ်ဖို့ကောင်းလိုက်သည့် ပုဂ္ဂိုလ်မျိုးလဲဆိုတာ 'အကွင်း အကွင်း မုန့်တီဟင်း' လိုပါတကား။

ထိုထို ဆရာကြီးရပ်စပြူတင်ကို ယူဆူပေါ့ဗ်မင်းသားနှင့်အဖွဲ့က ထမင်းစားဖိတ်၍ လုပ်ကြံသတ်ဖြတ်ခဲ့ပါသတဲ့။

အရက်နှင့်မုန့်တွေထဲ၌ အဆိပ်ခတ်ပြီး တိုက်ကျွေး၏။

သို့ပေမဲ့ ရပ်စပြူတင်က လွယ်လွယ်နှင့်မသေ။ သေနတ်နှင့်ပစ်၍ သတ်ရပြန်သည်။ သို့နှင့်တိုင် ရပ်စပြူတင် အလောင်းကြီးက သေရာမှထပြီး ထွက်ပြေးပြန်၍ နှင်းတောထဲလိုက်လျက် သေနတ်နှင့် ဆင့်ကာဆင့်ကာပစ်သတ်၊ နောက် 'နီဗာမြစ်'အတွင်း ပစ်ချခဲ့ရလေသည်တဲ့။

နာမည်ကျော် ရုရှားတော်လှန်ရေး အကြိုကာလက ရပ်စပြူတင်ဆိုသည့် အူကြောင်ကျား ပျောက်စေဘိုးတော်ယောင်၏ အဆုံးပွဲတို့က ထိုသို့ပင် အမှန်ရှိခဲ့ပါသည်။



ရုရှားဇာဘုရင်နန်းတော်ထဲက ရပ်စပြူတင်





ဂုဏ်ပြုချီးမွမ်းချင်စဖွယ် ဘယ်တစ်ကွက်မျှမတွေ့။

သို့ပင်ဖြစ်ပါလျက် ကျွန်တော်တို့၏ ဆရာအစ်ကို လုပ်ဖော်ကိုင်ဖက် ထိုစီနီယာတောင်မှုးက ဘယ့်နှယ် 'ရပ်စပြူတင်' ဘွဲ့ကြီးကို အမြှန့်သားခံခဲ့ရပါချိမ့်။

အကြောင်းတော့ဖြင့် ရှိလေမည်ထင်သည်။

(၃)

❑

သူ့ကို 'ဒေါက်ကြီး'ဟုလည်း ခေါ်ကြသေးသည်။

တစ်ရံတခါ 'ဒေါက်ဆရာ'ဟုလည်း ခေါ်ချင်ခေါ်ကြပြန်သေး၏။ ခေါ်ကြပါသည်ကော။ သေဒဏ်ကျကြိုးသမားကို ကြိုးဒဏ်စီရင်ရာ၌ (Hangman)အနေဖြင့် ဒေါက်ဖြုတ်သုတ်သင်သည့် အလုပ်ကိုသည်ထောင်တွင် တစ်ဦးတည်းဒိုင်ခံ၍ မသာကန်ထရိုက်ဆွဲကာ ဆောင်ရွက်နေသူမှာ သူတစ်ဦးတည်းသာ ပြိုင်ဖက်မရှိရှိလေသည် မဟုတ်ပေသား။

အကျဉ်းထောင်ဥပဒေအရ ကြိုးသမားတစ်ယောက်အား ကြိုးပေးရာတွင် လုံးဝတာဝန်ရှိသူမှာ ထောင်ပိုင်ကြီးပင်ဖြစ်၏။ ထောင်ပိုင်ကြီး၏အမိန့်အရ ထောင်ပိုင်ကြီးနှင့်တွဲဖက်၍ အဓိကတာဝန်ယူရမည့်သူမှာ ထောင်မှူးကြီးပင်ဖြစ်သည်။

အချို့ထောင်မှူးကြီးများက ကိုယ့်ဝန်ကိုယ်ထမ်း၍ ကိုယ်တိုင်ကြိုးကွင်းစွပ်ကာ ကိုယ်တိုင်ဒေါက်ဖြုတ်ရမှ စိတ်ချကြသည်။

ယခင်ခေတ်ဟောင်းတုန်းကမူ အကျဉ်းသားလူငှားကိုဖြစ်စေ၊ ယုံကြည်စိတ်ချရသော ထောင်ကြပ်ကိုဖြစ်စေ မိမိမျက်စိအောက်တွင် စေခိုင်းလေ့ရှိခဲ့ကြဖူးသည်။ ထိုကဲ့သို့ ငှားရမ်းခအဖြစ် အကျဉ်းသားကို ၁၀ကျပ်၊ အပြင်လူဖြစ်လျှင် ၁၅ကျပ်၊ ထောင်အမှုထမ်းဖြစ်လျှင် ၅ကျပ်ဟု အကျဉ်းထောင်လက်စွဲဥပဒေ (Jail Manual) ၌ တိတိကျကျပြဋ္ဌာန်းသတ်မှတ်ထားသည်။ (ထိုစဉ်က ထောင်မှူးတစ်ဦးလစာ ၂၁၀ ကျပ်၊ ထောင်မှူးကြီး ၃၂၀ ကျပ် ဖြစ်ပါ၏။ ယခုကာလတွင် ထောင်မှူးတစ်ဦး၏ အခြေခံလစာ (Basic Salary) ၅၄၀၀၀ ကျပ် ဖြစ်နေပြီ။ ချင့်ချိန်၍ စဉ်း စားကြည့်တော်မူရန်သာ ဖြစ်ပါ၏။

တာဝန်အရ ကြိုးဒဏ်စီရင်ကြသည်ဆိုရာ၌ ဆိုင်ရာအကျဉ်းထောင်၏ ထောင်ပိုင်ကြီး (တာဝန်ခံအရာရှိ)၊ ကြိုးဒဏ်စီရင်ခြင်းကို အတည်ပြုပေးရမည့် ဆိုင်ရာတရားရုံးတရားသူကြီးအဖွဲ့၊ အကျဉ်းထောင်ဆရာဝန်နှင့် သက်ဆိုင်ရာမြို့နယ်ဆရာဝန်ကြီး၊ ထောင်မှူးကြီးများ တစ်သိုင်းတစ်ဝိုင်းကြီး၊ လူတွေတစ်လေ့ကြီး ပါဝင်ကြလေပါလျက် ကြိုးပေးသည့်တာဝန်နှင့် စေတသိကဝေဒနာတွေ၊ စိတ်ဒဏ်ရာတွေ တစ်ထွေးတစ်ပွေ့ကြီးက ဒေါက်ဖြုတ်သည့်သူ (Hangman) အပေါ်တွင်သာ စုပြုံသက်ရောက်လေ့ရှိသည်မှာ အံ့ဩစရာ။





"အစွယ်လိုသူ မိဖုရား
အသွားစေခိုင်းသူက မင်းကေရာဇ်
လေးပစ်သူက ဘုရားကျွန်တော်
ကြဖော်ကြဖက် ဤသုံးဦးရှိသည့်အနက်မှ
ကံကွက်ကြား၍
ဖိုက်သား မှဆိုးလေ . . .
နင့်ချည်းပင် သေပေရော့"

ဆိုသည့် ဆဒ္ဒန်ဆင်မင်းဇာတ်ထဲက သောနုတ္တရမုဆိုးညည်းသလိုသာ ညည်းဖို့ကောင်းသေးတော့၏။

ယခု မျက်မှောက်ခေတ် အကျဉ်းထောင်များ၌ အသုံးပြုနေသည့်ကြိုးစင်မှာ အလီပိုပုံစံ (Alipor Pattern) ဖြစ်၏။ အပေါ်ပိုင်းက တိုင်များ၊ တန်းများမှာ အရှင်ဖြစ်သည်။ ယင်းတို့ကိုဖြုတ်ပြီး ဂိုဒေါင်ထဲ၌ သိမ်းထားရ၏။ ကြိုးဒဏ်စီရင်ရန် ကိစ္စရှိတော့မှသာ အထုတ်နိုင်း၊ အဆင်နိုင်းရမြဲ ဖြစ်သည်။ ကြိုးစင်အောက်ခံ သမံတလင်းကိုင်ထားသော ကျင်းကိုတော့ အပေါ်မှပတ္တာတပ်ထားသည့် တံခါးကြီးနှစ်ချပ် ဖုံးအုပ်၍ သော့ခတ်ထားရ၏။ ကြိုးပေးရန်ကိစ္စရှိမှ ထိုတံခါးနှစ်ချပ်ကိုဖွင့်၍ သံလက်ယှက်နှင့်လီဗာကို သံချေးတွေပြောင်အောင် ပွတ်တိုက်သန့်စင်ရသည်။ ပထမ ရေနံဆီဖြင့် တိုက်ချွတ်ပစ်၊ နောက်မှ ဒီဇယ်ဖြင့် ပြောင်လက်နေအောင် တိုက်ထားရမြဲထုံးစံ။

အကျဉ်းထောင်၌ ကြိုးပေးရန်ကိစ္စရှိပြီဆိုလျှင် အဆိုပါဒေါက်ဖြုတ်သမား (Hangman) တာဝန်ယူရမည့်အရာရှိမှာ အစောဆုံး အကုသိုလ်တစ်လေ့ကြီးကို စတင်ပွားရတော့၏။ ကြိုးစင်ဆင်ဖို့၊ ဒေါက်ဖြုတ်ဖို့၊ ကြိုးစင်သန့်ရှင်းဖို့ စသည့်လူသတ်ကိရိယာတန်ဆာပလာတွေ

ကို ဥပဒေနှင့်အညီ စတင်ကိုင်တွယ်၊ တိုက်ချွတ်၊ တပ်ဆင်ရလေသည့် ကြိုး ခင်ဗျာ။ အကုသိုလ်စေတသိက်တွေ အတုံးလိုက် အတစ်လိုက်ကြီး ကပ်ပြီပ။

သည်အလုပ်ကို မည်သူမျှ မလုပ်ချင်ကြ။

တာဝန်အရ လုပ်ရပါသည်ဆိုလေသည့်တိုင် ဖြစ်နိုင်သမျှရှောင်လွှဲနိုင်ဖို့ ကြိုးစားလေ့ရှိတတ်ကြပါ၏။ ဟိုလူ့လက်ညှိုးထိုး၊ သည်လူ့လက်ညှိုးထိုး။ ဟိုအရာရှိလွှဲချ၊ သည်အရာရှိလွှဲချ အချင်းချင်းလှည့်ခွဲနေတတ်ကြစမြဲ။ မဲချ၍ 'ကံဆိုးသူမောင်ရှင်'ပမာ မဲပေါက်သည့်မျိုး အလှည့်ကျ၍သာ မနွဲ့ကြစတမ်း ဆောင်ရွက်ကြရသည်မှလွဲ၍ စိုစိုမက်မက် မည်သူမျှမလုပ်ချင်။ ဟုတ်သည်လေ . . . ။ ကိုယ့်လက်အစုံ၊ ကိုယ့်ပယောဂကြောင့် ကိုယ်နှင့်မျိုးတူနွယ်တူ ဇာတ်တူသား လူသားတစ်ဦးကို ကိုယ့်မျက်စိကြီးရှေ့မှာပင် ပကတိအကောင်းအတိုင်း အရှင်လတ်လတ်ကြီးက ဒိုင်းခနဲသေပွဲဝင်ရအောင် ဖန်တီးရမည့်အလုပ်မျိုးကို မည်သူမက်မက်မောမော လုပ်ချင်၊ လုပ်ဝံ့ပါအံ့နည်း။

သို့သော်လည်း . . . တဲ့။

ကျွန်တော်တို့ မန္တလေးထောင်မှာတော့ဖြင့် အနီ 'ရပ်စပြူတင်' ခေါ် 'ဒေါက်ကြီး' ခေါ် 'ဒေါက်ဆရာ' ခေါ် 'ယမမင်းကြီး' ခေါ် ထိုထောင်မှူးက အငြင်းအပယ်မရှိ ဝံ့ဝံ့စားစား လုပ်ပါ၏။ လုပ်ခဲ့ပါ၏ ခင်ဗျာ။

သူ့အလှည့်ကျ၍လည်း သူလုပ်ခဲ့သည်။

သူများအလှည့်ကျသော်လည်း သူ့ကို အကူအညီတောင်းသဖြင့် မန္တလေးရမ်တစ်လုံး၊ ခေါက်ဆွဲကြော်တစ်ပွဲ၊ ဝက်ခေါက်ကင်တစ်ထုပ်မျှ သဒ္ဓါကြေးဖြင့် အငှားလိုက်ပြီးလည်း လုပ်ခဲ့ဖူးပါသည်။





မန္တလေးထောင်၌ ဝင်းမြင့်၊ အုန်းထွန်း၊ ရဲလွင်(ခ) ပက်ထရစ်ဘားနပ်၊ သိုက်ထွန်းနှင့် မောင်သန်းတို့ကို ကြိုးဒဏ်စီရင်ခဲ့ရာတွင် သူပဲ ပင်တိုင်ဒေါက်ဖြုတ်သမား (Hangman) လုပ်ခဲ့သည်။ အဲ . . . ကျူးကျူးကျော်ကျော် မြန်မာပြည်အထက်ပိုင်း ထောင်ကြီးဟစ်ထောင်မှ အောင်မြနှင့်သန်းမြင့်မည်သော ကြိုးသမားအမှုတွဲနှစ်ယောက်ကိုလည်း 'တစ်ချက်တည်း၊ တစ်ပြိုင်တည်း' သူပဲ အလကားပဲတင်း စေတနာ့ဝန်ထမ်းသွား၍ ဒေါက်ဖြုတ်ခဲ့ဖူးသေးသည်။ ကဲ . . . ကမ်းကုန်ရောမဟုတ်ပေလော။

အဲ . . . အဲ . . . သူ့ရုပ်သွင်သဏ္ဌာန်ကလေးကို မျက်စိထဲမြင်လွယ်အောင် အမြွက်မျှ ဖော်ပြလိုက်ချင်ပါသေး၏။ အရပ်အမောင်းက ၅ ပေ ၈ လက်မခန့်။ တုတ်တုတ်ခိုင်ခိုင်၊ တောင့်တောင့်တင်းတင်း။ ဦးခေါင်းကြီးနှင့် သူ့ခန္ဓာကိုယ်အပေါ်ပိုင်းကြီးက မြင်လိုက်ရုံမျှနှင့်ပင် တန်းခနဲ သိသိသာသာ ကြီးနေ၏။ ရင်အုပ်ကားကား၊ လက်တံရှည်ရှည်၊ ကြွက်သားတွေ အဖုအထစ်နှင့်။ ကိုယ်အောက်ပိုင်းကမူ ခင်သိမ်သိမ်၊ ခပ်သေးသေး။ ခြေနှစ်ချောင်းက ကွ၍ခွင်နေချေသေး၏။ သူလမ်းလျှောက်နေပုံကို ခပ်လှမ်းလှမ်းကကြည့်လျှင် (မနိုင်းကောင်းနိုင်းကောင်း ခင်ဗျာ) လူဝံကြီးအစာရှာနေသည့်နှယ် ကွတကွတဟု ဆိုလေက မလွန်တန်ရာပါ။

အသားက ညိုသည့်အဆင့်ထက်ကျော်၍ နက်ပြောင်နေအောင် ညိုမှောင်မှောင်ကြီးမည်းပါသည်။ ဆံပင်က ဘယ်တော့ကြည့်ကြည့် မဖြီးမသင် ဖုတ်သိုက်။ ဆီမလိမ်း၊ အုန်းဆီမထည့်။ နီကြောင်ကြောင်။ မျက်တွင်းနက်၍ မျက်ခုံးရိုးကြီးက ရှေ့သို့မောက်နေအောင် ငေါထွက်နေသည်။ မျက်တွင်းလက်တစ်နှိုက်ထဲက မျက်စိကလေးနှစ်လုံးက ပြောင်

နေလိုက်သေးသည်။

သူ့ဝါသနာ၊ သူ့အလုပ်၊ သူ့ရုပ်သွင်နှင့် သူ့ကိုခေါ်ဝေါ်ကြသည့် အနွာတ္တအမည်သညာတို့ကား 'မီးသွေးခဲမို့ မည်းသကို' ဆိုရလောက်အောင် လိုက်ဖက်လှပါလေ၏။ 'ရုပ်စပြူတင်'၏ပုံနှင့် ချိန်ထိုးကြည့်ကြပါရော့။ သူ့ကို 'ရုပ်စပြူတင်'ဟု ခေါ်မည်ဆိုက ခေါ်ချင်စရာ။

သည်ထောင်နှင့်ပတ်သက်ဖူးသူမှန်လျှင် 'ရုပ်စပြူတင်'ကို သိသည်။ 'ဒေါက်ကြီး'ကို သိသည်။ 'ဒေါက်ဆရာ'ကိုလည်း သိသည်။ သူ့အား လူနှင့်နာမည်တွဲ၍ တစ်ပြိုင်တည်းသိခဲ့ရလျှင် 'ဘာဂလိုတိုတို' တစ်မျိုးကြီးရင်ဖိုသလို ခံစားရချိမ့်မည်။ အဲ . . . သူကား သေဒဏ်အကျဉ်းသားမှန်သမျှကို ပင်တိုင် ဒိုင်ခံ၍ ဒေါက်ဖြုတ်နေသည့်သူ (Hang man) ပါတကားဆိုသည်ကို တစ်လက်စတည်း သိလိုက်ရပါမူ အူ၊ အသည်း၊ ကလီစာတွေပါ ဆတ်ဆတ်တုန်၍ သူနှင့်ကြမ်းတစ်ပြေးတည်း ထိုင်ဖို့၊ ထမင်းတစ်ဝိုင်းတည်းနှိုက်ဖို့ပင် သွေးရဲတော့မည် မဟုတ်တော့လေပါ။ မယုံမရှိပါနှင့်။ ကျွန်တော်တို့ ကိုယ်တွေ့ပါခင်ဗျား။ ကျွန်တော်တို့ ထောင်မှူးဘဝ၊ ကိုယ်ကလည်းထောင်မှူး၊ သူကလည်းထောင်မှူး လက်ပွန်းတတီး၊ အတူသွားအတူလာကြရာ၌ မတော်တဆ သူ့ကိုယ်၊ သူ့ခြေလက်အင်္ဂါ၊ သူ့အသားအရေတွေနှင့် ထိမိခိုက်မိ၊ တိုးမိတတ်လေလျှင်ပင် ရင်ထဲမှာ လျှပ်စစ်ဓာတ်အလိုက်ခံရသလို ကျဉ်ခနဲ လှိုက်ခနဲ ဖြစ်၍ဖြစ်၍ သွားတတ်လေမြဲ။ တတ်နိုင်သမျှ ခပ်ခွာခွာ အဝေးပေါင်းသာပေါင်းဖို့ ကြိုးစားခဲ့ရစမြဲ။

တကယ်တမ်းပေါင်းသင်းကြည့်တော့လည်း ထင်သလောက်၊ ပြောသလောက် ဆိုးလှလေသူမဟုတ်။ နှုတ်ဖျှော့ကြမ်း၍ အော်ကြီးဟစ်ကျယ် ပြောတတ်ဆိုလေ့ရှိသော်လည်း အနေအေး၍ နှုတ်နည်းသူ။





အာဝစလျှာစ မကြွယ်သူ။ တစ်သက်လုံးနေ၍မှ သုံးခါမျှပြုံးခဲ့ဖူးသည်ဆိုသည့် ရမည်းသင်းမြို့စား သီလဝလို တစ်နေကုန်၍ပင် အပိုစကားတစ်ခွန်း သူ့နှုတ်က မထွက်သူ။ လေကို ငွေလို ချွေတာမြိုးခြိတတ်လွန်းသည့်သူ။

သူ့မိန်းမ ထောင်မှူးကတော် 'မထွေး'နှင့်ကောတဲ့။

ဖဲစက်ရာရွှေကော်ဇောပေါ်၌ နှစ်ဦးသားတွေ့လျှင်တော့ မည်သို့ရှိလေမည်မသိ။ ဝန်ထမ်းလိုင်းခန်း သူ့အိမ်ဂေဟာမှာတော့ဖြင့် သူ့ဘာ့သာသူ တေမိ။ နကမွတိ၊ မတုန်မလှုပ်။

သူ၏တစ်ဦးတည်းသောသားကလေး 'မောင်မောင်'ကိုဖြင့် ထွေးပွေ့ချီချော့ ကြည်နူးနေတတ်သော်လည်း တောင်တောင်အီအီ ပလီပလာတွေမပြော။ လက်ဖဝါးမှမနွေးခင် သူ့မိခင်ကိုအပ်၍ ရေနွေးကြမ်းတစ်အိုးနှင့် တုံဏှိဘောလုပ်နေတော့သည်သာ။

တစ်ခါသား ထောင်ပိုင်ကြီး (မြွေပွေးကြီးဦးစိန်ရွှေ)နှင့် ဆရာတပည့် အချီအချဆွေးနွေးနေကြပုံကို နားဆင်ကြည့်ကြပါဘိ။

"ဟော့ . . . ဒေါက်ကြီး"

ထောင်ပိုင်ကြီးက ချစ်စနိုးဖြင့် သူ့ကို အမြဲပဲ 'ဒေါက်ကြီး'ဟု ခေါ်လေ့ရှိ၏။

" . . . . . . "

"မင်းတို့၊ ထောင်မှူးကြီးဦးထန်ဒိုလန်းတို့၊ ထောင်ပိုင်လေးဦးသန်းရွှေတို့ကို မနီလာကြိုး မှာခိုင်းထားတာ မှာပြီးကြပလား"

" . . . . . . "

ကြိုးသမားတစ်ယောက်ကို ကြိုးပေးစီရင်ရာတွင် အဓိကအခန်းမှ တာဝန်ယူဆောင်ရွက်ရသည့် ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေး၊

ထောင်မှူးကြီး၊ ကြီးတိုက်ထောင်မှူး၊ ဒေါက်ဖြုတ်သမား (Hangman) အရာရှိတို့၏ တာဝန်ခန်းမှာ ထွေထွေရာရာ ကိစ္စကြီးငယ်လေးတွေ ပွေလီရှုပ်ထွေးနေတတ်၏။ ကြိုးသမားကို ကြိုးဒဏ်မစီရင်မီ အချင်းတစ်လက်မရှိ မနီလာကြိုးကို ကြိုတင်မှာယူရရှိထားရမည်။ အဆိုပါကြိုးကို ပိဿာ ချိန် ၃၀ ခန့်လေးသော သံတုံးကြီးတစ်တုံး အောက်မှာ ဆွဲ၍ အပေါ်ကြိုးစကို ထုပ်တန်းတွင်ချည်နှောင်ကာ သုံးလေးရက်လောက်စန့်နေအောင် ဆွဲဆန့်ထားရမည်။ ကြိုးသမားကို ကိုယ်အလေးချိန် (ပေါင်ချိန်)ချိန်ရမည်။ ပြီးတော့ အရပ်အမြင့်တိုင်းရမည်။ လည်ပင်းအကျယ် တိုင်းရမည်။ ထိုထိုအလုပ်တွေ စုံတကာစေ့လေတော့မှ ထောင်ဥပဒေစာအုပ်ကြီးတွင် အတိအကျဖော်ပြပါရှိသော ဖော်မြူလာဖြင့် ကြိုးအရှည်(Drop) ဘယ်လောက်ထားရမည်ကို တွက်ရချက်ရမည်။ သို့ဖြစ်၍ ကျွန်တော်တို့၏ ဇာတ်လိုက်ကျော်ကြီး 'ရပ်စပြူတင်' ခေါ် 'ဒေါက်ကြီး'ကို ထောင်ပိုင်ကြီးက တိုးတိုးတိတ်တိတ် မေးမြန်းစေ့ငုနေခြင်း ဖြစ်ပါ၏။

"ဟိုအကောင်သုံးယောက်က သိပ်ပြီးစိတ်ချရတာ မဟုတ်ဘူးကွ။ မြန်းခနဲ ကြိုးမိန့်ပေးဖို့ အမိန့်ကျချင် ကျလာမှာ"

"......"

ထောင်ပိုင်ကြီးကမေး၊ ကိုယ်တော်က တစ်လုံးတစ်ပါဒမျှ မပြော။ ထောင်ပိုင်ကြီး စစ်ဆေးလက်မှတ်ထိုးပေးနေသည့် ထောင်မှတ်ပုံတင်စာအုပ်ကြီးကိုသာ အတွင်းသား တဖျပ်ဖျပ်လှန်မပေးနေသည်။

"အမိန့်ကျလာတဲ့အချိန်ကျမှ မှာနေရင် မင်းတို့ကြိုတင်လုပ်မထားဘူးလားလို့ အပြစ်တင်ခံနေရမယ်ကွ"

"......"

"မသကာ ကြိုးမပေးဖြစ်ခဲ့ရင်လည်း လာမယ့်အကျဉ်းထောင်





ပြေးခုန်ပစ်ပြိုင်ပွဲမှာ လွှန်ဆွဲရတာပေါ့ကွ"

"......"

"ကိုင်း . . . ပြီးပြီ။ ငါပြောတာတွေကို ထောင်မှူးကြီးနဲ့ ထောင်ပိုင်လေး ပြန်ပြောလိုက်ဦး။ ဟုတ်ပြီလား"

"......"

သူ့စာအုပ်ကြီးတွေကို သူပိုက်၍ ထောင်ပိုင်ကြီးကို တလေးတစားအလေးပြုကာ ကွတကွတနှင့် ထွက်သွားပါလိမ့်မည်။ ဟော . . . ကြည့်။ ထောင်ပိုင်ကြီးရုံးခန်းထဲ၌ စကားတစ်လုံးဆို တစ်လုံးတလေမျှ မထွက်ခဲ့လေ။ အဲသည်လို ပုဂ္ဂိုလ်မျိုးပါခင်ဗျား။

သူအာရုံဝင်စားတတ်တာ၊ စိတ်ဝင်စားတတ်တာ၊ သဲကြီးမဲကြီး ဖြစ်တတ်တာက တစ်ခုပဲရှိသည်။ ကျွန်တော်တို့ အထက်အညာဒေသ ဘုရားပွဲဈေးများ၌ တွေ့ရလေ့ရှိတတ်သော ဂုံးဂုံး (ခ) အန်ကလုံ (ခ) အန်စာတုံး ဆွဲရသည့် လောင်းကစားပွဲ။ အန်စာတုံး၏ခြောက်မျက်နှာတွင် ဖား၊ မြွေ၊ ကျား၊ ကြက်၊ ငါးရှဉ့်၊ လိပ် စသည့်အရုပ်ကလေးတွေ ပါသည်။ လောင်းကြေးထိုးရသည့် ဇယားကွက်၌ မိမိနှစ်သက်ရာ ကြိုက်ကောင်ကို ဒိုင်လက်ခံသည့်လောင်းကြေးအထိ တင်၍ထိုး၊ ထိုးကြေးအများဆုံး ထိုးသားက အန်စာတုံးကလေးတွေ တန်းစီတင်ထားသည့် မောင်းခလုတ်ကြိုးကိုဆွဲချ။ ပေါ်လာသည့်အရုပ်များအတိုင်း အလျော်အစားပြုသည့် လောင်းကစားနည်း။ ဘုရားပွဲဈေးတိုင်း၌ ကလေးဘုစုခရုတွေ တစ်ပြုံတစ်မကြီး အုံနေ၊ ဝိုင်းနေတတ်သည့် ကစားဝိုင်းမျိုး။

ဟုတ်ကဲ့ . . . အဲသည်အရုပ်၊ အဲသည်အလုပ်မျိုး၌ ရွှေကိုယ်တော်က ပျော်တော်မူသည်။ လက်ထဲငွေမရှင်လိုက်နှင့်။ အိတ်မှာ ငွေ

ကလေး စို့စို့ပို့ပို့ကပ်လျှင် ကျောက်တော်ကြီး၊ ဘုရားနီ၊ အိမ်တော်များ၊ ရွှေကြီးမြင့်၊ မဟာမုနိဘုရားဈေးများမှအစ မန္တလေးမြို့ လေးပြင်လေးရပ် ရပ်ကွက်အကြိုအကြားမကျန် သူ့စီးတော်ယာဉ် မောင်ဗမာစက်ဘီးအစုတ်ကလေး ချောက်ချက်ချောက်ချက်ဖြင့် နင်း၍သွားမည်။ ကြို့ရာဆိုင်က အရက်ဖြူသုံးလေးပက်ကို ကုလားမျိုမျိုမည်။ ပြီးလျှင် ကြီးတောင့်ကြီးမား သူ့အရွယ်ကိုမှုအားမနာ ကလေးဘုစုခရု သူ့သားလောက် ချွေတ်တွေကြားထဲ ဖြဲရဲဝင်၍ စာကလေးတွေအလယ်က လင်းတအိုကြီးနှယ် ဘုတ်ထိုင်ထိုင်ကာ အန်ကလုံကို မထတမ်း တဂုံးဂုံးတဂွမ်းဂွမ်း ဆွဲတော့သည်။ ထိုမှုဝါသနာကြီး၊ ဖွဲကြီး မိုးလင်းပေါက်ထိုင်တတ်၍ နိုင်လေသလားမေး။ နိမ်းဟဲ . . . အချား ဟဲ။

ရှုံးတာပဲ များပါသည်။

ရှုံးရမည်လေ။

သူလုပ်ပုံကိုလည်း ကြည့်ဦး။

''အစ်ကို . . . ကလေးတွေကြားထဲ ဝင်ဝင်ပြီး ဘာလို့အန်ကလုံ ဆွဲနေရတာလဲဗျ''

''ပျော်လို့ကွ''

''ခင်ဗျား ဒီအရွယ်ကြီးနဲ့ ကြီးတောင့်ကြီးမား။ မရှက်ဘူးလား''

''ရှက်စရာလား''

''ခုနက နိုင်နေတုန်းကတော့ ရပ်ပြီး ဘာလို့မပြန်ရတာတုံး''

''ဒိုင်ကိုသနားလို့ကွ''

''နိုင်တဲ့ငွေတွေရော အခုဘယ်ရောက်ကုန်ပလဲ ခင်ဗျားဟာ''

''ရှုံးတဲ့ကလေးတွေ ဝေပေးလိုက်လို့ ကုန်ပြီ''





''ဟင် . . . ဘာလို့လဲ''

''အားနာလို့ဟ''

ကိုင်း . . . ကျွန်တော်တို့၏ ရပ်စဖြူတင်ကား ဤလိုလူစားဖြစ်ချေသည်တစ်မုံ့။

❖ ❖ ❖

(၄)

❑

တစ်ဦးမေတ္တာတစ်ဦးမှာတဲ့။

ခွေးသားစားဖူးသူကို ခွေးများက အားကြီးမုန်း၏။ တအားဟောင်၊ တစ်အားကိုက်လေ့ရှိတတ်သည်။

မြွေကိုသတ်ဖူးသူ၊ မြွေသားစားဖူးသူကိုလည်း မြွေတွေက ရန်ငြိုးဖွဲ့လေ့ရှိသည်။ မြွေကိုက်၍ သေတတ်သည်။ အမြဲမြွေဘေးကြုံလေ့ရှိတတ်သည်။

ထိုကဲ့သို့သာပင်။ ထောင်ထဲက ရှိရှိသမျှ ကြုံးဒဏ်ခံရသည့် သေဒဏ်အကျဉ်းသားမှန်သမျှကို လက်ရဲဇက်ရဲ ဂုဏ်ကြီးခံ၍ မြိန်ရေ

ရှက်ရေ ဒေါက်ဖြုတ်သုတ်သင်နေသော ဒေါက်ကြီး၊ ရပ်စပြုတင်ကို ကြိုးတိုက်အတွင်းမှ သေဒဏ်ကြိုးသမား အကျဉ်းသားများကလည်း သဲသဲမဲမဲကြီး မုန်းတီးကြသည်။ သူ့မို့ ခပ်ဝေးဝေးက ရိပ်ခနဲ မမြင် လိုက်နှင့်။ သူတို့အခန်းထဲမှာ သူ့ကိုကျောပေး၍ ထိုင်နေကြလိမ့်မည်။ သူ့အသံမို့ မကြားလိုက်နှင့်။ တစ်ခန်းနှင့်တစ်ခန်း အော်ကျယ်ဟစ်ကျယ် ရယ်ရယ်မောမောရှိနေသမျှအသံတွေ တိခနဲရပ်၊ ကိုယ့်နေရာမှာကိုယ် မလှုပ်စတမ်း ငြိမ်ကုပ်၍၊ ပေ၍ ရပ်နေကြကာ အသံတိတ် ပွစိပွစိ အယုတ္တအနတ္တ မေတ္တာပို့နေကြပါလိမ့်မည်။

သေဒဏ်ကြိုးဒဏ် စီရင်စရာရှိသည့်နေ့မျိုးတွင်သာ သူ့မျက်နှာကြီး၊ သူ့အသံကြီးကို မတတ်သာ မြင်နေကြားနေရသည်ကလွဲ၍ သာမန်ကာလမျိုး၌ ကြိုးတိုက်ခန်းအနားသို့ သူမို့မသီလာလေနှင့်။ စောင်းမြောင်းဆဲဆို စကားတင်းဆိုကြပေချိမ့်မည်။ တစောင်းစေးနှင့် မျက်ချေး။

တောင်ငူကလည်း တောင်ငူ၊ မောင်းထောင်ကလည်း မောင်းထောင်။

''လူတစ်ယောက်ကိုကြိုးပေးခါနီး ဘယ်လိုနေသလဲ''

ထောင်နှင့်မနီးသည့် ပြင်ပကမ္ဘာကပုဂ္ဂိုလ်တွေ အလွန်သိချင်ကြသည့်ကိစ္စ။ သေမည့်ဘေးကို အကြောက်ကြီးကြောက်၊ အလန့်ကြီးလန့်လျက် တွန့်ထိုးရုန်းကန်ကာ နေလေသလား။ ဇာချွေးများပြန်၍ မေ့မြောပြီး တက်သွားချက်သွားလေသလား။ သိလိုသည့်အာသီသ ပြင်းပြင်းပြပြ ရှိတတ်ကြသည်။

ဆန်းတော့လည်း အဆန်းသား။

ကိုယ်တွေ့ကိုယ်ကြုံ၊ ရှေ့စကားနောက်စကား ထောင်မှာတမ်း





တွေ့အရ ထိုအဖြစ်မျိုးက တစ်ဦးတလေပမာ တွေ့ခဲလှ၏။ မရှိလှ တော့လည်း မဟုတ်။ လုပ်သက်ရင့်၊ အတွေ့အကြုံများသော ထောင် အရာရှိကြီးများ၊ ရှေးမီနောက်မီ ဆရာသမားများ၏ တစ်ယောက်နှုတ် များ တစ်ယောက်နားဖြင့် ကြားရဖူးသည်မှာ ကြိုးစင်ပေါ်မတက်မီ ပြန်မလည်လာသောမေ့ခြင်းဖြင့် မေ့မြောသွားသော ကြိုးသမားပင် ရှိခဲ့ဖူး သည်ဆို၏။ အဆိုပါကြိုးသမားအား အခြေအနေမပျက်ပင် ကြိုးစင်ပေါ် မွေ့တင်သွားစေပြီး ကြိုးပေးခဲ့ရသည်ဟု ပြောသံကြားခဲ့ရဖူးသည်။

သို့သော် တစ်ယောက်ဆိုတစ်ယောက် စိတ်နှလုံးနူးညံ့မသွား ဘဲ သေသည်အထိ ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်းကလေး အသုံးတော်ခံ သွားတတ်သည့် ကြိုးသမားမျိုးလည်း ရှိတတ်ပေသေးသည်။

စိန်ကြီး . . . တဲ့။

စိန်ကြီးအား ကြိုးမပေးမီနှစ်ရက်အလိုတွင် ၎င်း၏သူငယ်ချင်း တစ်ယောက် ထောင်ဝင်စာလာတွေ့၏။

''သူငယ်ချင်းရေ . . . ငါ့ကိုတော့ သန်ဘက်ခါမနက်ဆိုရင် ကြိုးပေးကြတော့မယ်ကွ။ အဲဒီတော့ မင်းရွာပြန်ရင် ရမ်တစ်ပုလင်း သောက် ဝယ်သွားပါ။ သန်ဘက်ခါညခြောက်နာရီမှာ မင်းအိမ်ကို ငါရောက် အောင်လာခဲ့မယ်။ ငါ့ရည်းစား ရွှေအေးကိုလည်း မင်းအိမ်မှာခေါ်ထား ပါ။ ပြီးတော့ ဖန်ခွက်သုံးလုံးထဲမှာ အရက်ထည့်ထား။ တစ်ခွက်ကို ငါ သောက်မယ်။ တစ်ခွက်ကို မင်းသောက်။ နောက်တစ်ခွက်ကို ရွှေအေး သောက်ပေစေ . . . ကြားလား။ မြောက်ဝိုင်းကြီး ဒေါ်ပုအိမ်က ကြက်မြစ် ကြက်သည်းကလေးလည်း ရရင်ဝယ်ထားလိုက်ပါကွာ''

စိန်ကြီးက သေသေချာချာ အကျအနမှာ၏။

သူ့သူငယ်ချင်းနှင့် ရည်းစားတို့က တကယ်ပင်အရက်ဝယ်ပြီး

စောင့်လေသလော။ စိန်ကြီး၏ ဝိညာဉ်တစ္ဆေက တကယ်ပင်ရောက်အောင် သွားလေသလောတော့ တပ်အပ်မသိ။

စိန်ကြီးအား ကြိုးမပေးမီညက မည်သည့်အစားအစာမျိုးကို စားလိုကြောင်းမေးမြန်းရာ ငါးသုံးလုံးစီးကရက် ငါးဆယ်ဝင် သံဘူး တစ်ဘူးဝယ်ပေးရန် တောင်းဆိုခဲ့၏။ စိန်ကြီးသည် ၎င်းညက တစ်ညလုံး မအိပ်ဘဲ မိုးအလင်းထိထိုင်ပြီး စီးကရက်တစ်လိပ်ပြီးတစ်လိပ် သောက်နေခဲ့သည်။ အစောင့်ကျသည့် ဝန်ထမ်းများအားလည်း ပေါက်ကရစကားများကို တတွတ်တွတ်ပြောလျက်ရှိသည်။ နံနက်မိုးလင်းသည့်အခါ စီးကရက်တစ်လိပ်မျှ မကျန်ရှိတော့။ နတ္ထိ။ စိန်ကြီးသောက်၍ ကုန်ခဲ့ပြီ။

သူ့ကိုကြိုးမပေးမီ သရဏဂုံတင်ရန် ပြောသည့်အခါ ခါးခါး သီးသီး ငြင်းဆန်ခဲ့သည်။ 'သရဲမဖြစ်ဘဲနေမှာစိုးလို့' တဲ့ခင်ဗျာ။

ကြိုးစင်ပေါ်ရောက်၍ ကြိုးကွင်းစွပ်ပြီး ဆုတောင်းခိုင်းသည့် အခါတွင်လည်း သူကောင့်သား စိန်ကြီးက ဘယ်လိုဆုတောင်းသွားသည် ထင်ပါသလဲ။

"ရွှေအေးရေ . . . ဒီအချိန်ကစပြီး ငါလူ့ပြည်မှာ မရှိတော့ ဘူးဟေ့။ တမလွန်ကပဲ စောင့်နေတော့မယ်" တဲ့။

ထိုသို့လည်း ကြုံရတတ်ပါသေးသည်။

"အဲဒီလို မိုးတွေသဲကြီးမဲကြီးရွာနေတုန်းမှာပေါ့။ စစ်ကြိုခေတ် (Pre-War) တုန်းက ရန်ကုန်ထောင်မှာ ကြိုးသမားတစ်ယောက်ကို ကြိုးပေးတော့ ထူးဆန်းတဲ့အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ဖူးတယ်"

အထက်ပါအတိုင်း နိဒါန်းသွယ်လျက် ယခုအခါ ကွယ်လွန် ခဲ့လေပြီးသော အငြိမ်းစားထောင်ပိုင်ကြီးဦးတူးတူးက ပြန်ပြောခဲ့သည် ဆိုသည့် အဖြစ်အပျက်ကလေးက တစ်မျိုး။





ကြိုးပေးခံရမည့်သူမှာ ဘဇံဆိုသူဖြစ်၏။

ပဲခူးခရိုင် စက်ရှင်မင်းကြီးရုံးမှ လူသတ်မှုဖြင့် သေဒဏ်စီရင် ခြင်းခံရပြီး ပဲခူးအကျဉ်းထောင်တွင် ကြိုးစင်မရှိသဖြင့် ရန်ကုန်ထောင် သို့ပို့၍ ကြိုးပေးခံရသည့်အကျဉ်းသား ဖြစ်သည်။

ထိုညက ထောင်မှူးဦးတူးတူးနှင့် ထောင်မှူးဦးဘရင်တို့ နှစ် ယောက်သား ကြိုးတိုက်အတွင်းသို့ဝင်ခဲ့ရာ ဘဇံသည် ကြိုးတိုက်ခန်း ထောင့်တစ်နေရာတွင် ချောင်ကပ်ပြီး ရပ်နေသည်ကို တွေ့ရ၏။ တစ်ည လုံးမအိပ်။ ထိုင်လိုက်၊ ထလိုက်၊ ဟိုချောင်ကပ်လိုက်၊ သည်ချောင်ကပ် လိုက် လုပ်နေကြောင်း သိရသည်။ သူတို့ကိုမြင်လျှင် မျက်လုံးမျက်ဆံ ပြူးကြောင်ကြောင်နှင့် အသံကုန်အော်တော့၏ . . . တဲ့။

"မလာနဲ့ . . . မလာနဲ့ . . . ငါ့အနားကို ဘယ်သူမှမလာနဲ့"

နံနက်ဦး ကြိုးပေးကြမည်ဟု တိုက်ခန်းရှေ့ကိုသွားကာ သူ့ကို ခေါ်ထုတ်ဖို့ ပြင်ဆင်ကြရပြီ။

"ဘဇံရေ . . . စိတ်ကောင်းကောင်းထားကွာ။ ဆရာတို့ ဝတ္တရား ရှိတဲ့အတိုင်း လုပ်ကြရမယ်နော်"

"သခင်ကြီး . . . မလာနဲ့ . . . မလာနဲ့။ ငါ့ကို မလုပ်နဲ့"

ထောင်မှူးကြီးက ကုလားထောင်ကြပ်ကို သော့ဖွင့်ရန် အမိန့် ပေးရတော့၏။

"ဟေ့ . . . စန္ဒရီ၊ ကြာဘိခိုလိုး"

"ဒဲဖ်မစ် ဒမ်ဘာလယ်ရီဖူး"

ဘဇံသည် ဘာမပြောညာမပြောနှင့် သူ့တိုက်ခန်းထဲရှိ ဂန် လောား(ချေး–သေး။ မိလ္လာအိုး)ကို မ,ကာ လှမ်းပက်လိုက်၍ ချေးများ၊ သေးများစဉ်သွားသော ထောင်မှူးကြီးက ဒေါပွပွဖြင့် ရေရွတ်လိုက်ခြင်း

ပင်။ သည်လိုပုံဖြင့်တော့ မဖြစ်တော့။ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် ထွားထွားကျိုင်းကျိုင်း၊ သန်မာတောင့်တင်းသူ ထောင်ကြပ်ချုပ် (ဥင်းနီ) အာဂျမ်းဆင်နှင့် ခပ်တောင့်တောင့် ထောင်ကြပ်လေးယောက်တို့ ကြိုးတိုက်ခန်းထဲဝင်သွားကြပြီး ဘာကိုမလှုပ်နိုင်အောင်ချုပ်ကာ လက်ထိတ်နောက်ပြန်ခတ်လျက် ကြိုးစင်ပေါ်သို့ ဖွတ်ဆွဲခေါ်သွားကြပြီး ကြိုးဒဏ်စီရင်ခဲ့ကြရသည့်တဲ့ခင်ဗျာ။

ဟုတ်ကဲ့ . . . ထောင်ဆိုသော ထိုအရပ်၌ ထိုနည်းတိုင်း စိတ်နှလုံးနောက်ကျိုဖွယ်များကိုလည်း ကြုံရတတ်ပါသေးသည်။

သို့ဖြစ်၍လည်း ကျွန်တော်တို့ မန္တလေးထောင်၌ 'ဒေါက်ကြီး (ခ) ရပ်စပြူတင်'ရှိနေခြင်းက အနီသို့သော ဝမ်းပါးဖွယ်ကိစ္စများကို သက်သာရာရစေခဲ့ခြင်း ဖြစ်ပါ၏။ ကြိုးသမားကြိုးပေးစရာရှိ၍ ဒေါက် ဖြုတ်သမား (Hangman) တာဝန်ကျမှာကိုလည်း မပူပန်ရ။ ခပ်ကြမ်းကြမ်း၊ ခပ်ဆိုးဆိုး ကြိုးသမားမျိုးကိစ္စကိုလည်း မစိုးရိမ်ရ။ ဒေါက်ကြီးပဲ ကြည့်လုပ်သွားလိမ့်မည်။ စိတ်ချရ၏။

ပြီးလျှင် ပြောဖို့ကျန်နေတာကလေးကိုလည်း ဖြည့်စွက်၍ ပြောပြရဦးမည်။ ကိုယ်တော်ချောက စကားမပြောမပြောနှင့် ပြောမည့် ပြောတော့ ညလုံးပေါက် မရပ်မနား (Nun-Stop)ပြောနိုင်ပါသည်ကော။ ဤသည်ကလည်း ထူးခြားသည့် သူ့အမူအကျင့်ပါပေ။

မနက်ဖြန်နံနက်စောစော ကြိုးဒဏ်စီရင်ဖို့ ကိစ္စရှိပြီဆိုလျှင် သေဒဏ်ခံရမည့် ကြိုးသမားအကျဉ်းသားအား ၂၄ နာရီကြိုတင်၍ အသိပေးရပါ၏။ ပြီးလျှင် သူ့ဆန္ဒရှိရာရာ (ဥပဒေကခွင့်ပြုသမျှ) သူ့နောက်ဆုံးဆန္ဒကို မေးမြန်း၍ လိုလေသေးမရှိ ဖြည့်ဆည်းပေးကြရတတ်ပါသည်။ ဘာစားချင်သလဲ၊ ဘာသောက်ချင်သလဲ၊ တရားနာမလား၊ ကတ်ဆက်





သီချင်း နားထောင်မလား။ သူ့ကိုယ်သူနှင့် အခြားသူတစ်ဦးဦးကို အန္တရာယ်မပြုသရွေ့ ခွင့်လွှတ်လိုက်လျောပေးရတတ်ပါသည်။ အဲ . . . ထိုအချိန်မျိုးတွင် မနက်စောစော၌ ဤကမ္ဘာမြေနှင့် လူ့ဘုံလူ့ဘဝကြီးအား သစ်စိမ်းချိုးချိုး၍ ထွက်ခွာရတော့မည့်ကာလဖြစ်၍ ထိုည၌ ထိုအချိန်များကို နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျကာ အိပ်ပစ်လိုက်လိမ့်မည်ထင်ပါသလား။ မအိပ်ပါ။ မအိပ်ကြတော့ပါ။ ထိုကာလတွင် အရေးအကြီးဆုံး သူတို့ရှာတတ်၊ လိုအပ်တတ်သည်က သူတို့ပိုင်ဆိုင်ခွင့်ရှိသမျှ နောက်ဆုံးဘဝအချိန်ကလေးအတွင်း၌ သူတို့ရင်ထဲက စကားခွန်းများကို လွှတ်လွှတ်လပ်လပ်ကြီး ရင်ဖွင့်အန်ချနိုင်ဖို့ စကားပြောဖော်၊ နားထောင်ဖော်၊ မျှဝေခံစားဖော်တစ်ဦးဦးကိုသာ ဖြစ်ပါလေ၏။

သည်တာဝန်ကို ဒေါက်ကြီးက လိုလိုချင်ချင်၊ မညည်းမညူ လိုလိုလားလား ထမ်းဆောင်ပါ၏။

"ဆရာ"

"ဟေ . . . ဘာလဲ မောင်ထွန်းရင်"

"ဆရာ့ကို မေးခွန်းတစ်ခုလောက် မေးပါရစေ"

"အောင်မယ်လေး . . . မောင်ထွန်းရင်ရယ်။ မင်းနဲ့ငါနေလာခဲ့တာ ဒါလောက်ကြာလာမှပဲ။ မေးချင်တာများ စကားပလ္လင်တွေ ဘာတွေခံနေရသေးတယ်လို့။ ဘာမေးမှာလဲ။ မေးပေါ့ကွ"

"မဟုတ်သေးပါဘူး ဆရာ။ အဲဒီလို လွယ်လွယ်ကလေး မပြောလိုက်ပါနဲ့။ အခု ကျွန်တော်မေးမယ့်မေးခွန်းဟာ မေးမယ်မေးမယ်နဲ့ ရင်ထဲမှာ မျိုသိပ်ထားခဲ့ရတာ ကြာလှပါပြီ။ ထောင်မှူးကြီးလာတဲ့အခါကျတော့လည်း မမေးရဲလို့"

"အေးပါကွာ . . . ။ မေးချင်တာ ရဲရဲမေး။ ဆရာဖြေနိုင်တာ ဆိုရင် ဖြေဖို့အသင့်ပါပဲ"

"ဆရာနဲ့ ကျွန်တော်တို့ဟာ ရန်သူတွေမဟုတ်ဘူးနော်"

"ကြဲကြီးစည်ရာကွာ . . . မင်းနှယ်။ ဘယ်လိုလုပ် ရန်သူဖြစ်နိုင်မှာလဲ။ ဘာရန်ငြိုးရန်စမှ ရှိဖူးတာလည်း မဟုတ်"

"ဟုတ်ပြီ . . . ကျွန်တော်လိုချင်တာ အဲဒါပဲ။ ကဲ . . . ကျွန်တော်တစ်ခုထပ်မေးဦးမယ်"

"မေးဗျာ . . . မေး . . . မေး"

"ဆရာပြောသလို ဘာရန်ငြိုးရန်စမှ မရှိဖူးတဲ့၊ ရန်သူလည်း မဟုတ်တဲ့ ကျွန်တော့်ကို မနက်ဖြန်မနက် ကြိုးပေးသတ်ရတော့မယ်ဆိုတော့ ဆရာ့ရင်ထဲမှာ ဘယ်လိုခံစားရသလဲ။ အဲဒါကိုကျွန်တော်သိချင်တာပေါ့"

ကိုင်း . . . ဘယ့်နဲ့ရှိပါစ။ စာရေးဆရာကြီး (ဦး) ရန်အောင်မောင်မောင်ကို သေဒဏ်ကျကြိုးသမားတစ်ဦးက မေးခဲ့ဖူးသည့်စကားတစ်ခွန်း ဖြစ်ပါလေ၏။ သူတို့ဘဝ၏နိဂုံး အချိန်ကလေး၌ သူတို့ရင်ကို ဟင်းလင်းဖွင့်၍ မေးချင်တာ၊ ပြောချင်တာ၊ မှာချင်တာများကို ဝေါခနဲ သွန်ချလေ့ရှိတတ်ကြပါသည်။

ပြီးလျှင် သူတို့၏ဘဝနောက်ကြောင်း။ သူတို့၏ပြစ်မှု၊ သူတို့ ရာဇဝတ်မှုခင်း ကျူးလွန်ခဲ့ကြပုံ စသည်စသည် ရောက်တတ်ရာရာတွေကို စီကာပတ်ကုံး ပြောပြတတ်လေ့ရှိတက်ပါ၏။ စိတ်ရှည်လက်ရှည်သာ အချိန်ပေး၍ နားဆင်ပါလေတော့။

ကျွန်တော်တို့၏နောင်တော် 'ဒေါက်ကြီး'ကမူ ယမကာလေးခပ်တွေတွေဖြင့် မနက်တွင်ကြိုးပေးခံရတော့မည့် သေဒဏ်အကျဉ်းသား





ရင်ပေါ့၍ အသေဖြောင့်လေအောင် ရင်းရင်းနှီးနှီး ညှိထောက်ခံနားထောင်ပေးတတ်ပါ၏။ ပြောချင်တာသာပြော၊ သူ့ကိုပင် ဆဲချင်ဆဲလိုက်ဦး။ ပြုံးပြုံးကြီး နားထောင်ပေးပါသည်။ သူ့ရင်တွင်းက ရေချိန်ကုန်လျှင် ဘူးတံခါးကြီးကို ခပ်သွက်သွက်ပြေး၍ အရှိန်ကလေးတင်လိုက်၊ သေဒဏ်သမားနှင့်အတူ စားလိုက်သောက်လိုက်။ ဟုတ်ကဲ့ . . . ။ တစ်ညလုံးမှ တကယ့်ကိုတစ်ညလုံးပါပဲတဲ့။ သိဖူးသမျှ အရာရှိ၊ ဝန်ထမ်းတွေ ကြုံဖူး၊ တွေ့ဖူးခဲ့ရပါလေသည်။

ကဲ . . . သေဒဏ်အကျဉ်းသားဘက်က ပြော၍အားရပြီလား။ ပြောစရာစကားကုန်ပြီလား။ ထိုသို့ဆိုပါက 'ရပ်စပြျူတင်'ကြီးက အနီ သေဒဏ်ကြိုးသမားကို စကားကြီးသုံးခွန်း သူက မေးပါလိမ့်မည်။ ပြီးလျှင် သူ့အဆိုအရ 'နောက်ဆုံးသစ္စာလက်ကျန်ရှင်းတမ်း' အဖြစ် ထိုသူ့စကားကြီးသုံးခွန်းနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပါလိမ့်မည်။

ထိုအခါမျိုး၌ စကားနည်းသော လေကို ငွေလို ချွေတာလွန်းသော ကိုတေမိ၊ ဦးတေမိက လေကြောတွေရှည်ပြပါလေမည်တဲ့။

ကျွန်တော်ကိုယ်တိုင်ပင် ဝင်းမြင့်ဆိုသည့် သေဒဏ်အကျဉ်းသားအား ကြိုးမပေးမီညက 'ဒေါက်ကြီး'နှင့် အကျေအလည် အင်တာဗျူးကြသည်ကို မျက်မြင် ဒုတ်တုတ်သား ပက်ပင်းကြီး ကြုံခဲ့ဖူးပါသည်။

ဝင်းမြင့် . . . ။

ဝင်းမြင့်ဆိုသည်က 'ချစ်ဟောင်းကိုရှဲ၊ ချစ်သစ်လဲ၍၊ သေပွဲသွင်းကာ၊ မိသားမာသို့၊ ကြင်နာကင်းမဲ့၊ ချစ်မင့်ဘူး၊ ကိုးဆယ့်ကိုးဇာတ်၊ သင်ကိုသတ်သား၊ မမြတ်ယုတ်မာ၊ ကျမ်းနိုက်လာခဲ့' ဆိုသည့် မန်လည်ဆရာတော်ဘုန်းတော်ကြီးဘုရား၏ မာဃဒေဝလင်္ကာသစ်လာအတိုင်း

လင်ကြီးငုတ်တုတ်ဇနီးသည်နှင့် အိမ်ထောင်ရေးဖောက်ပြားလျက် လင်ကြီးကို နှစ်ယောက်သားပူးပေါင်းကြံစည်သတ်ဖြတ်၍ အလောင်းကိုပါဖျောက်ဖျက်ခဲ့သည့် အကျော်ဒေယျအမှုကြီးဖြင့် သေဒဏ်ကျခံလာခဲ့ရသည့် လူငယ်တစ်ဦး ဖြစ်ပါ၏။

'မိန်းမတို့ဇာတ်၊ သည်တိုင်းမှတ်လော့၊ မတ်နှင့်တစ်သွန်၊ ကျွန်နှင့်ကြုံခိုက်၊ တွေ့ရာကြိုက်၍၊ ကြုံကြိုက်သမျှ၊ မိပါပတို့၊ ကြုံကြမစောင်း၊ ငန်းစောင်းမြွေဟောက်၊ ပြန်ကာပေါက်သို့၊ စိတ်ကောက်ဝင်ကာ၊ ပျက်သစ္စာနှင့်၊ မေတ္တာသွေပြောင်း၊ သတ်ခွင့်ချောင်းလျက်၊ သေကြောင်းကိုသာ၊ ကြံတတ်စွာ၏၊ ကိလေသာဟူ၊ မိုက်သွေးဆူက၊ လူသောခွေးသော၊ ကျေးကျွန်သောဟူ၊ သဘောမထင်၊ မဆင်ခြင်ခဲ့'တဲ့ခင်ဗျ။

ကြောက်စရာ ထိုအမှုကြီးကို ကျူးလွန်ခဲ့ကြသည့် ဒုစရိုက်မောင်မယ်တို့ကား ငယ်ကြရှာပါသေးသည်။ အမျိုးသမီး (မတင်လှိုင်) က ရှိလှ ၃၀–၃၅ နှစ်ပ။ ကောင်းကလေးဝင်းမြင့်က ဘာရှိဦးမည်နည်း။ အသက် ၂၀ ခွန်းစ တစ်နှစ်၊ နှစ်နှစ် သာသာခန့်။

အကျဉ်းထောင်တွင်း ကြိုးသမားဘဝ နေပုံထိုင်ပုံ၊ အခြားအကျဉ်းသားဝန်ထမ်းများနှင့်ဆက်ဆံရေး၊ သူ့တစ်ကိုယ်ရေဘာသာတရားကိုင်းရှိုင်းပုံမျိုးက သည်မှုကြီးလေးပြင်းထန်သည့် ဖြစ်မှုကြီးကိုယုတ်ယုတ်မာမာ၊ ရက်ရက်စက်စက် ကျူးလွန်ခဲ့သည်ဟု မယုံနိုင်စရာယဉ်ကျေးသိမ်မွေ့လွန်းသည်။ အနေရိုး၍ စိတ်ထားဖြောင့်မတ် ငြိမ်းအေးလွန်းလှပါ၏

(သူတို့ဘဝကလေးကို စေ့ငုံ၍ ကျွန်တော်ပင်လျှင် 'မျက်ရည်မွှင့်ပုံပြင်'မည်သော ဝတ္ထုတစ်ပုဒ် ရေးဖွဲ့ခဲ့ဖူးသည်။)





အနှီ ဝင်းမြင့် (ခေါ်) သေဒဏ်ကျအကျဉ်းသား၏ နောက်ဆုံးညအင်တာဗျူးကလေးကို နားဆင်ကြည့်ကြပါခင်ဗျား။

"ကောင်ကလေး . . . ငြိမ်လှချည်ကလားကွ"

"ဟုတ်ကဲ့ ဆရာ"

"အမှုအကြောင်းတွေကိုတွေးပြီး ဆွေးနေသလားကွ။ သင္ကာဝါတစ်ခု ကံတစ်ခုပါ ငါ့လူရာ။ တချို့ကိစ္စတွေဟာလည်း မှန်တယ်လို့ထင်နေကြတဲ့ လူအများစုရဲ့ ထင်ယောင်မှားမှု ဝိပလ္လာသတွေပါပဲ"

"ဒီလိုပဲပေါ့ ဆရာရယ်"

"မင်း ဘာမှလည်း မစားသေးပါကလားကွ။ ဘာစားမလဲ။ ဆရာ ဘာစီစဉ်ပေးရမလဲ။ တစ်ခုခုစားကွာ"

"ကျွန်တော် ဒီနေ့ ဥပုသ်ယူထားတယ်ဆရာ။ မနက်ဖြန်မနက်ကြီး သူများတွေကို ဒုက္ခပေးရမှာစိုးလို့ နေ့လယ်ကပဲ ထောင်ပိုင်ကြီးကိုတင်ပြပြီး ဆရာတော်တစ်ပါးပင့်၊ သရဏဂုံကြိုယူရင်း ဆယ်ပါးသီလပါ ယူထားလိုက်တယ် ဆရာ"

"ဟေ . . . အေး . . . အေး . . . သာဓုပါကွာ . . . သာဓုသာဓုပါ"

"ဆရာ . . . အပြင်မှာ လများသိပ်သာနေသလားခင်ဗျ။ ကြိုးတိုက်ခန်းထဲဝင်လာတဲ့ လရောင်ကတော့ ဝင်းနေတာပဲ။ ကြယ်တွေလည်းစုံနေမှာပဲ ထင်ပါရဲ့"

"လာခဲ့လေကွာ ဒီနားကို။ အေး . . . အဲဒီသံတိုင်ပြတင်းဝကမင်းကိုယ်တိုင်ကြည့်လေကွာ။ တွေ့လား။ ကောင်းကင်ရယ်၊ မြေကြီးရယ်၊ နေရယ်၊ လရယ်ကတော့ ကမ္ဘာဦးကတည်းက ဒီနေ့အထိ သူ့အလုပ်သူ မှန်မှန်ကြီးလုပ်နေတာပဲ မောင်ရ။ ဆီး၊ နှင်း၊ မြူ၊ ကိမ်၊

သူရိုန် မီးခိုးတွေကြောင့်သာ အရောင်အဝါ ညစ်ချင်ညစ်ရမယ်။ သူတို့ရဲ့ ထာဝရကိစ္စတွေကတော့ မပျက်ကွက်စေရဘူးဟေ့။ လုပ်နေမြဲပဲ။ ကြည့်ပါဦး။ သာလိုက်တဲ့ လရောင်''

''လောကနဲ့ သစ္စာတရားလိုပေါ့ ဆရာ''

''အေးလကွာ . . . ဒီကမ္ဘာလောကကြီးထဲကို မင်းပဲဝင်လာလာ၊ ငါပဲဝင်လာလာ၊ မင်းပဲထွက်သွားသွား၊ ငါပဲထွက်သွားသွား မတုန်မလှုပ် ကျချွေမပျက်နေနိုင်တာ ဟောဒီသဘာဝတရားကြီး၊ ဩကာသလောကကြီးနဲ့ သစ္စာတရားတွေပဲ ရှိတော့တာမဟုတ်လား''

''ဟား . . . ဂေဟင်းလိုက်တဲ့ ဒိုင်ယာလော့ဂ် ဆရာရယ်''

''ဆရာ့ကို လူတိုင်းက 'ဒေါက်ကြီး'၊ 'ရုပ်စပြူတင်'လို့ခေါ်ပြီး ကြောက်နေကြတာ။ ဆရာ့စိတ်ထဲ ဒီလောက်ကောင်းတဲ့ အတွေးတွေ ရှိမယ်မထင်ခဲ့ဘူး။ အခုမှပဲ ကြားရ၊ သိရတော့တယ်။ နှမြောစရာကောင်းလိုက်တာခင်ဗျာ''

''ဩော် . . . ငါပြောခဲ့ပါရောလား။ ဝိပ္ပလာသတွေပါဆိုမှပဲ။ အသိမှား၊ အမြင်မှား၊ ထင်ယောင်မှားမှုတွေပေါ့ဟ။ သူတို့က ငါ့ရဲ့ အပေါ်ယံရုပ်လက္ခဏာနဲ့ ရုပ်ပြဟန်ပြအလုပ်တွေကိုပဲ ရှုမြင်နေကြ။ ငါ့ရင်ထဲက ဟိုးအတွင်းပိုင်းအထိမှ နိုက်ပြီးမမြင်နိုင်ကြတာကပဲ။ လောကကြီးကိုက ဟုတ်ယောင်ထင်မှုအမှားတွေနဲ့ တန်ဆာဆင်ပြီး ကျေနပ်ရောင့်ရဲတင့်တယ်နေတဲ့ လောကအတုကြီးပဲဟာကွ''

''ဩော် . . . ဆရာ။ ဟောဒီ ကျွန်တော့်ကဗျာစာအုပ်ကလေးကို ဆရာပဲသိမ်းထားပေးပါ။ တကယ်လို့ ကျွန်တော့်ညီကလေး မြေဇာဖြစ်ဖြစ်၊ ကျွန်တော့်သူငယ်ချင်း မြရွက်ဖြစ်ဖြစ် လာခဲ့ရင် ဆရာကပဲ တစ်ဆင့်ပေးပေးပါခင်ဗျာ''





''စိတ်ချပါ ငါ့လူ။ ဒီအတွက်တော့ နောက်ဆံတင်းမနေနဲ့။ ပေး . . . ပေး . . . ဆရာ့ကိုပေး။ နောက်ပြီး စကားအမှာပါးစရာ ဘာရှိသေးသလဲကွ။ဘာပြောပေးရဦးမလဲ''

''မရှိတော့ပါဘူး ဆရာရယ်။ ကျွန်တော်ပြောစရာရှိတာတွေ အကုန်ပြောခဲ့ပြီးပါပြီ။ နောက်ထပ်ပြောဖို့လည်း မရှိတော့သလို ပြောချင်စိတ်လည်း မရှိတော့ပါဘူး''

''ဟော့ကောင်လေး . . . မင်း လောကကြီးကို အရှုံးပေးလိုက်တာလား။ ဒီလောကကြီးထဲက အရှုံးနဲ့မင်းထွက်သွားတော့မလို့လားကွဟင်''

'' . . . . . . ''

''ဟောဒီ လူ့ဘဝထဲကို တို့များဘယ်လိုဝင်လာခဲ့ကြရသလဲ။ အူဝဲ . . . အူဝဲနဲ့ အော်ရင်းဟစ်ရင်း ဘာမှမပြောနိုင်၊ မဆိုနိုင်၊ မပြောတတ်၊ မဆိုတတ်၊ သူတစ်ပါးရဲ့အပြုပြင် အစီရင်ခံ သတ္တဝါကလေးလို ဝင်ခဲ့ကြရတယ် မဟုတ်လား''

'' . . . . . . ''

''အေး . . . ထွက်သွားတော့ရော ပြောစရာစကား၊ လောကအတွက် ချန်ထားခဲ့ရမယ့် အမှန်တရားတွေကို ရေငုံနှုတ်ပိတ် မင်းရင်ဘတ်ထဲ မင်းထည့်လွယ်လို့ ထွက်သွားဦးမလို့လား။ ဒါဆို မင်းလည်း ရှုံးတယ်။ လောကကြီးလည်း ရှုံးတယ်။ ပရမတ္ထသစ္စာတရားလည်း ရှုံးတယ်ကွ''

''ခင်ဗျာ . . . ဆရာ''

''လောကကြီးရဲ့ အများဆုံးဖြတ်ထားတဲ့ အမှန်ဆိုသော ဟုတ်ယောင်ထင်မှုအမှားတွေကို မဆန့်ကျင်နိုင်ခဲ့လို့၊ အခြေအနေမပေး

ခဲ့လို့ ဒီလောကကြီးထဲက မင်းထွက်သွားဦး။ မင်းရင်ထဲက တကယ့် ပကတိ အမှန်သစ္စာတရား မီးအလင်းတိုင်ကို ကျန်ခဲ့ဦးမယ့်နောက် တစ်ယောက် ဆီမီးကူး ထွန်းညှိပေးရဦးမယ် မဟုတ်လား။ မင်းဘဝထဲ က သစ္စာမျိုးစေ့ကနေ အမှန်တရားသစ်ပင် လောကထဲမှာ ပေါက်ရောက် သန်မာကျန်ခဲ့ဖို့ မျိုးခဲ့ရဦးမှာမဟုတ်လား။ ဟုတ်ရဲ့လား ငါ့လူရဲ့"

"ဆရာရယ်"

"တို့မှာ အချိန်သုံးနာရီလောက် ကျန်သေးတယ်။ ကဲ . . . ဒီလောကကြီးအပေါ်မှာ မင်းဘယ်လောက်ရိုးသားခဲ့မလဲ။ ဗုဒ္ဓရဲ့ ၁၀ပါး သော သီလတော်မြတ်မှာ မင်းတည်နေတယ်ဆို။ မင်းနှလုံးသားက မြဲမြံနိုးတဲ့ သစ္စာတရားရဲ့သီလကိုရော မတည်တော့ဘူးလား။ ဒီကျန် နေတဲ့အချိန်ကလေးမှာ ကျန်နေရစ်ခဲ့ကြမယ့်သူတွေအတွက် ပရိယာယ် မာယာကင်းတဲ့ ပကတိရိုးသားစင်ကြယ်ခြင်းတွေနဲ့ မင်းပြောစရာ စကားတွေကို ဆရာနားထောင်ချင်တယ်။ ဘယ်လိုလဲ"

"ကောင်းပါပြီ ဆရာ"

ထိုညက ကြိုးပေးစီရင်ကြမည့်အဖွဲ့များ ရောက်လာချိန်အထိ ဝင်းမြင့်၊ ဆရာ'ဒေါက်ကြီး'နှင့် ကြိုးတိုက်စောင့် တပ်သားတင်မောင်လွင် တို့၏ သစ္စာစကားဝိုင်းက အမျှင်မပြတ်ခဲ့တော့ပါပေ။

ဝင်းမြင့်က ကျေနပ်ပီတိမျက်ရည်ဖြင့် ပြောသည်။ သူ့ရင်ထဲ က ဆို့ပိတ်ကျပ်ခဲနေသော စကားလုံးများကို အန်ချခွင့်ရခဲ့၍လေ။

တင်မောင်လွင်က ကြေကွဲမှုမျက်ရည်ဖြင့် နားထောင်သည်။ မျက်ရည်ပွင့်ပုံပြင်တစ်ပုဒ်ကို စာနာနားလည်နိုင်၍ ဖြစ်သည်။

'ရပ်စပြူတင်(ခ)ဒေါက်ကြီး'က အမျိုးအမည်မသိ မျက်ရည်မှု တစ်စနှစ်စဖြင့် နားဆင်သည်။ သူ့ရင်ကိုမူ ထွင်းဖောက်ကြည့်၍ မရနိုင်ခဲ့။





ကျွန်တော်ကမူ . . .

ကြိုးတိုက်ခန်းရှေ့ အမှောင်ရိပ်၌ ငုတ်တုတ်သားထိုင်ကာ လဝန်းကြွေချိန်တွင် ဖူးပွင့်ခဲ့သော 'မျက်ရည်ပွင့်' ပုံပြင်တစ်ပုဒ်ကို အလွမ်း သည်းသောရင်ဖြင့် နားဆင်ခဲ့ရဖူးပါသည်။

(၅)

"အစ်ကို ဆရာ"

"ဟေ"

"ခင်ဗျားစိတ်မဆိုးရင် ကျွန်တော့်ရင်ထဲ မရှင်းမလင်းဖြစ်နေ တဲ့ မေးခွန်းနှစ်ခု မေးကြည့်ချင်တယ်"

"အောင်မယ် . . . မင်းကပေမင့် အဆန်းသားပါလား။ ကဲ ပြော။ ဘာမေးမှာလဲ"

"ခင်ဗျားကြီး အမှန်အတိုင်း တကယ်ဖြေမှာဟုတ်ရဲ့လား"

"တယ် . . . ဒီကောင်။ ဟဲ . . . ဟဲ . . . ဟဲ"

"ခင်ဗျားကြီး တော်တော်မူးနေပလား။ ရသေးရဲ့လား"

"မလဲခင်အထိတော့ ကြိတ်ရမှာပဲကွ။ ဒီကနေ့ မူးပြီးလဲသွားမှပဲ အားလုံးကိုမေ့ပြီး ခံသာတော့မှာ။ ဟုတ်ဘူးလား။ ဟား . . . ဟား ဟား"

ကောင်ကလေးဝင်းမြင့်ကို ကြိုးဒဏ်စီရင်ပြီးနောက် မန္တလေးထောင်၊ တပ်ဖွဲ့ငါးမွေးမြူရေးကန်၏ ကန်ဘောင်ပေါ် ကန်စောင့်တပ်သားစိန်မောင်၏တဲရိပ်၌ မန္တလေးရမ်နှင့်ငါးကြော်နှိပ်ရင်း အခွင့်ကြုံခိုက် ကျွန်တော်က 'ရပ်စပြုတင်'ကိုဗျူးဖို့ ကြိုးစားကြည့်နေမိပါ၏။

ဟုတ်ပါသည်။

ကျွန်တော်တို့အကျဉ်းထောင်ဝန်ထမ်းဘဝက တစ်ခါတရံ မခံသာအောင် အနေဆိုးရသည့်ကာလများ ကြုံရတတ်ပါသည်။ ယခုလို ကြိုးဒဏ်စီရင်ပြီးစ အချိန်။ တစ်ထောင်လုံးတိတ်ဆိတ်။ သုသာန်တစ်ပြင်တစ်ခုပမာ ဖြစ်၍နေချိန်။ လက်ရှိအလုပ်တာဝန်ကို ကျောခိုင်းလျက် ဖြစ်လိုရာဖြစ်စေတော့ဟု နှလုံးပိုက်ကာ ထွက်ပြေးချင်စိတ်ပေါက်လောက်အောင် ခံစားလာရတတ်သည်။

ကြိုးသမားကို ကြိုးစင်ပေါ်ရောက်အောင်ဆွဲတင်၍ ဒေါက်ဖြုတ်ချသည့်အပိုင်းအထိ မသိသာသေး။ လုပ်ငန်းသဘောအရ အဆင်ပြေအဆင်ချောအောင် စိတ်စောနေမိတတ်ကြသည်ကိုး။

အဲ . . . အလောင်း (Dead Body)ကို အပြင်ထုတ်သွားပြီး ကြိုးပေးသည့်ကိစ္စ လုံးလုံးပြီးစီးပြီဆိုလျှင်တော့ ရင်ထဲမှာ ခံစားမှုတွေ အုံနှင့် ကျင်းနှင့် ထကြွလာတတ်ပါသည်။ ဂျူတီကျရာ ထောင်ထဲမှ မြန်မြန်အပြေးတစ်ပိုင်းနီးပါးထွက်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ သောက်တတ်သည်ဖြစ်စေ၊ မသောက်တတ်သည်ဖြစ်စေ အရက်





နှစ်ခွက်လောက်ကို ရေမရောဘဲ ခွက်ဆင့်မော့ပစ်လိုက်။ ရင်ထဲထူပူသွားပြီး နှလုံးငြိမ်သလိုရှိမည်။

ပြီးတော့ သင့်ရာသင့်ရာအုပ်စုဖွဲ့။

ချောင်ကောင်းကောင်းကလေးရှာ။ မမူးမူးအောင်သောက်။ မလဲလဲအောင်သောက်။ တွဲရွဲ၍ ခယိုးခယိုင်ဖြင့် အိပ်ပြန်။ တစ်လောကလုံးကို မေ့သွားအောင် အိပ်ပစ်လိုက်။ အဲသည်လိုမှ ခံသာသည်။

ဘယ့်နှယ်ခင်ဗျာ . . . ။

ကိုယ်နှင့်ဘာမှမဆိုင်သည့် အမှုကိစ္စတွေနှင့် လူတစ်ယောက်ကို တာဝန်အရ၊ ဥပဒေအရ ပြဋ္ဌာန်းချက်များအတိုင်း တစ်သဝေမတိမ်းလိုက်နာကာ သွေးအေးအေးဖြင့် အသက်ဇီဝိန်ချွေရသည့် အလုပ်ပဲ ခင်ဗျာ။ ဘယ်လိုမှ နှလုံးမသန့်နိုင်၊ ခံစားချက် အကင်းမသေနိုင်သည့် ကိစ္စမျိုးပေပဲခင်ဗျ။

"ဒါဆိုရင် အစ်ကို့ကို ကျွန်တော်မေးမယ်။ ခင်ဗျားကြီး အမှန်အတိုင်းဖြေ။ ကဲ . . . "

"အေး"

"ခင်ဗျားကို ရပ်စပြုတင်လို့ ဘာကြောင့်ခေါ်ကြတာလဲ"

သူ့မျက်ဝန်းတွေ မှုန်၍မှိုင်းသွားသည်။ မျက်လုံးတောက်တောက်ကလေးမှာ သိသာရုံမျှ အရောင်မှိန်ဖျော့သွားသည် ထင်၏။

"အေး . . . စပြီးခေါ်တာတော့ ပခုက္ကူထောင်က ထောင်မှူးဘိုးကျော်လွှမ်းကွ။ ဘာကြောင့်လဲဆိုတာ သူ့ကိုမေးမှ သိမှာပဲ။ သိချင်ရင် သူ့မေး"

ပြတ်ပြီ။ ထင်တော့ထင်ပြီးသား။ သူပြောလိမ့်မည်မဟုတ် ဆိုသည်ကိုလေ။

"ကဲ . . . ဒါတော့ ခင်ဗျားကြီးမငေ့နဲ့။ တဲ့တိုးပဲဖြေ။ သူသူ ငါငါ မလုပ်ချင်လို့မှ ဟိုဝေ့ဒီဝေ့ ရှောင်ရှောင်ပြေးနေတတ်ကြတဲ့ ဟောဒီ ကြိုးသမားဒေါက်ဖြုတ်တဲ့ သောက်လုပ်ကြီးကို ခင်ဗျားကြီးက တစ်ဦးတည်း ဒိုင်ခံပြီး ဘာကြောင့်လုပ်ချင်နေရတာလဲ။ ပြော"

"အေး . . . ပြောမယ်။ ဒါလေး လက်စသိမ်းပါရစေဦး"

ခေါင်းက သိပ်ပြီးထူမရချင်တော့။ သစ်သားခုံ ခနော်ခနဲ့ပေါ်မှ အကြမ်းပန်းကန်နှုတ်ခမ်းပဲ့ထဲသို့ ယမကာရည်များကို ကသော ကမျောထည့်လျက် နှစ်ခွက်၊ သုံးခွက် ဆင့်မော့လိုက်ပြန်သည်။

"ကဲ . . . မေးတာဖြေ"

"အေး . . . သတ်ချင်လို့"

"ဗျာ . . . "

"ဟောဒီလောကထဲက ဒုစရိုက်ကောင်၊ အကုသိုလ်ကောင်တွေကို ငါ့လက်နဲ့ ငါကိုယ်တိုင် နိုင်သလောက် ရှင်းပစ်လိုက်ချင်လို့"

"ဗျာ . . . "

ဆက်၍စကားမေးမရတော့ပါ။

ဖက်ကြီးကျိုး၍ ခွေကျသွားပါပြီ။ ကျွန်တော်လည်း ကြယ်စုံလစုံမြင်၍ ခေါင်းကိုမတ်မတ်မတည်နိုင်တော့ပါပြီ။

ထိုသို့ဖြင့်လျှင် . . . ။

(၆)

❑

"မင်းက အနာပေါ်တုတ်ကျ သူ့ကိုမှ တည့်တည့်ကြီး သွားမေးတာကိုးကွ။ – – တဲ့မှ"

ဆရာကြီး ထောင်မှူးဦးကျော်လွန်းက ကျွန်တော့်ကို တေ့တေ့တင်တင် မျက်စောင်းကြီးထိုး၍ အပြစ်တင်တော့သည်။

ပခုက္ကူထောင်၌ ဖြစ်ပါ၏။

တစ်ခါသား၌ ဌာနတွင်း စာရင်းစစ် (Internal Audit) တာဝန်ဖြင့် ထောင်ပိုင်ကြီးဦးသိန်းညွန့်တို့၊ ထောင်မှူးကြီးဦးညွန့်စိန်တို့၊ ထောင်မှူးဦးမြလွင်တို့ရှိရာ ပခုက္ကူအကျဉ်းထောင်သို့ ခြေထောက်ပေါက်ကာ ရောက်ခဲ့ရသည်။ သည်တွင် ရပ်စပြုတင် အမည်ဆန်းကို ကင်ပွန်းတပ်ခဲ့သူ ဘိသိက်ဆရာ ဦးကျော်လွန်းကို ဘွားခနဲ ဖမ်းမိရ၏။ သည်တော့လည်း ရင်ထဲက ခုလုခုလုဖြစ်နေသည့် ဆူးငြောင့်တစ်ခုကို ဆွဲနုတ်ရတော့သည်ပ။

"ဟုတ်ပါပြီ ဆရာကြီးရယ်။ သူကလည်း ဘယ်လိုမေးမေး မပြောခဲ့ပါဘူး။ ဆရာကြီးကိုပဲ မေးတဲ့"

"ပြောမလားကွ မင်းနှယ်"

"သူမပြောလို့ ဆရာကြီးကို မေးနေရတာပေါ့ဗျာ။ လုပ်ပါ။ ဒီနာမည်၊ ဒီအကြောင်းကို သိရတော့ သူ့လည်းထိန်းလို့ရတာပေါ့။ သူ ဒီလိုလုပ်နေတာကြီးကို ကြားကတည်းက ကျွန်တော်က မခံချင်ဘူးဗျ။ သက်သက်မဲ့ သူသဘောကောင်းတာ၊ အားနာတတ်တာကို အခွင့်အရေး ယူပြီး ဝိုင်းလူလည်လုပ်နေကြတာ"

"မင်းတားလည်း မရပါဘူးကွာ။ ငါပြောရဲပါတယ်"

"ဘာဖြစ်လို့ . . . "

"ဟ . . . သူလုပ်ချင်လို့ လုပ်နေတဲ့ အလုပ်ပဲကွ။ အကျဉ်းထောင်ဝန်ထမ်းစဝင်တဲ့ လျှောက်လွှာမှာကိုက 'ဒေါက်ဖြုတ်သမား (Hangman) တာဝန်ကိုပဲ ထမ်းဆောင်ပါရစေ'လို့ တကူးတကဖော်ပြပြီး ဆန္ဒပြု အလုပ်ဝင်လာခဲ့တာချည်းကို"

"ဗျာ . . . "

"မဗျာနဲ့ ဟကောင်ရဲ့။ သူ့နာကြည်းချက်ကလည်း စကြာဝဠာလောက်ကြီးရယ်ဟ"

"ဘယ်လို . . . ဘယ်လို . . . "

"ဟုတ်တယ် ခင်ဗျားလေးရဲ့။ သူငယ်ငယ်လေးမှာ သူ့အိမ်ဓားပြတိုက်ခံရတယ်။ သူ့အမေ၊ သူ့အစ်မတွေကို မဖွယ်မရာ မတော်တရော်လုပ်လို့ သူ့အဖေက ဓားဆွဲပြီး ဓားပြတွေကိုခုတ်တာ သူ့အဖေ၊ သူ့အမေ၊ သူ့အစ်မ၊ သူ့နှမ အကုန် ရက်ရက်စက်စက် အသတ်ခံခဲ့ရတယ်။ သူ့ကိုတောင်မှ သူ့အိမ်က စားရင်းငှားက ချီပွေ့ပြီး ဖွတ်ထွက်ပြေးခဲ့လို့ အသက်ရှင်ကျန်ရစ်ခဲ့တာ။ အဲဒီစားရင်းငှားမိသားစုကပဲ သူ့ကို လူဖြစ်အောင် ကျွေးမွေးခဲ့တာ"





"ဩော်"

"အသက် ၁၈ နှစ်ပြည့်တဲ့နေ့မှာပဲ အကျဉ်းထောင်မှာ တပ်သားလျှောက်လွှာ ကိုယ်တိုင်ရေးပြီး ဝင်ခဲ့တာ မောင်ရေ။ သူရောက်တဲ့ထောင်၊ သူနဲ့နီးတဲ့ထောင်တွေမှာ ဒေါက်ဖြုတ်သမား (Hangman) ပဲ ဒိုင်ခံလုပ်ခဲ့တော့တာ။ သူ့ဘဝအတွက် သူ့နည်းသူ့ဟန်နဲ့ လက်စားချေနေတာပေါ့လကွာ"

"အင်း"

ရင်မှာ တော်တော်ပြင်းပြင်းကလေး ထိလိုက်၍ ခဏငြိမ်သွားမိရ၏။

"ဒါနဲ့ နေပါဦး ဆရာကြီးရေ။ သူ့ကို ဘာလို့ 'ရပ်စပြူတင်'လို့ ခေါ်ရတာလဲ။ ပြောပါဦး"

"မင်းက တော်တော်ကတ်ကတ်သတ်သတ် စပ်စုတတ်တဲ့ကောင်နာကလေးပဲကိုးကွ"

"ဟာ . . . ဆရာကြီးကလည်း"

"ဒီလိုကွ။ ဒီမောင်က ဗေဒင်ပညာ သိပ်ကောင်းတယ်။ သူ့ငယ်ဆရာ ဘုန်းကြီးက ဗေဒင်၊ လက္ခဏာ၊ လောကီအစီအရင်၊ အင်္ဂဝိဇ္ဇာ၊ ဂမ္ဘီရကျမ်းစာတွေမှာ အကျော်ဇေယျပဲလေ။ ဒီမောင်က အဲဒီလက်စလက်နကို အကုန်ရထားတာ။ သူငယ်ငယ် ဗေဒင်ဟောရင်းနဲ့ ငြိစွန်းပြီး၊ သူတစ်ပါးသားမယားနဲ့ ထွက်ပြေးဖူးတယ်။ အခု သူယူထားတဲ့ နောက်မိန်းမကလည်း သူ့သူငယ်ချင်းမိန်းမဟ။ သူ့သူငယ်ချင်းက ဘုန်းကြီးဝတ်ကြီးနဲ့ အခုအထိရှိနေသေးတယ်။ ကဲ . . . သိပလား"

'ဩော် . . . ဒီလိုကိုး'ဟုသာ သက်မကို ချမိရတော့သည်။

(၇)

❑

သူ့ကို အမြင်မကြည်လင်၊ မလိုလားသူ အချို့ကတော့ အကုသိုလ်ဝန်ပိခြင်းဟု ပက်ပက်စက်စက် ပြောကြသည်။

'ကာလဝိပါက် နောက်ပိုးတက်' ဟုလည်း ဆိုချင် ပြောချင်၊ မေးငေါ့ချင်ကြသည်။

ကျွန်တော်ကမူ မဆိုရက်ပါ။ ကြုံကြိုက်တိုက်ဆိုင်မှုတစ်ခုဟုသာ သဘောထားမိရပါ၏။

တစ်နေ့သ၌ . . .

နန်းရှေ့ဈေးသို့ ဈေးဝယ်ရန်သွားသည့် သူ့ဇနီးနှင့် သူ့သားကလေးတို့ နန်းမြို့ရိုးအထွက် 'ဦးထိပ်တံခါး' အုတ်နံရံနှင့် ကုန်တင်





ကားလော်ရီကြီးအကြားညှပ်လျက် ကားအက်ဆီးဒင့်နှင့် ဖြစ်ခဲ့ ကြုံခဲ့ရ ၏။ သူသိပ်ချစ်သော သူ့သားကလေး မောင်မောင်တစ်ယောက်ဖြင့် ပွဲချင်းပြီး ဆုံးပါးခဲ့ရရှာပါသည်။ သူ့ဇနီးသည်က မန္တလေးပြည်သူ့ဆေးရုံကြီး အရေးပေါ်လူနာခန်းမှာ။

အရှုံးမီးဝိုင်း၊ ကမ္ဘာပျက်နေသော သူ့အနား၌ ကျွန်တော် နေ့နေ့ညည ရှိနေခဲ့ပါသည်။ ဂျူတီဝင်ချိန်ကလွဲ၍ သူ့ဘေးမှာ ဖေးမ ကူညီနိုင်ဖို့ ကြိုးစားခဲ့ပါသည်။

သည်တွင် သူ့အိပ်ရာအတွင်းခန်း သူ့ခေါင်းရင်းနံရံ၌ ရေး၍ ကပ်ထားသော စာတစ်ရွက်ကို တွေ့ခဲ့ပါသည်။ ကြိုးသမား၏ နောက်ဆုံး ညများ၌ သေဒဏ်ခံအကျဉ်းသားတိုင်းအား သူမေးခဲ့ဖူးသော စကားကြီး သုံးခွန်းပါတကား။

သူ့စာခေါင်းစည်းနှင့် သူ့လက်ရေး သူ့စာကိုဖတ်လျက် ကျွန်တော်တုန်သွားသည်။ ဘာမှန်းမသိသော ဝေဒနာတစ်မျိုးက စူးစူးနင့်နင့်ကြီး ရင်ကိုကိုင်လှုပ်လိုက်သည် ထင်ပါသည်။

သူ့စာကို ဖတ်ကြည့်ကြပါဦး။

"အသူရကာယ်ရုံတံခါးမှာ . . .
စာရေးလို့ထားချင်တယ်"

**ဒုစရိုက်သမား ရာဇဝတ်သား . . .**

၁။ သင်ရက်ရက်စက်စက်သတ်လို့ ဘယ်သူတွေ ဘယ်လို သေခဲ့ကြသလဲ။

၂။ သင်သတ်လို့ သေသူတွေ ဘယ်လိုခံစားခဲ့ကြရှာသလဲ။ သေသူတွေရဲ့ သွေးသားတွေရော ဘယ်လိုခံစားကြလေသလဲ။


၃။ သင်အခုပေးဆပ်လိုက်တဲ့ အသက်ကြွေးဟာ သင်ပြုခဲ့သမျှ ဒုစရိုက်မှုတွေအတွက် ကျေရဲ့လား။ ကျေပြီလား။

❑

ဟုတ်ကဲ့ ။ ဤတွင်နိဋ္ဌိတံပါပြီ ။ ။

မေတ္တာဖြင့်

**ဇေယျမင်းသျှင်**



# သာသနာ့အမွေခံရန် သိန်းဆုပန်

❑

လူထူးလူဆန်းဟူသောစကားအရ ထူးသောလူတစ်ယောက်ကို ယခုထိတိုင် ကျွန်ုပ်မတွေ့မဆုံခဲ့ဖူးသော်လည်း ဆန်းသောလူတစ်ယောက်ကိုတော့ ကျွန်တော်တွေ့ဆုံခဲ့ရဖူးသည်။ ထိုသူမှာ ပေါက်တူဟူ၍ အမည်ရှိသော လူတစ်ယောက်ဖြစ်၏။ ပေါက်တူဟူသောနာမည်ကို မည်သို့သောအဓိပ္ပာယ်ဖြင့် မှည့်ခေါ်ခဲ့သည်ကိုတော့ ကျွန်တော်မသိ။ ထိုပေါက်တူဟူသောလူမှာ ဦးနှောက်ကျပ်မပြည့်သော လူတစ်ယောက်သာ ဖြစ်လေ၏။

ကျွန်တော်ငယ်စဉ်က နိဗ္ဗာန်ရွာ ငါးဘတ်အင်းမြောက်ရပ်ကွက်တွင် နေထိုင်၍ ပေါက်တူမှာ နိဗ္ဗာန်ရွာမပိုင်းတွင်နေသည်။ ကျောင်းတက်





ကြသည့်အခါ နိဗ္ဗာန်ရွာအပိုင် ရပ်ကွက်တစ်ခုဖြစ်သည့် ကန်ကြီးဒေါင့်ဟူသောရပ်ကွက်တွင် တက်ကြရသည်။

ထိုစဉ်က . . .

အစိုးရကျောင်းများ မရှိသေး။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် အလွတ်ပညာသင်ကျောင်းများသာ ရှိကြ၏။ ကျွန်တော်နှင့်ပေါက်တူသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖြစ်သည့် ကန်ကြီးဒေါင့်ဆရာတော် ဦးသာသနကျောင်းတွင် ကျောင်းတက်ကြသည်။ ပေါက်တူမှာ မိမိထက်သုံးလေးနှစ်ခန့်စော၍ ကျောင်းကိုရောက်နှင့်နေသူဖြစ်လေ၏။

ထိုစဉ်က . . .

ကျွန်တော် တတိယတန်းအရောက်တွင် ပေါက်တူနှင့်တွေ့ဆုံကာ သိကျွမ်းခဲ့ရ၏။ ဆရာတော်ဦးသာသန၏ ကန်ကြီးဒေါင့်ကျောင်းတွင် ပေါက်တူကိုမသိသူဟူ၍ မရှိကြ။ ထိုသို့ လူသိများရခြင်းမှာလည်း အကြောင်းအချို့ ရှိလေသည်။ ပေါက်တူကို မွေးတိုင်းမီဟူ၍ ကျောင်းသားတချို့က စချီးကြသည်။ အကြောင်းမှာ ပေါက်တူသည် သာမန်ကျောင်းသားများကဲ့သို့ ဦးနှောက်ဉာဏ်ရည် ပြည့်ဝသူမဟုတ်၍ အတန်း (၁)တန်းလျှင် အနည်းဆုံး(၂)နှစ်ခန့် နေသည်။ သူ့နောက်မှ ကျောင်းနေသည့် ကျောင်းသားများ တစ်တန်းပြီးတစ်တန်းအောင်ကာ ကျောင်းထွက်သွားကြသော်လည်း ပေါက်တူမှာ အတန်းမတက်။ နောက်မှလူများ ပီမီလာ၍ မွေးတိုင်းမီဟု ခေါ်ကြသည်ဟူသတဲ့။

လူဆွေးကျောင်းဆွေးဟူသည် ပေါက်တူကိုရည်ရွယ်ခဲ့သည်ဟု ဆိုရချိမ့်မည်။ မိဘများသည်လည်း မကောင်းကျောင်းပို့ဟူသော စကားနှင့်အညီ ပေါက်တူတစ်ယောက်ကို အပြောအဆိုသက်သာလျှင်ပြီးရော

ဟူသည့် သဘောမျိုးနှင့်ထားကာ ကျောင်းသို့ပို့ခဲ့ကြဟန် တူလေ၏။ ပေါက်တူ၏မိဘများမှာ ဦးသာဟန်၊ ဒေါ်မယ်ဆင့်တို့ ဖြစ်လေ၏။ ပေါက်တူတွင် အစ်မဟူ၍ မရှိ။ သူ့အထက်တွင် အစ်ကိုနှစ်ယောက် မွေးဖွားခဲ့လေသည်။ ကိုထွန်းမြိုင်နှင့်ကိုထွန်းနိုင်တို့ ဖြစ်လေသည်။

ဦးသာဟန်၊ ဒေါ်မယ်ဆင့်တို့သည် မိမိတို့ရပ်ကွက်လေးနှင့် မနီးမဝေးအရပ်တွင်ရှိသည့် သံပုရာကွင်းဟူသော ရပ်ကွက်လေးရှိ ဦးသာဖြိုးငါးဒိုင်မှ ငါးများကို နေ့စဥ်ဝယ်ယူကာ နိဗ္ဗာန်ရွာဈေးထဲတွင် ရောင်းချ၏။ ငါးဒိုင်မှ ငါးများမရလေသည့်အခါ ရွှေသာချောင်းရွာ ကိုမြဒင်ကြက်ခြံမှ ကြက်များကိုဝယ်ကာ ရောင်းသည်။

တစ်နည်းဆိုရလျှင် ဦးသာဟန်၊ ဒေါ်မယ်ဆင့်တို့ ဝမ်းရေးအတွက် လုပ်ကိုင်သော လုပ်ငန်းများသည် သမာအာဇီဝဖြစ်သော်လည်း အကုသိုလ်မကင်းသော အလုပ်များသာလျှင် ဖြစ်လေ၏။

ပေါက်တူအား ကိုယ်ဝန်ရှိလာမည့်အချိန်တွင် ဒေါ်မယ်ဆင့် တစ်ယောက် ထူးထူးဆန်းဆန်း အိပ်မက်အချို့ကို မြင်မက်လာ၏။

အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်ပုဂ္ဂိုလ်တစ်ဦးက . . .

"သမီး . . . လူ့ဘဝမှာ သာသနာပြုဖို့ အဘကို သမီးတို့ အိမ်လေးမှာ နေခွင့်ပြုပါ"

ထိုသို့ အိပ်မက်မက်သော်လည်း မမယ်ဆင့် နေခွင့်မပြု။ အိပ်မက်ထဲ၌ပင် ခါးခါးသီးသီး ငြင်းဆိုခဲ့သည်။

"မနေပါနဲ့အဘရယ်။ သမီးတို့က ဆင်းဆင်းရဲရဲနေရတာ။ ပြီးတော့ အကုသိုလ်အလုပ်တွေနဲ့ အသက်မွေးဝမ်းကျောင်းနေရတာမို့ ဒီနေရာဒီအရပ်ဟာ အဘနဲ့မသင့်တော်ပါဘူး"





သို့သော် ထိုအိပ်မက်လေးပျောက်သွားလျှင် တစ်ခဏသာကြာ၏။ မကြာမီကာလတစ်ခုတွင် ပြန်ကာပေါ်လာပြန်လေ၏။ ဤသို့ပေါ်လာလေသည့်အခါတွင်လည်း မြင်နေကျ၊ မက်နေကျအတိုင်း အိပ်မက်လေးကို မက်ပြန်လေ၏။ ဤသို့ မက်သည့်အခါတွင်လည်း ယခင်ငြင်းပယ်နေကျအတိုင်း မမယ်ဆင့်တစ်ယောက် ငြင်းပယ်မြဲ ငြင်းဆန်ခဲ့သည်သာ ဖြစ်လေ၏။

တတိယအကြိမ်မက်သော အိပ်မက်တွင် ယခင်အိပ်မက်နှင့်မတူ။ အနည်းငယ်ထူးခြားလာ၏။ ဝတ်ဖြူစင်ကြယ် သူတော်စင်ကြီးသည် . .

"သမီး . . . လူ့ဘဝမှာ သာသနာပြုဖို့ သမီးတို့အိမ်မှာ အဘကိုနေခွင့်ပြုပါ။ ပြီးတော့ သမီးတို့လည်း အကုသိုလ်အလုပ်တွေ စွန့်လွှတ်ပါ"

ဟု ဆိုလာသည်။ ဤအခါတွင်တော့ အရင်အခေါက်များကဲ့သို့ မမယ်ဆင့် ခါးခါးသီးသီး မငြင်းဆန်တော့ဘဲ . . .

"ဒီလိုဆိုလည်း အဘရယ်။ အကုသိုလ်အလုပ်တွေ မလုပ်နဲ့ဆိုရင် သမီးတို့က ဘယ်လိုအလုပ်တွေ လုပ်ရမှာလဲ"

"အင်း . . . ဒါကတော့ အကုသိုလ်အလုပ်တွေ စွန့်လိုက်တာနဲ့ သမီးတို့လုပ်ရမယ့် အလုပ်တွေက သူ့အလိုလိုပေါ်လာလိမ့်မယ်"

သူတော်စင်ကြီး၏ စကားဆုံးတော့ . . .

"အင်း . . . ဒီလိုဆိုလည်း သမီးတို့အိမ်မှာ နေချင်လည်း နေပါ။ သမီးခွင့်ပြုပါတယ်"

စကားဆုံးတော့ ဒေါ်မယ်ဆင့်တစ်ယောက် အိပ်မက်မှ ဖျတ်ခနဲ လန့်နိုးသွားသည်။ ချွေးများက တစ်ကိုယ်လုံးရွှဲနေသည်။ အာခေါင်များပင် ခြောက်ကပ်လာ၏။ နံဘေးကိုကြည့်တော့ ကိုသာဟန်မှာ

ဟောက်များပင်ဟောက်ကာ အိပ်မောကျလျက်ရှိနေ၏။ မမယ်ဆင့် အိပ်ပျော်နေသောကိုသာဟန်အား လှုပ်နှိုးလိုက်၏။

"ကို . . . ကိုသာဟန်။ ထ . . . ထပါဦးရှင် . . . ထပါဦး"

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ မမယ်ဆင့်နှိုးလိုက်သည်မို့ ကိုသာဟန် လန့်၍နိုးသွားသည်။

"မယ်ဆင့် . . . မယ်ဆင့် . . . ဘာ . . . ဘာဖြစ်လို့လဲကွာ"

"ထပါဦးရှင်။ ကျုပ် ရှင့်ကို ပြောစရာရှိလို့"

"အို . . . မယ်ဆင့်ရယ်။ ပြောစရာရှိတာများ . . . နိုးပြီးများ ပြောရတယ်လို့။ မနက်ကျမှပြောလည်း ရတာပဲကွာ။ မင်းပြောမယ့် အကြောင်းက ဘယ်လောက်များအရေးကြီးနေလို့လဲ။ ပြောပါဦး"

"အရေးကြီးတာပေါ့ရှင်။ မနက်မှ မပြောချင်လို့ ခုချက်ချင်း နှိုးပြီး ပြောရတာပေါ့"

"ကဲ . . . ကဲ . . . ဘာလဲ . . . ပြော . . . ပြော"

"ဒီလို ကိုသာဟန်ရေ"

မမယ်ဆင့်တစ်ယောက် မကြာမြင့်မီအချိန်မှ မိမိမြင်မက်ခဲ့သော အိပ်မက်လေးအား စေ့စေ့ငုငု အစမှအဆုံးတိုင် ပြောပြလိုက်သည်။

"ဟင် . . . ဒါဆို . . . ဒါဆို တို့ဆီကိုလာမယ့် သားသမီး ရတနာလေးဟာ သူတော်စင်ပုဂ္ဂိုလ်တစ်ဦးဦး ဖြစ်မယ်ထင်တယ်"

"အင်း . . . ကျုပ်လည်း ဒီလိုပဲထင်တယ် ကိုသာဟန်"

"ဒါဆိုလည်း ဒီနေ့ကစလို့ တို့လည်း အကုသိုလ်အလုပ်တွေကို ကင်းနိုင်သမျှကင်းအောင် နေကြမယ်ကွာ"

❑

မကြာတင်မီ ကာလတစ်ခုတွင်တော့ မမယ်ဆင့်တစ်ယောက် တတိယကိုယ်ဝန်ကို လွယ်ပိုးလာရသည်။ ထူးထူးခြားခြား သားငါးများကို မစားချင်။ အသီးအရွက်ကိုသာ စား၏။ သို့သော် ကိုယ်ဝန်ဆောင်ဟူသည် အစားမရှောင်ရ။ သားငါးဟူသမျှ စားရမည်ဟူသော ဆရာဝန်၊ ဆရာမများ၏ ညွှန်ကြားချက်၊ ကိုသာဟန်၏အမေ ယောက္ခမကြီး၏ စကားများဖြင့် မမယ်ဆင့် သားငါးတို့ကို မစားချင်သော်လည်း စားခဲ့ရသည်။

အိပ်မက်ထဲတွင် မမယ်ဆင့်ပေးခဲ့သော အကုသိုလ်အလုပ်ကို စွန့်လွှတ်ပါမည်ဟူသော ကတိကဝတ်သည်လည်း တကယ်တော့ အူမမတောင့်လေသည့်အဆုံး စကားအဖြစ်သာ အဖတ်တင်ရင်း ဘိုနေမြဲ ကျားနေမြဲ လုပ်ကိုင်မြဲ ကျင်လည်မြဲသာလျှင် ရှိခဲ့သည်။ မမယ်ဆင့် တတိယကိုယ်ဝန် လွယ်ဆောင်နေစဉ်ကာလ လနုနုတွင် ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်ကောင်းမွန်ခဲ့သော်လည်း လရင့်လာသည့်ကာလ (၈)လခန့် အရောက်တွင် မမယ်ဆင့်တစ်ယောက် ကျန်းမာရေးချို့ချာခဲ့၏။

အပြင်းဖျားရာမှ အဖျားမကျ၍ ဆေးရုံသို့တစ်ပတ်ခန့် တက်

ရောက်ကုသခဲ့ရလေသည်။ ကိုယ်ဝန်မှာ ဘာမှမဖြစ်သော်လည်း လစေ့၍ မွေးလာလေသည့်အခါ ဉာဏ်ရည်ဉာဏ်သွေးမပြည့်မီလေသည့် ပေါက်တူလေးကို မွေးဖွားခဲ့လေသည်။

မီးတွင်းတွင် မမယ်ဆင့်တစ်ယောက် ငါးရောင်။ ကြက်ရောင်းစသောအလုပ်များကို နားရင်း ကိုသာဟန်ကိုသာ ထွက်စေ၏။ မီးထွက်သည့်အခါတွင်တော့ မိမိလုပ်နေကျအလုပ်လေးများကို ပြန်၍လုပ်ကိုင်၏။ ပေါက်တူမှာ သာမန်ကလေးများနှင့်မတူ။ ကြီးထွားနှုန်း မြန်ဆန်၏။ ခန္ဓာကိုယ်ကြီးထွားမှုသာ မြန်သော်လည်း ဉာဏ်ရည်ဉာဏ်သွေး ဦးနှောက်ဖွံ့ဖြိုးမှုမှာမူ နှေးကွေး၏။

မိဘများဖြစ်သည့် ကိုသာဟန်၊ မမယ်ဆင့်တို့ ပေါက်တူငယ်ငယ်တွင် မရိပ်မိကြ။ ကျောင်းနေရမည့်အရွယ်တွင် ပေါက်တူလေးကိုကြည့်၍ သာမန်ကလေးတစ်ဦးကဲ့သို့မဟုတ်။ ဦးနှောက်ဖွံ့ဖြိုးမှု ချွတ်ယွင်းသူတစ်ဦးအဖြစ် သိလာကြသည်။ ထိုအခါ ပေါက်တူကိုကြည့်၍ မိခင်ဖြစ်သူ မမယ်ဆင့် ယူကျုံးမရဖြစ်မိ၏။

"ကျုပ်သားလေးကျမှ ဖြစ်မှဖြစ်ရလေ ကိုသာဟန်ရယ်။ ကျုပ်တို့ အိပ်မက်ထဲမှာ ပေးခဲ့တဲ့ကတိများ ပျက်ခဲ့လို့လားမသိဘူးနော်"

"အို . . . ကိုယ်တော့ ဒါတွေသိပ်အယုံအကြည် မရှိပါဘူး မယ်ဆင့်ရယ်။ ကျုပ်စဉ်းစားမိတာကတော့ မင်း အဖျားကြီးပြီး ဆေးရဲ့တက်ရလို့ ကလေးဦးနှောက် ထိခိုက်သွားတယ်ထင်တာပဲ။

အင်း . . . ဘာပဲဖြစ်ဖြစ်ပေါ့။ ဘဝရဲ့အတိတ်ကံတွေပေါ့ကွယ်။ ဖြစ်သမျှအကြောင်း အကောင်းလို့မှတ်ရင်း သားလေးကို တတ်နိုင်သမျှ စောင့်ရှောက်ကြရမယ်"

ဤသည်မှ မမယ်ဆင့် မျက်ရည်စတို့ကို သုတ်လိုက်၏။





သက်တူရွယ်တူ ကလေးများကိုကြည့်လျှင် ပေါက်တူက အကြီးဆုံးဖြစ်၏။ ရွယ်တူဟူ၍ မထင်မှတ်ရ။ ပေါက်တူက ကြီးသည်ဟုထင်ကြသည်။ ပေါက်တူမှာ ခန္ဓာကိုယ်ချွတ်ယွင်းမှု မရှိသော်လည်း အားနည်းချက်တစ်ခုတော့ရှိသည်။ ပေါက်တူ၏ ဘယ်ဘက်ခြေသန်းချောင်းကလေးသည် ခြေသကြွယ်ပေါ်သို့ထပ်၍ ဆင့်ကာနေလေ၏။

ထို့ကြောင့် သွားရလာရခက်သည်။ ပေါက်တူစိတ်အညစ်ဆုံးသည် ဤခြေသန်းချောင်းလေးသာလျှင် ဖြစ်သည်။

ကလေးများ ရွာကြိုရွာကြားမလပ် ဆော့ကစားကြသည်။ ကစားနည်း မျိုးစုံ၏။ လူသာလဲသော်လည်း ပေါက်တူမှာမလဲ။ ထို့ပြင် ပေါက်တူမှာ အရွယ်ကြီး၍ ကစားရာတွင် ကြမ်းရမ်းသည်။ မကြာခဏ ပေါက်တူကြောင့် တခြားကလေးများ ထိခိုက်ဒဏ်ရာရရှိဟတတ်၏။

ကြာတော့ တခြားသောကလေးများ၏ မိဘများက ပေါက်တူနှင့်မိမိတို့ကလေးများကို ပေး၍မကစားချင်။ သို့သော် ကလေးဟူသည် ကား တားမြစ်၍မရ။ တစ်ခါတွင်တော့ ပေါက်တူနှင့်ဆော့ကစားနေကျ အိမ်နီးချင်းကလေးများဖြစ်သည့် မိနီ၊ ဖော်ဦး၊ ခွေးမ၊ တက်တူ၊ ပူစူးတို့ တစ်သိုက် ပျောက်နေကြ၏။ ထို့ကြောင့် မိဘရှင်များက ပေါက်တူကို လာ၍မေးမြန်းကြသည်။

"ဟဲ့ . . . ပေါက်တူ။ ငါ့သား၊ ငါ့သမီးလေးတွေ မင်းနဲ့လာမကစားဘူးလား"

"ဟင် . . . ဒီနေ့ ကျွန်တော့်ဆီ မလာကြဘူး။ လာလည်း မကစားကြဘူး"

ပေါက်တူဆီမှ မိမိတို့လိုချင်သောအဖြေ မရသည်တွင် မိဘများ ယောက်ယက်ခတ်ကြတော့၏။ ချောင်းချိုချောင်းကြား ရှာသူရှာ၍ ရွာ

ကျော်ရပ်ကျော် ရှာဖွေသူက ရှာဖွေကြတော့၏။ အချို့မှာ လူပျောက် တိုင်ရန်ပင် သွားကြ၏။ ရွာထဲမှာကလေးများ ပျောက်ဆုံးနေသောသတင်းမှာ တစ်မုဟုတ်ချင်း ကျော်ကာသွား၏။ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက် ဖြစ်ကာနေသည်။

ထိုအချိန်တွင် ရပ်ကွက်တကာသို့ ဈေးလှည့်လည်၍ရောင်းချတတ်သော နီဗွာန်ရွာထဲမှ ကြီးကြီးလေးခင် ရွာထဲသို့ဝင်လာ၏။ ရွာထဲတွင် ဘုရားပွဲတမျှစည်နေသော လူအုပ်ကြီးကို တွေ့၏။

"ဟဲ့ . . . ဘာဖြစ်ကြတာတုံး။ လူတွေကလည်း များလှချည်လား"

ဤတွင် ကလေးရှင်မိဘများမှ ကလေးများပျောက်နေကြောင်း ပြော၏။ ထိုအခါ ကြီးကြီးလေးခင်မှ . . .

"ဟဲ့ . . . မနက်က ငါဈေးထွက်သွားတုန်းကပဲ နင်တို့ကလေးတွေ ပေါက်တူနဲ့ဆော့နေတာ မြင်ခဲ့သေးတယ်လေ"

ထိုအခါ ပေါက်တူအား ချော့တစ်လှည့်၊ ခြောက်တစ်ခါ ရွာသားများမေးကြ၏။ နောက်ဆုံး မေးလွန်းမကမေးလေသည့်အခါ ပေါက်တူ ဖြေလေ၏။

"ရှိပါတယ်။ သားနဲ့အတူ တူတူပုန်းတမ်း ကစားနေကြတာပါ။ သူတို့ ပုန်းနေကြတယ်"

"ဟဲ့ . . . ဘယ်မှာလဲ ပေါက်တူ။ ဘယ်နေရာမှာ ပုန်းနေတာလဲ။ ပြောစမ်း . . . ပြောစမ်း"

ထိုအခါ ပေါက်တူတစ်ယောက် နောက်ဖေးစပါးကျီဘေးမှ ရာဝင်အိုးကြီးတစ်လုံးကို ထိုးပြ၏။ ရွာသားများ စဉ့်အိုးကြီးဆီသို့ ပြေးကြသည်။ စဉ့်အိုးကြီးမှာ အပေါ်တွင် သံပြားအဖုံးကြီးတစ်ခုနှင့်





ဖုံး၍ ထားပြီး တုံးတစ်တုံးဖြင့်လည်း ဖိ၍ထားလေသည်။

"ဟဲ့ . . . ဘယ်မှာလဲ ပေါက်တူ။ မြန်မြန်ပြောစမ်း"

"ဟို . . . ဟိုစဉ့်အိုးထဲမှာ သူတို့ပုန်းနေကြတယ်"

"အမလေး . . . လုပ် . . . လုပ်ကြပါဦး။ အသက်ရှူမှန်းပြီး သေများကုန်ကြပြီလား မသိဘူး"

ရွာသားတစ်စုမှ ရာဝင်စဉ့်အိုးကြီးအား ဖုံးထားသောအဖုံးကို အလျင်အမြန် ဖွင့်လိုက်ကြ၏။ ထို့နောက် အထဲသို့ကြည့်လိုက်ကြသည်။ တစ်ဆက်တည်း နာမည်များကို ခေါ်လိုက်၏။

"မိနီ"

"ပူစူး"

"ခွေးမ"

"တက်တူ"

"ဖော်ဦး"

သို့သော် ကလေးများ တစ်ဦးတစ်ယောက်မှ ပြန်ထူးသံမကြား။ စဉ့်အိုးကြီးထဲတွင် ပျော့ခွေကာ သတိမေ့၍နေလေ၏။

"အမယ်လေး . . . လုပ်ကြပါဦးတော်။ ကျွန်မတို့ သားလေး၊ သမီးလေးတွေ သေကုန်ပါပြီတော်"

ရွာသားတချို့ စဉ့်အိုးထဲမှ ကလေးများကို ဆွဲထုတ်ကြ၏။

"ဟဲ့ . . . မသေသေးဘူးဟ။ အသက်ရှူနေသေးတယ်။ မွန်းပြီး သတိလစ်နေတာ။ ဆေးရုံမြန်မြန်ပို့ကြပါဟ"

ရာဝင်စဉ့်အိုးထဲထည့်၍ ပိတ်ထားသော ကလေးများကို အမြန် ဆေးရုံကို ပို့လိုက်ကြရ၏။ ပေါက်တူမှာတော့ ထိုအမှုဖြင့် မိခင်ဒေါ်ဆင့်၏ ကြိမ်ချက်များစွာ ရရှိလိုက်သည်။ ဤမျှဆိုးပါလေသော ပေါက်တူ

ပင်။ နောက်တစ်နေ့အရောက်တွင် ထိုသို့ ဘာကြောင့်လုပ်ရသနည်းဟု မေးလျှင် ပေါက်တူမှ ဤသို့ပြောဏ်။

"သားတို့နဲ့ တူတူပုန်းတမ်းကစားကြတယ်။ သားပုန်းရမယ့် အလှည့်မှာ သူတို့လိုက်မရှာနိုင်အောင် စဥ့်အိုးထဲထည့်ပြီး အပေါ်ကနေ အဖုံးနဲ့ ထွက်မရအောင် ပိတ်ထားခဲ့တာ" တဲ့။

❧ ❧ ❧

❑

ပေါက်တူမှာ အလွန်အဆော့သန်သော ကလေးတစ်ဦးဖြစ်၏။ တစ်ခုမဟုတ်လျှင် တစ်ခုကို လုပ်နေရမှ ကျေနပ်သူဖြစ်လေ၏။ ဆော့လွန်း၍ ဘေးအန္တရာယ်တစ်ခုခုမဖြစ်စေရန် မိဘများက မြက်ခြည်မပြတ်မခံ စောင့်ကြပ်ကြည့်ရှုကြရ၏။ ပေါက်တူမှာ လုပ်သင့်၊ မလုပ်သင့် မချင့်ချိန်တတ်။ လုပ်ချင်သည့်အရာကို ဖွတ်လုပ်တတ်သည်။ တစ်ခါတွင်တော့ ဖခင်ဖြစ်သူ ဦးသာဟန်နှင့် မိခင်ဖြစ်သူ ဒေါ်မယ်ဆင့်တို့နှစ်ယောက် ဝါတွင်းကာလရက်တစ်ရက်တွင် ဥပုသ်စောင့်ရန် သားနှစ်ယောက်ဖြစ်သူ ထွန်းမြိုင်နှင့်ထွန်းခိုင်တို့ကို တိုင်ပင်ရသည်။ ပေါက်တူကိုပင် အထပ်ထပ်အခါခါ မှာကြားရ၏။





"ဟဲ့ . . . ပေါက်တူ"

"ခင်ဗျာ . . . အမေ"

"သား . . . ဒီနေ့ အဖေတို့၊ အမေတို့ ရွာဦးကျောင်းကို ဥပုသ်ဖြောင့်ဖြောင့် သွားစောင့်ချင်လို့။ မင်းအိမ်မှာ ကောင်းကောင်းနေနော်။ မင်းအစ်ကိုကြီးနဲ့ အစ်ကိုလေးတို့လည်းရှိတယ်။ သူတို့စကားနားထောင် . . . ကြားလား"

"အိုဗျာ . . . အဖေတို့၊ အမေတို့မရှိရင် ပျင်းစရာကြီး။ သားပါ ကျောင်းကိုလိုက်မယ်"

"ဟဲ့ . . . သား။ ဥပုသ်ကျောင်းဆိုတာ ကလေးမလိုက်ရဘူး"

ပေါက်တူ . . . ဒေါ်မယ်ဆင့်ပြောသည်ကို စဥ်းစားဟန်ပြု၏။ ထို့နောက် စကားတစ်ခွန်းမေးလာ၏။

"ဒါဆို ဥပုသ်ကျောင်းကို သားက ဘယ်တော့လိုက်ရမှာလဲ"

"ဪ . . . သားရယ်။ အဖေအမေတို့လို လူကြီးဖြစ်တော့ လိုက်ရမှာပေါ့"

"တကယ်နော်အမေ။ သားလူကြီးဖြစ်ရင် ခေါ်နော်"

"အေးပါကွယ်။ လူကြီးဖြစ်ရင် ခေါ်ပါ့မယ်"

ထိုအခါ ပေါက်တူကျေနပ်သွားသည်။

ကိုသာဟန်နှင့် မယ်ဆင့်တို့သည်လည်း ဥပုသ်စောင့်ရန် ကျောင်းကိုထွက်ခဲ့ကြ၏။ ထိုနေ့က ပေါက်တူနှင့်ကစားဖော်ကစားဖက် ကလေးများလည်း တစ်ဦးတလေမှပင် မလာကြပါ။ ထို့ကြောင့် ပေါက်တူမှာ ပျင်း၍နေ၏။

အစ်ကိုကြီးထွန်းမြိုင်မှာ ထွန်းခိုင်အား ပေါက်တူကိုအပ်၍

လယ်ထဲသို့ထွက်လာခဲ့၏။ နေ့လယ်သာသာရှိတော့ ကိုထွန်းနိုင်သည်လည်း ရွှေသာလျောင်းရွာထဲမှ ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးလာခေါ်၍ မလိုက်မဖြစ် လိုက်သွားခဲ့ရသည်။

ထိုအခါ အိမ်ချင်းကပ် အရီးလေးမယ်သင်တို့ကို ပေါက်တူအား အပ်ခဲ့၏။

"အရီးလေး . . . ကျွန်တော် သူငယ်ချင်းနဲ့ ခဏလိုက်သွားချင်လို့ ပေါက်တူကို ခဏကြည့်ထားပေးပါနော်"

"ဪ . . . အေး . . . အေး . . . စိတ်ချ။ အရီးလေးတို့ရှိတယ်။ သွား . . . သွား"

ထွန်းနိုင်သည်လည်း စိတ်ချလက်ချ ထွက်လာခဲ့၏။ အရီးလေးမယ်သင်တို့လည်း တခဏတော့ ပေါက်တူအား ကြည့်ကြပါသေး၏။ ထို့နောက်တွင်တော့ မေ့သွား၏။ ပေါက်တူတစ်ယောက် ဘယ်သူမှမရှိတော့ပြီမို့ ဘာလုပ်ရမည်နည်းဟု စဉ်းစားလိုက်သည်။

"ဟာ . . . ဟုတ်ပြီ"

ပေါက်တူ အကြံတစ်ခုရသွား၏။ ထို့ကြောင့် အိမ်အဆင်းဖိနပ်ချွတ်လှေကားတွင် ပိုနေ၍ ထပ်ထားသော အုတ်နီခဲတစ်လုံးကိုယူကာ နောက်ဖေးမီးဖိုချောင်ဆီသို့ ယူသွား၏။ ထို့နောက် ထုခွဲခြေမွလိုက်ရင်း ငရုတ်ဆုံတွင်ထည့်၍ ထောင်းတော့သည်။ အုတ်နီခဲမှုန့်များ ရလာ၏။ ထိုအုတ်နီခဲမှုန့်များကို အုန်းမှုတ်ခွက်တစ်လုံးတွင်ထည့်ကာ ရေနှင့်ဖျော်ပြန်လေသည်။ ကိုယ့်အတွေးနဲ့ကိုယ်ရယ်မို့ ပေါက်တူပျော်နေ၏။ မျက်နှာတွင်ပင် ပြုံးရိပ်များက လွှမ်းနေ၏။

ပေါက်တူတို့အိမ်တွင် ခွေး(၅)ကောင်တိတိ ရှိလေသည်။ အားလုံးလိမ္မာကြသည်။ ခွေးထီးနှစ်ကောင်နှင့် ခွေးသားအုပ်မသုံးကောင်





ဖြစ်၏။ လိမ္မာသောခွေးများဖြစ်၍ လူနဲ့ယဉ်ပါးကြသည်။ မည်သူကခေါ်ခေါ် အမြီးလေးနှံ့ရင်း အနားကပ်လာတတ်ကြ၏။ ပေါက်တူ ခွေးများကို အစာကျွေး၍ ခေါ်လိုက်သည်။ ခွေးများအားလုံး ပေါက်တူနားသို့ရောက်လာကြ၏။ ပေါက်တူ တစ်ကောင်ပြီးတစ်ကောင်းဖမ်းကာ အသင့်ဖျော်ထားသော အုတ်နီခဲမှုန့်ရည်များနှင့် မျက်စဉ်းခတ်ကာပေးတော့၏။

ခွေးများ မျက်လုံးများစပ်၍ တဂိန်ဂိန်အော်ကာ ထွက်ပြေးကြသည်။ ခွေးသားအမိသုံးကောင်မှာ ထွက်ပြေးရင်း ခြံထဲမှ နွတ်ခမ်းမရှိသောရေတွင်းထဲသို့ ပြုတ်ကျ၏။ ခွေးထီးကြီးနှစ်ကောင်မှာလည်း ချုံထဲသို့တိုးသည့်ခွေးက တိုး၍ အိမ်ကိုပတ်၍ ပြေးသည့်အကောင်က ပြေးရင်း တဂိန်ဂိန်ခွေးအော်သံများက တစ်အိမ်လုံးဆူညံနေလေတော့သည်။ ထိုအခိုက် ကိုသာဟန်နှင့်မမယ်ဆင့်တို့ ရွာဦးကျောင်းမှ ဥပုသ်စောင့်ပြန်လာကြ၏။ ခြံဝသို့အရောက် ဆူညံနေသောခွေးအော်သံများကြောင့် . . .

"ဟဲ့ . . . မယ်ဆင့်"

"ရှင် . . . ကိုသာဟန်"

"အိမ်မှာ ခွေးအော်သံတွေ ဆူညံနေပါလားဟ။ ဘာများဖြစ်ကုန်ကြပြီလဲမသိဘူး"

စကားဆုံးတော့ ကိုသာဟန်နှင့်မမယ်ဆင့်တို့နှစ်ယောက် အိမ်တွင်ထားခဲ့သော သားကြီးထွန်းမြိုင်နှင့် သားလတ်ထွန်းနိုင်တို့အား ခေါ်လေ၏။

"ဟေ့ . . . ထွန်းမြိုင်ရေ . . . ထွန်းမြိုင်"

"ထွန်းနိုင်ရေ . . . ဘယ်သွားနေကြသလဲကွ"

"ပေါက်တူရော . . . ပေါက်တူမရှိဘူးလား"

တစ်ဦးပြီးတစ်ဦးခေါ်သော်လည်း ထူးသံမကြား။ ကိုသာဟန်နှင့် မမယ်ဆင့်တို့ စိတ်ပူသွားကြ၏။

"ဟင် . . . တစ်ယောက်မှလည်း အသံမကြားဘူး"

ခွေးအော်သံများကတော့ ဆူညံစွာထွက်ပေါ်နေမြဲသာ ဖြစ်ကာသည်။ ထိုခေါ်သံများကြောင့် အိမ်နီးချင်းဒေါ်မယ်သင်တို့ သတိရ၍ သွား၏။

"ဟဲ့ . . . သာဟန်နဲ့မယ်ဆင့်။ ပေါက်တူရှိတယ်လေ။ ထွန်းခိုင်ပေါက်တူကို ငါ့အပ်သွားတာ။ ငါလည်း ခုမှသတိရလာတယ်။ ပေါက်တူကိုခေါ် . . . ခေါ်"

ဒေါ်မယ်သင်စကားဆုံးတော့ မိဘများက ပေါက်တူကိုခေါ်လေ၏။

"ဟဲ့ . . . ပေါက်တူ . . . ပေါက်တူရေ . . . ပေါက်တူ"

ထိုအခါ နောက်ဖေးမီးဖိုချောင်ထဲတွင် ကုပ်၍ပုန်းနေလေသော ပေါက်တူ မနေသာလေတော့။ အသံပေးရတော့၏။

"ဗျာ . . . ကျွန်တော်ဒီမှာရှိတယ်အမေ"

"ဟဲ့ . . . ဒီလောက်ခေါ်နေတာ မကြားဘူးလား။ ခေါ်မကြားအော်မကြားနဲ့ ဘာတွေဖြစ်နေကြတာလဲ။ ခွေးတွေကလည်း အော်နေတာ ဆူညံနေတာပဲ။ ထွန်းမြိုင်နဲ့ထွန်းခိုင်ရော ဘယ်မှာလဲ"

"အစ်ကိုကြီးနဲ့ အစ်ကိုလေးတို့ မရှိဘူးအမေ"

"ဟဲ့ . . . ဘယ်သွားကြလို့လဲ"

"သား မသိဘူး"

ပြောပြောဆိုဆို ကိုသာဟန်နှင့်မမယ်ဆင့်တို့ ခြံတံခါးဖွင့်ကာ ဝင်လာကြ၏။ ခွေးတစ်ကောင်မှာ အော်ရင်း အိမ်ကိုပတ်ကာ ပြေး





နေ၏။

"ဟဲ့ . . . ဟိုခွေးက ဘာဖြစ်နေတာလဲ ကိုသာဟန်။ အိမ်ကိုပတ်ပြီး ပြေးနေတယ်။ ဟင် . . . ဟိုချုံဖုတ်ထဲမှာလည်း တစ်ကောင်က အော်နေတယ်"

ချုံထဲတွင်အော်နေသော ခွေးဆီသို့ ကြည့်ရန်အသွား အနားရှိ ရေတွင်းနှုတ်ခမ်းပြတ်ထဲတွင်လည်း ခွေးအော်သံများ ကြားလိုက်ရသောကြောင့် ကိုသာဟန် ရေတွင်းထဲသို့ ငုံ့ကြည့်လိုက်၏။

"ဟင် . . . ရေတွင်းထဲမှာလည်း ခွေးတွေသုံးကောင်တောင် ကျနေပါလားကွ။ ဘာတွေဖြစ်နေကြတာလဲ"

ကိုသာဟန် ပေါက်တူအား သေသေချာချာ ကြည့်လိုက်သည်။

"ဟေ့ကောင် ပေါက်တူ . . . မင်း ခွေးတွေကို ဘာတွေလုပ်သွားသလဲ။ မှန်မှန်ပြောစမ်း"

"သား . . . သား ခွေးတွေကို အုတ်နီခဲမှုန့်အရည်ဖျော်ပြီး မျက်စဉ်းခတ်ပေးထားတာပါ အဖေ"

ပေါက်တူစကားကြောင့် . . .

"ဘာကွ . . . ဘာပြောတယ်။ ခွေးတွေကို မျက်စဉ်းခတ်ထားပေးတယ် . . . ဟုတ်လား။ ဒါကြောင့် ခွေးတွေက မျက်စိစပ်ပြီး အော်နေကြတာ ဆူညံနေတာပဲ။ ရေတွင်းထဲကျတဲ့ခွေးကကျ၊ ချုံထဲတိုးတဲ့ ခွေးကတိုး။ စပ်လွန်းလို့ အိမ်ကိုပတ်ပြီးပြေးတဲ့ခွေးကပြေးနဲ့ လူကြားမကောင်း။ သူကြားမကောင်း။ ဒီလောက်အတန်တန်မှာထားလျက်နဲ့ ဉပုသ်လေးတစ်ရက်တလေတောင် ဖြောင့်အောင်မစောင့်ရဘဲ ဒုက္ခပေးတဲ့ကောင်။ နာပြီသာမှတ်တော့"

ဦးသာဟန် ဒေါသထွက်လေတော့၏။ ထို့ကြောင့် ပေါက်တူမှာ အရိုက်ခံရလေသည်။ တစ်နေ့လုံး ဆောက်တည်ရင်း ထိန်းလာခဲ့သော ဥပုသ်မှာလည်း မရတော့ဘဲ ဦးသာဟန်နှင့် မမယ်ဆင့်တို့နှစ်ယောက် ဥပုသ်ကျိုးခဲ့ရတော့သည်။

❑

ဤသို့ဖြင့် ပေါက်တူအား ကျောင်းထားရမည့်အရွယ်သို့ ရောက်လာ၏။ ထို့ကြောင့် ဖခင်နှင့်မိခင်တို့ဖြစ်သော ဦးသာဟန်နှင့်မမယ်ဆင့်တို့နှစ်ယောက် ကန်ကြီးဒေါင့်ရွာရှိ ဆရာတော်ဦးသာသန၏ ကျောင်းလေးသို့သွားကာ ပေါက်တူကို ကျောင်းအပ်၏။

ဆရာတော်ဦးသာသနမှာလည်း အခြားကျောင်းသားများနည်းတူ ပေါက်တူအား သူငယ်တန်းမှစ၍ သင်ကြားပေး၏။ သို့သော် ပေါက်တူမှာ ဉာဏ်ရည်မမီသော ကလေးတစ်ယောက်ဖြစ်လေသည့်မို့ တခြားကလေးများကဲ့သို့ စာသင်၍မရ။ တစ်တန်းကို အနည်းဆုံး(၂)နှစ်ခန့်တက်ပြီးမှ အောင်လေ၏။ မိဘများသည်လည်း ပေါက်တူ၏အကြောင်းသိရလေကား ပေါက်တူအတန်းအောင်ရေးသည် အဓိကမဟုတ်။ နောက်





ဆုံး ကျောင်းပျော်သဘောမျိုးအဖြစ်ထားကာ ပညာသင်ကြားစေလေ၏။

ပေါက်တူတတိယတန်းသို့ရောက်လျှင် ဆရာတော်ဦးသာသနမှ ဘုန်းကြီးကျောင်းသားအဖြစ် ခန့်အပ်သည်။ ဘုန်းကြီးကျောင်းသားဆိုသည်မှာ အခြားစာသင်သားများနှင့်မတူ။ ကျောင်းတွင် အတန်းပညာသင်ကြားရသည့်အပြင် စာသင်ချိန်ကိစ္စများ ပြီးဆုံးသွားလျှင်လည်း အိမ်သို့မပြန်ရ။ ကျောင်းတွင် ညအိပ်ညနေ နေထိုင်ကာ ကျောင်း၏ ဝေယျာဝစ္စများကို လုပ်ဆောင်ပေးရ၏။

ဘုန်းကြီးကျောင်းသားများခန့်ရာတွင် အတန်းငယ်များကို မစဉ်းစား။ သုံးတန်းလေးတန်းမှ ကျောင်းသားများကိုသာ ခန့်အပ်လေသည်။ သို့သော် လူတိုင်းသည် ဘုန်းကြီးကျောင်းသား ဖြစ်၍မရ။ ဘုန်းတော်ကြီးမှ သူမျက်စိကျရာ တပည့်မွေးလိုသူမှသာလျှင် ဘုန်းကြီးကျောင်းသား ဖြစ်စေနိုင်၏။ ပေါက်တူ တတိယတန်းအရောက်တွင် ဆရာတော်ဦးသာသနမှ . . .

"ဟေ့ကောင် . . . ပေါက်တူ . . . ဒီနေ့ကစပြီး မင်းကို ဆရာတော်ဘုန်းကြီးကျောင်းသားခန့်တယ်။ အိမ်ကိုပြောထား။ ဒီနေ့ကစပြီး ကျောင်းအိပ်ကျောင်းစားနေရမယ်"

ထိုနေ့မှစ၍ ပေါက်တူတစ်ယောက် အိမ်သို့မပြန်ရတော့။ ကျောင်းတွင်သာအိပ်၍ ကျောင်းတွင်သာစားကာ ဘုန်းကြီးကျောင်းသားဖြစ်၍သွားတော့၏။ အကြောင်းကြီးငယ်ကိစ္စရှိမှသာလျှင် ညအိပ်ညနေအိမ်ပြန်ရ၏။ ဆရာတော် ဦးသာသနသည် ညဘက်တွင် ဘုန်းကြီးကျောင်းသားများကို သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါဠိ စသောစာများကို သင်ကြားပေး၏။

တစ်ခါတွင် ဆရာတော်သည် တစ်ရက်ကြို၍ သင်ထားသော

စာများကို ကျက်ထားရန် မှာလိုက်၏။ နောက်တစ်နေ့တွင် အားလုံးသော ကျောင်းသားများ ရကြ၏။ သို့သော် မရသူတစ်ယောက်ရှိလေသည်။ ထိုသူမှာ ပေါက်တူသာလျှင် ဖြစ်လေ၏။

ထို့ကြောင့် စာမရသည့်အကြောင်းကို ဆရာတော်မှ ပေါက်တူအား မေးလေသည်။

"ဟဲ့ . . . ပေါက်တူ"

"ဘုရား"

"ငါကျက်ခိုင်းလိုက်တဲ့စာတွေ ဘာလို့ကျက်မလာတာလဲ"

"မှန်လှပါ . . . တပည့်တော်ကျက်ပါတယ်ဘုရား။ ဒါပေမဲ့ ကျက်ပြီးရင် ပြန်ပြန်ပြီးမေ့မေ့သွားတာမို့ မရတာပါဘုရား"

"အေး . . . ဒါဆို ကောင်းပြီ။ မင်းကို ငါ သုံးရက်အချိန်ပေးမယ်။ ရအောင်ကျက်ခဲ့။ ကြားလား"

"မှန်ပါ့ဘုရား"

သုံးရက်မြောက်လေသောနေ့ ဆရာတော်မှ မေးပြန်ပါလေ၏။ ပေါက်တူသည် ထုံးစံအတိုင်း မရဖြစ်လေသည်။ ထိုအခါတွင် ဆရာတော်မှာ ဒေါသထွက်သွားသည်။

"ဟေ့ကောင် ပေါက်တူ။ ဘာလဲ . . . မင်းက ငါကျက်ခိုင်းတဲ့စာတွေကို ရအောင်မကျက်တာဟာ ငါ့ကိုမကြောက်လို့မဟုတ်လား"

"မဟုတ်ပါဘူးဘုရား။ ကျက်ပေမယ့် မရလို့ပါဘုရား"

"ကဲ . . . မရတဲ့ကောင်။ ရအောင်လို့ ငါကျက်ပေးမယ်။ သွား . . . ဟိုကျောင်းတိုင်မှာကပ်"

ဆရာတော်စကားဆုံးတော့ ပေါက်တူတစ်ယောက် မနေသာ။ ဆရာတော်ညွှန်ပြလေသည့် ကျောင်းတိုင်ကြီးအား ဖက်ကာ ကပ်လိုက်





၏။ ထို့နောက် နံရံတွင်တင်ထားသော ကြိမ်လုံးကိုယူကာ ဆရာတော်မှ ရိုက်လေတော့သည်။

"ဖျန်း"

"အောင်မလေး . . . ကြောက်ပါပြီဘုရား"

"ဖျန်း"

"အောင်မလေး . . . ကြောက်ပါပြီဘုရား"

ဆရာဘော်တစ်ချက်ရိုက်လိုက်တိုင်း ပေါက်တူမှာ တစ်ခါအော်ရင်း ကျောင်းတိုင်ကြီးကို ဖက်၍ဖက်၍ တက်တက်သွားသည်မှာ ကျောင်းခေါင်မိုးထိပ် ဘုံပြာသာဒ်ထဲသို့ပင် ရောက်၍သွား၏။ ပေါက်တူ ပြန်ဆင်းမလာလေတော့။ ဆရာတော်မှ ချော့မော့၍ဆင်းခိုင်းသော်လည်း မရ။ နောက်ဆုံး ဆရာတော် လက်လျှော့လိုက်ရတော့သည်။

ညသန်းခေါင်ခန့်အချိန် ဆရာတော်နှင့်ကျောင်းသားများ အိပ်သည့်အချိန်ကျမှ ဘုံပြာသာဒ်ထဲမှ တိတ်တဆိတ် အောက်သို့ဆင်းလာခဲ့တော့လေ၏။

❑

တစ်ခါသော်တွင်လည်း . . .

ဆရာတော်မှာ ကန်ကြီးဒေါင့်ရွာနှင့် အတန်ငယ်အလှမ်းဝေးလေသည့် စည်တော်ကုန်းဟူသောရွာသို့ အလှူကိစ္စတစ်ခုရှိ၍ ကြွသွား၏။ ညနေစောင်းမှ ပြန်လာမည်ဖြစ်လေသည်။ ထို့ကြောင့် ကျောင်းမှ ဦးပဥ္စင်း၊ ဦးခေမာနှင့် ကိုရင်ကြီးအချို့ကို အပ်၍သွား၏။

ဤအခါ ပေါက်တူတို့သူငယ်ချင်းတစ်စု လွတ်လပ်ရေးရကြတော့သည်။ ကန်ကြီးဒေါင့်ရွာရှိ ဆရာတော်ဦးသာသနကျောင်းတွင် ကန်လှရေတွင်းဟုခေါ်လေသည့် ရေတွင်းကျယ်ကြီးတစ်ခု ရှိလေ၏။

ရေတွင်းကြီးမှာ ကျယ်သလို နက်လည်းနက်လေ၏။ ထိုရေတွင်းနံရံတွင် စီထားသော အုတ်များကြားတွင် အလေ့ကျပေါက်ရောက်နေသည့် မြက်ပင်အချို့ရှိ၏။ တချို့နေရာတွင် အုတ်များကျိုးကာ ကွက်လပ်





ဖြစ်နေကြပြီး ထိုနေရာများတွင်တော့ စာကလေးများက အသိုက်ဖွဲ့၍ နေတတ်၏။ ထို့ကြောင့် ထိုစာသိုက်များကိုနှိုက်ရန် ပေါက်တူအကြံရ၏။

မိမိနှင့်အတန်းတူ သူငယ်ချင်းတစ်စုဖြစ်လေသည့် ဖိုးထောင်၊ ထွေးမောင်၊ သာဖြိုးတို့အား ကန်လှရေတွင်းနံရံရှိ စာသိုက်များကို နှိုက်ရန် တိုင်ပင်ကြ၏။

"ဟေ့ကောင် ဖိုးထောင်တို့ . . . လာကြ။ တို့ ဆရာတော်မရှိတုန်း ကန်လှရေတွင်းနံရံမှာရှိနေတဲ့ အသိုက်တွေထဲက စာဥတွေနှိုက်ကြရအောင်ကွာ"

ထိုအခါ သူငယ်ချင်းအားလုံးက ပေါက်တူအကြံကို သဘောတူကြ၏။ သို့သော် ထွေးမောင်တစ်ယောက် စကားဆိုလာ၏။

"ဟ . . . နှိုက်တာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ရေတွင်းနံရံမှာရှိနေတဲ့ စာသိုက်တွေကို ဘယ်လိုလုပ်ပြီး နှိုက်ကြမလဲ"

"အိုကွာ . . . ငါသိပြီ။ တို့ ရွာထဲမှာ ကြိုးတစ်ချောင်းသွားရှာမယ်။ တစ်ယောက်က ခါးကိုကြိုးချည်ပြီးဆင်း။ ကျန်တဲ့လူတွေက အပေါ်ကနေ ဆွဲထားပြီး နှိုက်ပေါ့"

သာဖြိုးမှ အကြံပေးလေ၏။

"ရတော့ရပါတယ်။ တော်ကြာ အပေါ်ကဆွဲထားတဲ့သူတွေက မနိုင်လို့ ဆင်းတဲ့ကောင်ပြုတ်ကျရင် ဘယ်လိုလုပ်မလဲ"

သာဖြိုးအကြံကို ဖိုးထောင်မှ ကန့်ကွက်ပြန်သည်။ ထိုအခါ ပေါက်တူမှာ မနီးမဝေးရှိ ကွမ်းသီးပင်ကြီးတစ်ပင်တွင် ထောင်ထားသော ဝါးတက်ကြီးတစ်ခုကို တွေ့မြင်သွားကာ . . .

"ဟာ . . . ဟိုကွမ်းသီးပင်မှာ ထောင်ထားတဲ့ ဝါးတက်ကြီးကို ချပြီးဆင်းကွာ။ အဲဒါ အကောင်းဆုံးပဲ"

ပေါက်တူပြရာဆီသို့ အားလုံးကြည့်လိုက်ကြ၏။ ဆယ်တောင်သာသာခန့်ရှည်သော ဝါးနက်ကြီးတစ်လုံးမှာ ဝါးတက်များဖြင့် ထောင်လျက်ရှိနေသည်ကို တွေ့ရ၏။ ပေါက်တူတို့တစ်သိုက် ကွမ်းသီးပင်တွင် ထောင်ထားသော ဝါးတက်ကြီးကို သယ်ဆောင်ယူလိုက်ကြရင်း ကန်လှရေတွင်းကြီးထဲသို့ ချကြ၏။

"ကဲ . . . ဘယ်သူဆင်းမှာလဲ"

ပေါက်တူ့အမေးကို ဖိုးထောင်မှ ဖြေလေသည်။

"ငါပဲဆင်းမယ်။ မင်းတို့က အပေါ်ကနေ ဝါးတက်နဲ့ ရေတွင်းနံရံ ကွာမသွားအောင် ကိုင်ထားကြ"

စကားဆုံးတော့ ခါးတောင်းမြှောင်အောင်ကျိုက်၍ ဖိုးထောင်တစ်ယောက် ကန်လှရေတွင်းထဲသို့ ဝါးတက်တစ်ခုချင်းနင်းကာ ဆင်း၍သွား၏။

စာသိုက်များမှာ ရေတွင်းကြီး၏ အလယ်ရောက်လိုသာသာတွင် ရှိလေ၏။ ထိုနေရာလောက်သို့အရောက် ဖိုးထောင်ရပ်လိုက်သည်။ ရေတွင်းနံရံကြားရှိ စာသိုက်များကို နှိုက်၏။ ရလာသော စာဥများကို ပုဆိုးကို ခါးပိုက်ထောင်လုပ်၍ ထည့်လိုက်ရင်း ခဏကြာတော့ ဝါးတက်များအတိုင်းနင်းကာ ပြန်တက်လာခဲ့သည်။

ထိုအချိန်တွင် မမျှော်လင့်ဘဲ ဝါးတက်တစ်ခုဆီသို့ လှမ်းအတက် ခြေထောက်မှာ ရေစိုထားသောကြောင့် လျော၍ကျသွားတော့သည်။

"လျော"

"ဒုတ်"

"အား"

ဖိုးထောင်၏ ကျယ်လောင်စူးရှစွာအော်လိုက်သော အသံကြီး





ကြောင့် ရေတွင်းနံရံဝတွင် ဝါးတက်ကြီးအား ရေတွင်းမှကွာမသွားစေရန် ဆွဲ၍ဖိကပ်ရင်း ကိုင်ထားကြသော ပေါက်တူ၊ သာဖြိုး၊ ထွေးမောင်တို့ ရေတွင်းထဲသို့ ပြိုင်တူငုံ့၍ကြည့်လိုက်ကြသည်။

"ဟေ့ကောင် ဖိုးထောင် . . . ဘာဖြစ်လို့လဲကွ"

"ငါ့ကို ဝါးတက်ထိုးမိသွားပြီကွ"

"ဟာ . . . အဲဒါမှ ဒုက္ခပဲ"

ပေါက်တူ ရေရွတ်လိုက်၏။

"ကဲ . . . ကဲ . . . လာ . . . လာ . . . တက်လာခဲ့တော့ ဖိုးထောင်"

ဖိုးထောင်တစ်ယောက် မျက်နှာများရှုံ့မဲ့ကာ တက်လာ၏။

"သတိထားဦး။ ထပ်ပြီး ချော်ကျဦးမယ်"

သာဖြိုးမှ သတိပေးနေ၏။ ခဏကြာတော့ တွင်းဝနံရံသို့ ဖိုးထောင်ရောက်လာ၏။

"ဟာ . . . သွေးတွေအများကြီး ထွက်နေတယ်ကွ။ အပေါ်ကို မြန်မြန်ဆွဲတင်ကြကွာ"

"ဘယ်နေရာကို ထိုးမိသွားတာလဲ ဖိုးထောင်"

"ပေါင်ခွကြားကိုကွ"

"ဘယ်လိုဖြစ်ပြီး ထိုးမိတာလဲ"

"ခြေထောက်က ရေစိုနေတော့ ချော်ပြီးလျောအကျ အောက်က ဝါးတက်က ထိုးလိုက်တာ"

"ကဲ . . . ဒါဆိုရင် တို့ဘယ်လိုလုပ်ကြမလဲ"

"ဟ . . . ဘယ်လိုလုပ်ရမလဲ။ ဒဏ်ရာက နက်တယ်။ သွေးထွက်လွန်ရင် ဒုက္ခရောက်ကုန်လိမ့်မယ်"

ထိုသို့အချင်းများနေခိုက် လူစုစုမြင်၍ ဦးပဉ္စင်းဦးခေမာရောက်လာသည်။

"ဟဲ့ . . . ပေါက်တူတို့အုပ်စု ဘာလုပ်နေကြတာလဲကွဲ့"

"တ . . . တပည့်တော်တို့ . . . "

ပေါက်တူမျက်နှာ သွေးမရှိလေတော့။ အားလုံး၏မျက်နှာများသည်လည်း ဖြူဖပ်ဖြူရော် ကြက်ပြုတ်မျက်နှာများနှင့် ဖြစ်နေလေသည်။ ဖိုးထောင်မှာ ရေတွင်းဘေးတွင် လဲလျောင်းရင်း အော်နေတော့၏။

"အမယ်လေး . . . လုပ်ကြပါဦးဗျာ။ ဆေးရုံကို ပို့ကြပါ။ ကျွန်တော်သေတော့မယ်"

"ဟ . . . ဒီကောင်တွေ ဘာဖြစ်ကြတာလဲ။ ငါ့ကိုမှန်မှန်ပြောစမ်း"

ဦးပဉ္စင်းဦးခေမာမေးလေတော့ ပေါက်တူကန်လှရေတွင်းထဲဆင်း၍ ဝါးတက်ဖြင့် စာသိုက်များနှိုက်ကြောင်း ဝန်ခံရတော့၏။

"ဟာ . . . တော်တော်ဆိုးတဲ့ကောင်တွေကွာ။ ဒီလိုကြည့်နေလို့ ဘယ်ဖြစ်မလဲ။ သွား . . . သွား . . . ပုခက်ပြင်။ ဆေးရုံပို့မှဖြစ်မယ်။ တော်ကြာ သွေးထွက်လွန်သွားရင် ဒုက္ခ"

ကျောင်းသားငါးယောက်ခန့်က ပုခက်ကြီးဆင်ကာ ဝါးတက်ထိုးခံရလေသော ဖိုးထောင်အား ဆေးရုံသို့ပို့ရန် လုပ်ရတော့၏။

ထိုအခိုက် . . .

ဆရာတော်မှာ အလှူမှပြန်ကြွလာသည်။ ထိုသတင်းကို ခရီးရောက်မဆိုက် ကြားလေသည့်အခါ . . .

"ဟဲ့ . . . မောင်ပဉ္စင်းခေမာ။ ဘာတွေဖြစ်နေကြသလဲကွ။ ငါ့ကို လျှောက်စမ်း"





"မှန်လှပါ . . . ပေါက်တူတို့ပါဘုရား"

"ဟဲ့ . . . ပေါက်တူတို့ ဘာဖြစ်ကြလို့လဲ။ ပြောစမ်း"

"ကန်လှရေတွင်းထဲက စာသိုက်တွေကို ဝါးတက်ချပြီး တဉ္စဆင်းနှိုက်ကြသတဲ့ဘုရား။ အဲဒါ ဖိုးထောင်ချော်ကျပြီး ပေါင်ထိပ်ကို ဝါးတက်ထိုးမိသွားလို့ဘုရား"

"အို . . . ပေါက်ပေါက်ရှာရှာ ကြံကြံဖန်ဖန်လည်း လုပ်တဲ့ကလေးတွေကွာ။ ဟိုနားဒီနား အလှူပွဲလေးကြွတာတောင် ငါ့နယ်ဖြောင့်ဖြောင့်မကြွရဘူး။ ဘယ်မှာလဲ အဲဒီကောင်တွေ။ ငါ့ဆီကိုခေါ်လာခဲ့ကြစမ်း"

ဆရာတော်စကားကြောင့် ဦးပဉ္စင်းဦးခေမာ ပေါက်တူတို့အားခေါ်တော့သည်။ ထိုသတင်းကြားလေသည့်အခါ ပေါက်တူနှင့်သူငယ်ချင်းတစ်သိုက် ဆရာတော်ရိုက်တော့မည်ကိုသိ၍ ကျောင်းမှထွက်ပြေးကြတော့သည်။

ထိုအခါ အခြားသူများမှာ သန်သန်မာမာ၊ သွက်သွက်လက်လက် ပြေးနိုင်သူများဖြစ်၍ ဆရာတော်လက်မှ လွတ်ခဲ့ကြသော်လည်း ပေါက်တူတစ်ယောက်မှာတော့ ဘယ်ဖက်ခြေသန်းချောင်းလေးသည် ခြေသူကြွယ်ပေါ်သို့ထပ်၍ ဆင့်ကာနေလေသောကြောင့် ပြေးလွှားရာတွင် ခရီးမတွင်ကျယ်။ သူများတကာလို လျင်လျင်မြန်မြန် မပြေးသွားနိုင်။ ထို့ကြောင့် လိုက်၍ဖမ်းကြလေသော ကျောင်းသားများလက်၌ ဖမ်းမိသွားပြီး ဆရာတော်ပေးအပ်သည့် ကြိမ်ဒဏ်များကို ခံရတော့၏။

ထို့ကြောင့် ပေါက်တူ အမျက်ထွက်၍သွား၏။ ဆရာတော်ကိုတော့ မဟုတ်လေပါ။ သူများတန်းတူ မပြေးမလွှားနိုင်လေသည့် မိမိ၏ခြေသူကြွယ်ပေါ် ထပ်၍နေသော ခြေသန်းချောင်းလေးကို ဖြစ်၏။

ထို့ကြောင့် နောက်တစ်နေ့တွင် ဒေါသဖြင့် ဆောက်တစ်ချောင်းဖြင့် ထုကာရိုက်၍ ဖြတ်ပစ်လိုက်တော့၏။

ပေါက်တူခြေထောက်မှ သွေးများ မြင်မကောင်းအောင် ထွက်လာကြ၏။ ဦးပဥ္စင်း ဦးခေမာမေးလျှင် ပေါက်တူ အဖြစ်မှန်ကို ပြော၏။ ဤအခါတွင်လည်း ဦးပဥ္စင်းဦးခေမာမှ ဆရာတော်မသိစေရန် ကျိတ်၍ ပျောက်ကင်းသည်အထိ ဆေးဝါးများကုသပေးရပြန်လေသည်။

❑

ဤသို့ဖြင့် ကန်ကြီးဒေါင့်ကျောင်း ဆရာတော် ဦးသာသန ကျောင်းလေးတွင် ပေါက်တူနေလာခဲ့သည်မှာ လူပျိုဘော်ဝင်စသာသာပင် ရှိလာတော့၏။ သူနှင့်အတူ ကျောင်းတက်ခဲ့ကြသော ကျောင်းနေဖက် အသီးသီးသည်လည်း ကျောင်းမှထွက်ကာ တချို့မှာ လုပ်ငန်းခွင်ဝင်သူဝင်၍ တချို့မှာ အလယ်တန်းပညာ၊ အထက်တန်းပညာများပင် ဆက်လက်ဆည်းပူးနေလျက်ရှိကြ၏။

ပေါက်တူမှာ ဆရာတော်ဦးသာသန၏ ကန်ကြီးဒေါင့်ကျောင်းလေး၌သာ ဘုန်းကြီးကျောင်းသားဘဝဖြင့် ကျင်လည်ရင်း နေထိုင်လျက်





ရှိလေ၏။ ဦးသာဟန်သည်လည်း သားနှစ်ယောက်ဖြစ်သည့် ထွန်းမြင့်နှင့်ထွန်းနိုင်တို့ကို အားကိုးသမှုပြုနေရသော်လည်း မကြာတင်မီနှစ်များကပင် ရှေ့ဆင့်နောက်ဆင့်ဆိုသလို အိမ်ထောင်ရက်သား အသီးသီး ပြု၍သွားကြ၏။ ထို့ကြောင့် သားလတ်ထွန်းနိုင်ကို ဦးသာဟန် အကူအညီတောင်းရသည်။

"ထွန်းနိုင် . . . မင်းအိမ်ထောင်ကျသွားပေမယ့် ဒီနှစ်တော့ အဖေ့လယ်လေးကို ထွန်ပေးပါဦးကွာ။ နောင်နှစ်ကျရင်တော့ အဖေ့ဟာ အဖေ ပြန်ထွန်မယ်"

"ဟုတ်ကဲ့ပါ အဖေ"

ထိုအခြေအနေများကြောင့် ဦးသာဟန် ဘုန်းကြီးကျောင်းပို့၍ ထားသော ကျပ်မပြည့်လေသည့် သားပေါက်တူကို ပြန်ခေါ်၏။

တစ်နေ့ ကိုသာဟန် ကျောင်းသို့ရောက်သွား၏။

"ဆရာတော်ဘုရား . . . တပည့်တော် ပေါက်တူကို ပြန်ခေါ်ပါရစေဘုရား"

"ဒီမှာထားတာ ဘာဖြစ်လို့လဲ ဒကာကြီး"

"ဘာမှမဖြစ်ပါဘူးဘုရား။ ဒါပေမဲ့ သူ့ဘဝနောင်ရေးနောင်တာဆိုတာတွေလည်း ရှိတာမို့ တပည့်တော်တို့ မျက်စိမမှိတ်ခင်မှာ သူ့ကို လယ်ထွန်လေး သင်ပေးချင်လို့ပါဘုရား"

ဦးသာဟန်စကားဆုံးတော့ ဆရာတော်စဉ်းစားလိုက်သည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။

"အင်း . . . ဒကာကြီးပြောတာလည်း နည်းလမ်းကျပါတယ်လေ။ ပေါက်တူကို စာပေပညာတွေ အမျိုးမျိုးသင်ကြားပေးပေမယ့် သူ့ဘဝက ပါရမီပါမလာတော့ မတတ်မြောက်ရှာဘူး။ ဒါကြောင့် ဒကာ

ကြီးသာဟန် စီစဉ်သလို အတတ်ပညာလေးတတ်ရင်တော့ သူ့ဘဝ အတွက် အဆင်ပြေရတာမို့ ဒကာကြီးဆန္ဒအတိုင်း ခေါ်ချင်လည်း ခေါ်ပါကွယ်''

ဤသို့ဖြင့် ပေါက်တူတစ်ယောက် အိမ်သို့ပြန်ရောက်လာခဲ့သည်။ မိုးဦးကျတစ်နေ့တွင် ဦးသာဟန်၊ ပေါက်တူနှင့် ထွန်းနိုင်တို့ သားအဖသုံးယောက် လယ်ထဲတွင် လယ်ထွန်ကြလေသည်။ ထိုအခါ ဦးသာဟန်မှ ပေါက်တူကို လယ်ထွန်သင်လေ၏။

''ဟော့ကောင် ပေါက်တူ . . . လာ . . . ထွန်ကိုကိုင်။ ဒီလို ထွန်ရတယ်ကွ။ သေသေချာချာကြည့်ထား''

ဦးသာဟန်ပြောရင်းမှ ကိုယ်တိုင်ဝင်ထွန်ပြလေ၏။ ထို့နောက် ပေါက်တူကို ထွန်နိုင်းသည်။ ပေါက်တူ ထွန်လေ၏။ သို့သော် ဦးသာဟန် ပြသည့် သို့မဟုတ်။ တလွဲတချော်သာ ဖြစ်လေ၏။ သုံးကြိမ်လေးကြိမ်မျှ သင်ပြန်လေသည်။ သို့သော် အမှတ်ပညာနည်းခဲ့သော ပေါက်တူ တစ်ယောက်မှာ မှားမြဲမှား၍ လွဲမြဲလွဲနေမြဲသာ ဖြစ်သည်။ ထိုအခါ ဦးသာဟန် ဒေါသထွက်လေပြီ။ ထို့ကြောင့် နွားရိုက်သောကြိမ်လုံး (နှင်တံ)ဖြင့် ကျောပြင်ကို တဘုန်းဘုန်းမြည်အောင် ရိုက်ပါလေတော့သည်။ ထိုအခါ ပေါက်တူမှာ . . .

''အောင်မလေး . . . ကြောက်ပါပြီ ရွှေဖေဖေကြီးရဲ့''

''အောင်မလေး . . . သေပါပြီ။ မှတ်ပါတော့မယ် ရွှေဖေဖေ ကြီးရဲ့''

ဟုဆိုကာ ကန်သင်းဘောင်တွင် ဇဆောင့်ကြောင့်ထိုင်၍ ရှိုက်ရင်း တောင်းပန်နေလေတော့၏။ ဤမြင်ကွင်းကို အစ်ကိုဖြစ်သူ ထွန်းနိုင် တစ်ယောက် မကြည့်ရက်မမြင်ရက်။ ထို့ကြောင့် . . .





''တော်ပါတော့ အဖေရယ်။ အဖေရိုက်လည်း ဒီကောင်ပေါက်တူ သေသာသေမယ် တတ်မှာမဟုတ်ဘူး။ တော်ပါတော့''

နောက်ဆုံးတော့ လယ်ထွန်ပညာသင်ပေးလိုသော ဦးသာဟန်၏ ဆန္ဒတို့သည်လည်း လက်လျှော့လိုက်ရပြန်လေတော့၏။

❑

ပေါက်တူအား လယ်ထွန်သင်ရင်း မတတ်၍ ရိုက်နှက်သည် ဟူသောသတင်းကို မမယ်ဆင့်ကြား၏။ ထိုအခါ ဦးသာဟန်အား ရန်လုပ်လေသည်။

''ကိုသာဟန် . . . ရှင်က ကျုပ်သားလေးကို ကျွဲရိုက်နွားရိုက် ရိုက်တယ်ဆို။ ရှင့်ဖအေဆိုပေမယ့် အဲဒီလိုတော့ မရိုက်သင့်ဘူး။ ဒီကလေး ရဲ့ ဘဝအခြေအနေကိုလည်း ရှင်သိသားနဲ့။ သင်လို့ကြားလို့ မရရှာတဲ့ ကလေးကို။ ရှင် သူ့ကိုရိုက်ချင်ရင် ကျုပ်ကိုအရင်သတ်။ ကျုပ်သေမှ ရှင်ရိုက်ချင်သလို ရိုက်''

ဤအချိန်မှစ၍ ကိုသာဟန်တစ်ယောက် သေသည်အထိ ပေါက် တူကို မရိုက်မနှက်တော့ပေ။ ပေါက်တူမှာ အမေလုပ်သူ မမယ်ဆင့်နှင့်

ပိုင်းကူရင်း ဈေးရောင်းလျှင် နောက်ကနေ အဖော်လိုက်၏။

ဦးသာဟန်မှာတော့ လယ်ငှားသားတစ်ဦးငှားရမ်းကာ လယ်ကို လုပ်ကိုင်၏။ လူစုံတက်စုံလုပ်ကိုင်နေသော်လည်း စီးပွားရေးက မချောင်လည်။ ကျပ်သထက် ကျပ်ကာလာလေ၏။ တစ်ခါတလေတော့ လိပ်ပတ်မလည်ရှာသော ဘဝကိုပြောရင်း မမယ်ဆင့်ငိုမိသည်။

"အဖေ၊ အမေတို့ရယ် . . . သမီးတို့ရဲ့ဘဝကို လာကြည့်ကြပါဦးတော်။ ဘာကြောင့်များ ဘဝက ဒီလောက်နဲ့ချာရတာပါလိမ့်"

မမယ်ဆင့်ငိုသောအခါတွင် ပေါက်တူတစ်ယောက် အမေလုပ်သူကိုကြည့်၍ . . .

"အမေရယ် . . . မငိုပါနဲ့။ တစ်နေတော့ ဒီဘဝတွေက လွတ်မြောက်မှာပါ"

ထိုအခါ သားဖြစ်သူပေါက်တူအား အမေလုပ်သူ မမယ်ဆင့်ကြည့်၍ . . .

"ဟဲ့ . . . ပေါက်တူ။ ဒီလောက် မိသားစုရုန်းကန်နေတာတောင် မနက်ညမနည်းလုပ်နေရတာ။ ဒီဘဝက ဘယ်လိုလွတ်မြောက်ပါ့မလဲ"

"ဩော် . . . အမေရယ်။ အချိန်မတန် ကံမလှည့်သေးလို့ပါ။ အချိန်ဆိုတာ စောင့်ရတယ်အမေရဲ့။ အချိန်ကောင်းအခါကောင်းဆိုတာ စောင့်တဲ့သူမှ ရကြမှာ"

"အောင်မယ် . . . ဒီကောင် ကြီးကြီးကျယ်ကျယ်တွေ ငါ့ကိုပြောလို့။ အချိန်တွေအခါတွေနဲ့ ပြောနေတယ်။ မင်းဘာသိလို့လဲ ပေါက်တူရယ်"

ထိုသို့သောညများတွင် ပေါက်တူတစ်ယောက် တစ်ညလုံး





မအိပ်ပါလေတော့။ ဘုရားရှိခိုးလိုက်၊ ပုတီးစိပ်လိုက်၊ လမ်းထလျှောက်လိုက်နှင့် ပါးစပ်မှလည်း ဂါထာရွတ်သလို တတွတ်တွတ်တဖွဖွနဲ့ ဘာတွေပြောလို့ ပြောမှန်းမသိ။ ရွတ်လို့ရွတ်မှန်းမသိ။ မိုးရောင်လေးတလက်လက်မြင်တော့ . . .

"ဟဲ့ . . . ပေါက်တူ။ မအိပ်သေးဘူးလား။ ညဉ့်နက်လှပြီ။ ဘာလုပ်နေတာလဲ။ မနက်ဈေးထွက်ရမယ်။ အိပ်တော့လေ"

"သား ပုတီးစိပ်နေတာပါ အမေရဲ့။ အိပ်ပါတော့မယ်"

မနက်မိုးလင်းသည့်အခါ ပေါက်တူမှ ထူးထူးဆန်းဆန်းစကားများကို ပြောလာလေ၏။

"အမေ"

"ဟဲ့ . . . ဘာလဲ ပေါက်တူ"

"အမေ ဒီနေ့ ငါးတွေ၊ ဖားတွေ မရောင်းပါနဲ့တော့။ ရွာတောင်ပိုင်းက ဦးမိုးမြင့်ခြံက နာနတ်သီးတွေကောက်ပြီး ရောင်းကြည့်ပါလား အမေရယ်"

"ဟဲ့ . . . ဘာထူးထူးဆန်းဆန်းတွေ လာပြောနေတာလဲ။ နင်တို့ သားသုံးယောက်ကို ဒီငါးဖားတွေရောင်းပြီး ငါကျွေးမွေးလာခဲ့တာ။ ခုမှ နင်က အဆန်းလာလုပ်ပြီး ပြောမနေနဲ့"

ဤသို့ အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ရ၍ မပြေလည်တိုင်း ဒေါ်မယ်ဆင့် ငိုမိလေ၏။ ဤအခါများတွင်လည်း ပေါက်တူတစ်ယောက် မအိပ်တော့ဘဲ ဘုရားရှိခိုး။ ပုတီးစိပ်ရင်း တချွတ်ချွတ်နှင့်နေလေ၏။

မိုးလင်းလျှင် ယခင်ပြောနေကျအတိုင်း ပြောလေ၏။

"အမေရယ် . . . အကုသိုလ်အလုပ်တွေဖြစ်တဲ့ ငါးတွေ၊ ဖားတွေ၊ ကြက်တွေ၊ ဘဲတွေ ရောင်းတဲ့အလုပ်ကို မလုပ်ပါနဲ့တော့"

တစ်ခါတွင်တော့ ပြောလွန်းမကပြောလေသည်မို့ ဒေါ်မယ်ဆင့် ပေါက်တူပြောသည့်အတိုင်း ဦးမိုးမြင့်နာနတ်ခြံမှ နာနတ်သီးများကို ပြောင်းကာ ရောင်းချ၏။

ထိုနေ့တွင် . . .

အုံညြလောက်အောင် ဈေးရောင်းကောင်းလေကာ အမြတ်အစွန်းအချို့ကိုလည်း ရရှိတော့၏။ ထိုမှစ၍ ဒေါ်မယ်ဆင့်တစ်ယောက် အ,ကုသိုလ်အလုပ်များဖြစ်သည့် ငါး၊ ဖား၊ ကြက်၊ ဘဲများရောင်းသည့် အလုပ်ကို ရာသက်ပန်စွန့်လွှတ်ရင်း ကွမ်း၊ နာနတ်သီးများကိုသာ ရောင်းချတော့၏။

ထိုအခါ တဖြည်းဖြည်း အရောင်းအဝယ်ဖြစ်လာ၍ စီးပွားရေးမှာ ပြေလည်လာသည်။ နီးစွာနီးရှာရှိ ကွမ်းခြံ၊ နာနတ်ခြံများသို့ ကုန်များဆင်း၍ကောက်ရင်း ဟင်္သာတမြို့သို့ပင်သွားကာ ဒေါ်မယ်ဆင့်တစ်ယောက် ရောင်းချ၏။

တစ်ည ထမင်းဝိုင်းတွင် မိသားစုများဆုံကြစဉ် ဖခင်ဖြစ်သူ ဦးသာဟန် စကားတစ်ခွန်းကို ဆိုလာ၏။

"ငါတို့လည်း အသက်တွေကြီးလာပြီ မယ်ဆင့်။ ကိုယ့်ရေကိုယ်တာကိစ္စတွေ ဘေးချပြီး ကိုယ့်နောက်ပါမယ့် ဘုရားအလုပ်၊ တရားအလုပ်တွေ လုပ်ချင်ပြီကွာ"

ဦးသာဟန်စကားဆုံးတော့ ပေါက်တူမှလည်း . . .

"ဟုတ်တယ် အမေ။ သားလည်း သင်္ကန်းဝတ်ရင်း သာသနာ့ဘောင် ဝင်ချင်တယ်"

ထိုမှ ဦးသာဟန်နှင့် ဒေါ်မယ်ဆင့်တို့နှစ်ယောက် ပေါက်တူအား အရွယ်ရောက်သည့်တိုင် သာသနာ့ဘောင်သို့ မချီးမြှောက်နိုင်





သေးသည့်အဖြစ်ကို သတိရသွားကြ၏။

"ဩော် . . . ဟုတ်သားပဲ ကိုသာဟန်ရယ်။ ကျုပ်သားလေးကို ကျုပ်တို့ ရှင်မှ မပြုပေးရသေးပဲကိုးရှင့်"

ထိုမှ အဖေနှင့်အမေတို့ အညည်းအတွားတစ်ခုကို ဆိုမိကြသည်။

"ခုနေခါ အလှူအတန်းတစ်ခု လုပ်နိုင်ဖို့ဆိုတာ အတော်ခက်တယ် မယ်ဆင့်ရယ်။ တို့များလည်း အရင်ထက်စာရင် သောင်သာလာပြီဆိုပေမယ့် စားဖို့သောက်ဖို့လောက်ပဲရသေးတာ။ လှူဖို့တန်းဖို့ဆိုတာ ရှိမလာသေးဘူး။ အင်း . . . ဒါပေမဲ့ ကံတရားလှည့်လာတဲ့ တစ်နေ့ နတ်ကောင်းနင် မြတ်တွေက တို့ကိုကြည့်မနေပါဘူးကွာ။ ဆန္ဒဆိုတာရှိရင် တစ်နေ့ဖြစ်လာရမှာပေါ့"

မစွမ်းသာသော်လည်း ကိုသာဟန်တစ်ယောက် ဇနီးသည် မယ်ဆင့်ကို အားပေးရှာလေ၏။ ပေါက်တူမှာတော့ အဖေ့မျက်နှာတစ်လှည့်၊ အမေ့မျက်နှာကို တစ်လှည့်ကြည့်ရင်း ညှိုးနွမ်းသောမျက်နှာလေးနှင့် ရှိနေ၏။

တစ်နေ့တွင် ဟင်္သာတမြို့သို့ မိခင်လုပ်သူ ဒေါ်မယ်ဆင့်နှင့် ဈေးရောင်းရာသို့ ပေါက်တူလိုက်ပါသွားရင်း သူ့နာမည်နှင့် ထီတစ်စောင်ကို ထိုးခိုင်းလေ၏။ အတိတ်မှာ 'သာသနာ့အမွေခံရန် သိန်းဆုပ်' ဟူ၍ဖြစ်၏။ ထိုသိန်းထီဆုကြီး ဖွင့်လေသောနေ့တွင် အံ့ညြမယုံကြည်နိုင်စွာ ပေါက်တူတို့မိသားစု သိန်းဆုကြီးကို ပေါက်လေတော့၏။

ဤတွင် သာသနာ့အမွေခံလိုသော ပေါက်တူအား ဦးသာဟန်၊ ဒေါ်မယ်ဆင့်တို့မှ သာသနာ့ဒါယကာ၊ ဒါယိကာမများအဖြစ်ခံယူကာ သင်္ကန်းချီရင်း ကြီးမားသောအလှူကြီးတစ်ခုကို ပေးခဲ့၏။ ပေါက်တူသည်

လည်း ဦးပဏ္ဏဝဟူသောဘွဲ့အမည်ဖြင့် ယခင်ငယ်စဉ်က နေထိုင်ခဲ့ရသော ဆရာတော်ဦးသာသန၏ ကန့်ကြီးဒေါင့်ဘုန်းကြီးကျောင်းလေး၌ပင် အသက်ထက်ဆုံးသက်နီးဝတ်ကာ သာသနာ့အကျိုး၊ လောကဝတ္တရာ အကျိုးများကို ထမ်းဆောင်ခဲ့တော့သည်။

ကံဟူသည် ဆန်းကြယ်ပေစွ။ အတိတ်ကပြုခဲ့သော အကြောင်းတစ်လွှာကြောင့် ပစ္စုပ္ပန်ဟူသော မျက်မှောက်ကာလတွင် အကျိုးတစ်လွှာ လာ၍ ဖြစ်ပေါ်ရသည်။

ကောင်းမှုမကောင်းမှု ကုသိုလ်၊ အကုသိုလ် ကံတရားများစွာတို့သည်လည်း မိမိ၏ပြုခဲ့ဖူးသော အတိတေအတိတ်တစ်ခု၏ ပုံရိပ်များအဖြစ် ဟပ်ထင်နေကြသည်မှာ အထင်အရှားဖြစ်ချေတော့သည်။

❖ ❖ ❖

တရားဓမ္မဖြင့် ...
မင်းအောင်ကျော်



# မိုးမခစံအိမ်ကြီး

☐

တစ်နေ့သည် ကျွန်ုပ်၏အိမ်သို့ တပည့်ဟောင်း ထောင်ထွက်၊ ဖောက်ထွင်းဝိဇ္ဇာများဖြစ်ကြသော ပုဏ္ဏားတင်ဦး၊ သူခိုးမြင့်သိန်းနှင့် ကျော်ကြီးတို့ မမျှော်လင့်ဘဲ စုဝေး၍ရောက်လာကြသည်။ ပုဏ္ဏားတင်ဦး၏ မိဘဘိုးဘွားပိုင် အလွန်နိုက်တတ်သော 'မောက်မိဖုရားပတ္တမြားကြီး'အား ပြင်ဦးလွင်သို့တက်၍ ရောင်းချရန်ဖြစ်သည်။ ဝယ်လက်မှာ မိုးမခစံအိမ်ကြီးမှ ဦးခင်လှိုင်ဟု သိရသည်။

ကျွန်ုပ်တို့အဖွဲ့ ပြင်ဦးလွင်အတက် ကျောက်မီးတာဆုံရွာက လေး၌ ခေတ္တနားနေကြစဉ် ကျွန်ုပ်နှင့် အသုံးလုံးကျောင်းဆရာဘဝက ချစ်သူရည်းစားဖြစ်ခဲ့သော မမကြီး နှင့် သမီးယွန်းမွင့်စံတို့နှင့် ရုတ်တရက်





ပြန်ဆုံတွေ့ရသည်။ တိုက်ဆိုင်ချင်တော့ မမကြီးက ရတနာပစ္စည်းကျွမ်းကျင်သူ(ရာဖြတ်)ဖြစ်၍ ကျွန်ုပ်တို့ရောင်းချမည့် ပတ္တမြားကြီးအား ရာဖြတ်ပေးရန် မိုးမခစံအိမ်ကြီးမှ ဦးခင်လှိုင်က ဖိတ်ခေါ်ထားသူဖြစ်နေသည်။ ဦးခင်လှိုင်မှာ သေဆုံးသွားသူ မမကြီး၏ယောက်ျားဟောင်း ဦးခင်နောင်၏ညီ ဖြစ်လေသည်။

ပတ္တမြားကြီးမှာ အရောင်းအဝယ်တည့်သော်လည်း ငွေအကြေ စောင့်နေရစဉ် နိုက်တတ်သော သဘောရှိသဖြင့်လည်းကောင်း၊ ဦးခင်လှိုင်၏ လောဘကြီးမှုကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့အဖွဲ့နှင့်အတူ မမကြီးတို့သားအမိကိုပါ မိုးမခစံအိမ်ကြီး၏ မြေတိုက်အတွင်း ဖမ်းဆီးထားစဉ် ကျွန်ုပ်နှင့် ဖောက်ထွင်းဝိဇ္ဇာတပည့်များ၏ ကြိုးစားအားထုတ်မှုကြောင့် ပတ္တမြားကြီးရောင်းချရငွေ သိန်းဘစ်ထောင်နှင့် ပတ္တမြားကြီးကိုပါ ပြန်လည်ယူဆောင်နိုင်ခဲ့သလို ကျောက်ဆည်မြို့နယ်၊ နန္ဒီတောင်ရွာတွင် ခေတ္တပုန်းခို၍ အင်းဝရှိ သူခိုးကြီးတောက်ပြား၏ 'မရှိခဏ' ဘုရား၌ ဌာပနာသွင်း လှူဒါန်းနိုင်ခဲ့သည်။

နောက်တစ်နေ့ထုတ် သတင်းစာများတွင် ကျွန်ုပ်တို့ မိုးမခစံအိမ်ကြီးမှ ထွက်ပြေးခဲ့ကြသည့်နေ့၊ ညဉ့်ပင် တိုက်ပွဲဖြစ်သဖြင့် မိုးမခစံအိမ်ကြီးပိုင်ရှင် ဦးခင်လှိုင်နှင့်အဖွဲ့အား အသေဖမ်းဆီးရမိကြောင်း ဖော်ပြပါရှိသဖြင့် ကျွန်ုပ်တို့အဖွဲ့ ညီဖြစ်သူမိုးတင်ကိုပါခေါ်ကာ မန္တလေးသို့ တက်ခဲ့ကြသည်။ အခြေအနေအေးချမ်းသဖြင့် ဈေးချိုအနီးရှိ မမကြီးအိမ်တွင် တည်းခိုကာ သေဆုံးသွားသူဦးခင်လှိုင်၏ ဘဏ္ဍာစိုး ဒေါ်နန်းနှင့် စားဖိုမှူးကြီး ကိုနောင်၊ မိသားစုရှေ့နေ ဦးမင်းမောင်တို့ကို တွေ့ဆုံ၍ မနက်ဖြန်မနက် မိုးမခစံအိမ်ကြီးနှင့် ပြင်ဦးလွင်တရားရုံးသို့ သွားရောက်ရန် ဖြစ်လေသည်။

ကျွန်ုပ် မနက်(၇)နာရီတွင် အိပ်ရာက ထသည်။ ပြင်ဦးလွင်ရှိ မိုးမခစံအိမ်ကြီးသို့သွားရန် ကိစ္စရှိသောကြောင့် ဖြစ်သည်။ မမကြီးနှင့် သမီးယွန်းပွင့်စံက စောစီးစွာအိပ်ရာထကြပြီး ဧည့်သည်များအတွက် မနက်စာ ပြင်ဆင်ချက်ပြုတ်နေကြသည်။ ကျွန်ုပ် မျက်နှာသစ်အပြီး ဧည့်ခန်းသို့ထွက်လာရာ ဧည့်သည် ကျွန်ုပ်၏တပည့်များ တစ်ယောက်မှ နိုးကြသေးဟန်မတူပါ။ ကျွန်ုပ်တစ်ဦးတည်း မမကြီးတို့ အမွေလွှဲရန် ကိစ္စနှင့် ခရီးစဉ်အား စဉ်းစားနေမိသည်။ ထိုစဉ် မမကြီး ဧည့်ခန်းသို့ ရောက်လာပြီး . . .

"ဩော် . . . မောင်မောင်တောင် နိုးနေပြီကိုး။ Breakfast စားရအောင် အဆင်သင့်ပဲ။ မောင်မောင်ကြိုက်တဲ့ ရှမ်းခေါက်ဆွဲကို အသင့်လုပ်ထားတယ်"

"သမီး ယွန်းပွင့်ရေ။ မေမေနဲ့ ဦးဦးအတွက် နှစ်ယောက်စာ ပြင်ခဲ့ပါကွယ်"

"ဟုတ်ကဲ့ မေမေ"

ကျွန်ုပ် ။ "မမရေ . . . ပြင်ဦးလွင်ခရီးစဉ်နဲ့ အမွေကိစ္စကို ကျွန်တော်စဉ်းစားနေတာ။ မိုးမခအိမ်ကြီးက သစ်သီးခြံနဲ့ စိုက်ခင်းတွေပါ ပါတော့ သိန်းထောင်ပေါင်းများစွာတန်မှာ။ ကိုခင်လှိုင်ရဲ့ ဦးရီးတော်တွေကလည်း လိုချင်ကြမှာပဲ။ နောက်ပြီး ဦးမန်တို့ ကျောက်အဖွဲ့နဲ့ ဘိန်းမှောင်ခိုအဖွဲ့တွေကပါ မျက်စိဒေါက်ထောက်ကြည့်နေကြမှာ။ အန္တရာယ်ရှိနိုင်တယ်။ နောက်ပြီး အမွေကိစ္စက ရှေ့နေဦးမင်မောင်ကတစ်ဆင့် ပြင်ဦးလွင်တရားရုံးကို တင်ရဦးမှာ မမ။ တစ်ရက်တည်းနဲ့ ပြီးမှာမဟုတ်ဘူး။ ဟိုမှာ ညအိပ်ရလိမ့်မယ်။ ခြံအုပ်ချုပ်ရေး၊ အိမ်ကြီးလုံခြုံရေးကိစ္စတွေကိုလည်း မမစီစဉ်ရဦးမှာ။





"မောင်မောင် . . . ညအိပ်ရမယ်ဆိုရင်တော့ မိုးမခအိမ်ကြီးမှာ မအိပ်ဘူးနော်။ ပြင်ဦးလွင်မြို့ထဲက ဟိုတယ်တစ်ခုခုမှာပဲတည်းမယ်။ နောက်ပြီး မမက မောင်မောင့်ကို ပါဝါလွှဲထားပေးပြီးပြီဆိုတော့ မောင်မောင့်သဘောဆန္ဒအတိုင်းပဲ ဆောင်ရွက်ပါ။ မန္တလေးကိုပြန်လာပြီး ဒီမှာ အလုပ်အကြွေးတွေ ဆပ်ရဦးမှာ"

"ကျွန်တော့်ကို တစ်ယောက်တည်းထားခဲ့မှာလား မမရယ်။ ပြင်ဦးလွင်မှာ အလုပ်တွေအကုန်ပြီးအောင် တစ်လလောက်အခြေချနေမှ အထိုင်ကျမှာ။ ဒါဆိုရင်တော့ မမတို့လည်း ဧည့်သည်တွေနဲ့ အလုပ်မရှုပ်အောင် ကျွန်တော်တပည့်တွေပါ ခေါ်သွားမှဖြစ်တော့မယ်ထင်တယ်"

"မောင်မောင့်သဘောပဲလေ။ ဧည့်သည်တွေ အတွက်တော့ မပူပါနဲ့။ မမတို့အိမ်မှာ စားဖိုမှူးကြီးကိုနောင်ကို ခေါ်ထားပြီး ယွန်းပွင့်က ကူညီရင် ပြီးတာပဲ မဟုတ်လား။ သမီးယွန်းပွင့်က မောင်မောင့်တပည့်တွေကို ခင်နေပြီပဲဟာကို"

"မဟုတ်သေးဘူး မမ။ ကျွန်တော့်တပည့်တွေက လူတော်တွေမှန်ပေမယ့် လူကောင်းတွေမဟုတ်ဘူး။ ထောင်ထွက်တွေ။ ကျွန်တော်ရှိနေရင်တော့ ပြဿနာမရှိနိုင်ပေမယ့် သမီးမိန်းကလေးတစ်ယောက်တည်းနဲ့ ယောကျ်ားတွေက အများ။ မသင့်တော်ဘူး။ နောက်ပြီး ကျွန်တော်က မိုးမခအိမ်ကြီးမှာ အုပ်ချုပ်ရေးကိစ္စတွေအတွက် ကြာဦးမှာ။ လုံခြုံရေးလိုတယ်။ ကျွန်တော့်တပည့်တွေကို ခေါ်သွားမှ ဖြစ်မယ်ထင်တယ်။ မမတို့လည်း ဝန်ပေါ့သွားတာပေါ့"

"အဲဒါတွေ ထားပါဦး။ မောင်မောင်က မိုးမခအိမ်ကြီးရဲ့ မွေးမြူရေးနဲ့စိုက်ပျိုးရေးကိစ္စတွေကို ဘယ်လိုစီစဉ်ချင်သလဲ"

"ကျွန်တော့်သဘော ပြောရရင်တော့ ခေါ်နန်းကို ဘဏ္ဍာစိုး

ဆက်ထားလိုက်။ ကိုနောင်က အင်မတန်ရိုးတော့ မန်နေဂျာခန့်လိုက်ရင် မကောင်းဘူးလား။ ကျွန်တော်တို့ တစ်လတစ်ခါလောက် လုပ်ငန်းစစ် သဘောသွားတော့လည်း ကိုနောင်က စားဖိုမှူးကြီးပြန်လုပ်ပြီး ချက်ပြုတ်ပေးမှာပေါ့။ အဲဒီအစီအစဉ် မကောင်းဘူးလားမမ"

"ကောင်းတယ်။ မမလည်း သဘောတူတယ်။ မောင်မောင့်ဆန္ဒအတိုင်း ကြိုက်သလိုလုပ်ပါ။ မောင်မောင်လုပ်ရင် ကောင်းတာချည်းပဲ။ မမစိတ်ချတယ်။ ယုံကြည်တယ်။ အကုန်လုံးပုံအပ်ထားတာပဲ မောင်မောင်ရယ်။ ဘာပြောစရာရှိလို့လဲ"

ထိုစဉ် သူနိုးမြင့်သိန်းနှင့် ကျော်ကြီးတို့ အိပ်ရာက နိုးလာကြပြီး နားစွန်နားဖျား စကားကြားသည်နှင့် . . .

"မမကြီးရေ . . . အကုန်လုံးတော့ ဆရာ့ကိုမပေးပါနဲ့။ ကျွန်တော်တို့အတွက်လည်း ချန်ထားပါဦးနော်"

ကျွန်ုပ် ။ "ဟော့ကောင်တွေ . . . မင်းတို့နဲ့ ဘာဆိုင်လို့လဲ။ ငါတို့ကိုယ်ရေးကိုယ်တာတွေ ပြောနေကြတာ"

မြင့်သိန်း ။ "သိပါဘူးဗျာ။ ပစ္စည်းခွဲဝေနေကြတာမှတ်လို့ ရှယ်ယာဝင်ခွဲတာပါ"

ကျွန်ုပ် ။ "ထောင်ထဲက အကျင့်တွေ မပျောက်ကြသေးဘူး။ မင်းတို့ ရှယ်ယာတော့ မရဘူး။ ဒါပဲရမယ်"

ကျွန်ုပ်က လက်သီးဆုပ်ပြရာ သူနိုးမြင့်သိန်းက . . .

"ကိုယ့်ဆရာ၊ မဆဲတာကြာလို့ ပျင်းလို့စတာပါ ဆရာရယ်"

"အေး . . . အေး . . . မင်းတို့ကို မိုးမခစံအိမ်ကြီးရောက်မှ ကောင်းကောင်းဆဲပေးမယ်။ ဒီမှာတော့ မမကြီးတို့ကိုအားနာလို့ မဆဲသေးဘူး"





ကျော်ကြီး ။ "ဘယ်လိုဆရာ၊ ကျွန်တော်တို့ မန္တလေးမှာနေခဲ့ရမှာဆို"

"အေး . . . မနေ့က ပြောတာ ဟုတ်တယ်။ ဒီနေ့ မဟုတ်တော့ဘူး။ ဟိုမှာကြာမှာဆိုတော့ မင်းတို့ပါလိုက်ခဲ့မှဖြစ်မှာ။ နောက်ပြီး အကြွင်းအကျန် ရန်ငြိုးရန်စ အန္တရာယ်ရှိနေနိုင်လို့ပဲ"

ထိုစဉ် ဘယ်အချိန်က အိပ်ရာကနိုး၍ ထလာမှန်းမသိသော ပုဏ္ဏားတင်ဦးက . . .

"ဆရာ . . . ကျွန်တော်တို့က အန္တရာယ်ကြားမှာ နေရမှ ပျော်တာ။ ဒီမန္တလေးမြို့က ပူပူနဲ့ပျင်းခြောက်ခြောက်ကြီး။ ပြင်ဦးလွင်ရာသီဥတုကို ကျွန်တော်ကြိုက်တယ်။ နောက်ဆံတင်းစရာလည်း မလိုတော့ဘူး"

မြင့်သိန်း ။ "ဟုတ်တယ်ဆရာ။ မန္တလေးမှာ တစ်ရက်နေတာနဲ့ တင် အတော်ပျင်းနေပြီ။ မနက်ဖြန် ကျွန်တော်တို့လည်း လိုက်ရမယ်ဆိုတော့ စိတ်ချမ်းသာလိုက်တာ ဆရာရယ်"

ကျွန်ုပ် ။ "အေး . . . အဲဒါဆိုရင် ဝယ်စရာခြမ်းစရာရှိရင်လည်း ဒီညနေ ပြည့်စုံအောင် ဝယ်ထားကြ။ မနက်ဖြန်မနက် ကားနှစ်စီးနဲ့စောစောထွက်မယ်။ ဪ . . . ကျော်ကြီးက ကားတွေအောက်ပိုင်းစစ်။ မြင့်သိန်းက အင်ဂျင်စစ်။ အင်ဂျင်ဝိုင်နဲ့ဘရိတ်ဆီတွေ လဲလိုက်ကြအုံးလား"

"ဟုတ်ကဲ့ ဆရာ"

မြင့်သိန်းနှင့်ကျော်ကြီး ကားစစ်ဆေးနေကြစဉ် ကျောက်ဆည်မြို့မှခေါ်လာသော ကျွန်ုပ်၏ညီ မောင်မိုးတင်က ကားများအား ရေဆေးနေသည်။ သူလည်း အလုပ်မရှိ၍ ပျင်းနေဟန်တူပါသည်။ ကျွန်ုပ် မတား

တော့ပါ။ ညနေဘက်တွင် ပုဏ္ဏားတင်ဦးနှင့်ကျွန်ုပ်မှလွဲ၍ မြင့်သိန်း၊ ကျော်ကြီးနှင့် ကျွန်ုပ်၏ညီ မိုးတင်တို့ အပြင်ထွက်၍ သောက်ကြသည်။ လိုအပ်သောပစ္စည်းများဝယ်ရန်လည်း ဖြစ်သည်။ ည(၈)နာရီမှ လူပြန်ဆုံ၍ ညစာစားရင်း ခရီးစဉ်ကို ဆွေးနွေးတိုင်ပင်ကြပြန်သည်။ ပြင်ဦးလွင်မှအပြန်တွင် ကားမောင်းရန်လူလိုမည်ဖြစ်၍ သမီးယွန်းမွင့်စံအား မခေါ်မဖြစ် ခေါ်ရပြန်သည်။ ယွန်းမွင့်က ဒုက္ခကြုံတွေ့ခဲ့ရသော နေရာဖြစ်သော်လည်း ပျော်သည်ဟုဆိုသည်။ ညစာစားပြီးသောအခါ၌လည်း ကျွန်ုပ်အိမ်အပေါ်ထပ်လသာဆောင်တွင် ထိုင်နေစဉ် မမကြီးက· မှာကြားရန်စကားများအား မဆုံးနိုင်အောင် တတွတ်တွတ်ပြောဆိုမှာကြားနေပြန်သည်။

နောက်တစ်နေ့မနက်တွင် မနက်စာစာ စားပြီးသည်နှင့် Super Saloon ကားပေါ်၌ မမကြီးနှင့်ယွန်းမွင့်စံက စီးသည်။ ကျွန်ုပ်တို့၏ Super Roof Van ကားပေါ်၌ ကျော်ကြီးက ကားမောင်း၍ ကျွန်ုပ်က ဘေးကစီးသည်။ သူခိုးမြင့်သိန်း၊ ပုဏ္ဏားတင်ဦးနှင့် ကျွန်ုပ်၏ညီ မောင်မိုးတင်က နောက်ကစီးသည်။ လမ်းတွင် ဒေါ်နန်းနှင့် ကိုနောင်အား ဝင်ခေါ်ပြီး (၃၅)လမ်းတွင် ရွှေနေဦးမင်းမောင်အား ဝင်ခေါ်ရသည်။ သူတို့တစ်တွေအား မနေ့ကတည်းက ကြိုတင်ချိန်းထားသဖြင့် အဆင်သင့်ဖြစ်နေကြသဖြင့် တော်ပေသေးသည်။ ခရီးပင့်ခြင်းမရှိဘဲ ချက်ချင်းထွက်နိုင်ကြသည်။

❑

မန္တလေးမြို့မှထွက်ပြီး အောင်ပင်လယ်ကိုကျော်၍ ပြင်ဦးလွင်ကားလမ်းပေါ်သို့ရောက်သည်နှင့် မမကြီးတို့ကားက ကျောက်မီးတာဆုံတွင် ရပ်သည်။ ကျွန်ုပ်နှင့်မမကြီး အသုံးလုံးကျောင်းဆရာဘဝကနောက်ဆုံးခွဲခွာခဲ့သောနေရာဖြစ်သဖြင့် အလွမ်းပြေ မမကြီး ကားရပ်ခြင်းဖြစ်သည်။ သို့သော် ညှော်သည်များပါသဖြင့် ခေတ္တနားပြီး အကြော်စားရန်ဟု အကြောင်းပြသည်။ ထိုမှ ဆက်ထွက်လာပြီး (၂၁)မိုင်စခန်းတွင် ကားရပ်ပြန်ပြီး ပြင်ဦးလွင်မြို့ထွက် မလိုင်လက်ဖက်ရည်ကို သောက်ကြပြန်သည်။ အနီးစခန်းရောက်တော့ မနက်(၁၀)နာရီခန့်ရှိပြီ။ ဒေါ်နန်းနှင့်ကိုနောင်အား မိုးမခအိမ်ကြီးတွင် ဝင်ရောက်ချထားခဲ့ပြီး နေ့လယ်စာချက်ရန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအား စစ်ဆေးအုပ်ချုပ်ရန်ထားခဲ့သည်။ ကျွန်ုပ်တို့ ပြန်လည်ထွက်ခဲ့ပြီး ပြင်ဦးလွင်တရားရုံးရောက်

တော့ မနက်(၁၁)နာရီခန့် ရှိပေပြီ။

မိသားစုရှေ့နေ ဦးမင်းမောင်က အသင့်ဆောင်ယူလာသော အမွေဆက်ခံပိုင်ခွင့် တချုပ်စာတမ်းနှင့် ပါဝါလွှဲစာအား တရားရုံးသို့တင်သည်။ တရားသူကြီးက ချက်ချင်းစစ်ဆေးပေးသော်လည်း တရားမမှု အမွေမှုဖြစ်၍ ချက်ချင်းဆုံးဖြတ်၍ မရနိုင်။ သတင်းစာထဲ၌ ကြော်ငြာပြီး တစ်ပတ်ခန့်အကြာ ကန့်ကွက်သူအမွေဆိုင်မရှိပါမှ ပိုင်ဆိုင်ကြောင်း ဒီဂရီချပေးနိုင်မည်ဟုဆိုသည်။

စာရွက်၊ စာတမ်း သက်သေခံချက်များအပ်ပြီးတော့ နေ့လယ် (၁၂)နာရီ ထမင်းစားချိန်ဖြစ်သည်။ မိုးမခစံအိမ်ကြီးသို့ နေ့လယ်စာ ပြန်စားကြရန်ဖြစ်သော်လည်း ယွန်းပွင့်စံပူဆာသဖြင့် ကန်တော်ကြီး ရက္ခမေဒဥယျာဉ်ဘက်သို့ ထွက်ခဲ့ကြပြီး ဥယျာဉ်ဝင်းထဲတွင် ဖွင့်လှစ်ထားသော ဟိုတယ်တွင် နေ့လယ်စာစားကြသည်။ အစီအစဉ်အရ တရားရုံးမှ သတင်းစာတွင်ကြော်ငြာပြီး ကန့်ကွက်သူမပေါ်ပေါက်မှ ပိုင်ဆိုင်ခွင့်ဒီဂရီ ချပေးမည်ဖြစ်၍ ကျွန်ုပ်တို့မန္တလေးမြို့သို့ ပြန်ကြရန်ဖြစ်သော်လည်း မိုးမခအိမ်ကြီးနှင့် စိုက်ပျိုးမွေးမြူရေးခြံများအား စီစဉ်ကြီးကြပ်ရဦးမည်ဖြစ်သဖြင့် ကျွန်ုပ်တို့အဖွဲ့ နေရစ်ခဲ့ပြီး မမကြီးတို့အဖွဲ့ ပြန်ကြရန်ဖြစ်သည်။

ကျွန်ုပ် ။ "ကဲ . . . မမကြီးနဲ့ သမီးယွန်းပွင့်တို့က ရှေ့နေကြီး ဦးမင်းမောင်လည်းပါတော့ ဥယျာဉ်ထဲမှာ ခဏအနားယူပြီးတာနဲ့ မန္တလေးကိုပြန်ကြတော့နော်။ ကျွန်တော်နဲ့ တပည့်တွေကတော့ မိုးမခအိမ်ကြီးမှာ လုပ်စရာ၊ ကိုင်စရာတွေရှိနေတော့ တစ်လလောက်နေရဦးမယ်ထင်ပါရဲ့။ မမတို့ကတော့ တစ်ပတ်တစ်ခါလောက် တက်လာကြပါ"





"မောင်မောင်ရေ . . . မမတို့ တစ်ပတ်တစ်ကြိမ် မိုးမခစံအိမ်ကြီးကို လာခဲ့ပါ့မယ်။ ဒါပေမဲ့ ညမအိပ်ချင်ဘူး။ ကြောက်တယ်"

"မမရယ် [illegible] ကျွန်တော်တို့ရှိနေတာပဲ။ ဘာကြောက်စရာရှိသလဲ။ နောက်တစ်ပတ် မမတို့လာရင်လည်း ဘုန်းတော်ကြီးငါးပါးနဲ့ ဆွမ်းသွတ်ပြီး ကမ္မဝါပါ ဖတ်ကြတာပေါ့။ သရဲ၊ တစ္ဆေဆိုတာ ခြောက်လှန့်ရုံ သက်သက်ပါ။ လူကို အန္တရာယ်မပြုနိုင်ပါဘူး"

"အန္တရာယ်မပြုနိုင်ဘူးဆိုပေမယ့် ခြောက်လှန့်တာကိုပဲ မမတို့က ကြောက်ကြတာ။ မိုးမခစံအိမ်ကြီးရောက်တာနဲ့ သေသွားတဲ့ ခင်လှိုင့်မျက်နှာကြီးကို မမက မြင်နေမိတာ။ မမတို့ မြေအောက်ခန်းထဲမှာ အဖမ်းခံခဲ့ရတဲ့ညက မောင်မောင်နဲ့ မောင်မောင့်တပည့်တွေသာ [illegible]ယ်ရင် မမတို့တော့ [illegible]"

"မမရယ် . . . ကျွန်တော့်တပည့်တွေက နာမည်ကြီးထောင်ထွက်၊ ဖောက်ထွင်းဝိဇ္ဇာတွေပါ။ လူကောင်းတွေမဟုတ်ပေမယ့် လူတော်တွေပါ။ သူတို့ကို Guide လုပ်တဲ့သူတော့ လိုတယ်။

ထိုစဉ် တစ်ချိန်လုံး အနားတွင်ထိုင်၍ နားထောင်နေသော ရှေ့နေကြီးဦးမင်းမောင်နှင့် ယွန်းပွင့်စံတို့က . . .

ဦးမင်းမောင် ။ "ဆရာဦးသိန်းဝင်းတပည့်တွေက နာမည်ကျော်တွေပဲဗျ။ ကျွန်တော်လည်း အခုမှ လူချင်းတွေ့ဖူးတာ။

ယွန်းပွင့်စံ ။ "ဦးမြင့်သိန်း၊ ဦးကျော်ကြီးနဲ့ ဦးပုဏ္ဏားတို့က လူဆိုးကြီးတွေ မဟုတ်ပါဘူး။ ပညာရှင်တွေပါနော်။ ဟုတ်တယ်မဟုတ်လား ဦးတို့ရေ"

သူနိုးမြင့်သိန်း ။ "တွေ့တယ်မဟုတ်လား ဆရာ။ ကလေးတောင် သဘောပေါက်နေပြီ"

ကျွန်ုပ် ။ "အေးပါ . . . အေးပါ။ မင်းတို့က ပညာရှင် လူတော်တွေပါ။ လူကောင်းတော့ မဟုတ်ကြဘူး။ တလွဲဆံပင်ကောင်းနေကြတာ။ ခွေးမြီးကောက်ကျည်ပောက်စွပ်သလို ပြန်ပြန်လုပ်နေကြလို့ ပြောရတာ။ မင်းတို့လို ထူးချွန်တဲ့ပညာသည်တွေသာ ရဲလို၊ CID မှာလိုသာ ဝန်ထမ်းဝင်လုပ်ပြီး တိုင်းပြည်အတွက်အမှုထမ်းကြရင် ဘယ်လောက်များ ကောင်းလိုက်မလဲနော်"

သူခိုးမြင့်သိန်း ။ "မလုပ်ပါနဲ့ ဆရာရေ့ယ်။ ကျွန်တော်တို့သာ ရဲဌာနနဲ့ CID မှာသာ ဝင်အလုပ်ဝင်လုပ်ကြရရင် အမှုတွေလည်း မြန်မြန်ပေါ်မှာ အမှန်ပါပဲ။ ဒါပေမဲ့ ဗိုဇကလေးတွေက ကိုယ်စီရှိကြတော့ တစ်တိုင်းပြည်လုံးက ဝိသမသမားသူဌေးကြီးတွေကို စာရင်းကောက်ပြီး ဒုက္ခပေးမိကြမှာ အမှန်ပဲ။ တစ်ခါတည်း CID ကြီး ဖောက်ထိုးမိုးမျှော်ဖြစ်ပြီး အာဏာရှိသူခိုးကြီးတွေ ပေါ်လာမှာ။ အလွန်ပျော်စရာတော့ ကောင်းမှာပါပဲ"

"တော်ပါတော့ကွာ။ မင်းတို့ဗီဇတွေနဲ့ မဖြစ်ပါဘူး။ ငါကိုက မှားပြီး စိတ်ကူးယဉ်မိတာပါ"

သူခိုးမြင့်သိန်း ။ "ဟား . . . ဟား . . . ဟား . . . ကိုယ့်ဆရာတော့ အခုမှ အမြင်မှန်ရသွားပြီဗျို့"

ကျော်ကြီး ။ "ဟုတ်တယ်ဗျို့ . . . ဟုတ်တယ်။ ကျွန်တော်တို့က မွေးရာပါဗီဇကိုက ပါလာတာဆရာရဲ့။ ထိန်းနေတဲ့ကြားက အကွက်ကလေးပေါ်လာရင် မနေနိုင် မထိုင်နိုင် ဖြစ်ကြရောဗျို့"

ပုဏ္ဏားတင်ဦး ။ "ငါကတော့ မင်းတို့လိုမဟုတ်ဘူး။ ငါလုပ်ခဲ့တာတွေဟာ ကိုယ်ကျိုးအတွက်ချည်းမဟုတ်ဘဲ အများကောင်းကျိုးအတွက် ဦးတည်ပြီးလုပ်တာ များတယ်။ ငါက ငါ့ဆရာသူခိုးကြီးတောက်ပြားကို





စံထား ဆရာတင်ပြီး လုပ်တာ"

ကျွန်ုပ် ။ "အေး . . . . အဲဒါတော့ ပုဏ္ဏားက မင်းတို့နဲ့ကွာတယ်။ ပုဏ္ဏားက တစ်ကိုယ်တော်လူစွမ်းကောင်း။ ပုဏ္ဏားကြဖန်ရှာဖွေထားတာတွေကိုသာ စုထားရင် သူ့တစ်သက် သုံးလို့တောင်ကုန်မှာမဟုတ်ဘူး။ နောက်ပြီး အသောက်အစားလည်း လုံးဝကင်းတယ်။ သက်သတ်လွတ်ပဲ စားဘာဆိုတော့ သူ့အသုံးစရိတ်က အင်မတန်နည်းတယ်လေ"

မြင့်သိန်းနှင့်ကျော်ကြီး ။ "ဆရာရယ် . . . အသက်စွန့်ရှာထားပြီး ဖိမ်ခံမသုံးရင်တော့ ဘာအဓိပ္ပာယ်ရှိမှာလဲ။ လူ့ဘဝဆိုတာ သက်တမ်းတိုတိုလေးပါ။ ပျော်ပျော်နေ သေခဲပေါ့ ဆရာရယ် . . . နော်"

ကျွန်ုပ် ။ "အေးပါ . . . အေးပါ။ မင်းတို့မှုတွေကိုလည်း ပြင်မရရင် ဆင်ခြင်ကြဖို့ သတိပေးရတာပါ။ ငါနဲ့တွဲနေချိန်မှာတော့ မကောင်းတဲ့စိတ်တွေ ဘေးဖယ်ပြီး အနားယူရင်း အေးအေးဆေးဆေး နေကြပါ"

မြင့်သိန်း ။ "ဟုတ်ကဲ့ပါ ဆရာ။ တပည့်တို့ သဘောပေါက်ပါတယ်။ အခုလည်း စကားအဖြစ် ပြောကြတာပါ။ ကျွန်တော်တို့ ပြင်ဦးလွင်မှာနေစဉ်အတွင်းတော့ စိတ်ချပါဆရာ။ သုံးစရာလည်း အလျှံပယ်ရှိနေတော့ မပူပါနဲ့ဆရာရယ်"

ကျွန်ုပ် ။ "ကဲ . . . ညနေလည်း စောင်းပြီ။ မမကြီးတို့က မန္တလေးပြန်ကြဦးမှာ။ ကဲ . . . သွားကြစို့"

ယွန်းပွင့်စံ ။ "ဦးဦး . . . သမီးတို့ ရက္ခဗေဒဥယျာဉ်ထဲကို မလည်ရသေးဘူးလေ။ တစ်နာရီလောက်အချိန်ပေးပါဦး။ သမီး Rover ကားစီးချင်လို့ပါ"

မမကြီး ။ "သမီးယွန်းမွင့်ရေ . . . နောက်အပတ်မှ စီးပါလား ကွယ်။ အခု ညနေစောင်းနေပြီ။ အပြန်မိုးချုပ်လိမ့်မယ်"

"မရဘူး . . . မရဘူး။ အခုပဲ စီးချင်တာ။ အပြန် သမီးလမ်း ကျွမ်းပါတယ် မေမေရယ်။ ပြင်ဦးလွင်နဲ့ မန္တလေး အဆင်းဆိုတော့ (၂)နာရီ လောက်မောင်းတာနဲ့ ရောက်ပါတယ်။ မပူပါနဲ့"

ကျွန်ုပ် ။ "ကဲ . . . မမနဲ့ ရွှေနေကြီးလည်း လိုက်သွားလိုက်ပါ။ သမီးအကြောင်းလည်း သိရဲ့သားနဲ့။ မိုးချုပ်ရင်တော့ ကျွန်တော်တို့ ကျောက်မီးတာဆုံအထိ လိုက်ပို့ပါ့မယ်"

မမကြီး ။ "သမီးက အရမ်းကဲတာပဲကွယ်။ သမီးအသက် မငယ်တော့ဘူးနော်။ ကလေးမဟုတ်တော့ဘူး။ သတိထားပါ"

ယွန်းမွင့်စံ ။ "လာ . . . ဘဘရွှေနေကြီး။ လေကောင်းလေသန့် ရှူရင်း ပန်းအလှတွေကို ခံစားကြမယ်။ Rover ကားစီးရင်းပေါ့နော်"

မမကြီး။ ယွန်းမွင့်စံနှင့် ရွှေနေကြီးဦးမင်းမောင်တို့ ပန်းခြံထဲ ထွက်သွားကြတော့ သူ့ခိုးမြင့်သိန်းနှင့် ကျော်ကြီးတို့က တစ်စခန်းထ ပြန်သည်။

"ဆရာ . . . ကျွန်တော်တို့ စောင့်ရင်း ဘီယာလေးဘာလေး သောက်ကြရအောင်နော်"

"ကဲ . . . လုပ်ကြ . . . လုပ်ကြ။ သစ်ခွပန်းခြံဘက် သွားလိုက် ဦးမယ်"

တစ်နာရီခန့်ကြာတော့မှ ယွန်းမွင့်စံတို့ ပြန်လာကြသည်။ ညနေ(၄)နာရီကျော်ပြီဖြစ်၍ ပြင်ဦးလွင်ရာသီဥတုမှာ အလွန်အေးလာ သည်။ ကျွန်ုပ်တို့ကားများထွက်လာကြတော့ ယွန်းမွင့်စံတို့ကားက ရှေ့က ဖြစ်သည်။ အပြန်တွင်တော့ မှောင်တော့မည်ဖြစ်၍ အနီးစခန်း မဝင်





ကြတော့ဘဲ ဆက်၍ထွက်လာကြသည်။ မြွေလိမ်မြွေကောက် ကားလမ်း မှာ အလွန်သတိထားရသည်။ အတက်ကားကို ဦးစားပေးရသည်။ ဒီးတောကြီးကျော်တော့ ရာသီဥတုမှာပူလာသည်။ ကျောက်မီးတာဆုံ ရောက်တော့ ကျွန်ုပ်တို့ ကားများ ရပ်သည်။

မမကြီး ။ "ကဲ . . . မောင်မောင်တို့ပြန်ကြတော့။ စိတ်ချရ ပါပြီ။ ဒီဘက်က မြေပြန့်လမ်းဆိုတော့ စိတ်ချရပါတယ်။ နောက်စနေ နေ့မှာ မမတို့လာခဲ့မယ်။ ဘာဝယ်ခဲ့ရဦးမလဲ"

ကျွန်ုပ် ။ "မလိုပါဘူး မမ။ ပြင်ဦးလွင်မှာလည်း အကုန်ရ တာပဲ။ ကျွန်တော် အမဲလိုက်ပြီး တစ်ခုခုစီစဉ်ထားလိုက်မယ်"

"မောင်မောင်က ဘာနဲ့အမဲလိုက်မှာလဲ။ သေနတ်တွေကို သိမ်း သွားရောပေါ့"

"ကိုခင်လှိုင့်သေနတ်တွေတော့ ရှိတော့မှာမဟုတ်ဘူး။ ဒါပေမဲ့ ကိုခင်နောင့်အခန်းထဲမှာ နှစ်လုံးပြူးသေနတ်တစ်လက် တွေ့မိတယ်။ လိုင်စင်နဲ့ကိုင်တဲ့သေနတ် ဖြစ်မှာပါ။ နှစ်လုံးပြူးသေနတ်အပျက်တွေ လည်း တွေ့ထားတော့ စုပေါင်းစပ်ပေါင်းလုပ်လိုက်ရင် သေနတ်ကောင်း တစ်လက်တော့ ဖြစ်လာမယ်ထင်တာပဲ"

"အင်း . . . ဟုတ်လိမ့်မယ် မောင်မောင်။ ကိုနောင့်မှာ လိုင်စင် နဲ့ကိုင်တဲ့ နှစ်လုံးပြူးသေနတ်ရှိဖူးတယ်။ ဝက်ထိုးခံရတုန်းကတည်းက သူ့အခန်းထဲမှာ သိမ်းထားခဲ့တာ"

"ကဲ . . . မောင်မောင်။ ဘိုင့်ဘိုင် . . . မမတို့ပြန်တော့မယ်။ မောင်မောင်တို့ ညဘက်အတက်ခရီးကို ဂရုစိုက်ပြန်ပါနော်"

"ကဲ . . . မမတို့ပြန်ကြပါ။ ကျွန်တော်တို့က ငါးယောက် တောင်။ ပြဿနာမရှိပါဘူး။ မမတို့အတွက်ပဲ ပူနေရတာပါ"

ယွန်းမွှင့် ။ "ဦးဦး . . . တာ့တာ။ သမီးတို့ပြန်တော့မယ်။ နောက်စနေနေ့လာရင် မုန့်တွေဝယ်လာခဲ့မယ်။ ဦးဦးကြိုက်တဲ့ ရှမ်းခေါက်ဆွဲလည်း ဝယ်လာမယ်နော်"

"အေး . . . အေး . . . သမီး။ ကျေးဇူးပဲ။ ဦး သမီးအတွက် သစ်ခွပန်းတွေပါ ရှာထားလိုက်မယ်"

"ဟုတ် . . . ကျေးဇူးပဲ ဦးဦး"

မမကြီး ။ "မောင်မောင်တောထဲသွားရင် တစ်ယောက်တည်း မသွားနဲ့နော်။ အဖော်ခေါ်သွား။ သတိလည်းထားဦးနော်"

"စိတ်ချပါမမ။ ကျွန်တော် အမြဲတမ်းသတိထားပါတယ်"

သူတို့ကားလေးထွက်သွားတော့ ကျွန်တော်တို့ရပ်ကြည့်နေမိကြသေးသည်။ ကားနောက်မီးနီကလေး အောင်ပင်လယ်အနီးတွင် ပျောက်သွားမှ ကားပေါ်တက်ကြ၍ ညရေးညတာစိတ်မချသော ကျွန်တော်က Van ကားကလေးကို မောင်းခဲ့တော့သည်။ ကားက မီးကောင်း၍ တော်ပါသေးသည်။ ပြင်ဦးလွင်လမ်းက တောင်တက်လမ်းဖြစ်၍ ညဘက် အတော်သတိထားမောင်းရသည်။ အတက်လမ်းမှာ အတွင်းကြောကိုယူထားသဖြင့် တော်ပါသေးသည်။ (၂)မိုင်ကိုကျော်တော့ အေးစိမ့်လာသည်။ ပုလင်းဖွင့်သံကြား၍ လှည့်ကြည့်ရာ ကျော်ကြီးက ဝီစကီပုလင်းကိုဖွင့်၍ ဖန်ခွက်အတွင်း လက်နှစ်လုံးခန့်လောင်းထည့်ပြီး ကျွန်ုပ်အားပေးသည်။

"ရော့ . . . ဆရာ။ အေးလာပြီ။ အချမ်းပြေလေး သောက်လိုက်ဦး"

"အေး . . . အေး ကျေးဇူးပဲ။ ဒါနဲ့ မင်းတို့ အစောပိုင်းက ဘီယာသောက်နေတာ မဟုတ်လား။ ဝီစကီပုလင်းက ဘယ်ကပါလာတာလဲ"

"ရုက္ခဗေဒပန်းခြံထဲက ဝယ်ခဲ့တာဆရာ။ ဖန်ခွက်ပါ အဆစ်တောင်းလာတာ။ လမ်းမှာ သောက်ဖို့လေ။ အမြည်းကတော့ သီဟိုဠ်စေ့လှော်ပဲရှိတယ်။ ဆရာစားမလား"

"မစားတော့ပါဘူးကွာ။ အခုမှ နွေးသွားတော့တယ်။ အနွေးထည်လည်းမပါတော့ အချမ်းသားပဲ"

(၂၁)မိုင်စခန်းကျော်ပြီး မကြာမီ အနီးစခန်းသို့ ရောက်လာသည်။ ကျွန်ုပ် Van ကားကလေးအား လက်ဝဲဘက်မြေလမ်းအတွင်းသို့ ချိုးကွေ့လိုက်သည်။ ထိုစဉ် တစ်လမ်းလုံး ငြိမ်ချက်သားကောင်းလှသော ကျွန်ုပ်၏ညီ မောင်မိုးတင်မှ . . .

"အစ်ကိုရေ . . . အတော်အေးသဗျ။ ကျွန်တော်တို့ကျောက်ဆည်နဲ့ မတူဘူး။ ကျွန်တော့်လည်း တစ်ခွက်လောက်ပေးတိုက်ကြပါဦး"

ကျော်ကြီး ။ "အေး . . . အေး . . . ညီလေး။ ရမယ်။ မင်းက စကားမပြောတော့ မင်းကိုမေ့နေတာ။ ရော့ . . . ရော့ သောက်လိုက်ဦး"

ကျွန်ုပ်တို့ကားကလေး မိုးမခခြံရှေ့ တံခါးကြီးအနီးတွင်ရပ်ကာ ဟွန်းတီးတော့မှ အိမ်ထဲက ကိုနောင် ပြေးထွက်လာသည်။ အိမ်ကြီးမှာ အလယ်ဆောင်တစ်ဆောင်တည်းသာ မီးထွန်းထားသဖြင့် တစ်ခြံလုံး မည်းမှောင်နေသည်။ ကြီးမားလှသော ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ တောင်ကုန်းပေါ်၌ ဘီလူးကြီးတစ်ကောင် တင်းပုတ်ထမ်း၍ ထိုင်နေသလိုပင်။ မည်းမှောင်တိတ်ဆိတ်နေသည်။ အချိန်မှာ ည(၉)နာရီပင် ကျော်လေပြီ။

ကိုနောင် ။ "ဆရာတို့ နောက်ကျလှချည်လား။ ကျွန်တော်တို့

စိုးရိမ်နေမိတာ''

ကျွန်ုပ် ။ ''သမီးယွန်းပွင့်စံပူလို့ ကန်တော်ကြီးပန်းခြံထဲမှာ ကြာသွားတာ ကိုနောင်ရေ။ မိုးချုပ်တော့လည်း သူတို့ကို စိတ်မချတာနဲ့ ကျောက်မီးတာဆုံအထိ လိုက်ပို့နေရလို့ပါ''

ကိုနောင် ။ ''ဆရာတို့ ရေတော့ချိုးနိုင်တော့မှာ မဟုတ်တော့ဘူး။ ခြေလက်ဆေး မျက်နှာသစ်ပြီး ညစာစားကြတာပေါ့။ ကျွန်တော် တရုတ်လက်ရာနဲ့ အကောင်းဆုံးချက်ထားပါတယ်''

''ကျေးဇူးတင်တယ်ကိုနောင်''

ကျွန်ုပ်တို့ ခြေလက်မျက်နှာဆေးကြော၍ အဝတ်အစားလဲပြီး ထမင်းစားခန်း၌ထိုင်ကြတော့ ကိုနောင်က အလိုက်သိစွာ အရက်နှင့် အမြည်းတို့ကို အလျှင်ချပေးသည်။ ကျော်ကြီးက အရက်ထည့်၍ ရောစပ်ပေးသည်။ ပုဏ္ဏားအတွက်တော့ အချိုရည်။ အားလုံးသောက်မည်ပြုတော့ ကျွန်ုပ်က လက်ဟန်ဖြင့်တား၍ ကျော်ကြီးအား မြည်းကြည့်စေသည်။ ကျော်ကြီးက မြည်းကြည့်ပြီး လက်မထောင်ပြမှ ကျွန်ုပ်တို့စတင်စားသောက်ကြသည်။ အရာရာတိုင်း သတိရှိရမည်မှာ ကျွန်ုပ်တို့တာဝန်ဖြစ်ပေတော့သည်။

သောက်ပွဲပြီးနောက် ညစာကို ဆက်စားကြသည်။ ပုဏ္ဏားတင်ဦးအတွက် သက်သတ်လွတ်ဟင်းများမှာလည်း အလွန်ကောင်းမွန်သည်။ စားသောက်ပြီး ညေ့ခန်းထွက်သွားကြတော့ ထမင်းစားခန်းတွင် ကျွန်ုပ်နှင့် ပုဏ္ဏားသာ ကျန်ခဲ့သည်။ ထိုစဉ် စားဖိုမှူးကြီးကိုနောင် ထွက်လာပြီး . . .

''ဆရာရေ . . . ညကို ဒီမှာအိပ်လို့ ဖြစ်ပါ့မလား။ ကျွန်တော် တစ်ယောက်တည်းရှိတုန်း နေ့ခင်းကြောင်တောင်တောင် ခြောက်တယ်





ဆရာ။ အဲဒါနဲ့ မွေးမြူရေးခြံက အလုပ်သမားလေးတစ်ယောက်ကို ခေါ်ထားရတယ်

''ဘယ်လို ခြောက်တာလဲ ကိုနောင်။ ဒီအိမ်ပေါ်မှာပဲလား''

''ဟုတ်တယ် ဆရာ။ ဦးခင်လှိုင်အခန်းထဲက အသံတွေကြားရတာ။ တောက်ခေါက်သံ၊ စကားတိုးတိုးပြောသံ၊ တရှပ်ရှပ် လမ်းလျှောက်သံတွေပဲ''

''သူ့အခန်းက သော့ပိတ်ထားတယ် မဟုတ်လား''

''ဟုတ်ပါတယ် ဆရာ။ သော့ခတ်ထားလျက်က အသံတွေကြားနေရတာပါ''

''သော့က ဘယ်သူ့ဆီမှာလဲ''

''ဒေါ်နန်းဆီမှာပါ ဆရာ''

''နေပါဦး။ ဒေါ်နန်းက အခုဘယ်သွားသလဲ။ ကျွန်တော်က ဒေါ်နန်းပါ ကိုနောင်နဲ့အတူရှိနေတယ်မှတ်တာ''

''မဟုတ်ဘူး ဆရာ။ ဒေါ်နန်းက ဆရာတို့ မနက်က ပို့ခဲ့ပြီးတာနဲ့ စိုက်ပျိုးရေးခြံတွေဘက် သွားနေတာ။ အခုထိပြန်မလာသေးဘူး။ အလုပ်တွေများနေလို့ ထင်ပါရဲ့''

ထိုစဉ် ညေ့ခန်းဝမှ ဒေါ်နန်း၏အသံကို ကြားရသည်။

''ဆရာ . . . ကျွန်မပြန်လာပါပြီ''

ကျွန်ုပ် ထမင်းစားခန်းဘက်မှ လှမ်းအော်ရသည်။

''ဒေါ်နန်း . . . လာဦး။ ကျွန်တော် ထမင်းစားခန်းထဲမှာ''

''ဟုတ်ကဲ့ ဆရာ''

ဒေါ်နန်း ရောက်လာတော့ကျွန်ုပ်က . . .

''ဒေါ်နန်းဘာတွေ အလုပ်များနေလို့လဲ''

''ဆရာရေ . . . ပြောမပြောချင်တော့ပါဘူး။ အလုပ်သမားတချို့က အခွင့်အရေးရတာနဲ့ ကိုယ်ကျိုးရှာကြတယ်။ အလုပ်မလုပ်ကြဘူး။ ခြံထွက်ပစ္စည်းတွေ ခိုးရောင်းကြတယ်။ စာရင်းတွေ လိမ်ပြတယ်။ အဲဒါတွေ ရှင်းနေရလို့ ကြာသွားတာပါ''

''ဆရာဦးသိန်းဝင်းရေ . . . ပြဿနာလုပ်တဲ့သူတွေက အရင်က ဆရာခင်လှိုင်ရဲ့ တပည့်ရင်းတွေလည်း ပါတယ်။ သူတို့ဆရာဆုံးသွားတော့ လုပ်ငန်းအပေါ် သံယောဇဉ်မထားချင်ကြတော့ဘူး ထင်ပါရဲ့။ ကလန်ကဆန်ကိစ္စကလေးတွေ ရှိလာတယ်။ ကျွန်မ အလုပ်ထုတ်ပစ်လိုက်ရမလား ဆရာ''

''အဲဒီလိုမျိုးတော့ မလုပ်ပါနဲ့ဦး ဒေါ်နန်းရယ်။ အလိမ္မာနဲ့ ချော့ချည်၊ ခြောက်ချည် စိတ်ဝင်စားလာအောင်လုပ်ပါ။ ပြောမရ၊ ဆိုမရရင်လည်း ကျွန်တော်တို့ကို အသိပေးပါဦး။ တစ်ခါတည်း အလုပ်မဖြုတ်လိုက်ပါနဲ့။ ကျွန်တော်တို့ရောက်လာမှ သူတို့မိသားစု စားဝတ်နေရေးတွေ ကျပ်တည်းကုန်ရင် မကောင်းပါဘူးဗျာ''

''ဆရာမသိဘူးနော်။ တော်တော်ရိုင်းတဲ့သူတွေပါတယ်။ အဲဒါတွေက အန္တရာယ်တွေနော်ဆရာ။ စိုက်ပျိုးရေးက ကိစ္စမရှိနိုင်ပေမယ့် မွေးမြူရေးတိရစ္ဆာန်တွေက တန်ဖိုးကြီးမားတယ်။ အဆိပ်၊ ဘာညာ ခတ်လိုက်ရင် တန်ဖိုးအများကြီးဆုံးရှုံးရမှာ။ အလုပ်သမားတွေကလည်း စိုက်ပျိုးရေးခြံက ဆယ်ယောက်တည်း။ မွေးမြူရေးခြံက အယောက်နှစ်ဆယ်ရှိတယ်''

''အေးဗျာ . . . မနက်ဖြန်မနက် ကျွန်တော်တို့ စစ်ဆေးကြည့်ကြတာပေါ့။ ကျွန်တော်ကတော့ ညှာညှာတာတာ လုပ်ချင်တာပါ''

''ဟုတ်ကဲ့ဆရာ။ ဆရာလက်တွေ့မြင်ရတော့မှ ဆုံးဖြတ်နိုင်





မှာပါ''

''ကျွန်မလည်း ကိုနောင်နဲ့ လုပ်စရာလေးတွေကို တိုင်ပင်ရင်း ညစာစားလိုက်ဦးမယ်ဆရာ''

ကျွန်ုပ် ဧည့်ခန်းသို့ထွက်ခဲ့သည်။ မနက်ဖြန်မနက် လုပ်စရာတွေက တစ်ပုံကြီးရှိသည်။ တစ်လခန့်နေရမည်မို့ မိုးမခအိမ်ကြီးတွင် ကျွန်ုပ်အပါအဝင် အိမ်ရှိလူကုန် အလကားနေ၍မရတော့။ ကိုယ်စီ တာဝန်ပေးရပေတော့မည်။ လုပ်ငန်းအထိုင်ကျမှ စိတ်အေးရပေတော့မည်။

ဧည့်ခန်းတွင် တပည့်များအား တံခါးများလုံခြုံအောင်ပိတ်နိုင်းပြီး ဘုရားဝတ်ပြုစေသည်။ ပြီးနောက် သတိထားအိပ်ကြရန် ပြောဆိုပြီး ကျွန်ုပ်လည်းအိပ်ရာဝင်သည်။ ကျွန်ုပ်က ညီငယ်မိုးတင်နှင့်အတူ အခန်းတစ်ခန်းတွင် အိပ်သည်။ ကျော်ကြီးနှင့်မြင့်သိန်းက တစ်ခန်းအိပ်သည်။ ပုဏ္ဏားတစ်ယောက်တည်းသာ တစ်ခန်းအိပ်သည်။ ဒေါ်နန်းနှင့် ကိုနောင်တို့ကတော့ မီးဖိုဘက်တွင် တစ်ခန်းစီအိပ်ကြသည်။

မိုးမခအိမ်ကြီးမှာ ခုနစ်ဆောင်ပြိုင်အိမ်ကြီးဖြစ်ပြီး အဆောင်တစ်ဆောင်တွင် အပေါ်ထပ်အောက်ထပ်ရှိ၍ ဧည့်ခန်းကျယ်ကြီးနှင့်အတူ ပုံစံတူမျက်နှာချင်းဆိုင်အိပ်ခန်း (၁၂)ခန်း ပါရှိသည်။ အောက်ထပ်တွင်လည်း အတူတူပင်။ ခုနစ်ဆောင်ပြိုင်အိမ်ကြီးအတွက် အခန်းပေါင်း (၁၆၈)ခန်းရှိပေမည်။ နှစ်ယောက်အိပ်ခန်းများဖြစ်၍ လူ(၃၀၀)ကျော်နေထိုင်နိုင်သည်။ မြို့မှ ဟိုတယ်အကြီးစားကြီးနီးနီး ရှိပေမည်။ စတင်ဆောက်လုပ်စဉ်က မည်သို့ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ခြင်းဖြစ်သည်ကို မသိ။ အုတ်ပတ်ကားဖြစ်၍ ယခုအချိန်အထိ ခိုင်မာတောင့်တင်းနေသေးသည်။ (IVY)ခေါ်သစ်ကပ်နွယ်ပင်များကလည်း အိမ်ကြီးအားပတ်ချာလှည့်၍ တွယ်ကပ်ပေါက်ရောက်နေသည်။

ကျွန်ုပ်တို့အိပ်ရာဝင်တော့ ညဥ့်(၁၁)နာရီခန့်ရှိပြီ။ ကျွန်ုပ်ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီး အမျှအတမ်းဝေသည်။ ပြီးနောက် အိပ်ရာဝင်ခဲ့တော့သည်။ ကျွန်ုပ်အိပ်ပျော်စအချိန်၌ပင် ခြေသံတရှပ်ရှပ်အသံကြောင့် ကျွန်ုပ်အိပ်ရာကလန့်နိုးသည်။ ခြေသံမှာ ပီပြင်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေသည်။

မကြာမီ လူအများစကားတီးတိုးပြောသံကို ကြားရသည်။ ကျွန်ုပ်မသက်သာ၍ ထထိုင်နေမိသည်။ ကျွန်ုပ်၏ညီ မိုးတင်ကတော့ တခေါခေါဟောက်၍ အိပ်ပျော်နေသည်။ ထိုနောက်မှ တွေးမိသည်။ စားပိုမှူးကြီးကိုနောင်၏ ပြောစကားအရ သရဲခြောက်ခြင်း ဖြစ်ပေလိမ့်မည်။ လုံခြုံစွာတံခါးပိတ်ထားသည့် အိမ်ကြီးအတွင်းသို့ ပြင်ပလူများ ဝင်ရောက်လာရန် ခဲယဉ်းပေလိမ့်မည်။ ကျွန်ုပ် မေတ္တာပို့၊ အမျှအတမ်းပေးဝေ၍ ပြန်လည်အိပ်ရာဝင်ခဲ့သည်။ အသံများကတော့ ရပ်မသွားပါ။ သို့သော် ကျွန်ုပ်ဂရုမစိုက်တော့ပါ။

မနက်(၆)နာရီခန့် ကျွန်ုပ်အိပ်ရာထသည်။ အခန်းတံခါးဖွင့်၍ မျက်နှာသစ်ရန်သွားတော့ ကိုနောင်နှင့်ဒေါ်နန်းက မနက်စာအတွက် ပြင်ဆင်ချက်ပြုတ်နေကြသည်။ မကြာမီ ကျွန်ုပ်၏တပည့်များလည်း အခန်းအသီးသီးမှ အလျှိုလျှိုထွက်လာကြသည်။

ပုဏ္ဏားတင်ဦး "ဆရာနေရ . . . ညက သရဲခြောက်တာနဲ့တူတယ်။ လမ်းလျှောက်သံတွေနဲ့ စကားပြောသံတွေ ကြားရတယ်နော်။ ကျွန်တော်လည်း ထကြည့်သေးတယ်။ ဘာမှမမြင်တာနဲ့ ပြန်အိပ်ရာဝင်ခဲ့တာ"

"ဟုတ်တယ် ပုဏ္ဏားရေ။ ငါလည်း ကြားတယ်။ ကိုနောင်ပြောထားတာ ပြန်သတိရလို့ ပြန်အိပ်လိုက်ရတယ်။ ကိုခင်လှိုင်တို့က

ဒီအပေါ်ထပ်မှာ သေခဲ့ကြတော့ အစွဲအလမ်းတော့ ရှိမှာပေါ့ကွာ။ အသံ လောက်ကတော့ ကြောက်စရာမရှိပါဘူး"

ကျွန်ုပ်တို့ညှိခန်းတွင်စုကြပြီး ကိုနောင်ပြင်ဆင်ပေးသော ရှမ်းခေါက်ဆွဲနှင့်လက်ဖက်ရည်ကို စားသောက်ကြသည်။ ကိုနောင့် လက်ရာမှာ အတော်ကောင်းပါသည်။ ကျွန်ုပ်ကြိုက်တတ်၍ ရှမ်းခေါက်ဆွဲ ကို မကြာခဏလုပ်ကျွေးတတ်သော မမကြီးအား သတိရမိသည်။

ကျွန်ုပ် ။ "ကဲ . . . စားသောက်ပြီးကြရင် ခြံထဲဆင်းကြစို့။ ဒီနေ့ မွေးမြူရေးခြံရော၊ စိုက်ပျိုးရေးခြံတွေပါ ကွင်းဆင်းကြည့်ကြတာ ပေါ့။ မင်းတို့လည်း ဒီနေ့အလုပ်လုပ်ရမယ်။ တာဝန်တွေ ခွဲပေးမယ်။ တစ်လလောက်တော့ အပင်ပန်းခံကြကွာ။ ညနေတိုင်း ငါက အရက် ကောင်းကောင်း၊ အမြည်းကောင်းကောင်းနဲ့ စပယ်ရှယ်ညှိခံမယ်။ သဘောတူကြသလား"

"တူပါတယ် . . . တူပါတယ်"

မြင့်သိန်း ။ "ဒါနဲ့ ဆရာက အမဲလိုက်ဦးမယ်ဆို"

"အလုပ်တွေမှ မပြတ်သေးတာ။ ကိုခင်နောင့်သေနတ်တွေ ကိုလည်း ပြင်ဆင်ရဦးမယ်လေ"

"ဆရာရေ . . . ဆရာက တစ်ထွာပြရင် ကျွန်တော်က တစ်လံ မြင်ပါတယ်။ ညကလည်း ကျွန်တော်အလုပ်လုပ်နေတာ။ ကိုခင်နောင့် အခန်းကို သော့တုနဲ့ဝင်ပြီး သေနတ်တစ်လက်ကို အဂ်လိုစုံအောင် ပြင် ဆင်ထားပြီးပါပြီ"

ကျွန်ုပ် ။ "တော်လိုက်တဲ့ သူခိုးကွာ။ အေးလေ . . . မင်းက သော့စိတ္တာဆိုတော့ နှစ်လုံးပြူးသေနတ်လောက်တော့ အပျော့နေမှာပေါ့ ကွာ။ အဲဒီသေနတ်တွေက ရှေးရိုးသေနတ်တွေဆိုတော့ အစိတ်အပိုင်း





က နည်းတယ်။ မောင်းပြန်သေနတ်တွေလို မရှုပ်ထွေးဘူး။ ကျည်ဆန် တွေရော ရှိတယ်နော်"

"ရှိပါ့ဆရာရယ်။ ဘူးလိုက်ပါဘဲ။ SG တို့ LG တို့ ရေးထား ဘယ်ဆရာ။ ကျွန်တော်က ပြင်ပဲပြင်တတ်တာ။ သေနတ်ဆို ဘာသေနတ် ပစ်ဖူးတာ မဟုတ်ဘူး"

"SG ဆိုတာက စရိတ်ကျည်။ ငှက်ပစ်တာ။ LG ဆိုတာက ိုးလုံးကျည်။ အကောင်ကြီးတွေကိုပစ်တာ။ နောက် . . . အားတော့မှ င်းတို့အားလုံးကို သေနတ်ပစ်သင်ပေးမယ်။ ယောကျ်ားဆိုတာ သေနတ် စ်တတ်ရမယ်။ မြင်းစီးတတ်ရမယ်။ ရေကူးတတ်ရမယ်"

ကျွန်ုပ်တို့အားလုံး အိမ်ကြီးအနောက်ဘက်မှထွက်၍ ဝင်းတံ ိုင်းအားကျော်တော့ မွေးမြူရေးခြံများအစပ်သို့ ရောက်သည်။ ဝက်ခြံ၊ ကြက်ခြံနှင့် ကျွဲ၊ နွား၊ မြင်းနှင့် သိုးခြံ၊ ဆိတ်ခြံများကို အစီအရီမြင် သည်။ စနစ်တကျ မွေးမြူထားခြင်းဖြစ်သည်။ အစာကိုဒေါင်နှင့် ွှည်းကိုဒေါင်၊ ဆေးဝါးကိုဒေါင်များကိုလည်း တွေ့ရသည်။ အုပ်ချုပ်ရေး းနှင့် အလုပ်သမားများ အပန်းဖြေခန်းကိုလည်း မြင်ရသည်။ အလုပ် သမားတန်းလျားများကိုတော့ အတော်ဝေးဝေး ကုန်းကလေးအား ပတ် ်င်း၍ ခြံစည်းရိုးကာရံပြီး ဆောက်ထားသည်။

မွေးမြူရေးခြံများအနီး ကွက်လပ်ကျယ်ကြီးတွင် ခြံစည်းရိုး ကာရံ၍ ရာသီပေါ်သီးနှံများ စိုက်ပျိုးထားသည်မှာ ဖြစ်ထွန်းလှသည်။ စ်ကေခန့်အကျယ် မြေကွက်လပ်တွင် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ဆလတ်၊ ုန်လာ၊ မုန်ညှင်း၊ ချဉ်ပေါင် အတော်စုံသည်။ ပန်းမြို့တော်ဖြစ်သည့် တိုင်း၊ ဒေလီယာ၊ ဇော်မွှား၊ နေကြာ၊ သစ္စာပန်း၊ ဒေစီပန်းနှင့် ခြားပန်းမျိုးစုံကိုလည်း စိုက်ပျိုးထားသည်။ ထူးခြားသည်ကတော့

အုပ်ချုပ်ရေးရုံးခန်းအနီးတွင် သပ်ရပ်စွာဆောက်ထားသော သစ်ခွပန်းခြံဖြစ်သည်။ နိုင်ငံခြားမျိုးများအပြင် တောတောင်များထဲမှ မြန်မာသစ်ခွမျိုးငုံ ကို တွေ့ရသည်။ ထူးခြားသည်မှာ ရှမ်းပြည်နယ်ထွက် နာမည်ကြီး မိုးလုံးမှိုင်းပြာကို တွေ့ရခြင်းဖြစ်သည်။ အပွင့်အဖူးများလည်း ဝေဆာစွာ ဖူးပွင့်နေသည်။ သစ်ခွပန်း ဝါသနာရှင် ကျွန်ုပ်အား သစ်ခွပန်းရုံက ညို့ယူထားဟန်တူပါသည်။

ကျွန်ုပ် ရုံးခန်းထဲသို့ပင် မဝင်နိုင်တော့ဘဲ သစ်ခွပန်းခြံထဲ တန်းဝင်ခဲ့မိသည်။ ပေ (၄၀' x ၆၀') ခန့်ကျယ်သော မြေကွက်အတွင်း စင်များပေါ်တွင် ပန်းအိုးတင်လျက်လည်းကောင်း၊ ခေါင်မိုးတန်းများ ချိတ်ဆွဲလျက်လည်းကောင်း၊ အရောင်စုံအသွေးစုံအောင် စိုက်ပျိုးထားရာ ရက္ခဗေဒဥယျာဉ်မှ သစ်ခွပန်းခြံအတိုင်းပင်။ ကျွန်ုပ်သိသော ဗန်ဒါ၊ ကတ်တီးလီးယား၊ စပိုင်ဒါ၊ ဒန်းစင်းလေဗီ၊ လေဗီစလစ်ပါ၊ ညြက်စတပ်၊ ဒန်ဒရိုဘီယမ် စသည့်နိုင်ငံခြားမျိုးများအပြင် အမေရိကတိုက်မှ နာမည်ကြီး ကတ်တယ်လီယာ၊ မီလတိုးနီးယားသစ်ခွပန်းပင်များပင် ပါဝင်သေးသည်။

မြန်မာမျိုးများဖြစ်ကြသည့် ဖယောင်းပန်းအမျိုးမျိုး၊ ရတနာရွှေခက်၊ မဟာဒေဝီ၊ ပန်းသက်တော်ရှည်ညို၊ စာကလေးပန်းရောင်၊ ကြာဖယောင်းပန်း၊ သုံးပန်လှ၊ မိုးလုံးမှိုင်းပြာ၊ မိုးကန်တော့ပန်းနှင့် စလဲတော်သစ်ခွပန်းမျိုးများကိုလည်း တွေ့ရသည်။ စေတီသစ်ခွအပါအဝင် မြေစိုက်သစ်ခွမျိုးစုံကိုလည်း တွေ့ရသည်။

ကျွန်ုပ်အနီးတွင် ရေလောင်းနေသည့် အလုပ်သမားတစ်ယောက်အား မေးမြန်းကြည့်ရာ . . .

"ဒီသစ်ခွတွေကို ဘယ်သူစိုက်ထားတာလဲ"





"သခင်ကြီး ဦးခင်လှိုင် စိုက်ပျိုးထားတာပါ။ သူက တောထဲကလည်း ရှာပြီးစုတယ်။ ရက္ခဗေဒဥယျာဉ်ကလည်း ဝယ်တယ်။ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်ဘက်ကလည်း မှာပြီး စုဆောင်းထားတာပါ"

ဤမျှပန်းကြိုက်သူ၊ အလှအပကိုခံစားတတ်သူ၊ သဘာဝတရားကို မြတ်နိုးသူဖြစ်သော ကိုခင်လှိုင်တစ်ယောက် စိတ်ကြမ်းကိုယ်ကြမ်းနှင့် ဘိန်းရာဇာကျောက်မှောင်ခိုရောင်းဝယ်သူ၊ လောဘရမ္မက်ကြီးသူတစ်ယောက် ဖြစ်လာရသည်ကိုတော့ ကျွန်ုပ်စိတ်မကောင်းပါ။ တွေးလည်းမတွေးတတ်တော့။ ပစ္စည်းဥစ္စာ ပြည့်စုံကုံလုံသူဖြစ်လျက် အဘယ်ကြောင့် လောဘကို အတောမသတ်နိုင်ဘဲ တရားဥပဒေအပြင်ဘက်ကရှာဖွေနေသည်ကို ကျွန်ုပ်သဘောမပေါက်နိုင်တော့ပါ။ အကြောင်းတစ်စုံတစ်ရာတော့ ရှိပေလိမ့်မည်။ သိနိုင်သူမှာ မမကြီးတစ်ယောက်သာရှိသည်။

ကျွန်ုပ်တို့ ရုံးခန်းတွင်ထိုင်၍ စာရင်းများကိုကြည့်သည်။ ဥစားကြက်အကောင်မှာ (၃၀၀၀)ရှိသည်။ သို့သော် နေ့စဉ် ဥအရေအတွက်မှာ (၁၀၀၀) ခန့်သာ ရှိသည်။ နို့စားနွားများမှာလည်း အကောင်(၁၀၀)ကျော်ရှိသော်လည်း နေ့စဉ်ရနွားနို့ပိဿာချိန်မှာ (၃၀၀)ခန့်သာရှိသည်။

ယခင်လများနှင့်နှိုင်းယှဉ်ကြည့်ရာ သုံးပုံနှစ်ပုံလောက် လျော့နည်းသွားကြောင်း တွေ့ရသည်။ ကျွန်ုပ်တို့ ဆေးကိုဒေါင်နှင့် အစာကိုဒေါင်အား စစ်သည်။ ကြက်စာကိုဒေါင်တွင် ဖွဲနုများက မလတ်ဆတ်။ ပဲဖတ်နှင့်နှမ်းဖတ်မှုန့်များတော့ ရှိသည်။ ငါးခြောက်မှုန့်မရှိ။ ဆန်ကွဲများကလည်း မကောင်း။ စပ်စာမစုံဘဲ ဖြစ်သလိုကျွေးကြဟန်တူသည်။ တစ်ခါ ဆေးကိုဒေါင်အား စစ်ဆေးကြည့်ရာ ဥကြက်များအတွက် အောက္ဆီ

ဖစ်၊ ဘားပလက်၊ ဘီဒီလေယာဆေးများမရှိ။ ကာကွယ်ဆေးများလည်း ပြတ်လပ်နေသည်။ ဆေးစာရင်းစာအုပ်အား တောင်းကြည့်ရာ ဆေးဝါးများ အစုံရှိသည်။ ကျွန်ုပ် အုပ်ချုပ်သူနှင့် အလုပ်သမားများအား မဆူမပြောခဲ့ပါ။ ဒေါ်နန်းကတစ်ဆင့် ပြောရမည်ဖြစ်သည်။

ကျွန်ုပ်တို့ စိုက်ပျိုးခြံများဘက်သို့ ဆင်းခဲ့သည်။ သစ်တော်သီး၊ မက်မန်းသီး၊ မက်မွန်သီး၊ သပျစ်စင်များကို တွေ့ရသည်။ တောင်ကုန်းဆင်ခြေလျောများ၌လည်း လက်ဖက်ပင်များကို တွေ့ရသည်။ ခပ်ဝေးဝေး၌လည်း လိမ္မော်ခြံ၊ ကျွဲကောခြံများရှိသည်။ ဝန်ထမ်းအင်အားက (၂၀)ခန့်ရှိသည်။ သစ်သီးခြံများဘက်ကတော့ ပြဿနာမရှိပါ။ ယခင်လကကဲ့သို့ပင် ပုံမှန်အတိုင်းဖြစ်သည်။ မွေးမြူရေးခြံကိုသာ အသေအချာကိုင်တွယ်ရတော့မည်ဖြစ်သည်။ ဒေါ်နန်းလည်း လိုက်လာသဖြင့် အသေအချာရှင်းလင်းပြရာ သူမလည်း သဘောပေါက်ကြောင်း ဝန်ခံသည်။

ကျွန်ုပ် ။ "ဒေါ်နန်း . . . ကျွန်တော်ဆရာကြီးလုပ်တာမဟုတ်ပါဘူး။ ကျွန်တော်က (၁၉၈၇)ခုနှစ် ပျားဂေဟာ ကောဒါ(၁၄)က ဆင်းတာ။ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ငုံးအပြင် ပျားနဲ့ငါးပါ မွေးတတ်တယ်။ အင်းစိန်ထောင်မှာ တာဝန်ကျတုန်းကလည်း ကြက်၊ ဝက်၊ ငုံးကို အစိုးရစီမံကိန်းနဲ့ အများကြီးမွေးခဲ့ဖူးတယ်။ စပ်စာကိုလည်း ကိုယ်တိုင်စပ်ဖူးတယ်။ တိရစ္ဆာန်ဆေးဝါးတွေကိုလည်း ကျွန်တော်နားလည်ပါတယ်။ ဥတို့၊ နို့တို့ ပေးနေတဲ့သတ္တဝါတွေကို သူတို့စားသင့်တာမကျွေးရင်တော့ အထွက်ကျလာမှာပဲ"

"အဲဒါအပြင် အစာအာဟာရမပြည့်စုံရင်လည်း ရောဂါတွေဝင်လာလိမ့်မယ်။ စာရင်းစာအုပ်ထဲမှာ ဆေးတွေရှိတယ်။ စတိုခန်းမှာမရှိဘူး။ ဘယ်သူ့တာဝန်လဲ။ မန်နေဂျာလား၊ စတိုကီပါလား"





"မန်နေဂျာက ကိုနန္ဒ။ ဆရာခင်လှိုင်ရဲ့ တပည့်ရင်း။ ဟိုနေ့ညတိုက်ပွဲမှာ ဆုံးသွားပြီ။ စတိုကီပါကတော့သံချောင်း။ ဒီကောင်ရှောင်ပြေးသွားတယ်ပြောတယ်"

"အချိန်စောင့်လို့မရတော့ဘူး ဒေါ်နန်းရေ။ ဥတွေ၊ နို့တွေ အထွက်ကျပြီး ရောဂါတွေ ဝင်လာလိမ့်မယ်။ ဖွဲ၊ ဆန်ကွဲတွေကလည်း မလတ်တော့ဘူး။ အသစ်တွေ အမြန်မှာပါ။ အဟောင်းတွေကိုတော့ မြေမြှုပ်ပြီး မြေဩဇာလုပ်ရမှာပဲ။ ကျွန်တော်သုံးလစာ စာရင်းရေးပေးမယ်။ ဒီနေ့ပဲ အမြန်ဝယ်ပါ။ သန့်ရှင်းရေးလည်း အရမ်းညံ့တယ်။ ခြံတွေကို ရေစင်အောင်ဆေးပြီး ထုံးမှုန့်တွေဖျန်းရမယ်။ ဆေးဝါးတွေကိုတော့ ကျွန်တော် ဒီနေ့ပဲ မန္တလေးဆင်းပြီးဝယ်မယ်။ ဒီခြံတွေက ရတဲ့ဝင်ငွေတွေတော့ ဒေါ်နန်းဆီမှာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ ကျွန်မဆီမှာ နေ့စဉ်စာရင်းနဲ့ အတိအကျ သိမ်းထားပါတယ်"

"ကဲ . . . အဲဒါဆို မြန်မြန်လုပ်ဗျာ။ မန်နေဂျာနဲ့ စတိုကီပါကို ဒီနေ့ကစပြီး ကျွန်တော်အသစ်ခန့်လိုက်မယ်။ ကိုမြင့်သိန်းက မန်နေဂျာလုပ်။ မွေးမြူရေးခြံကို ဖိဖိစီးစီးကိုင်။ ကျွန်တော့်ညီ မောင်မိုးတင်က စတိုကီပါလုပ်လိမ့်မယ်။ ကိုတင်ဦးက စိုက်ပျိုးရေးခြံ မန်နေဂျာလုပ်။ ကျော်ကြီးကတော့ စစ်ဆေးရေးလုပ်။ မွေးမြူရေးကော၊ စိုက်ပျိုးရေးခြံပါ နေ့စဉ်စစ်ဆေးပါ။ ဟုတ်ပြီလား။ ဩော် . . . ဒေါ်နန်းကတော့ ဘဏ္ဍာထိန်းနော်။ အကုန်လုံးအပေါ်မှာ အုပ်ချုပ်ရမယ်။ ကျွန်တော်ကလည်း အလကားနေမှာ မဟုတ်ပါဘူး။ သန့်ရှင်းရေး၊ ကျွေးမွေးပြုစုရေး၊ ဆေးကုသရေး အကုန်လုပ်ပေးမယ်။ ကျွန်တော်တို့ တစ်လလောက် ဖိဖိစီးစီးလုပ်လိုက်ရင် ဝင်ငွေခုန်တက်လာမှာပါ"

အသုံး ။ "ဟုတ်ကဲ့ပါ ဆရာ"

"ဒီနေ့ မင်းတို့အားလုံး ဒီခြံထဲမှာပဲ ထမင်းစားကြကွာ။ ပိုဒိစီးစီးလုပ်ကြ။ သန့်ရှင်းရေးကို အရင်လုပ်ကြ။ ငါ ညနေကျ ပိုင်းစီစဉ် ပေးမယ်။ ငါနဲ့ကျော်ကြီးနဲ့ မန္တလေးဆင်းပြီး ဈေးဝယ်မယ်။ ဒေါ်နန်း က ကျွန်တော်တို့ကို ငွေထုတ်ပေးပါ"

ကျွန်ုပ်နှင့်ကျော်ကြီး ဒေါ်နန်းတို့ မိုးမခအိမ်ကြီးဆီသို့ ပြန် လာကြသည်။ စားဖိုမှူးကြီး ကိုနောင်ကိုလည်း တပည့်များအတွက် နေ့လယ်စာကို မွေးမြူရေးခြံထဲပို့ရန်မှာကြားပြီး ကျွန်ုပ်နှင့်ကျော်ကြီး ဒေါ်နန်းထံမှငွေထုတ်၍ နေ့လယ်စာပင်မစားတော့ဘဲ ကျွန်ုပ်တို့၏ VAN ကားကလေးဖြင့် ထွက်ခဲ့ကြသည်။ အချိန်မှာ မနက်(၁၁)နာရီခန့်သာ ရှိသေးသည်။ ကျွန်ုပ်တို့ကားကလေး အနီးစခန်းရွာကအထွက် ပြင်ဦး လွင်–မန္တလေးကားလမ်းပေါ်သို့အရောက်၌ လမ်းဘေးတွင် ဂျစ်ကား တစ်စီးရပ်ထားသည်။ ကားပေါ်၌ လူလေးယောက်ပါသည်။ လူမိုက်ရုပ် များဖြစ်သည်။ ကျွန်ုပ်က ကားမောင်းနေရင်း ကျော်ကြီးကို လက်ကုတ် ပြလိုက်သည်။

"ဆရာ . . . မရိုးသားဘူးထင်တယ်။ ကျွန်တော်တို့ကားကို လိုက်ကြည့်နေတယ်"

"အေး . . . ငါသိတယ်။ သတိထားပေရော့။ အန္တရာယ်အနံ့ ကို ငါရနေတယ်"

ကျွန်ုပ်တို့ကားကလေး (၂၁)မိုင်ကိုကျော်တော့ သူတို့ဂျစ်ကား ကလေး အနောက်ကလိုက်လာသည်ကို နောက်ကြည့်မှန်မှ မြင်နေရ သည်။ သုံးထပ်ကွေ့ရောက်တော့ သူတို့ကား ကျော်တက်ရန် အပြင်း မောင်းလာသည်။ ကျွန်ုပ် မောင်း၍ပြေးနိုင်သော်လည်း လာမည့်ဘေး





ပြေးတွေ့ရန် ကားကိုလမ်းဘေးချ၍ ရပ်ပေးလိုက်သည်။ ကျွန်ုပ်နှင့် ကျော်ကြီး ကားတံခါးဖွင့်၍ ဆင်းလာစဉ် သူတို့ဂျစ်ကားကလေးက ကျွန်ုပ် တို့ကားရှေ့မှ ပိတ်ရပ်လိုက်ပြီး လူလေးယောက် ဓားမြှောင်များ ကိုင်၍ ဆင်းလာကြသည်။

ကျွန်ုပ် ။ "ကျော်ကြီးရေ . . . သတိထားပေါ့။ ငါတို့မှာ ဘာလက်နက်မှ မပါဘူး။ လူချွဲထား။ နှစ်ယောက်စီ တာဝန်ယူ။ သူတို့ လက်နက်ဟာ ငါတို့လက်နက်ပဲ"

"ဟုတ်ကဲ့ ဆရာ"

သူတို့ကလည်း ဘာမပြောညာမပြော မိုးဓား၊ ပတ်ဓား၊ ထိုး ဓားတို့ဖြင့် ကြမ်းကြမ်းဝင်လာသည်။ သိုင်းတတ်ဟန်လည်း တူသည်၊ ကျွန်ုပ် စက္ကန့်ပိုင်းမျှ သူတို့အကွက်များကိုလေ့လာပြီး သိုင်းပြောင်း ပြန်နည်းကို အသုံးချရတော့သည်။

ဓားသမားကပြေးအဝှတ် တစ်ကွက်ကရှောင်၍ ဓားကိုင်လက် ကို ဖမ်းလိမ်ပြီး ချုပ်၍ တုတ်သမားပြေးအရိုက် ခံပေးလိုက်သည်။ 'ခွပ်'ဟူသောအသံကြားရပြီး ဓားသမားအဒိုက် ဓားကိုလု၍ အောက်ခြေ ကို ပတ်ခြေဖြင့် သိမ်း၍ကန်ပေးလိုက်သည်။ ဓားသမားနှင့် တုတ်သမား ရောထွေး၍လဲကျသွားစဉ် တုတ်သမားခေါင်းအား ဓားနောင့်ဖြင့်ဆောင့် ပေးလိုက်တော့သည်။

"ဒုတ် . . . အား"

နှစ်ယောက်မှောက်သွားသည်နှင့် လှည့်အကြည့် ကျော်ကြီး အား ဓားသမားနှင့်တုတ်သမားတို့က စက်ဝိုင်းပုံညှပ်၍ တိုက်နေကြ သည်။ ရှမ်းကြီးသိုင်းတိုက်ကွက် ဖြစ်သည်။ ကျွန်ုပ် တုတ်ကိုကောက်ယူ လိုက်ပြီး ဓားသမားနှင့် တုတ်သမား နှစ်ဦးအမူးတွင် ခြေတံကောက်

ကျွေးအား မုန်းဆ၍ အားထည့်ကာ ပစ်ထည့်လိုက်တော့သည်။

''ဖျောင်း . . . ''

''အား . . . အား . . . အား''

ဓားသမားနှင့် တုတ်သမား ပျော့ကွက်ထိ၍ နောက်ပြန်အလဲ ကျော်ကြီးက ပွဲသိမ်းပတ်ခြေဖြင့် ပါးစောင်ရင်းအား ဘယ်ညာကန်လိုက်တော့သည်။

''ခွပ် . . . ခွပ်''

''ဖျောင်း . . . ဖျောင်း''

''ဘုန်း . . . ဘုန်း''

လေးယောက်စလုံးမှောက်သွားတော့ ကျွန်ုပ်တို့ တုတ်၊ ဓား များအားသိမ်းပြီး လူများအား လမ်းဘေးရှိ ဂျစ်ကားအောက်သို့ ဆွဲသွင်းထားလိုက်သည်။ ဖြတ်သွားဖြတ်လာကားများ မြင်တွေ့လျှင်လည်း ကား ပြင်နေသည့်ဟန်ပင်။

ကျော်ကြီး ။ ''ဆရာ . . . ဒီကောင်တွေကို ချောက်ထဲပစ်ချလိုက်ရင် မကောင်းဘူးလား''

''မလုပ်နဲ့ ကျော်ကြီး။ ရာဇဝတ်မှုဖြစ်သွားမယ်။ ဒီအတိုင်းထားလိုက်။ ကားဘီးလေးဘီးစလုံးကိုတော့ ပြားနေအောင် လေလျှော့စလိုက်''

''ဟုတ်ကဲ့ ဆရာ''

ကျွန်ုပ်တို့ တုတ် ဓားများကို နောက်ခန်းထဲထည့်ပြီး ကား မောင်းလာစဉ် . . .

ကျွန်ုပ် ။ ''ကျော်ကြီး . . . မင်းက ဘာသိုင်းတွေတတ်သလဲ''

''ကျွန်တော်က မြန်မာသိုင်းနဲ့ ရှမ်းကြီးသိုင်း နည်းနည်းတတ်





တယ်ဆရာ။ သူတို့အကွက်တွေက အတော်စေ့တယ်။ ကျွန်တော်လည်း မနည်းရှောင်နေရတာ။ ဆရာကယ်ပေလို့ ပွဲသိမ်းသွားတာ''

''သူတို့သုံးတာ ရှမ်းကြီးသိုင်းကွက်တွေပဲ။ မင်းက ကံဆိုးတော့ ဆရာနဲ့ တိုးဟန်တူတယ်။ ဒါကြောင့် ငါလည်း ပွဲမြန်မြန်သိမ်းအောင် အဝေးပစ်လက်နက်နဲ့ ပျော့ကွက်ကို ပစ်လိုက်ရတာ။ နောင် . . . မှတ်ထား။ ကိုယ်နဲ့သိုင်းကွက်တူလာရင် သိုင်းပြောင်းပြန်နည်းကို သုံးရတယ်။ ဆန့်ကျင်ဘက်နည်းပေါ့ကွာ''

''ဆရာ . . . ကျွန်တော်မှမတတ်ဘဲ။ တတ်တာလေးနဲ့ ပြန်ခုခံနေရတာ''

''အေး . . . အေး။ နောက်နေ့တွေကျရင် ငါအားလုံးကို သင်ပေးမယ်။ အခြေအနေက မသင်လို့မဖြစ်တော့ဘူး။ ဘယ်အဖွဲ့ကလဲတော့ မသိပေမယ့် ရန်ငြိုးရန်စတွေရှိနေတာတော့ အမှန်ပဲဟေ့''

ကျွန်ုပ်တို့ ဈေးချိုအနီး မမကြီးတို့အိမ်ရောက်တော့ နေ့လယ် (၁)နာရီထိုးပြီ။ သမီး ယွန်းပွင့်စံက ခြံဝင်းတံခါး လာဖွင့်ပေးသည်။

''ဟော . . . ဦးတို့လာတာ အတော်ပဲ။ သမီးလည်း နေ့လယ်စာစားဖို့ပြင်နေတာ။ အတူစားကြမယ်လေ''

''အေး . . . အေး . . . သမီး။ ဒါနဲ့ မမကြီးရော ရှိသလား''

''မေမေက ဈေးချိုထဲက ရွှေဆိုင်မှာ။ သမီးလည်းအခုပဲ အဲဒီက ပြန်လာတာ။ ဦးတို့ကိစ္စအရေးကြီးရင် ခေါ်ပေးမယ်လေ''

''နေ . . . နေ . . . သမီး။ ဦးတို့ တိရစ္ဆာန်ဆေးပစ္စည်းတွေ အရေးကြီးလို့ လာဝယ်တာ။ နေ့လယ်စာစားပြီး ပြန်ထွက်မယ်''

ကျွန်ုပ်တို့ ခေတ္တနားပြီး နေ့လယ်စာစားနေကြစဉ် သမီးယွန်းပွင့်စံ ဖုန်းဆက်လိုက်သည်။ မမကြီး ကသောကမျော ရောက်လာသည်။

"မောင်မောင်ရယ် . . . လာမယ်ဆို ကြိုဖုန်းဆက်လိုက်ရောပေါ့။ မမ စပါယ်ရှယ်ချက်ပြုတ်ကျွေးမှာပေါ့။ အခုတော့ ကတိုက်ကရိုက်ကြီး။ ထမင်းစားလို့ရော မြိန်ကြရဲ့လား"

"ပြင်ဦးလွင်က မွေးမြူရေးခြံ အလုပ်သမားတွေပါ မမရယ်။ တောသားတွေဆိုတော့ ဘာနဲ့စားစား မြိန်ပါတယ်"

"မောင်မောင်က ခနဲ့နေပြန်ပြီ။ မမက အမြဲတမ်းသတိရနေတာပါ။ မောင်မောင်က ခြံအလုပ်သမားမဟုတ်ပါဘူး။ ခြံပိုင်ရှင်သူဌေးပါ။ မောင်မောင် ဘာကိစ္စတွေ အရေးကြီးလာသလဲဟင်"

ကျွန်ုပ်က မွေးမြူရေးနှင့် စိုက်ပျိုးရေးခြံကိစ္စများအား အသေးစိတ်ရှင်းပြလိုက်သည်။

"အင်း . . . မောင်မောင်ရှိနေပေလို့ပဲ။ နို့မဟုတ်ရင် ခြံလုံးပြုတ်တော့မှာ။ ဒါနဲ့ ဒေါ်နန်းက ဘာလုပ်နေတာလဲ"

"သူလည်း သူ့အလုပ်နဲ့သူ ရှုပ်နေတာပါပဲ။ မွေးမြူရေးကိစ္စဘယ်နားလည်မလဲ။ ခြံက ကောင်တွေက သူ့ကိုဝိုင်းလိမ်နေကြတာ"

"မောင်မောင် . . . ဒါဆို မကောင်းတဲ့သူတွေကို ဖြုတ်ပစ်လိုက်လေ။ အသစ်ရှာခန့်ကြဘာပေါ့"

"နေပါဦး မမရယ်။ ကျွန်တော် ကြိုးစားပြီး လက်တွဲခေါ်မယ်။ မရမှ လူစားလဲကြတာပေါ့။ မမတို့လည်း အနေအထိုင်၊ အသွားအလာ ဆင်ခြင်ကြပါ"

ကျွန်ုပ်က လမ်းတွင်ဖြစ်ပျက်ခဲ့သည့် တိုက်ပွဲကလေးအား ပြောပြလိုက်ရာ မမကြီးမှာ စိုးရိမ်စွာဖြင့် . . .

"မောင်မောင် ဘာဖြစ်သွားသေးသလဲဟင်။ မောင်ကျော်ကြီးကော ဘာဖြစ်သွားသလဲ"





ကျော်ကြီး ။ "ဆရာကယ်လို့ပေါ့ဗျာ။ နို့မဟုတ်ရင်လား . . . ကျွန်တော်သေရင်သေ၊ မသေရင် ဆေးရုံတော့ရောက်ပြီ"

မမကြီး ။ "အြော် . . . မောင်မောင်ရယ်။ ကံကြီးပေလို့ပဲ။ ဒါကြောင့် မမပူနေရတာ"

ထိုစဉ် အနီးတွင်နားထောင်နေသော သမီးယွန်းမွင့်စံက . . .

"ဟေး . . . ဒါမှ တို့ဦးဦးကွ။ သေနတ်ပစ်တတ်တယ်။ အမဲလည်း လိုက်တတ်တယ်။ ဖိုက်တင်လည်း ချတတ်တယ်။ ဝေး . . . ဟေး . . . ဟေး"

ကျွန်ုပ် ။ "ကဲ . . . မမ။ အချိန်မရှိတော့ဘူး။ ကျွန်တော်တို့ တိရစ္ဆာန်ဆေးတွေ ဝယ်ရဦးမှာ။ နေရာမသိတော့ အချိန်ကုန်နေမယ်။ မမပါ ခဏလိုက်ခဲ့ပါဦး"

"ရတယ် မောင်မောင်။ ဈေးချိုထဲမှာတင် ဆေးဆိုင်တွေရှိတယ်။ မောင်မောင် ဆေးစာရင်းသာ ရေးပေးပြီး ဒီအိမ်မှာပဲ အနားယူရင်း စောင့်နေပါ။ မမ ဆိုင်ကကောင်လေးနဲ့ ဝယ်ပြီးပို့လိုက်မယ်"

"ဟုတ်ကဲ့ မမ။ ဒီမှာ ဆေးဖိုးပိုက်ဆံတွေ။ ကျွန်တော်တို့အတွက်လည်း အရက်ကောင်းကလေး လေးငါးလုံးလောက် ဝယ်ပေးပါ"

"မောင်မောင့် ပိုက်ဆံတွေ ထားစမ်းပါကွယ်။ မမ အပြည့်အစုံ ဝယ်ပေးလိုက်ပါ့မယ်။ တခြားဘာလိုသေးလဲ . . . ပြော"

"မဟုတ်သေးဘူး မမ။ ဒါက မွေးမြူရေးလုပ်ငန်းက ဝင်ငွေတွေ။ မမငွေနဲ့ မဝယ်ပါနဲ့။ လုပ်ငန်းဆိုတာ ငွေအဝင်အထွက်ရှိတယ်။ စာရင်းပြန်သွင်းရဦးမှာ"

"မောင်မောင် . . . မမပြောတာ နားထောင်ပါ။ 'မောင်မောင်

ထုတ်လာတဲ့ငွေကို မောင်မောင်တို့အဖွဲ့ အသေသုံးဖို့ ဆောင်ထား။ ကျန်တာတွေ မမအကုန်ဝယ်ပေးလိုက်မယ်''

ပြောပြောဆိုဆို မမကြီး ဈေးချိုဘက်သို့ ထွက်သွားသည်။ ထိုစဉ် သမီးယွန်းမွှင့်စံက . . .

''ဦးဦး . . . မိုးမခအိမ်ကြီးမှာ သရဲခြောက်သေးသလားဟင်''

ကျော်ကြီး ။ ''ခြောက်တာမှ အရမ်းပဲ။ မိုးချုပ်တာနဲ့ ခြောက်တော့တာပဲ''

ကျွန်ုပ် ။ ''ဦးကျော်ကြီးက သမီးကို စနေတာ။ မိုးချုပ်တာနဲ့ ခြောက်တယ်ဆိုတာ အရင်ကလို မစည်ကားတော့ဘူးလို့ ပြောတာ။ အလုပ်ပင်ပန်းကြတော့ စားသောက်ပြီးတာနဲ့ တံခါးတွေပိတ်ပြီး အိပ်ရာစောစောဝင်ကြတော့ အိမ်ကြီးက အရင်လို ညဉ့်နက်အထိ ဆူဆူညံညံ မရှိတော့ဘဲ ခြောက်ကပ်နေတာကို ပြောတာသမီးရဲ့။ ဘာသရဲမှ မရှိဘူး''

ကျွန်ုပ်က လမ်းကြောင်းလွှဲ၍ . . .

''သမီး မိုးမခအိမ်ကြီးကိုလာရင်လည်း ပျော်မှာပါ။ သစ်ခွပန်းမျိုးစုံကို ဦးတို့အသေအချာပြုစုထားတယ်။ အရမ်းမွှင့်၊ အလွန်လှတာပဲ''

''ဟာ . . . အဲဒါဆို သမီးတို့ လာမယ့် စနေ၊ တနင်္ဂနွေနေ့ လာရင် တွေ့ရမှာပေါ့နော်။ မေမေကတော့ မိုးမခအိမ်ကြီးမှာ ညမအိပ်ဘူးလို့ ပြောနေတယ်''

''ဦးတို့အားလုံး ရှိသားပဲ။ ဘာမှကြောက်စရာမရှိဘူး။ သမီးတို့ လာရင်တော့ မိုးမခမှာပဲတည်းရမယ်။ မြို့ထဲမှာတည်းရင် ဦးက သမီးတို့ကို စိတ်မချဘူး''

''ဟုတ်ကဲ့ပါ ဦး။ သမီးတို့ မိုးမခမှာပဲ တည်းဖြစ်အောင် သမီးမေ့မေ့ကိုပြောပါ့မယ်''

---

စိတ်ကူးသစ်စာပေ



''အေး . . . အေး . . . သမီးပြောရင် သမီးမေမေက လက်ခံမှာပါ။ ဦးအားတဲ့နေ့ကျရင် အမဲပါလိုက်ထားမယ်။ ဘာသားစားချင်သလဲပြော''

''ရပါတယ် ဦးရယ်။ သူတို့အသား စားရတာကောင်းပေမယ့် တောတိရစ္ဆာန်တွေကို သမီးက သနားတယ်''

ကျွန်ုပ်တို့ စကားကောင်းနေကြစဉ် မမကြီးနှင့် လူငယ်လေးတစ်ယောက် ပြန်ရောက်လာသည်။ ဆေးနှင့်အရက်ပုလင်းများ တစ်မွေ့ တစ်ပိုက်ကြီးနှင့် ဖြစ်သည်။

မမကြီး ။ ''မောင်မောင်က USA က တိရစ္ဆာန်ဆေးဆိုလို့ UP JOHN COMPANY က ဆေးတွေဝယ်လာတယ်။ ဒီမှာက တရုတ်ဆေးတွေပဲ ပေါတာ''

''ကျေးဇူးပဲ မမ။ ဈေးတော့ကြီးမှာပဲ။ နောက်အပတ် မမတို့ လာရင် သစ်ခွပင်ထည့်တဲ့ဆေးတွေ ဝယ်ခဲ့ပါဦး။ ကျွန်တော် သမီးယွန်းမွှင့်အတွက် သစ်ခွဥယျာဉ်ကလေးမှာ ပန်းတွေပွင့်အောင် လုပ်ပေးမလို့''

''အင်း . . . မောင်မောင်က ဂရုစိုက်သလို သမီးကလည်း မောင်မောင့်အကြောင်းကို အမြဲတမ်းမေးနေတာပါကွယ်''

''ကျေးဇူးပဲ သမီးရေ။ ဦးတို့ ပြန်မယ်။ မမတို့ ဘယ်နေ့လာကြမှာလဲ။ စနေလား၊ တနင်္ဂနွေနေ့လား''

''စနေနေ့မှာ ကျောက်ရာဖြတ်ပေးဖို့ ကိစ္စတစ်ခုရှိတယ် မောင်မောင်။ တနင်္ဂနွေနေ့ (၁၀)နာရီလောက် အရောက်လာခဲ့မယ်''

''ဟုတ်ကဲ့ မမ။ ကျွန်တော်တို့ ပြန်တော့မယ်''

''ကောင်းပါပြီ မောင်မောင်''

''ဦးဦး. . . . တာ့တာ''

---

စိတ်ကူးသစ်စာပေ

ကျွန်ုပ် VAN ကားကလေးအား မောင်းထွက်ခဲ့သည်။ ညနေ (၃)နာရီကျော်ပြီဖြစ်၍ တောင်တက်ခရီးကို မမှောင်မီရောက်စေရန် အမြန်မောင်းရတော့သည်။

* * *

❑

မန္တလေးမြို့က အထွက်ကျမှ ကျွန်ုပ် သတိထားမိတော့သည်။ ကားထဲတွင် ဓာတ်ဆီလက်ကျန်နည်းနေပြီ။ မိုးမခအိမ်ကြီးတွင်တော့ ကိုခင်လှိုင်က ပီပါလိုက်စုထားသည်။ လမ်းဘေးဆီဆိုင်တွင် ငါးဂါလံဝယ်ထည့်လိုက်ရသည်။ ကျွန်ုပ်တို့ကားမှာ ရန်ကုန်ကကားဖြစ်၍ အစိုးရဆီဆိုင်တွင် ထည့်ရန်မလွယ်ပေ။ ကျွန်ုပ် တောက်လျှောက်နင်းခဲ့ရာ အောင်ပင်လယ်၊ ကျောက်မီးတာဆုံ၊ ဇီးတောကြီးကိုလွန်၍ တောင်တက်ခရီး စတင်ခဲ့သည်။ သုံးထပ်ကွေ့မရောက်မီ Saloon ကားဖြူနှစ်စီးနှင့်တွေ့၍ ရှောလိုက်ခဲ့သည်။ ဂျစ်ကားအပြင် Hilux ကားတစ်စီးကိုလည်း တွေ့ရသည်။ ဘီးများလဲနေသဖြင့် ကျွန်ုပ်တို့ကားများကိုပင် ဂရုမစိုက်နိုင်ပါ။ ကားအောက်က ကျွန်ုပ်တို့ဆုံးမခဲ့သော သူများကိုတော့ မမြင်ခဲ့တော့။ လူသစ်များဖြစ်ကြသည်။ ကျွန်ုပ် အသေအချာမှတ်ထား





လိုက်သည်။ လူဆိုးများပင် ဖြစ်ပေမည်။ စုစုပေါင်း ခြောက်ယောက်ဖြစ်သည်။ မှတ်မှတ်ရရ ကတုံးနှင့်ဗလကြီးတစ်ယောက်ကိုလည်း မြင်ရသည်။ ဘောင်းဘီကိုယ်စီနှင့် ဖြစ်သည်။

(၂၁)မိုင်စခန်းတွင်လည်း ကျွန်ုပ်တို့မနားတော့ပါ။ Saloon ကားနှစ်စီးကတော့ ကျန်ခဲ့သည်။ အနီးစခန်းရွာအဝ၌ ဘာကားမှမတွေ့ရသဖြင့် မိုးမခအိမ်ကြီးဆီသို့ ချိုးဝင်ခဲ့သည်။ အချိန်မှာ ညနေ(၆)နာရီခန့်မှောင်စပြုပေပြီ။ မိုးမခအိမ်ကြီး၏ ဝင်းတံခါးကြီးအနောက်တွင် သူနှင့်မြင့်သိန်းတို့အုပ်စု စောင့်နေကြသဖြင့် တံခါးကြီးကို အရှိန်သင့် ဖွင့်ပေးသည်။

မြင့်သိန်း ။ "ဆရာရယ် . . . စိတ်ပူလိုက်ရတာ။ အခုပဲ ရွာထိပ်ထွက်ပြီး ရရာကားငှားလို့ လိုက်ကြတော့မလို့"

"ဘာထူးလို့လဲ ကိုမြင့်သိန်း။ ကျွန်တော်တို့အသွားတုန်းက လမ်းပေါ်မှာ တစ်ပွဲချလာရတယ်"

"ဒီမှာတော့ မထူးခြားပါဘူး။ ကျွန်တော်တို့ သန့်ရှင်းရေးတော့ စိတ်တိုင်းကျ လုပ်ထားပြီးပါပြီ။ ညနေပိုင်း အစာသစ်တွေရောက်လာလို့ ဥစားကြက်တွေကို ဆရာမှာခဲ့တဲ့ အချိုးအစားအတိုင်း စပ်ပြီးပါပြီ။ ဆေးစောင့်နေတာ။ ညနေစာတောင် မကျွေးရသေးလို့ ကြက်တွေအော်နေပြီ။ ဆရာညီ မိုးတင်တော့ ခြံမှာပဲစောင့်နေတယ်"

"အဲဒါဆို ကျော်ကြီး . . . ကြက်ခြံကို ဆေးသွားပေးလိုက်။ ပေးထားတဲ့ အချိုးအစားအတိုင်း အတိအကျစပ်ပြီး ကျွေးပါလို့ မိုးတင်ကိုပြော။ ဒီကောင်က စိုက်ပျိုးရေးနဲ့မွေးမြူရေးသမားမို့ နားလည်တယ်"

ကျွန်ုပ်အား အနားပေး၍ မြင့်သိန်းက VAN ကားလေးကို မောင်း၍ ဆင်ဝင်အောက်သို့ရွှေ့ပြီး ပါလာသောပစ္စည်းများအား ချနေ

သည်။ ထူးခြားနေသည်ကတော့ မိုးမခအိမ်ကြီးပတ်လည် အလင်းရောင်ရစေရန် မီးထွန်းထားခြင်းဖြစ်သည်။ ကျွန်ုပ်၏တပည့်များ တော်ပါပေသည်။ လုံခြုံရေးကောင်းမွန်စေရန် ဖြစ်သည်။ ချမ်းအေးသော်လည်း မနက်ကတည်းက ရေမချိုးရသေးသဖြင့် ကျွန်ုပ်နှင့်ကျော်ကြီး ရေချိုးကြသည်။ ရေချိုး၊ အဝတ်အစားလဲပြီးတော့ ညှော်ခန်းတွင် လူစုံပေပြီ။ ကိုနောင်နှင့် ဒေါ်နန်းက စားစာရာများ ချပေးသည်။ သူမိုးမြင့်သိန်းက မမကြီးဝယ်ပေးလိုက်သော Black Label တစ်လုံးကိုဖောက်၍ ဖန်ခွက်များအတွင်း၌ ဝေနေသည်။ ထိုအခါမှ ပုဏ္ဏားတင်ဦးကို မမြင်မိ၍ မေးရာ . . .

မြင့်သိန်း ။ "ဆရာ . . . ပုဏ္ဏားကြီးက ည(၇)နာရီအချိန်ကိုက် အိမ်ကြီးပတ်လည်ကို စည်းချနေတယ်။ အဖော်လည်း မခေါ်ဘူး။ သူတစ်ယောက်တည်း လုပ်ရမှာတဲ့လေ"

"လုပ်ပါစေ။ အန္တရာယ်ကင်း အစီအစဉ်တွေကို သူလုပ်တတ်တယ်။ ကဲ . . . မင်းတို့လည်း သင့်သလို သောက်ကြပေတော့။ မှောက်အောင်တော့ မသောက်ကြနဲ့။ ညရေးညတာ ကိစ္စတွေ ရှိနိုင်တယ်"

မိုးတင် ။ "အစ်ကို . . . ကျွန်တော်တို့ ကြက်ခြံဖွဲ့ခင်းတွေကို အသစ်လဲလိုက်တယ်။ မလဲတာကြာလို့ ကြက်ချေးတွေက အထပ်လိုက်ဖြစ်နေပြီ။ စားခွက်နဲ့သောက်ရေခွက်တွေကိုလည်း ဆပ်ပြာမှုန့်နဲ့ ဆေးတယ်။ ကြက်ခြံထဲက ပင့်ကူအိမ်တွေကို ရှင်းတယ်။ ခြံပတ်လည် ထုံးမှုန့်ဖျန်းတယ်။ ခြံဝတိုင်းမှာလည်း နင်းဖို့ ထုံးခွက်တွေရိုက်ပြီး ချထားတယ်"

ကျွန်ုပ် ။ "နေ့လယ်ကရော အစာစံမံ့ကျွေးရဲ့လား"

"ကျွေးတယ်အစ်ကို။ သူတို့မလုပ်ကြတာ။ နွားတဲဘေးမှာ





ကန်စွန်းခင်းကြီးကို ညို့နေတာပဲ"

"အေး . . . အေး . . . အဲဒါဆို တစ်ပတ်အတွင်း ဥဋ္ဌနီးပြန်တတ်လာမှာပါ။ နွားတွေကိုရော ပဲဖတ်၊ နှမ်းဖတ် လတ်လတ်ကျွေးရဲ့လား"

"ကျွေးတယ် အစ်ကို။ ဒီနေ့ စားကျက်မှာလည်း သုံးနာရီလောက် လွှတ်ကျောင်းပေးလိုက်သေးတယ်။ နွားတွေကို မြူးနေတာပဲ"

"အေး . . . အဲ့ဒီကိစ္စတွေ နေ့စဉ်လုပ်။ မင်းအတွက် လစာပေးမယ်။ မကြာပါဘူးကွာ။ ကြက်ဥနဲ့နွားနို့တွေ ပြန်တက်လာမှာပါ၊ အခြေကျသွားဖို့ အရေးကြီးတယ်"

ကျွန်ုပ်တို့သောက်ပြီးချိန် ပုဏ္ဏားတင်ဦး ပြန်ရောက်လာသဖြင့် ညစာအတူစားကြသည်။ ပုဏ္ဏားတင်ဦးက . . .

"ဆရာ . . . ကျွန်တော့်ပညာနဲ့ စည်းချပြီးပါပြီ။ အမှောင့်ပယောဂ၊ တစ္ဆေသရဲနဲ့ အန္တရာယ်မှန်သမျှ မကာပ်နိုင်တော့ပါဘူး။ အိပ်ခါနီးတော့ ကွယ်လွန်သွားသူတွေကို မေတ္တာပို့၊ အမျှတမ်းဝေပြီးမှ အိပ်ကြပါ"

စားသောက်ပြီးတော့ ကျွန်ုပ်တို့ အိပ်ရာဝင်ခဲ့ကြသည်။ ထိုညက အနှောင့်အယှက်မရှိပါ။ အိမ်ကြီးပေါ်တွင် လမ်းလျှောက်သံလည်း မကြားရ။ စကားပြောသံလည်း မကြားရပါ။ ယနေ့ ပင်ပန်းသဖြင့် ကျွန်ုပ် တစ်ချိုးတည်း အိပ်ပျော်သွားတော့သည်။

မနက်မိုးလင်းတော့ မျက်နှာသစ်၊ ဘုရားဝတ်ပြုပြီးသည်နှင့် မနက်စာစားပြီး ခြံထဲဆင်းကြသည်။ မွေးမြူရေးခြံများမှာ သန့်ရှင်းသပ်ရပ်နေသည်။ ကျွန်ုပ်တို့ကိုယ်တိုင် ဗိုဗိုစီးစီးလုပ်ကြသဖြင့် အလုပ်သမားများလည်း မရှိမကာပ်ရဲကော့ပါ။ စောစီးစွာပင် ကြက်ဥကောက်သူ၊

အစာကျွေးသူ၊ သောက်ရေလဲသူ၊ သန့်ရှင်းရေးလုပ်သူ၊ အစာစိမ်းစဉ်းသူများဖြင့် လှုပ်ရှားနေသည်။ နွားခြံများဘက်၌လည်း နွားနို့ညှစ်နေကြသည်။ ဝက်စာထဲတွင် ကျွန်ုပ် Lincomycin နှင့် Vitadol အားဆေးများကို ထည့်ပေးလိုက်သည်။ ဤသို့သာ တက်ညီလက်ညီ လုပ်ကြပါက အလျင်အမြန် တိုးတက်ဖွံ့ဖြိုးလာမည်မှာ အသေအချာ ဖြစ်တော့သည်။ ကျွန်ုပ်တို့ ရုံးခန်း၌ထိုင်၍ ရေနွေးကြမ်းသောက်ကြသည်။ မကြာမီ ဒေါ်နန်းနှင့်ကိုနောင်တို့ ရောက်လာကြသည်။ ကိုနောင်က အသားကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ လာယူခြင်းဖြစ်သည်။

ကျွန်ုပ် ။ "ဒေါ်နန်းကို မေးစရာရှိတယ်။ တရားဥပဒေအရ ဘိန်းမှုတို့၊ ကျောက်မှောင်ခိုမှုတို့ ဖြစ်ပွားရင် ပစ္စည်းနဲ့အဆောက်အဦတွေကို သိမ်းယူတာတို့၊ ချိပ်ပိတ်တာတို့ကို တာဝန်ရှိသူတွေက လုပ်လေ့ရှိတယ်။ အခုအိမ်ကြီးကို ဘာလို့ချိပ်မပိတ်တာလဲ။ နောက်ပြီး ကိုခင်လှိုင်တို့အလောင်းတွေကို ဘယ်မှာမြှုပ်ထားသလဲ"

"အိမ်ကြီးကို ချိပ်မပိတ်တာက ဒီလိုဆရာရေ့။ ဘိန်းနဲ့ကျောက်တွေကို ကားနှစ်စီးပေါ်က မိသွားတာ။ အိမ်ကြီးပေါ်မှာက တိုက်ပွဲပဲဖြစ်ဘာ။ အဲဒီနေ့က အရောင်းအဝယ်၊ အလဲအလှယ်နေ့။ ငွေသိန်းတစ်ထောင်ကျော်တော့ ခင်လှိုင့်အခန်းထဲက မိလို့ သိမ်းသွားတယ်။ ခင်လှိုင့်ကားနဲ့ ဧည့်သည်ကားနှစ်စီးကိုလည်း သက်ဆိုင်ရာက သိမ်းသွားတယ်။ အလောင်းတွေကိုတော့ ဆေးရုံကားနဲ့ သယ်သွားတာပဲ။ ဘယ်မှာမြှုပ်သလဲဆိုတာကိုတော့ ကျွန်မတို့လည်းမသိဘူး"

"အင်း . . . ဘာပဲဖြစ်ဖြစ်လေ။ ကျွန်တော်တို့ကတော့ ကိုခင်လှိုင်အတွက် ဆွမ်းသွတ်၊ အမျှဝေ၊ အလှူအတန်းကလေးတော့ လုပ်ပေးသင့်တာပေါ့။ ဒါမှလည်း သူ့ဝိညာဉ် လွတ်ရာ၊ ကျွတ်ရာ သွားနိုင်တော့မပေါ့။ လာမယ့်တနင်္ဂနွေနေ့ ဆွမ်းကျွေးပွဲလုပ်မယ်။ ဒေါ်နန်းပြည့်စုံအောင် စီစဉ်ထားပါ။ မမကြီးတို့လည်း လာကြလိမ့်မယ်"





"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်မ စီစဉ်ထားပါ့မယ်။ အရက်ဆွမ်းလား။ နေ့ဆွမ်းလားဆရာ"

"မမကြီးတို့ကိုလည်းစောင့်ရင်း နေ့ဆွမ်းလုပ်ကြတာပေါ့"

❑

စနေနေ့မနက်တွင် ကျွန်ုပ်တို့ အလုပ်များကြသည်။ မနက်ဖြန်တနင်္ဂနွေနေ့ ဆွမ်းကျွေးရန်ကိစ္စအတွက် ဖြစ်သည်။ နေ့စဉ်ပုံမှန်အလုပ်များအား တာဝန်ခွဲဝေပြီးသည်နှင့် ကျွန်ုပ်နှင့်ကျော်ကြီးက ဘုန်းတော်ကြီးပင့်ရန်နှင့် သင်္ကန်းပရိက္ခရာဝယ်ရန်၊ လိုအပ်သောပစ္စည်းများဝယ်ရန် မြင်ဦးလွင်မြို့ထဲသို့ ထွက်ခဲ့ကြသည်။ အနီးစခန်းရွာ ဘုန်းတော်ကြီးကျောင်းဝင်၍ မနက်ဖြန်နေ့ဆွမ်းအတွက် ဘုန်းတော်ကြီးငါးပါးအား ပင့်လျှောက်သည်။

ရွာကထွက်သည်နှင့် မြင်ဦးလွင်ဘက်အချိုးတွင် ကျွန်ုပ်တို့နောက်မှ ဂျစ်ကားနှင့် Hilux ကားတစ်စီး ကပ်လိုက်လာသည်။ ဂျစ်ကား

ပေါ်တွင် ထိပ်ပြောင်ပြောင်နှင့် ဗလကြီးကို တွေ့ရသဖြင့် ကျွန်ုပ်သဘော ပေါက်သွားသည်။ အန္တရာယ်အနံ့ရပေပြီ။ ကျွန်ုပ်တို့၏ VAN ကားကလေး အား နံပါတ်(၅)ဂီယာကို အမြန်ချိန်းပြီး အရှိန်ကုန်တင်၍ မောင်းပြေး ရတော့သည်။ VAN ကားဖြစ်၍ သူတို့ပြတ်ကျန်ခဲ့သည်။ သို့သော် နောက် က အရှိန်ကုန်တင်၍ လိုက်လာမြဲပင်။

ကျွန်ုပ်တို့ကား ပြင်ဦးလွင်မြို့အဝင်အထိ သူတို့က မျက်ခြည် မပြတ် လိုက်လာသည်။ ကျွန်ုပ် အကြံဉာဏ်ထုတ်နေစဉ် ရှေ့၌ ပြင်ဦး လွင်မြို့အမှတ်(၁)ရဲစခန်းဟူသော ဆိုင်းဘုတ်ကို လှမ်းမြင်သည်နှင့် ကား အရှိန်လျှော့ပြီး စခန်းထဲသို့ ကားမောင်းဝင်ခဲ့သည်။ အသိရှိလျှင်ရှိ၊ မရှိလျှင်လည်း မနက်ဖြန် ဆွမ်းကျွေးအလှူသို့ ဖိတ်ကြားပြီး မိတ်ဆက် ရန်ဖြစ်သည်။ နောက်က ကားများ တုံ့ခနဲ့ခေတ္တရပ်ပြီး ဆက်မောင်း သွားကြသည်။ လူဆိုးသူခိုးများဖြစ်၍ ရဲကိုတော့ ကြောက်ကြဟန်တူ သည်။ ထိုစဉ် လက်နက်ကိုင်ရဲသားတစ်ဦး ကျွန်ုပ်တို့အနီးသို့ ရောက် လာပြီး . . .

''ဆရာတို့ . . . ဘာကိစ္စများရှိပါသလဲ။ ကျွန်တော်တို့ ဘာ ကူညီရမလဲ''

''စခန်းမှူးနဲ့ တွေ့ချင်လို့ပါ''

''ဟုတ်ကဲ့ . . . ဝင်ပါခင်ဗျာ။ ဆရာဦးကျော်တင့် သူ့အခန်း ထဲမှာ ရှိပါတယ်''

စခန်းမှူးအမည်မှာ ဦးကျော်တင့်ဆိုသဖြင့် ကျွန်ုပ်ဝမ်းသာ သွားမိသည်။ ကျွန်ုပ်၏ကျောင်းနေဖက်သူငယ်ချင်း ကျော်တင့်မှာ ပြင်ဦးလွင်တွင် တာဝန်ကျနေကြောင်း ကျွန်ုပ်သိထားပြီးဖြစ်သည်။ နာမည် တူမဖြစ်စေရန်ကိုတော့ ဆုတောင်းမိသည်။





ကျွန်ုပ်တို့ အခန်းထဲရောက်သည်နှင့် သတင်းစာဖတ်နေသော စခန်းမှူးက မော့ကြည့်ပြီး . . .

''ထိုင်ပါခင်ဗျာ၊ ကျွန်တော် ဘာအကူအညီပေးရမလဲ''

''ပြောင်ကြီး . . . ငါပါကွ။ ထောင်မှူးကြီးသိန်းဝင်း''

မဟာနဖူးပြောင်ပြောင်၊ ဝဝ၊ စခန်းမှူးကျော်တင့်မှာ သူ၏ ငယ်နာမည်ကို ခေါ်လိုက်သဖြင့် သတင်းစာကိုပစ်ချပြီး ငေါက်ခနဲ မတ် တတ်ရပ်၍ . . .

''ဟေ့ကောင် . . . သိန်းဝင်းကြီးမဟုတ်လား။ ဝမ်းသာလိုက် တာကွာ။ မင်း အခု ဘယ်မှာတည်းသလဲ။ ငါ့အိမ်မှာတည်းလည်း ရတယ် နော်''

''အေးကွာ . . . ကျေးဇူးပဲ။ ငါတို့က အခု အနီးစခန်းက မိုးမခစံအိမ်ကြီးမှာ တည်းခိုတယ်။ မနက်ဖြန်ဆွမ်းကျွေးပွဲရှိလို့ မြို့ထဲ သက်နှိးပရိက္ခရာလာဝယ်ရင်း မင်းဆီဝင်လာပြီး ဖိတ်တာ။ မနက်ဖြန် နေ့ဆွမ်း ဆက်ဆက်လာခဲ့ကွာ။ အခုလည်း မြို့ထဲသွားမှာမို့ စားရင်း သောက်ရင်း စကားပြောကြရအောင်ကွာ။ လိုက်ခဲ့ကွာ။ မင်းအားတယ် မဟုတ်လား''

''မင်းက မိုးမခစံအိမ်ကြီးနဲ့ ဘယ်လိုပတ်သက်တာလဲ။ တိုက် ဆိုင်လိုက်တာကွာ။ ဒီနေ့ပဲ သတင်းစာထဲမှာ မိုးမခစံအိမ်ကြီး အမွေ ကိစ္စ ကြော်ငြာပါလာတယ်။ ဒေါ်မမကြီးက အမွေလွှဲပြောင်းဆက်ခံမှာ ဖြစ်လို့ ကန့်ကွက်ရန်ရှိရင် တစ်ပတ်အတွင်း ကန့်ကွက်နိုင်ကြောင်းတဲ့ ကွာ။ မင်းနဲ့ဒေါ်မမကြီးကလည်း ဘယ်လိုပတ်သက်လဲ''

''ကျော်တင့် . . . မင်းကလည်း ရဲလို့မပြောရဘူး။ အမေးအမြန်း ထူလိုက်တာ အရမ်းပဲ။ မမကြီးက ငါ့ရည်းစားဟောင်းကွ။ အခုမှ

ပြန်တွေ့ရတာ။ မိုးမခစံအိမ်ကြီးကို ပိုင်ဆိုင်လုပ်ပိုင်ခွင့် ငါ့ကိုပါဝါလွှဲပေးထားတာ။ ငါက အဲဒီမှာ မွေးမြူရေးနဲ့ စိုက်ပျိုးရေးလုပ်နေတာ"

"ဟ . . . သိန်းဝင်းကြီးရ။ မိုးမခစံအိမ်ကြီးဆိုရင် ငါက စိတ်ဝင်စားတယ်လေကွာ။ မကြာသေးခင်ကမှ တိုက်ပွဲဖြစ်ခဲ့တာ။ ငါတို့အဖွဲ့တောင် ပါသေးတယ်။ အေးကွာ . . . ဘာပဲဖြစ်ဖြစ် မင်းနဲ့ပြန်ဆုံရတာကိုတော့ ငါအလွန်ပဲဝမ်းသာတယ်"

"အေး . . . ဝမ်းသာရင်လည်း မြို့ထဲလိုက်ခဲ့ကွာ။ ငါနေ့လယ်စာကျွေးပါ့မယ်။ နောက်ပြီး မင်းနဲ့လည်း တိုင်ပင်စရာတွေရှိတယ်ကွ"

"အေး . . . အေး . . . လိုက်ခဲ့မယ်။ နယ်မြို့ဆိုတော့ ရန်ကုန်လောက်တော့ အလုပ်မများဘူး။ အားပါတယ်။ ခဏတော့စောင့်ဦး။ မင်းသိတဲ့အတိုင်း (၂၄)နာရီဂျူတီဆိုတော့ ဒုရဲအုပ်တစ်ယောက်ကို တာဝန်လွှဲပြောင်းပေးသွားရဦးမယ်"

"ကျော်တင့်ရေ . . . မင်းတပည့် လက်နက်ကိုင်နှစ်ယောက်လောက်လည်း ခေါ်ခဲ့ကွာ။ ငါထမင်းကျွေးပါ့မယ်"

"အေး . . . အေး . . . ငါတို့လည်း ရက္ခပဒေပန်းခြံဘက်သွားပြီး လုံခြုံရေးစစ်ရဦးမယ်ကွ။ အတော်ပါပဲ။ ခဏစောင့်ကြကွာ"

ဆယ့်ငါးမိနစ်အတွင်း သူ့ကိစ္စပြီးသဖြင့် ကျွန်ုပ်တို့ ကားနှစ်စီးဖြင့် ရဲစခန်းထဲမှ ထွက်ခဲ့ကြသည်။ နောက်ကားတွင် M . 16 မောင်းပြန်လက်နက်ကိုင်ရဲနှစ်ဦး ပါလာသည်။ စခန်းမှူးကျော်တင့်က ကျွန်ုပ်တို့၏ကားတွင်စီးသည်။ မြို့လယ်ဟိုတယ်တစ်ခုတွင်ရပ်ပြီး အခန်းယူ၍ စားသောက်ရန်မှာကြားရာ ကျော်တင့်က သူ့ကားမောင်းသူနှင့် လက်နက်ကိုင်နှစ်ဦးအား ကားပေါ်၌ပင် စားစေသည်။ ကျွန်ုပ်တို့က ဘီယာသောက်ပြီး နေ့လယ်စာစားကြသည်။ ကျွန်ုပ်က စားရင်းသောက်ရင်း





ငယ်ပေါင်းသူငယ်ချင်း ရဲအရာရှိအား ကျွန်ုပ်၏အကြောင်းစုံအား ဖွင့်ပြောတိုင်ပင်ရတော့သည်။

ကျော်တင့် ။ "ဟော့ကောင် . . . သိန်းဝင်းကြီး။ ဒါဆို မင်းက မိုးမခစံအိမ်ကြီးပိုင်ရှင် သူဌေးကြီးပေါ့။ ဝမ်းသာလိုက်တာကွာ"

"အေး . . . အေး . . . မင်းကြိုက်သလိုသာ ထင်ပေရော့။ ငါ့ကိုယ်ငါတော့ ဘာကောင်မှန်းတောင် မသိသေးဘူး။ မင်း မနက်ဖြန်အားတယ်မဟုတ်လား။ စောစောလာခဲ့ကွာ။ ငါတို့နှစ်ယောက် အမဲလိုက်ကြရအောင်။ ရိုင်ဖယ်နှစ်လက်တော့ ယူခဲ့ကွာ။ ငါတို့ခြံအနောက်ဘက်တောထဲမှာ တောဝက်အလွန်ပေါတယ်"

"အေး . . . အေး . . . စိတ်ချ လာခဲ့မယ်။ မင်းဘာသေနတ်ကိုင်မှာလဲ။ စခန်းမှာ အစုံရှိကယ်။ ထုံးစံအတိုင်း တာဝန်ပြပြီး လာရမှာပေါ့ကွာ။ ငါတို့ ကန်တော်ကြီးဘက် သွားဦးမယ်။ မင်းတို့ ဈေးဝယ်ပြီးပြန်မှာမဟုတ်လား။ စိတ်ချသာသွား။ ငါတို့ အမိပြန်လာပြီး အနီးစခန်းရွာအထိ လိုက်ပို့ပေးမယ်"

ကျွန်ုပ် ကျော်ကြီးအား ဈေးဝယ်ခိုင်းပြီး ဟိုတယ်၌ပင်နားနေရင်း စောင့်နေရသည်။ တစ်နာရီခန့်အကြာတွင် ကျော်ကြီးဈေးဝယ်ပြီး ပြန်ရောက်လာသလို ကျော်တင့်တို့အဖွဲ့လည်း ပြန်ရောက်လာသဖြင့် ကျွန်ုပ်တို့ပြန်ခဲ့ကြသည်။ မကျော်တင့်က ကတိအတိုင်း ကျွန်ုပ်တို့အား အနီးအခန်းရွာအထိ လိုက်ပို့သည်။ လူဆိုးအဖွဲ့အား အရိပ်အယောင်ပင် မမြင်ရတော့ပါ။

ညနေပိုင်းတွင် မနက်ဖြန်ချက်ပြုတ်ရန်အတွက် ပြင်ဆင်ကြသည်။ ကျွန်ုပ်တို့ကတော့ ထုံးစံအတိုင်း သောက်ဝိုင်းကလေး လုပ်ကြသည်။ ညစာစားပြီးတော့ ည(၉)နာရီခန့်၌ပင် စောစီးစွာ အိပ်ရာဝင်ခဲ့

သည်။ ပုဏ္ဏားတင်ဦး၏ အစီအရင် ကောင်းသောကြောင့်ဟု ထင်ပါသည်။ ဘာသံမှမကြားရ။ ကောင်းမွန်စွာ အိပ်စက်ခဲ့ရသည်။

တနင်္ဂနွေနေ့မနက် (၆)နာရီခန့်ထပြီး ကျွန်ုပ်ဘုရားဝတ်ပြုပြီး ပြင်ဆင်နေစဉ် စခန်းမှူးကျော်တင့်နှင့် လက်နက်ကိုင်ရဲနှစ်ဦး Hilux ရဲကားပြာကြီးနှင့် ရောက်လာသဖြင့် ကျွန်ုပ်တို့ Breakfast အတူစားကြသည်။ စားဖိုမှူးကြီးကိုနောင်၏ ရှမ်းခေါက်ဆွဲသုပ်နှင့် လက်ဖက်ရည်ချိုဖြစ်သည်။

ကျော်တင့် ။ "စားလို့ကောင်းသကွာ။ မြို့လယ်က ဆိုင်တွေထက်တောင် စားကောင်းသေးတယ်။ မင်းတပည့်လက်ရာ ဘယ်ဆိုးလို့လဲ"

"ငါ့တပည့်တွေလက်ရာ မဟုတ်ပါဘူး သူငယ်ချင်းရာ။ ကိုခင်လှိုင်တို့လက်ထက်ကတည်းက ခန့်ထားတဲ့ စားဖိုမှူးကြီး ကိုနောင်ရဲ့လက်ရာပါ။ နေ့လယ်စာရော၊ ညစာပါ မင်းတို့ဆရာတပည့်တွေ စားသွားပါ။ တောကောင်ရရင်တော့ စပါယ်ရှယ်ချက်ပြုတ်ပေးလိမ့်မယ်။ စားချင်တဲ့လက်ရာကိုသာပြော။ အိန္ဒိယ၊ တရုတ်၊ ထိုင်း။ ကိုရီးယား အစားအသောက်တွေ အကုန်ရတယ်"

"ကောင်းပါ့ကွာ။ မင်းက နေ့တိုင်း ဟိုတယ်စာ စားနေရတာပေါ့။ နောက်ဆို နေ့တိုင်းငါလာမယ်။ မြို့နယ်မှူးကို မင်းတို့လုံခြုံရေးအတွက် ငါတင်ပြပြီးပြီ။ မင်းပြောတဲ့ ကတုံးနဲ့ဗလကြီးက ဦးပန်တို့ကျောက်စိမ်းနဲ့ ဘိန်းဖြူမှောင်ခိုအဖွဲ့က လက်ကျန်တွေပါ။ မင်းသတင်းပေးလို့ ငါ့ကောင်တွေ လိုက်နေပါပြီ။ မကြာခင် မိမှာပါ။ မင်းအတွက်တော့ အမဲလိုက်ဖို့ ဒသမ . ၃၀၃ အမေရိကန်ရိုင်ဖယ်ကြီး ယူလာတယ်။ ကျည်ဆန်တွေကလည်း ကပစလုပ် အသစ်တွေ။ ငါကတော့ အမဲလိုက်အတွေ့အကြုံနည်းတော့ ပေါ့ပေါ့ပါးပါး ကာဘိုင်လေးပဲ ယူလာတယ်။





အော် တိုမက်တစ်ဆိုတော့ အတွဲလိုက်ဆွဲလို့လည်း ရတယ်လေ"

ကျွန်ုပ်တို့ တောလည်နေစဉ် ဘုန်းကြီးပင့်ရန်ကိစ္စ၊ မမကြီးတို့သားအမိပါ လာကြမည်ဖြစ်၍ တပည့်များအား တာဝန်ခွဲ၍ အသေအချာမှာပြီး မိုးမခစံအိပ်ကြီးအနောက်ဘက်မှ ထွက်ခဲ့ကြသည်။ စခန်းမှူးကျော်တင့်က သူ့တပည့်နှစ်ဦးကိုလည်း M.16 ရိုင်ဖယ်ကိုယ်စီနှင့် လုံခြုံရေးခေါ်ခဲ့သည်။ သူ့တပည့် ရဲကားမောင်းသူတစ်ဦးကိုသာ အိမ်ကြီးလုံခြုံရေးအတွက် စောင့်ကြပ်ရန် M.16 မောင်းပြန်ရိုင်ဖယ်တစ်လက်ဖြင့် ထားခဲ့သည်။ ကျွန်ုပ်တို့ ဝိုက်ပျိုးရေးခြံများအား ကျော်ပြီးနောက်တောစပ်တွင် လုံခြုံရေးနှစ်ဦးအား ထားခဲ့ပြီး ကျွန်ုပ်နှင့်ကျော်တင့် တောထဲဝင်လာကြသည်။ ယခင် ကျွန်ုပ်နှင့်ကိုခင်လှိုင် တောဝက်ပစ်ဖူးသော ရေစမ်းနားအရောက်၌ ခေတ္တရပ်ပြီး ထောက်လှမ်းရသည်။ တောလည်သူမရှိ၍ ထင်ပါသည်။ ရေစမ်းဘက်မှ တောဝက်အုပ်အော်သံကို ကြားလာရသည်။

"ဝူ . . . ဝူ . . . အီ . . . အီ"

"ဗွမ်း . . . ဗွမ်း"

တောဝက်အုပ် အိုင်လူးနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့ မိုးမခပင်ပင်စည်များအား ကပ်လိုက်ကြပြီး ကျွန်ုပ်က ဝက်သိုးကြီးအားပစ်မည်ဟုအချက်ပြပြီး အပိုင်ချိန်ကြသည်။ အသင့်ဖြစ်တော့ ကျွန်ုပ် လေချွန်၍ အချက်ပေးလိုက်ရာ . . .

"ဒို . . . ဒိုင်း . . . ဖောင်း . . . ဖောင်း . . . ဖောင်း"

ကျွန်ုပ်က တစ်ချက်တည်းပစ်သော်လည်း ကျော်တင့်က အတွဲလိုက်ဆွဲသည်။ ကျွန်ုပ်ပစ်သော ဝက်သိုးကြီးမှာ ဦးခေါင်းကိုကျည်ဆန်ဖောက်သွား၍ တစ်ချက်တည်းလဲသည်။ ကျော်တင့်ပစ်သော ကျည်ဆန်

သုံးတောင့်မှာ တစ်ကောင်ကိုသာ ချက်ကောင်းထိပြီး ကျန်နှစ်ကောင်မှာ ထပြေးသဖြင့် ကျွန်ုပ် အရေးပေါ်မောင်းတင်ပြီး ပစ်လိုက်ပြန်သည်။

"ဒိုင်း"

"ဘုန်း"

"ကျော်တင့်ရေ . . . မင်းက အော်တိုကိုင်ပြီး တစ်ကောင်တည်းရတယ်။ ငါက နှစ်ကောင်တောင်ရတာနော်"

"ဟ . . . ငါက အမဲပစ်ဖူးတာမှ မဟုတ်ဘဲ။ မည်းမည်းမြင်ရာ အတွဲလိုက်ဆွဲတာပေါ့"

"မှတ်ထား ကျော်တင့်ရေ။ တောကောင်တွေက သေကွင်းသေကွက်ကို မထိရင် ပြေးတော့တာပဲ။ ဒဏ်ရာရထားတဲ့ တောဝက်တို့၊ ကျားတို့ဆိုတာ အလွန်အန္တရာယ်ပေးတတ်တယ်။ ဝက်မို့ တော်တော့တာပေါ့ကွာ။ ဝက်သိုးကြီးဆိုရင်တော့ မင်းပြေးရပြီသာမှတ်"

သေနတ်သံကြောင့် ကျော်တင့်တပည့်များ ပြေးလာကြသည်။ ကျွန်ုပ်တို့ ထိုင်နားနေစဉ် ကျွန်ုပ်၏ညီ မိုးတင် မြင်းနှစ်ကောင်နှင့် ရောက်လာသဖြင့် ဝက်များအား ကြိုးတုပ်၍ မြင်းပေါ်တင်ပြီး စခန်းသို့ပြန်လာကြသည်။ မိုးမခအိမ်ကြီးတွင် မနက်(၁၀)နာရီခန့်သာရှိသေးသဖြင့် မမကြီးတို့လည်း မရောက်သေး။ ဘုန်းကြီးလည်း မပင့်ရသေးပါ။ ကျွန်ုပ်တို့ ခေတ္တနားပြီး ရေချိုးကြသည်။ အဝတ်အစားလဲပြီး ဧည့်ခန်းတွင်ထိုင်၍ အခါးရည်သောက်နေကြစဉ် ဘုန်းကြီးသွားပင့်သော မြင့်သိန်းကားနှင့် မမကြီးတို့ကား ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်။ ကျွန်ုပ်တို့ အောက်ဆင်းကြိုကြပြီး ဘုန်းတော်ကြီးများအား အပေါ်ထပ်ဧည့်ခန်းတွင် နေရာပေး၍ ကျွန်ုပ်တို့ အောက်ထပ်ဧည့်ခန်းတွင် ထိုင်ကြသည်။

ကျွန်ုပ် ။ "ကိုကျော်တင့် . . . ဒါ မမကြီး။ သူက သမ်းပေး





ယွန်းပွင့်စံ"

မမကြီး . . . ဒီကဆရာက ကျွန်တော့်ငယ်သူငယ်ချင်း ခေန်းမှူးဦးကျော်တင့်။ မြင်ဦးလွင် အမှတ် (၁)ရဲစခန်းကပဲ"

"ဟုတ်ကဲ့ရှင့်။ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

မမကြီး ။ "တော်သေးတာပေါ့ မောင်မောင်ရယ်။ မမက ရဲတွေနဲ့ရဲကားကြီးကို မြင်လိုက်ရတော့ အတော်စိုးရိမ်သွားမိတာ"

ကျွန်ုပ် ။ "မစိုးရိမ်ပါနဲ့တော့ မမရယ်။ လုံခြုံရေးအတွက် သူတို့က နေ့တိုင်းလာကြမှာ။ ကျွန်တော်တို့ကို နှောင့်ယှက်တဲ့အဖွဲ့ကိုလည်း သူ့လူတွေ လိုက်နေကြပြီ။ မကြာခင် မိတော့မှာပါ။ သတင်းစာထဲမှာလည်း မနေ့က ဒီအိမ်ကြီးနဲ့ပတ်သက်တဲ့ ကြော်ငြာစာတွေ့လိုက်တယ်"

"ဟုတ်ပါတယ် မောင်မောင်။ နှစ်ပတ်လောက်စောင့်ပြီး ကန့်ကွက်မယ့်သူမရှိရင် အနိုင်ဒီဂရီချပေးမှာပါ။ ကန့်ကွက်မယ့်သူလည်း မရှိနိုင်တော့ပါဘူး။ တရားရုံးကြော်ငြာစာရဲ့ ဘေးနားမှာ နာရေးကြော်ငြာတစ်ခု မတွေ့လိုက်ဘူးလား။ ဦးစဝ်နော်ဖ၊ အသက်(၇၀)ဆိုတာလေ၊ အဲဒါ ခင်လှိုင်တို့ရဲ့ဦးရီးတော် တစ်ဦးတည်းသော မျိုးဆက်ပဲလေ။ ကျန်သူတွေက ဆုံးသွားကုန်ကြပြီ"

ကျွန်ုပ် ။ "သြော် . . . ဒါဆိုရင် အားလုံးပွဲပြီးတော့မှာပေါ့။ မပြီးသေးတဲ့ပွဲကတော့ ကိုခင်လှိုင်နဲ့ ဦးရီးတော်ကိုပါ။ ဘဝကူးကောင်းစေဖို့ ကျွန်တော်တို့ စေတနာ၊ ဓမ္မတာနဲ့ အလှူလုပ်၊ အမျှဝေကြရအောင်။ အပေါ်ထပ်တက်ကြပါစို့"

ထိုနေ့က ဆွမ်းသွတ်အလှူပြီးသည်နှင့် မြင့်သိန်းက ဘုန်းတော်

ကြီးများအား ကျောင်းသို့ပြန်ပို့နေစဉ် ကျွန်ုပ်တို့ နေ့လယ်စာစားကြသည်။ မြန်မာထမင်းဟင်းလက်ရာဖြစ်သော်လည်း တောဝက်သား ကလီစာဟင်းနှင့် ခေါင်းသုပ်မှာ အထူးကောင်းမွန်လှသည်။ ကိုကျော်တင့်တို့ရဲအဖွဲ့အပြင် မမကြီးတို့သားအမိလည်း ကြိုက်နှစ်သက်ကြသည်။ ပြီးနောက် မွေးမြူရေးခြံသို့ ဆင်းကြသည်။ သန့်ရှင်းသပ်ရပ်သော မွေးမြူရေးခြံများနှင့် သစ်ခွပန်းခြံအား မြင်သည်နှင့် ညှို့သည်များ စိတ်ရွှင်လန်းနှစ်သက်ကြသည်။ မမကြီးကတော့ အလွန်အံ့ဩဝမ်းသာနေရှာသည်။ သမီးယွန်းမွင့်စံကတော့ သစ်ခွပန်းခြံထဲက မထွက်တော့ပါ။ နွားနို့နှင့်ကြက်ဥမှာ ယခင်ကထက် တစ်ပတ်အတွင်း သုံးဆတက်လာကြောင်း ကျွန်ုပ်က ရှင်းပြသည်။ ပျော်ရွှင်နေကြသည့် အလုပ်သမားများနှင့် ကိုယ်တိုင်လုပ်ကိုင်နေသော မိုးတင်အား မမကြီးကဆုငွေများ ထုတ်ချသည်။ ယခုမှ ပိုင်ရှင်နဲ့အလုပ်သမားကြား ပြေလည်မှုရပြီး ကြိုးနီစနစ်ကြီး ပျက်ပြယ်သွားလေပြီ။

ညနေတွင် အိမ်ရှေ့ခြံထဲဆင်း၍ မြက်ခင်းပေါ်၌ ညှို့ခံပွဲကလေးလုပ်သည်။ စားဖိုမှူးကြီး ကိုနောင်၊ မမကြီးနှင့် ဒေါ်နန်းတို့က အသုပ်များ၊ အကြော်များအပြင် ကိုရီးယားစတိုင် အကင်များကိုလည်း လုပ်ပေးကြသည်။ မမကြီးကလည်း အရက်များထပ်မံဝယ်လာသဖြင့်လည်းကောင်း၊ လုံခြုံရေးအစောင့်များလည်းရှိသဖြင့် ယနေ့ညတော့ ကျွန်ုပ်မတားတော့ပါ။ စိတ်ကြိုက်သောက်ကြရန် လွှတ်ပေးလိုက်သည်။ ကျွန်ုပ် စည်းကမ်းဖြင့်သာ တိုက်ကျွေးသဖြင့် ကျွန်ုပ်ဧည့်သည်များ အပိုးသေနေကြဟန်တူသည်။ သင့်ရုံသာသောက်ကြသည်။ မှောက်သွားသူကတော့ စခန်းမှူးကိုကျော်တင့်ဖြစ်သည်။ ညစာ ထမင်းပင်မစားနိုင်တော့။ အပေါ်ထပ်သို့ တွဲတင်ပြီး အိပ်ခန်းအတွင်း နေရာချထားရသည်။





အားလုံးစားသောက်ပြီးမှ မမကြီးနှင့်ကျွန်ုပ်တို့ အပေါ်ထပ်တက်ပြီး လသာဆောင်၌ စကားပြောကြသည်။

"မောင်မောင် . . . ကိစ္စတွေအားလုံးပြီး ပြီဆိုပါတော့။ မမနဲ့ မောင်မောင်ကိစ္စက ဘယ်လိုလဲ"

"အဲဒီကိစ္စလည်း ပြီးသွားပြီလေ မမရဲ့။ မသိလိုက်ဘူးလား"

"ဘယ်တုန်းက ပြီးသွားတာလဲ။ ဘာမှ မလုပ်သေးဘဲနဲ့"

"ဒီနေ့ပဲ ပြီးသွားတာလေ မမရဲ့။ မမနဲ့မောင်မောင့်ကိစ္စကို ဒီကလူတွေအားလုံး သိပြီးသား။ မသိသေးတဲ့ သူငယ်ချင်း ရဲစခန်းမှူးကိုလည်း အကြောင်းစုံဖွင့်ပြောပြပြီး မနက်က မြန်မာလို ဘုန်းကြီးငါးပါးပင့်ပြီး ဆွမ်းကပ်တယ်။ ညနေကျတော့ ကချင်လို အမဲလိုက်ပြီး ရလာတဲ့သားကောင်အသားနဲ့ ညှို့သည်တွေကို ကျွေးမွေးညှို့ခံတယ်။ ပြီးပြီပေါ့။ မဟုတ်ဘူးလား မမရယ်။ ဟား . . . ဟား . . . ဟား . . . ဟင်း . . . ဟင်း . . . ဟင်း . . . ခစ် . . . ခစ်"

"မောင်မောင် အပေးတော်အပြောကောင်းတယ်နော်။ ဒါလောက်နဲ့ မရသေးဘူး"

"ဒါဖြင့် မမ . . . ဒီနေ့ဟာ ဘာညလဲ . . . သိလား"

"သိတာပေါ့ မောင်မောင်ရယ်။ တနင်္ဂနွေနေ့ည"

"မဟုတ်ဘူး မမရဲ့။ ဒီနေ့ဟာ မမနဲ့မောင်မောင်ရဲ့ မင်္ဂလာဦးည"

ထောင်မှူးကြီးသိန်းဝင်း




## ပုံမတီးနိုင်တော့တဲ့ကုလားလေး

❑

ကျွန်တော်အားလပ်သည့်အခါများတွင် အမေ့အနီးအပါး၌ အိမ်မှုကိစ္စများ ဝိုင်းဝန်းကူညီလုပ်ကိုင်ရင်း အမေ့အဆုံးအမများ၊ ဗဟုသုတများကို များစွာနာကြားခဲ့ရဖူးသည်။

အမေသည် စာများစွာဖတ်သည်။ ဗဟုသုတကြွယ်သည်။ ဘဝလောကမံ အတွေ့အကြုံများစွာကို ဖြတ်သန်းခဲ့ဖူးသည်။ တစ်နေ့ အမေ့ကို ကျွန်တော်ပြောမိသည်။

"အမေ ... ကျွန်တော်ကြီးလာရင် ငွေတွေအများကြီးရအောင် ရှာမယ်ပြီး အမေလိုချင်တာ ဖြစ်ချင်တာတွေအားလုံး လုပ်ပေးမယ်"

"အပြောမကြီးနဲ့ဦး။ တော်ကြာ ပုံမတီးနိုင်တော့တဲ့ ကုလားလေးလိုဖြစ်နေဦးမယ်"

"ပုံမတီးနိုင်တော့တဲ့ကုလားလေးဆိုတာ ဘယ်လိုလဲအမေ"

"တို့အဖေတို့ခေတ်တုန်းက တကယ့်အဖြစ်အပျက်လေးပေါ့"

ဟုဆိုကာ ...

အမေ၏အဖေကား တစ်ဦးတည်းသော သမီးကလေးဖြစ်သူ ကျွန်တော့်အမေကို လွန်စွာချစ်သည့်အပြင် ဆုံးမသွန်သင်ရာ၌လည်း တော်ကြောင်းကို အမေပြန်ပြောင်းပြောပြခဲ့သည်။

"တို့အဖေတို့ခေတ်ကပေါ့။ တစ်ပြား၊ နှစ်ပြား သုံးတဲ့ခေတ်။ ငွေအလွန်တန်ဖိုးကြီးလှတယ်"

"ဒါဆို အမေရော သုံးရဖူးလား"

"အေးပေါ့ ... တို့ခေတ်ကျတော့ ငွေတစ်ပြားရှိရင် မုန့်ဟင်းခါး စားလို့ရတယ်"

"တစ်ကျပ်ဆိုရင်ရော"

"ဈေးက တစ်နေ့လုပ်လို့ တစ်ကျပ်ရဖို့မလွယ်ဘူး"

"အဲဒီတစ်ကျပ်က ဘယ်လောက်အသုံးဝင်လို့လဲ"

"အလုပ်သမားတွေ တစ်နေ့လုံးလုပ်လို့ တော်ရုံလူ တစ်ကျပ် မကိုင်နိုင်ဘူး"

"အို.. အမေကလည်း။ အခုဆို တစ်ကျပ်ကို မြင်တောင်မမြင်ဖူးတော့ဘူး"

"အင်း.. ဟိုခေတ်တစ်ကျပ်က တန်ဖိုးကြီးတာကိုး"

"တို့အဖေ ပြောပြတဲ့ တကယ့်ဇာတ်လမ်းလေး ပြောပြမယ်"

ဟု ဆိုကာ ငွေတစ်ဆယ်ရသော ကုလားလေးလင်မယား အကြောင်းကို ပြောပြပါသည်။ ကျွန်တော်က အဘိုးကိုယ်တိုင်ရေးသကဲ့သို့ တင်ပြပါမည်။

❑

တစ်ချိန်သောအခါက ကျွန်တော်တို့အိမ်ကလေးခြေရင်းဘက်တွင် မြေပြောင်ပြောင်တလင်းကွက်၌ ဟိန္ဒူလူမျိုး ကုလားလေးဇနီးမောင်နှံ တို့ နေထိုင်သည့်အိမ်ကလေးရှိလေသည်။

ထိုအိမ်ကလေးကား မြေစိုက်တဲကလေးဖြစ်ပြီး ထရံများကို နွံတို့ဖြင့်လိမ်းကျံထားလေသည်။ လွန်စွာဆင်းရဲလှသော လင်မယားနှစ်ယောက် ဖြစ်လေသည်။ လင်ဖြစ်သူက ဈေးထဲတွင် ကုန်ထမ်းသည်။ မယားဖြစ်သူက အိမ်တကာတွင် ကူညီလုပ်ကိုင်ပေးရသူဖြစ်၏။

ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်စားသောက်ကြရသော်လည်း ညဘက် အိမ်သို့ပြန်ရောက်လာသည်နှင့် ချက်ပြုတ်စားသောက်ကြပြီးသော် ကုလားလေးက ဗုံကလေးကိုတီး၍ ဇနီးဖြစ်သူ ကုလားမလေးက ခုန်ပေါက် က,ခုန်ကာ နှစ်ယောက်သား သီချင်းများဆိုရင်း ပျော်ရွှင်စွာဖြင့် သူတို့အိမ်ကလေးကိုပတ်ကာ က,ကြလေသည်။

---

စိတ်ကူးသစ်စာပေ

ကျွန်တော်လည်း သူတို့ကိုကြည့်ကာ ကြည်နူးပျော်ရွှင်နေမိသည်။ လောကကြီးတွင် အတိတ်ကံအတိုင်းအတာအလျောက် ကံပေးသလောက် ခံစား၊ စံစားကြရာတွင် သူတို့နှစ်ဦးကား လွန်စွာပင်ဆင်းရဲပင်ပန်းကြသော်လည်း ဘဝကို ပျော်ရွှင်အောင်နေထိုင်တတ်ကြသောကြောင့် ကြည်နူးစရာအတိ။ ကျွန်တော်ကြည်နူးမိသလို ကရုဏာသက်ရင်း ပျော်ရွှင်နေသူတစ်ဦးလည်း သူတို့ကို ညတိုင်းစောင့်ကြည့်နေပါသည်။

ထိုသူကား ကုလားလေးလင်မယားတို့ခြံ၏ ခြေရင်းဘက်ရှိ အိမ်ကြီးအိမ်ကောင်းပေါ်မှ သူဌေးကြီးတစ်ဦးဖြစ်သည်။

သူကား ကျွန်တော်တို့မြို့ကလေးမှ မြို့မျက်နှာဖုံး အချမ်းသာဆုံး သူဌေးကြီးဦးတင်လှပင်ဖြစ်သည်။ သူလည်း အိမ်၏ခေါင်းရင်းခြံ၌ရှိသော ကုလားလေးလင်မယားကို စိတ်ဝင်တစားကြည့်ကာ ကရုဏာမျက်လုံးများဖြင့် ပျော်ပြုံး၍နေလေသည်။

တစ်နေ့ •••

ထိုနေ့ကား ထူးခြားသောနေ့ပင်။ ညစဉ်ကြားနေကျ ဗုံသံလည်း မကြားရ။ ဆို၊ ကသံလည်း မကြားရ။ ထိုညကား ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လျက် အလွန်ပျင်းစရာကောင်းသောညပင်။

ထို့သို့ဖြင့် ညများကား တစ်ည၊ နှစ်ည၊ သုံးညကြာခဲ့ပြီ။

ကျွန်တော် မနေနိုင်တော့။ ကျွန်တော့်လိုပင် ကုလားလေးခြံ၏ခြေရင်းမှ သူဌေးကြီးဦးတင်လှလည်း မနေနိုင်တော့။

ညစဉ် မြင်နေကျ ကြည်နူးဖွယ်မြင်ကွင်းများ ပျောက်ကွယ်သွားခဲ့ပြီဖြစ်သောကြောင့် ပျင်းစရာညများကို ဖြတ်ကျော်ခဲ့ရသည်။

စိတ်ကူးသစ်စာပေ

ကျွန်တော် ကုလားလေးတို့အိမ်ရှေ့မှ ဖြတ်လျှောက်ကာ မြို့တွင်းရှိအိမ်ကလေးသို့ နိုးချောင်းကြည့်မိသည်။ ကုလားလေးတို့လင်မယားတော့ ရှိကြသည်။ သို့သော် လေးချောင်းထောက်ဝါးကြမ်းခင်း အိပ်စင်ကလေးပေါ်၌ မရှိကြ။ နှစ်ယောက်သားမှာ အိမ်ရှေ့ထွက်လိုက်၊ နောက်ဖေးဝင်လိုက်၊ မြေကြီးပေါ်တူးဆွလျက် ဘာတွေအလုပ်ရှုပ်နေကြသည်ကို မသိရသော်လည်း ဝင်မေးရန် မသင့်တော်လှသဖြင့် သိချင်စိတ်ကိုမျိုသိပ်ကာ မြို့ဝမှခွာ၍ ပြန်ရန်ပြင်လိုက်စဉ် တစ်ဖက်ခြံထောင့်ဆီမှ ...

"ခဏလေး အောင်အောင် ... အဘဆီ လာပါဦးကွယ်"

ဟု သူဌေးကြီးဦးတင်လှ၏ခေါ်သံကို ကြားလိုက်ရ၍ ...

"ဟုတ်ကဲ့ ... အဘ"

ဟု ထူးကာ ဦးတင်လှခြံထဲသို့ ဝင်ရောက်လိုက်သည်။

ထိုအခါ အဘဦးတင်လှက ...

"လူလေးလည်း သူတို့ ဆိုတာ၊ က,တာ၊ ဗုံတီးတာ မကြားလို့ လာကြည့်တာမဟုတ်လား"

"ဟုတ်ပါတယ် အဘ။ သူတို့ ဘာဖြစ်လို့ ဗုံမတီးကြတော့တာလဲ မသိဘူးနော်"

"အေး ... အဘလည်း သိပ်သိချင်တာပဲကွယ်"

"ဒါဖြင့်ရင် သွားမေးကြမလား အဘ"

"အင်း ... အဘစဉ်းစားနေတာ"

"အဘမေးရင် သူတို့ မဖြေရဲဘဲနေမှာမဟုတ်ဘူး"

"အင်း ... အဘ ဟိုတစ်နေ့က သူတို့ကို ဆုချထားတယ်"

"ဘာဆုလဲ အဘ"

"တစ်ဆယ်ပေါ့ကွယ်"





"အင်း ... လေးပြားကို တစ်ပဲ၊ ဆယ့်ခြောက်ပဲကို တစ်ကျပ်၊ တစ်ဆယ်ဆိုတော့ ခြောက်ရာ့လေးဆယ်ပြားပေါ့။ အဘ အများကြီး ဆုချလိုက်တာပဲ။ ဒါဆို ပိုကောင်းတာပေါ့။ အဘလိုက်လာပြီး [illegible] သူတို့ဖြေကြမှာပါ"

"အင်း ... သင့်၊ မသင့် ချိန်ရတာပေါ့ကွယ်"

"ဩော် .. အဘကလည်း။ ဘာလို့ ဗုံမတီးကြ၊ မက,ကြတော့တာလဲ မေးရုံတင်ပါ။ သူတို့ကို မထိခိုက်ပါဘူး"

"အေးကွယ် ... ဒါဖြင့်လည်း သွားကြတာပေါ့"

ထိုသို့ဖြင့် အဘနှင့်ကျွန်တော် ကုလားလေးတို့အိမ်ခြံထဲသို့ အသံပေးရင်း ဝင်သွားကြသည်။ ထိုအခါ ကုလားလေးတို့လင်မယား ပြူးပြူးပျာပျာဖြစ်သွားကြပြီး အဘနှင့်ကျွန်တော့်ကို မြင်လိုက်သောအခါတွင်မှ သက်ပြင်းများချကာ ထလာကြပြီး နေရာထိုင်ခင်းပေးကြလေသည်။ အဘက ...

"သားတို့လင်မယားနှစ်ယောက် နေ့စဉ် ညတိုင်း ဗုံတီး၊ သီချင်းဆိုပြီး က,ခုန်နေကြတာ အဘ နေ့တိုင်းကြည့်ပြီး ကြည်နူးမိတယ်"

"အင်း ... ဟုတ်ပါရဲ့ အဘရယ်။ ချွန်ဒေါ်လည်း မတီးတာကြာ၊ ချွန်ဒေါ့်မွေးမလည်း မကားတာ ကြာပြီ"

ဟုကုလားလေးက ပြန်ဖြေသည်။ ထိုအခါ ကျွန်တော်က ..

"ဦးမွတ်တားတို့ ဘာလို့ဗုံမတီးကြတော့တာလဲ"

သူက အဘကို ရွှန်းရွှန်းစားစားကြည့်ရင်း ...

"ကုလားနော် ... ဘဲ့ဂလောက်ပင်ပန်း ချွန်ဒေါ့်မွေးမနဲ့ အတူ ပျော်ခဲ့တယ်။ ညတိုင်းလည်းနော် ကုလားမွေးမ ကားတယ်။ ကုလား တီးတယ်"

"ဟုတ်ပါပြီ ...။ ဘာလို့မကား,တော့တာလဲ"

ကျွန်တော် သိချင်ဇောနှင့် ဖွတ်မေးတော့သည်။ ကုလားလေးလည်း ခေါင်းကုတ်ကာ အဘကိုကြည့်သည်။ ပြီးမှ ...

"ဟိုးတစ်နေ့က ချွန်ဒေါ်တို့ ကားကြ၊ တီးကြဒယ်နော်။ အဘက ကြည့်ဒယ်။ ကားပြီးတော့ အဘက ကုလားတို့နှစ်ယောက်ကို ခေါ်ဒယ်။ ငွေတစ်ဆယ်နော် ... ကုလားတို့ကိုပေးဒယ်။ ကုလားနော် ... အရမ်းကိုပျော်တယ်နော် ... ငိုဒယ်။ ပျော်လွန်းလို့ အဲဒီနေ့ကစပြီး မွေးမလည်း မကားတော့ဘူး။ ချွန်ဒေါ်လည်း မတီးတော့ဘူး ရှိတယ်။ မနက် အလုပ်သွားရင်လည်း စိတ်က အိမ်မှာ။ ချွန်ဒေါ့်ပစ္စည်းလေးကို သူများတွေခိုးသွားမှာ စိုးတယ်လေ။ ချွန်ဒေါ်တို့လင်မယား တစ်နေ့လုံး လုပ်မှ တစ်ယောက် တစ်မတ်၊ ငါးမူးပဲ ရကြတယ်နော်။ ဝယ်ပြီးချက်စားလိုက်ရင် ကုန်သွားရော။ စားပြီး ကားဒယ်။ တီးဒယ်။ ပြီးရင် အိပ်ရော။ မနက် ပြန်လုပ်ကြ၊ ရတာလေးစားကြနဲ့ ဘာပစ္စည်းမှမရှိတော့ ကုလားတို့ သူခိုးလည်းမကြောက်ရ၊ မီးလောင်မှာလည်း မပူရပေါ့။ အခု အဘပေးလိုက်တဲ့ တစ်ဆယ်ကျပ်က ချွန်ဒေါ်သေရင်တောင် ကိုင်စုမိမှာမဟုတ်တော့ ကုလား ဘယ်လိုသိမ်းထားရမှန်းလည်း မသိဘူးလေ။ သူများခိုးမှာလည်း စိုးရိမ်ရတော့ ကုလားရင်ထဲမှာ မီးနင်းပွဲက မီးခဲလို ပူလောင်နေတယ်"

ကျွန်တော်သဘောပေါက်လိုက်ပါပြီ။ ဤကုလားလေးတို့လင်မယား ဗုံမတီးနိုင်တော့ခြင်းမှာ ဒီငွေတစ်ဆယ်ကြောင့်ပင် ဖြစ်တော့သည်။ ကျွန်တော်ဖတ်ဖူးခဲ့သော ဘုရားလောင်း မဟော်သဓာဇာတ်တော်ထဲက ပုတ်သင်ညိုတစ်ကောင်၏အကြောင်းကို သတိရမိသည်။

မဟော်သဓာ၏ မွေးစားဖခင် ဘုရင်ကြီး ဥယျာဉ်တော်ထွက်





ရာ ပုတ်သင်ညိုလေးတစ်ကောင်သည် အပင်မှဆင်းကာ ဘုရင်မင်းမြတ်ကို အရိုအသေပြု ဖူးမြော်ဟန် ပြုနေလေသော် မင်းကြီးက ...

"အဘယ်သို့သောအကြောင်းကြောင့် ဤသတ္တဝါသည် ဤသို့ပြုဘိသနည်း"

ဟု အမတ်များကိုမေးသော် တိကျစွာ မဖြေနိုင်ကြ။ မဟော်သဓာသုခမိန်ကို မေးသောအခါတွင်မှ ...

"မှန်ပါ ... ဘုန်းတန်ခိုးကြီးမြတ်လှသော မင်းကြီးကို အပင်ထက်မှဆင်းကာ ရိုသေစွာခစားနေကြောင်းပါ"

ဟု လျှောက်တင်သဖြင့် မင်းကြီးက သဘောကျ၍ ဆုအဖြစ်ရွှေတစ်မတ်သားကို ကြိုးနှင့်ဖောက်သီ၍ ပုတ်သင်ညို၏လည်ပင်း၌ ဆွဲပေးကာ ဆုအဖြစ် ချီးမြှင့်လိုက်လေသည်။ ထိုနေ့မှစ၍ ပုတ်သင်ညိုသည် မင်းကြီးလာသည်မြင်သော်လည်း အပင်ထက်မှမဆင်း။ ရိုသေခြင်းအမူအရာလည်း မပြုတော့။

ထိုအခါတွင် မင်းကြီးက မဟော်သဓာသုခမိန်အား အဘယ်သို့သောအကြောင်းကြောင့် ပုတ်သင်ညို ယခင်နှင့်မတူဘဲ ပြောင်းလဲရကြောင်းကို မေးမြန်းရာ..

"မှန်ပါ ... ပုတ်သင်ညိုသည် ရွှေတစ်မတ် ဆုတော်မြတ်ရရှိသည့်နေ့မှစ၍ ရရှိလာသော ရွှေတည်းဟူသည့် ဥစ္စာပစ္စည်းအပေါ်၌ ယစ်မူးကာ ဒီဇမ္ဗူတွင် ငါကဲ့သို့သောချမ်းသာသူ အဘယ်မှာရှိနိုင်ပါအံ့နည်းဟု ဥစ္စာမာန်တက်၍ ဆင်းသက်ခစား မလာခြင်းပါ"

ဟု လျှောက်တင်သဖြင့် မင်းကြီးသိရသော် ရွှေတစ်မတ်ကို ဖြုတ်စေခဲ့သည်။

လောကကြီးတွင် လူပင်မဆိုထား။ သတ္တဝါများတို့ပင် ပစ္စည်း

ခင်၍ မာန်ဝင်တတ်ကြပေ၏။ လူတို့လောက၌ကား ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ အတတ်ပညာတို့၌ မာန်တက်ယစ်မူး အပျော်ကြူးကာ ဘဝကို မေ့တတ်ကြ၏။

ယခု ကုလားလေးလင်မယားကား မရှိမှူးသော၊ သူတို့တစ်သက်တာလုံး ရရှိဖို့ မျှော်လင့်မထားသော ဥစ္စာပစ္စည်းကို ရရှိပြီး မာန်မတက်သော်လည်း စိုးရိမ်သောက များပါဒပွား။ မအိပ်နိုင်မစားနိုင်ဖြစ်၍ သီဆိုက,ခုန်ဖို့ဝေးစွ။ ပုံကလေးပင် မတီးနိုင်တော့ပါတကား။ ။

❑

ဇာတ်လမ်းဆုံးသောအခါ အမေက ...

"တို့အမေများကြုံခဲ့ရတဲ့ ကုလားလေးလင်မယားလို မင်းလည်း အလုပ်အကိုင်ကောင်းလို့ ငွေတွေအများကြီးရရင် အမေကြိုက်ရာ ဝယ်ပေးမယ်ဆိုတဲ့ ငယ်ကတိဟာပျောက်ပြီး ပုံမတီးနိုင် မက,နိုင်အဖြစ်နဲ့ ငွေသေတ္တာနားက မခွာရက်နိုင်တယ် ဖြစ်မှာစိုးလို့ပါသားရယ်"

"စိတ်ချစမ်းပါအမေရာ ကျွန်တော်က မဟော်သဓာဇာတ်တော်ထဲက ရွှေတစ်ပဲသားဆုရပြီး ဘဝင်မြင့်သွားတဲ့ ပုတ်သင်ညိုမဟုတ်သလို ငွေတစ်ဆယ်ရပြီး ဝမ်းသာလုံးဆို့ ပျောက်မှာစိုးလို့ငွေပေါ်မှာ အစွဲအလမ်းကြီး မက,နိုင် မတီးနိုင်ခဲ့ရတဲ့ ကုလားလေးလင်မယားလည်း မဟုတ်ပါဘူး အမေ။ မယုံရင် အမေစောင့်ကြည့်ပါ"

---

စိတ်ကူးသစ်စာပေ

ဤသို့ ပြန်ပြောကြတော့ အမေက 'သာဓုပါတော်' ဟု ချီးမွမ်းခဲ့လေ၏။

ယနေ့ ကျွန်တော်ရှာနိုင်ဖွေနိုင်ခဲ့ပါပြီ။

ဥစ္စာပစ္စည်းလည်း အတော်အတန်ရခဲ့ပါပြီ။

ငယ်ကတိအတိုင်း အမေမုဆိုးမကြီးကို လိုလေးသေးမရှိ ပြုစုစောင့်ရှောက်ခဲ့ပါပြီ။ ဗုဒ္ဓဘာသာဝင်တိုင်း သွားရောက်ဖူးမျှော်လိုသည့် ဗုဒ္ဓဂယာသို့ပင် ပို့ဆောင်ပေးနိုင်ခဲ့ပါပြီ။

မနေ့က ဒီအကြောင်းစဝ်မိလို့ ငယ်ပုံပြင်အကြောင်း ပြန်ပြောဖြစ်ကြတော့ အမေက ကျွန်တော့်မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး စကားတစ်ခွန်းပြောလိုက်၏။

''အင်း ...ငါ့သားက ဖုံမတီးနိုင်တော့တဲ့ ကုလားလေးမဟုတ်ဘူး။ မြိုင်ထရော ခုနစ်ထွေရော ဆိုတီးကနိုင်တဲ့ မြန်မာ့သားကောင်းရတနာပါပဲတဲ့ခင်ဗျား''

■ ■ ■

နတ်လူဦး


# စိတ်ကူးသစ်စာပေ

အမှတ်(၂၅) အလယ်ခြံရပ်ကွက် ပုသိမ်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၁၉၂၆၄

ဆိုင်ခွဲ ။ အမှတ်(၁၄၉) ပထမထပ် (ယာ) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၁၁၂၂

| စဉ် | စာရေးသူ | စာအုပ်အမည် | ရောင်းဈေး |
|---|---|---|---|
| ၁။ | သက်ဦးလွင် | လူသန်ကြီး ဟု | ၆၀၀/- |
| ၂။ | ။ | ရုပ်ပါမင်းနှင့်အခြားကမ္ဘာမှ ဧည့်သည် | ၆၀၀/- |
| ၃။ | ။ | ရုပ်ပါမင်းနှင့်ကမ္ဘာဖျက်သတ္တဝါကြီး | ၈၀၀/- |
| ၄။ | မြရတီ | ဆုတောင်းပြည့်မင်းသမီးလေးနှင့်ဖြစ်ရပ်ဆန်းကြယ် | ၆၀၀/- |
| ၅။ | ။ | ပန်းနှင့်လိပ်ပြာ | ၆၀၀/- |
| ၆။ | ။ | ရွှေရောင်စီးလျှ | ၇၀၀/- |
| ၇။ | ။ | အချစ်ရှိဖြစ်သော အစိမ်းရောင်သမုဒ္ဒယ | ၇၀၀/- |
| ၈။ | ။ | ရင်ထဲကမြွေဆိပ် | ၇၀၀/- |
| ၉။ | မောင်ညိုမှိုင်း | မြွေဝင်စားမင်းမြွေ | ၁၂၀၀/- |
| ၁၀။ | (သန်လျင်) | လူထူးဆန်းဘာတိုက်ပုံဦးရာကျော် | ၁၂၀၀/- |
| ၁၁။ | ။ | သည်းထိတ်ဆန်းကြယ်ငွေနက်ကြီး | ၁၂၀၀/- |
| ၁၂။ | ။ | သေမျှောင်းကြိုမ်မြန်ခင်ဒေါ်ဒေါ်းစံ | ၁၂၀၀/- |
| ၁၃။ | ။ | မြွေပေါက်ပါးမြူမျောက်မင်းသားဖိုးစည်နှင့်ကျောက်ခဲ | ၁၂၀၀/- |
| ၁၄။ | ။ | ပြိတ္တာရွာသူမခြေ | ၁၂၀၀/- |
| ၁၅။ | ။ | ကြောင်တစ်ရာသက်ပြင်းနှင့်အင်းတစ်ထောင်မင်းခေါင် | ၁၂၀၀/- |
| ၁၆။ | ။ | ပရလောကနှင့်ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ | ၁၂၀၀/- |
| ၁၇။ | ။ | မိစ္ဆာဒိဋ္ဌိမရဏလမ်းကြောင်း | ၁၅၀၀/- |
| ၁၈။ | ။ | အံ့ဖွယ်နှင့် ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၉။ | ။ | ကျောက်ကြီးငြေ | ၁၅၀၀/- |
| ၂၀။ | ။ | နတ်မြင်းစွာသံ ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၂၁ | ။ | ငြိမ်းဆင်တဲ့လက် ဝတ္ထုတိုများ | ၁၅၀၀/- |
| ၂၂။ | ။ | ရွှေဘုံပြန်လွန်းအိမ်သစ် | ၁၅၀၀/- |
| ၂၃။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မိချောင်းဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၂၄။ | ။ | ပြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | ၃၀၀၀/- |
| ၂၅။ | ။ | မိုးငြိမ်းမိုးအပါအဝင်လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ | ၁၅၀၀/- |
| ၂၆။ | ။ | နာနာဘာဝစိုင် ဂမ္ဘီရဝတ္ထုတိုများ | [illegible] |